
www.burmeseclassic.com

ဒေါက်တာအောင်ကျော်

(သွား/ဆရာဝန်)

# ထူးအတွေ့ကြုံအဆန်း တစ္ဆေဇာတ်လမ်းများ

တစ္ဆေတကယ်ရှိမရှိ (တတိယတွဲ)



BURMESE CLASSIC .com

www.burmeseclassic.com

ရှိန်ဒေါင်းစာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

- သင့်ကြောင့် ပြည်ထောင်စုကြီး မပြိုကွဲပါစေနှင့်။
- တိုင်းရင်းသားအချင်းချင်း လေးစားပါ၊ ချစ်ခင်ပါ၊ တန်းတူရည်တူ ဆက်ဆံပါ။
- လွတ်လပ်ရေးကို ကာကွယ်ပါ။

'နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်။'

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

BURMESE CLASSIC .com

www.burmeseclassic.com

# ထူးအတွေ့ကြုံအဆန်း
# တစ္ဆေဇာတ်လမ်းများ

(တစ္ဆေတကယ်ရှိမရှိ တတိယတွဲ)

ဒေါက်တာအောင်ကျော် (သွား/ ဆရာဝန်)

BURMESE CLASSIC .com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


၁၉၉၉ ခုနှစ် စက်တင်ဘာလ

စာမူခွင့်ပြုချက် - ၁၉၂/၉၉(၃)

မျက်နှာဖုံးခွင့်ပြုချက် - ၃၅၇/၉၉ (၇)

ထုတ်ဝေသူ - ဦးတင်အုန်း(မိုးမင်းစာပေ) (၁၉၄၃)
၉၃ ၊ ဒိုင်သာလမ်း၊ သင်္ဃန်းကျွန်း
ရန်ကုန်မြို့

မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ - ဦးကျော်စိန်(၀၂၉၁၉)
ကျောက်စိမ်းအော့ဖ်ဆက်
၁၇၁၊ ၃၃လမ်း၊ ရန်ကုန်မြို့

မျက်နှာဖုံးပန်းချီ - စံတိုး

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၅၀၀ ကျပ်

ဖြန့်ချိရေး - ရန်အောင်စာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။


**မိဆွေသူ … ကိုးထောက်**

BURMESE CLASSIC .com

www.burmeseclassic.com

# ထူးအတွေ့ကြုံအဆန်း တစ္ဆေဇာတ်လမ်းများ

## မာတိကာ


၁။ အမှာစာနိဒါန်း

၂။ ပြိတ္တာကိုဘယ်လိုကုပါမယ်။

၃။ ကိုဝင်းရွှေ၏ငှက်တစ္ဆေ။

၄။ ဂျပန်စစ်သားတစ္ဆေ။

၅။ နာကြည်းမှု၏ တုံ့ပြန်ချက်။

၆။ ထူးအတွေ့ကြုံအဆန်း။


BURMESE CLASSIC .com

www.burmeseclassic.com

ရန်အောင်စာပေတိုက်မှထုတ်ဝေပြီးဖြစ်သော
ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)၏
စာအုပ်ကောင်းများ

၁။ တစ္ဆေတကယ်ရှိမရှိ
၂။ မြနန်းဟေမဝန် တမလွန်ဖြစ်ရပ်ဆန်း
၃။ လိမ္မာနေချင်လွန်းလို့(သားချစ်ထံပေးစာ-၁၀)
၄။ ဒါတွေလိုသေးသည်(ဘဝအမြင်အတွေးစာစုများ)

ယခု

# ထူးအံ့ဘွယ်ကြုံကြရဆန်း တစ္ဆေဇာတ်လမ်းများ

(တစ္ဆေတကယ်ရှိမရှိ ဒုတိယတွဲ)

ဖြန့်ချိရေး - ရန်အောင်စာပေ
၃၄၃/၁၈၊ အနောက်ရန်ကင်း၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

# ဆရာကြီး ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ) ၏
# အမှာစာနိဒါန်း

ဒေါက်တာအောင်ကျော်(သွား/ဆရာဝန်)၏ "ထူးအတွေ့ကြုံ အဆန်း တစ္ဆေဇာတ်လမ်းများ" စာအုပ်တွင်အမှာစာရေးပေးရန် ရန်အောင်စာပေမှ မေတ္တာရပ်လာသဖြင့်၊ မိမိတွေ့ဖူးမှတ်ဖူးသော အထောက် အထားဖြင့် ဤအမှာစာကို ရေးပါသည်။

တစ္ဆေဆိုသည်မှာ၊ တွေ့ဖူးသူမှတွေ့ဖူးကြမည်။ အများနည်းတူ ကျွန်တော်ကိုယ်တိုင်မတွေ့ဖူးသေးပါ။ သို့သော်၊ မန္တလေး၊ အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ ရှိစဉ်က မကြာခဏ၊ "မောင်မောင်တင် တစ္ဆေတွေ့ဖူးပြီလား" ဟုမေးလေ့ရှိပါသည်။ စကားစပ် ရှိသည်မှာ စစ်ကိုင်းတောင်ရိုး၊ အနုရုဒ္ဓါချောင်၌ ဆရာတော် ဦးသောဘိတ (စာရေးဆရာရွှေကိုင်းသား) က၊ သူ့ကျောင်းလေးပေါ်၌ မြွေကြီးတစ်ကောင် ရှိကြောင်း၊ ထို့ပြင် ညညမအိပ်မီ သူ့ဦးလေးဘုန်းကြီးက သူနှင့်ကျောခြင်း ကပ်လာပြီး ထိုင်လေ့ရှိကြောင်း၊ တဖန် ပတ္တမြားစေတီ တက်သောလမ်းခွဲ၊ အနုရုဒ္ဓါဇရပ်ပေါ်တွင်အိပ်သူများကို ခေါင်းလာပြီး မလေ့ရှိကြောင်း၊ အနုရုဒ္ဓါချောင်၏ အရှေ့ဘက်တိုက်၌လည်း ဥစ္စာ စောင့်များရှိကြောင်း၊ ပြောပြထားသဖြင့် ဆရာတော် အရှင် ဇနကာဘိဝံသ အား တစ်ချိန်က လျှောက်ထားဖူးသောကြောင့်၊ မေးမြန်းခြင်းဖြစ်သည်။

ဆရာတော်ရွှေကိုင်းသားလည်းမရှိတော့။ ဆရာတော်ကြီး အရှင် ဇနကာ ဘိဝံသလည်း ပျံတော်မူ၊ ကျွန်တော်တို့အဖွဲ့နှင့် တစ္ဆေသုတေ သန ပြုရန် စီမံကိန်းလည်း မလှုပ်ရှားနိုင်၊ ကျွန်တော်ကလည်းမရောက် တမွှဝတီဦးဝင်းမောင်နှင့် အဖွဲ့လည်းလုပ်ငန်းမအားကြတော့ပါ။

သို့နှင့် ကျွန်တော်တို့တစ္ဆေရှာပုံတော် ရပ်နားနေပါသည်။ ဆရာတော်ကြီးမှာ မြန်မာလူငယ်များ "ရုပ်လောက" တစ်ဖက်စွန်း ဖြစ်ကြမည်ကို စိုးရိမ်သဖြင့် "ပရလောက"ကိုပြောဟောနေခြင်းပါ။ အချို့ဆရာတော်အချင်းချင်း သဘောမပိုက်မိကြ၍ စကားတင်းပြောကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် မန္တလေးဈေးချို၊ အိမ်တော်ရာ ပဲပုပ်တန်း၌ ဘုန်းကြီးတစ္ဆေများရှိကြောင်း၊ ရဟန်းငယ်များ ဒကာဒကာမများ လှူသော ဆွမ်းစားပြီး မေတ္တာဘာဝနာမပြုပါက၊ "ဘုန်းကြီးတစ္ဆေ" ဖြစ်မည့်အကြောင်း၊ နံနက်ခင်းဩဝါဒတရားချီးမြှင့်ရာ၌ မိန့်ကြားလေ့ ရှိပါသည်။

ကျွန်တော်တို့၏ ကျေးဇူးရှင်မန္တလေး တက္ကသိုလ်ကျောင်းအုပ်ကြီး ဦးကိုလေး (စာရေးဆရာဇေယျာမောင်)ကလည်း၊ သူ့ကိုယ်တွေ့ ဆာရီနီဝတ် ကုလားမ တစ္ဆေကို ရန်ကုန် သတင်း စာတိုက် တစ်တိုက်၌ တွေ့ဖူးကြောင်း၊ ဆရာဇဝနကလည်း တွေ့ဖူးကြောင်း၊ ဆရာတက်တိုး(ဦးအုန်းဖေ) သည် ဦးသန်းထွတ် (တိုက်စိုး) နှင့် ညညအလုပ်ဝင်ရာ သရဲနှင့်တွေ့ဖူးကြောင်း ဦးကြီးမောင်(ငွေဥဒေါင်း)လည်း သူသည် ယခင်ဘဝတုန်းက ရုက္ခစိုး ဖြစ်ခဲ့ကြောင်းများပြောပြဖူးပါသည်။

ဤတစ္ဆေများအကြောင်း အညာဒေသ "ပကား" ခေါ် ရေအိုင်ပွက် များတွင်တစ္ဆေမှင်စာများရှိကြောင်း၊ "တဇ္ဇတ္ထဒီပနီ" ကျမ်းတွင်ရေးခဲ့သည်။ "တဇ္ဇတ္ထဒီပနီ" ကျမ်းပြုစုသူမှာ ရတနာပုံခေတ်က လှေသင်းအတွင်းဝန် မဟာဇေယျသင်္ခယာဦးချိန်ဖြစ်သည်။ ၁၉၀၆-ခုနှစ်တွင် မန္တလေး "မြန်မာ့ တာရာ" မှာပုံနှိပ်ခဲ့သည်။ ယင်းစာအုပ်နိဒါန်း၌ လှေသင်းဝန်မင်းကြီး မဟာဇေယျသင်္ခယာဘွဲ့နှင့်အမှုတော်ကိုထမ်းရွက်စဉ်အခါ၊မကွေးဝန်ထောက်

www.burmeseclassic.com

တော်မင်း၊ မင်းကြီးမဟာမင်းလှသည် သူ့ကိုစွဲ၍ ၊ နတ်မျိုးတို့ အပါအဝင်ဖြစ်သော တစ္ဆေ၊ ဖုတ်၊ ပြိတ္တာတို့ရှိကြောင်းကို သာသနာဝင်ကျမ်းဂန်အလာ၊ မဟာဝင် ရာဇဝင်အစရှိသောကျမ်းဂန် ထွက်များနှင့်တကွ၊ ဒိဋ္ဌဘူတပေါရာဏိကဝေါဟာရ၊ သာဓကေယုတ္တိနိုင်းယှဉ်ဝေဖန်ကဏ္ဍသုံးပါး၊ ပိုင်းခြားပြပြင်၊ စီရင်ရေးသားသောကျမ်းဖြစ်ကြောင်းဆိုသည်။ အလွန်ရှားပါးသောကျမ်းဖြစ်သည်။

ထို့ကြောင့် ဒေါက်တာအောင်ကျော် ကြိုးစားတင်ပြသော **"ထူးအတွေ့အကြုံအဆန်းတစ္ဆေဇာတ်လမ်းများ"** သည် လုပ်ဇာတ်မဟုတ်၊ ပရလောကဉ္ဇဖုတ်၊ ပြိတ္တာ၊ တစ္ဆေများရှိနိုင်ကြောင်းထောက်ခံပါသည်။

**ဦးမောင်မောင်တင်**
**(မဟာဝိဇ္ဇာ)**

www.burmeseclassic.com

# ပြိတ္တာရှိတယ်လို့ယုံမယ်။

## ပြိတ္တာရှိရဲ့လား

"ကိုအောင်ကျော်ကိုတစ်ခုမေးရဦးမယ်"

"ဘာများပါလိမ့်ဗျာ"

"တစ္ဆေစာအုပ်က အတော်ပေါက်သွားတယ်ဆိုတော့ တကယ့်ကိုယ်တွေ့တွေမှဟုတ်ရဲ့လား"

"မနှင်းကျော့ကဘာယ်လိုထင်မိလို့လဲ"

"ကိုအောင်ကျော်စာရေးကောင်းတော့မဆုံးမချင်းစာအုပ်ကိုလက်ကမချနိုင်ဘူး။ စိတ်ကူးယဉ်တွေများလားလို့"

"စိတ်ကူးယဉ်မဟုတ်ရပါဘူးမနှင်းကျော့ရာ။ ကျွန်တော့်ကိုယ်တွေ့က များများကိုပါတာ။ သူများပြောပြတာတွေလည်း အလျဉ်းသင့်သလိုထည့်ရေးရတာပေါ့လေ"

"ကိုယ်တွေ့တွေဆိုတော့ပြိတ္တာတကယ်ရှိတယ်လို့ကိုအောင်ကျော်လက်ခံတယ်ပေါ့"

BURMESE CLASSIC .com

www.burmeseclassic.com



"ပြိတ္တာတကယ်ရှိတာပေါ့မနှင်းကျော့"

"ဘာကြောင့်ပြိတ္တာရှိတယ်လို့ကိုအောင်ကျော်လက်ခံရတာလဲ"

"ခက်နေပါပြီမနှင်းကျော့ရာ။ ကျားကိုက်ပါတယ်ဆိုမှ အစွယ်ရာနှစ်ပေါက်နဲ့လားလို့ မေးသလိုဖြစ်နေပါပြီ။ မနှင်းကျော့က စာဖတ်ရာမှာ စာရေးဆရာပေးချင်တဲ့ အချက်တွေကို သတိမမူမိဘဲ ဇာတ်လမ်း ဆွဲခေါ်ရာနောက်ပါသွားတယ်ထင်ပါရဲ့ဗျာ။ ဒီလိုလေ။ တစ္ဆေဆိုတာ လူတွေခေါ်ကြပြောကြတာတဲ့။ တဖ္ဖေဆိုတဲ့ ပါဠိဝေါဟာရက ဆင်းသက်လာတယ်။ ကြောက်လန့်အောင် ခြောက်လှန့်တတ်တဲ့ အနက်အဟောထွက်တယ်တစ္ဆေဆိုတာပြိတ္တာမျိုးနွယ်ထဲကပဲ။ မကျွတ်မလွတ်လို့ အားကိုးရာမဲ့ဖြစ်နေတာတဲ့။ ပြိတ္တာမျိုးစုံရှိတဲ့အနက်က၊လူ့ရုပ်ရွာနဲ့နီးနီးစပ်စပ် အရပ်တွေမှာ လာဖြစ်တဲ့ ဝေမာနိကပြိတ္တာတွေဟာ စားရမဲ့နေတယ်။ သောက်ရမဲ့နေတယ်။ ဝတ်ရမဲ့နေတယ်။ ဒုက္ခဆင်းရဲကြီးနဲ့ ရင်ဆိုင်နေရရှာတယ်။ အကူအညီတောင်းခံတဲ့အနေနဲ့ အရိပ်အယောင်ဖြစ်စေ၊ အသံဗလံဖြစ်စေ၊ အနံ့အသက်နဲ့ဖြစ်စေ၊ ပြသဆက်သွယ်လာတတ်ပါသတဲ့"

"ပြသဆက်သွယ်လာမှာကို ကျွန်မလိုလားလွန်းလို့ သေလွန်ပြီးတဲ့ မေမေကို လာစမ်းပါစေလို့ဆုတောင်းတာ ကျွန်မမှာဘာမှမထူးခြားပဲ ညီမလုပ်သူကိုတော့ အိမ်မက်ပေးပါသတဲ့။ ဒီတော့ပြိတ္တာရှိတယ်ဆိုတာကို ကျွန်မကသိပ်မယုံချင်ဘူးပေါ့"

"ဘုရားဟောတွေပဲမနှင်းကျော့ရာ။ ပြိတ္တာတကယ်ရှိပါတယ်။ ဗုဒ္ဓဘာသာတရားတော်အရကျွန်တော်တို့ ၃၁-ဘုံဆိုတာကိုမနှင်းကျော့ ကြားဖူးတယ်မဟုတ်လား။ အပါယ်လေးဘုံ၊ လူ့ပြည်ရယ်၊ နတ်ပြည်

www.burmeseclassic.com



ခြောက်ထပ်နဲ့ ပြဟ္မာဘုံနှစ်ဆယ်ပေါင်းလိုက်တော့ ၃၁-ဘုံရယ်လို့ရေတွက်ကြတယ်လေ။ အပါယ်လို့ ဘာကြောင့်ခေါ်ဆို ပါသလဲ။ အပါယ-အမြဲဆင်းရဲဒုက္ခရောက်နေရလို့တဲ့။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်လို့ဘုရားရှင် ဟောထားတာကြောင့် တကယ်အရှိတရားပါ မနှင်းကျော့"

## အိပ်မက်အကြောင်း

"အိပ်မက်ပေးတယ်ဆိုတာကိုကော ယုံကြည်လောက်ဖို့ ရှိရဲ့လား ကိုအောင်ကျော်"

"အိပ်မက်ကိုမက်ရခြင်းအမျိုးမျိုးရှိတယ်တဲ့ ဘဝရှေ့ရေးအတွက် ကြိုတင်နိမိတ်ပြတဲ့အနေနဲ့ မြင်မက်တတ်တာကို ပုဗ္ဗအိပ်မက်လို့ဆိုတယ်။ မှန်ကန်လေ့ရှိတတ်တယ်။ ကိုယ်စောင့်နတ်တို့ သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့က ပေးတဲ့အိပ်မက်မျိုးရှိသေးတယ်။ တချို့မှန်ပြီး တချို့မမှန်တတ်ဘူးတဲ့။ သည်းခြေဖောက်ပြန်လို့ ကယောင်ကတမ်း မက်တာဟာလည်း မမှန်တတ်ပါဘူး။ ရာသီဥတုကြောင့်လဲ မက်တတ်တယ်။ ဆောင်းတွင်း အိပ်မက် ကယောက်ကယက်လို့ ဆိုတယ်မဟုတ်လား။ သွေးလေဖောက်ပြန်ပြီး မကျန်းမာလို့ မြင်မက်တာမျိုးလည်းရှိသေးတယ်။ ရှေးရှေးကအတူတကွနေထိုင်ဖူး၊ သွားလာစားသောက်ဖူးတာ တွေကိုလည်း မြင်မက်တတ်ပြန်သတဲ့။"

"သေတဲ့သူက အိပ်မက်ပေးတယ်ရယ်လို့ ဘယ်လိုသိနိုင်မှာတဲ့လဲ ကိုအောင်ကျော်"

"ရှေ့မှာပြောပြခဲ့တဲ့အတိုင်းလူကလည်းကျန်းမာတယ်။ သွေးလေ

BURMESE CLASSIC .com

www.burmeseclassic.com



မဖေါက်ပြန်ဘူး၊ သည်းခြေမပျက်ဘူး၊ ဆောင်းတွင်းအိပ်မက်လည်း မဟုတ်ဘူး၊ ရှေးကတွေ့မြင်ဖူးတဲ့ပုံစံမျိုးလည်းမဟုတ်ဘူး၊ သေလွန်ပြီးတဲ့ လူဟာထူးထူးခြားခြားကြီးပြတယ်။ ဥပမာ-အဝတ်အစားစုတ်ပြတ်နေမယ်၊ ဟောင်းနွမ်းပြီး ပေါက်ပြဲနေမယ်၊ လူကလည်းပိန်ခြောက် ညှိုးနွမ်း နေမယ်ဆိုရင် သူ့ခမျာအကူအညီလိုလို့ လာအိပ်မက်ပေးတာပဲလို့ ယူဆနိုင် ပါလိမ့်မယ်။ ဒီလိုထူးခြားတဲ့ပုံစံနဲ့ ရှေးကမြင်လည်းမမြင်ဖူးဘူး။ ကြားလည်း မကြားဖူးခဲ့ဘူး ဆိုရင်ပိုပြီးသေချာတာပေါ့ဗျာ"

"ကိုအောင်ကျော်ကောမြင်မက်ဖူးပါသလား"

"မြင်မက်တတ်ပါတယ်မြင်မက်တိုင်းကိုယ့်ဖာသာအနက်အဓိပ္ပါယ် ကောက်ပြီးဉာဏ်ရှိသလောက်နဲ့ဆောင်ရွက်ပေးခဲ့ပါတယ်ရည်စူးအလှူ ဖြစ်ရမယ်။ စေတနာသဒ္ဓါတရားထက်သန်ရမယ်။ တိုက်ဆိုင်သွားရင်လည်း အကျိုးထူးတတ်ပါတယ်"

"ကိုအောင်ကျော်ရဲ့ အတွေ့အကြုံတွေထဲကတစ်ခုလောက်ပြောပြ ပါလားရှင်"

"ကြားချင်ရင်နားဆင်ပေတော့မနှင်းကျော့ရေ။ ဘုန်းကြီးတစ်ပါး အကြောင်းပြောပြမယ်"

"ဘယ်ဘုန်းကြီးလည်းကိုအောင်ကျော်"

"ဘွဲ့နာမည်နဲ့တိတိကျကျကြီးတော့ မသိချင်ပါနဲ့ဗျာ။ ကျွန်တော် ပြောပြတာကို အဖြစ်မှန်ရယ်လို့တော့ယုံကြည်ပါ။ ဖြစ်ပုံကဒီလိုဗျ"

BURMESE CLASSIC .com

www.burmeseclassic.com



## ဘုန်းကြီးတစ္ဆေ

ကျွန်တော်နှင့်သိကျွမ်းဝင်ဖူးသောဘုန်းကြီးတစ်ပါးဟုဆိုပါရစေ။ ကျွန်တော့်အားအတော်ခင်တွယ်ပြီး ဆိုဆုံးမသွန်သင်လေ့ရှိပါသည်။ သူတစ်ပါးအပေါ်မှာ ဘုန်းကြီးဒေါသ ဘယ်မျှကြီးသည်ဖြစ်စေ၊ ကျွန်တော့်ကိုမူ ချိုသာစွာဆက်ဆံပါ၏။ ကျွန်တော့်အား တစ်ခါမှ အော်ငေါက်ခြင်း၊ ဟောက်ခြင်းမပြောနှင့်၊ အသံထန်ထန်မာမာဖြင့်ပင် မမိန့်ဖူးခဲ့ပါပေ။ ဘုန်းကြီးသည်ပစ္စည်းများသိမ်းဆည်းလွန်းတတ်၏။ဆွမ်းချိုင့်အသစ်တွေကို ထုတ်မသုံးပါ။ အဟောင်းများကို သာသုံးမြဲသုံးစေ ပါသည်။ အနေအထိုင်ခြိုးခြံလွန်းသည်ဟုဆိုရပါမည်။ အလှူခံရရှိသော သက်န်းမျိုး စုံများကိုလည်း ဗီရိုထဲ၌သိမ်းဆည်းထား၏။ တော်ရုံတန်ရုံ အကြောင်းပြချက်လောက်ဖြင့်တော့ ခန်းနေဦးပဉ္စင်းကိုသော်မှသက်န်း တစ်စုံတလေစွန့်လေသည် မဟုတ်ပါ။

ပစ္စည်းများအနက်လက်ဖက်ခြောက်၊ သကြား၊ ငါးသေတ္တာ၊ နို့ဆီတို့ကိုသံဖြူချပ်ပတ်လည်လုံအောင် ရိုက်ထားသောထင်းရှူးသေတ္တာကြီးများ၌ သိုမှီးထား၏။ သေတ္တာကြီးတွေမှ လေးငါးလုံးရှိပါသည်။ ဆားများထန်းလျက်ခဲများကိုမူ စဉ့်အိုးကြီးနှင့်ထားသည်။ ဆွမ်းဆန်စိမ်းကို ဆီပေပါထဲ၌ သိုလှောင်၏။ ပိုးမထိုးအောင် ထင်းရှူးဆီချောင်းများကို ထည့်ထားရ၏။ဖျော်ရည်ပုလင်းများ၊ ထောပတ်ပုလင်းများ၊ ပျားရည် ပုလင်းများတို့ကို ဘုရားခန်းအတွင်းဘက် နံရံတွင်အစီအရီ တန်းစီထား တတ်ပါသည်။ လျှက်ဆားပုလင်းများ၊ ဘုန်းကြီးပိုးလျှောပွတ်ဆေးပုလင်းများ၊ ငန်းဆေးထုတ်များတို့ကိုမူ၊ လေလုံသည့် သံသေတ္တာထဲ၌သိမ်းထား၏။ ငှက်ပျော

BURMESE CLASSIC .com

www.burmeseclassic.com



ခိုင်များ ငါးခြောက်ပြားကြီးများတို့ကို ကျက်သရေဆောင်ခန်းထဲ၌ ချိတ်ဆွဲထားလေသည်။

ကျွန်တော်ဆယ်တန်းအောင်ပြီး တက္ကသိုလ်သို့ တက်ရောက်ရတော့မည့်အချိန်၌ ဘုန်းကြီးကိုသွားကန်တော့ပါသည်။ ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်သိမ်းလိုက်သည်မှာ ၂-နှစ်ကျော်ရှိပြီမို့ ဘုန်းကြီးသည် ကျွန်တော့်အားကျောင်းစရိတ် အဆင်ပြေမပြေ မေးတော်မူပါသည်။ ကျွန်တော့်မိဘများ၏ စတိုးဆိုင်ကြီး ပြည်သူပိုင်အသိမ်းခံရ၍ စီးပွားရေးကျဆင်းနေကြောင်း ဘုန်းကြီးသိထားသောကြောင့် ကရုဏာစကား ဆိုခြင်းဖြစ်မည်ဟု ကျွန်တော်ထင်မိလိုက်၏။ မဟုတ်ပါ။ အခက်အခဲရှိလျှင် ကျွန်တော့်ကျောင်းစရိတ် ထောက်ပေးမည့်သဘော ဖြစ်ကြောင်း နောက်မှသိရသည်။

ကျွန်တော်က မိဘများကြိုးစား၍တက္ကသိုလ်ပို့ပါမည်။ ရှမ်းပြည်နယ်စတိုင်ပင်(ကျောင်းစရိတ်ထောက်ပံ့ကြေး) ကိုလည်းလျှောက်ထားမည်ဖြစ်ကြောင်း ပြန်လျှောက်ထားလိုက်ရ၏။ ရန်ကုန် သွားခါနီးတွင် ကျွန်တော်သုံးရန် မျက်နှာကျက်ပေါ်တွင် သိမ်းဆည်းထားသော ပလပ်စတစ်ဇလုံအပြာတစ်လုံးနှင့် ရေဆွဲဘာလီပုံး အဝါတစ်လုံးတို့ကို ဦးပဥ္စင်းတစ်ပါးအားတက်ယူစေပြီး စွန့်လိုက်ပါသည်။ ကျောင်းပိတ်၍ အိမ်ပြန်ကြပြီဆိုလျှင် ဘုန်းကြီးကြိုက်တတ်လှ သည့် ပုသိမ်ဟာလဝါကို ရန်ကုန်သိမ်ကြီးဈေးမှာ ရှာဝယ်ရ၏။ ကြက်မောက်သီး၊ ဒူးရင်းသီး၊ မင်းကွတ်သီးတို့ကိုလည်း ဘုန်းကြီးကြိုက်တတ်လှ၍ သူငယ်ချင်းများ၏ အငြိုအငြင်ကိုခံလျက် ကျွန်တော်ဝယ်ပြန်စမြဲပါ။ ဆိုလိုရင်းမှာဘုန်းကြီးနှင့် ကျွန်တော် မည်မျှရင်းနှီး မေတ္တာရှိကြ၍ မည်မျှသံယောဇဉ် ကြီးကြကြောင်းကိုပါ။

www.burmeseclassic.com



ဘုန်းကြီးသည် ကျွန်တော်စတုတ္ထနှစ်တွင် ရုတ်တရက်နာမကျန်း ဖြစ်ရာမှ ပျံလွန်တော်မူ၏။ ရန်ကုန်တွင်အိပ်မက်လာပေး၏။ တစ်ညအိပ်၍ မပျော့်တပျော်တွင် ကျွန်တော့်ခုတင်ဘေး၌ ဘုန်းကြီးလာရပ်သည်ကို မြင်မက်၏။ ဘာတစ်ခွန်းမှတော့မပြောပါ။ မျက်နှာညှိုးငယ်နေရှာသည်။ သက်နိုးကလည်း ညှိုးနွမ်းလှပါ၏။ ယင်းအိပ်မက်ကိုမက်ပြီး တစ်ပတ်အကြာမှာကျွန်တော့်အိမ်မှစာတစ်စောင်ရောက်လာသည်ထိုသောအခါကျမှ ဘုန်းကြီးပျံလွန်တော်မူပြီးဖြစ်ကြောင်းသိရတော့သည်။ ပျံလွန်တော်မူသည့် ရက်စွဲကို တိုက်ကြည့်လိုက်သော် ပြက္ခဒိန်တွင်ရေးမှတ်ထားသည့် အိပ်မက်မြင်မက်သောနေ့နှင့် တစ်ထပ်တည်းဖြစ်နေကြောင်းကို အံ့သြစွာတွေ့ရှိရပါတော့သည်။ တိုက်ပဲတိုက်ဆိုင်သည်လား။ တကယ်အိပ်မက်ပေးခြင်း လေလား။

နွေကျောင်းပိတ်၍ ရှမ်းပြည်နယ်တောင်ကြီးမြို့ရှိ မိမိအိမ်သို့ ပြန်သောအခါ ခရီးရောက်မဆိုက်မှာပင် ဘုန်းကြီးကျောင်းသို့ အပြေးလေး သွားလိုက်ပါသည်။ ကျောင်းကိုစောင့်ရှောက်နေသော ဦးပဥ္စင်းကြီးက ဆရာတော့်အရိုးအိုးကို ဘုရားခန်းအတွင်းမှယူပြပါသည်။ အရိုးအိုးစေတီ မတည်ရသေးပါ။ ကျွန်တော့်မှာဘုန်းကြီးကို သက်ရှိထင်ရှားဖူးမြင်ခွင့် မရှိတော့ပါ။ ရွှေချထားသောအရိုးအိုးကိုသာ လက်အုပ်ချီ၍ ကန်တော့ခဲ့ရ ပါတော့သည်။

ကျွန်တော် တစ္ဆေကြောက်တတ်မှန်းသိနှင့်ထားသောဦးပဥ္စင်းကြီးက ဘုန်းကြီးမကျွတ်ကြောင်း ပြောသည်ကို တကယ်မထင်မှတ်ဘဲ ခြောက်ပြော-ပြောနေခြင်းသာဖြစ်မည်ဟုအထင်ရှိခဲ့ဖူး၏။ ကျောင်းတောင်ဘက်ကုန်း

www.burmeseclassic.com



မြင့်တစ်နေရာတွင် မြေစိုက်စေတီတစ်ဆူရှိရာ ထိုစေတီပတ်ဝန်းကျင်နှင့် ကျောင်းပေါ်ရှိဘုရားခန်းတွင် ဆရာတော်၏ အရိပ်အယောင်ကို မကြာခဏ မြင်တွေ့ရကြောင်း ပြောတော့လည်း ကျွန်တော့်ကိုဖြဲခြောက်သည်ဟုသာ မှတ်ထင်မိခဲ့သည်။ တကယ်မတွေ့ကြုံရသေးသဖြင့် မည်သို့ ယုံကြည်နိုင်ပါမည်နည်း။

**အမျှတောင်း**

ပျံလွန်တော်မူပြီးစနှစ်များတွင် ဘုန်းကြီးကို ကျွန်တော်သည် မကြာခဏအိပ်မက်မြင်မက်လေ့ရှိတတ်၏။ ကုသိုလ်အမျှတောင်းခြင်းဟု နားမလည်ခဲ့ပါ။ ဘုန်းကြီးဆိုလျှင်အားလုံး ကောင်းရာသုဂတိသို့လား ရောက်လိမ့်မည်ဟုကျွန်တော်ထင်မြင်ယုံကြည်ထားခဲ့၏။ ထို့ကြောင့်လည်း ဘာမှဆောင်ရွက်ပေးစရာမလိုအပ်၊ စိတ်စွဲ၍သာ အိပ်မက်မြင်မက်ခြင်း ဖြစ်မည်ဟု ယူဆနေမိခဲ့သည်မှာ ကျွန်တော့်အမှားဖြစ်ချေသည်။ တစ်နည်း စဉ်းစားလိုက်သောအခါ ဘုန်းကြီးသည်နှစ်ပေါင်းကြာရှည် ညောင်းအောင် ဝဋ်ကြွေးဆပ်နေရဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ၁၅-နှစ်ကျော်ကြာမြင့်ပြီးတော့မှ ကျွတ်လွတ်ခွင့်ကိုကြုံရခြင်းကြောင့်ပါ။

ယခုအချိန်၌ကျွန်တော်သည်အလှူဒါနအားတွေလည်းများလှပါပြီ။ စရဏအားလည်းအသင့်အတင့်ရှိပြီ။ ဝိပဿနာကိုလည်းအားထုတ်ဖူးပြီ။ အမျှအတန်း ပေးဝေဖို့ကိုလည်း နားလည်သဘောပေါက်ခဲ့ပါပြီ။ တိုတိုပြောဆိုရသော် အတွေ့အကြုံများကြောင့် ပရလောကအကြောင်းကိုပို၍ယုံကြည်လာပါပြီ။ တောင်မြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ အလှူအတန်းကြီးပြုပြီးနောက်တွင် ကုသိုလ်တောင်းသူတို့ ပိုမိုများပြားလာပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော်သည်မန္တလေးတိုင်း၊ အမရပူရမြို့ရှိ ကျမ်းပြုအကျော် မဟာဂန္ဓာရုံဆရာတော်ကြီးတည်ထောင်ထားသော နာမည်ကြီး မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးတွင် သားရှင်ပြု မိမိကိုယ်တိုင်ဒုလ္လဘရဟန်း ခံသည့်အပြင် ရဟန်းလောင်းတစ်ပါးအား သိက္ခာတင်၊ ရဟန်းတစ်ပါးအား သိမ်ထပ်သည့် အလှူကြီးကို ၁၉၈၅-ခုနှစ်တွင် ပြုလုပ်ခွင့် ရလိုက်ပါသည်။ ရှေးကလည်း အများအပြား လှူဒါန်းခဲ့ဖူးပါသည်။ မဟာ ဂန္ဓာရုံစာသင်တိုက်တွင် ပြုရသော ကုသိုလ်ကောင်းမှုသည် ပို၍အကျိုးပေးဟန်တူ၏။

အကြောင်းမှာ ကျွန်တော်အစိုးရဝန်ထမ်း စလုပ်သည့်အချိန်ကစ၍ ဆေးရုံချိန်မှအပ၊ မိမိနေအိမ်သို့ အရေးပေါ်လာရောက်ပြီး ကုသမှုကိုခံယူ ကြသည့် အနည်းငယ်မျှသော လူနာတို့ထံမှရရှိသော ဆေးဖိုးဝါးခထဲမှ ဖဲ့၍ဖဲ့၍ ပေးလှူလာခဲ့၏။ ကလောမြို့တွင်လေးနှစ်၊ တောင်ကြီးမြို့တွင် ခြောက်နှစ်၊ စုစုပေါင်းလိုက်သောအခါ ဆယ်နှစ်တိတိအတွင်း ကျပ်ငွေလေး သိန်းမျှသော ကောင်းမှုအစုစုတို့ကို လှူဒါန်းကာကုသိုလ် စုဆောင်းပြီး ဖြစ်နေခဲ့ပါပြီ။ သို့သော် ထင်ထင်ရှားရှား မှတ်မှတ်ရရ ပရလောကသားတို့ အမျှအတန်း တောင်းခံလာခြင်းမျိုးကိုမူ မကြုံခဲ့ဖူးပါပေ။

## ကုသိုလ်အစုစု

တောင်မြို့ ၊ မဟာဂန္ဓာရုံကျောင်းတိုက်၌ တစ်နေ့တာ အတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ ညနေဖျော်ရည် အပါအဝင်မှ ထိုစဉ်က သံဃာ ခုနစ်ရာကျော်တောင်ရှိသော်လည်း ကျပ်ငွေတစ်သောင်းခွဲဖြင့် လှူဒါန်း နိုင်သေးသောအချိန်ဖြစ်ပါသည်။ သံဃာတော်အပါး ရှစ်ရာ တိတိ အတွက်

www.burmeseclassic.com



ရည်စူးလျက် ချွေးသုတ်ပဝါရှစ်ရာ၊ ကာဘော်လိပ်ဆပ်ပြာတုံးရှစ်ရာ၊ လိမ္မော်သီး ရှစ်ရာနှင့် ကြက်ဥမုန့်လုံးရှစ်ရာ၊ လေးမျိုးလေးစားတိုင်း ရှစ်ရာစီတို့ကို နေ့ဆွမ်းချိန်၌ လောင်းလှူရန်ဝယ်ခြမ်းရာ၌ ကုန်ကျငွေ ခြောက်ထောင်လေးရာ ကျပ်ခန့်သာရှိသည်ဟု ပြောပြရလျှင်ယုံကြည်ကြမည်လားမသိပါ။ အမွေးပွချွေးသုတ်ပဝါသည် တရုတ်ပြည်မှဝင်၏။ လားရှိုးမြို့၌ တာဝန် ထမ်းဆောင်နေသော သူငယ်ချင်း ဒေါက်တာစိန်ထွန်း(သွား/ဆရာဝန်) က တဖြည်းဖြည်းစုဆောင်းဝယ်ပေးထားရာ၊ တစ်ထည်လျှင် အပေါဆုံး နှစ်ကျပ်တစ်မတ်မှသည် အရှားဆုံး သုံးကျပ်တစ်မတ်သာကျသင့်၏။ ပျမ်းမျှတွက်ချက်လိုက်သောအခါ၊ တစ်ထည်ကိုသုံးကျပ်ခန့်သာရှိ၏။

မန္တလေးသို့နှစ်ရက်ခန့်ကြိုတင်ဆင်းသွားပြီး နောက်အလှူအတွက် ဦးဆောင်စီမံပေးကြသော ဆရာမဒေါ်ဝင်းလှိုင်နှင့် သူ့တူဖြစ်သူဦးအေးကိုတို့၏ ကျေးဇူးကလည်းကြီးမားလှပါသည်။ နှစ်တုံးတွဲကာဘော်လိပ်ဆပ်ပြာ တစ်ထောင့်ကိုမှ ခြောက်ကျပ်ခွဲမို့တစ်တုံးစီဖြတ်လိုက်သောအခါဝယ်သုံးကျပ် တစ်မတ်သာကျသင့်တော့၏။ အရည်ရွှမ်းပြီး ကျစ်ကျစ်လစ်လစ် အလေးချိန်စီးသည့် ချိုမြလှသောသီပေါလိမ္မော်၊ ကုန်းသီးကလည်း တစ်လုံး မှတစ်ကျပ်တဲ့လေ။ ဒါတောင်ခရစ္စမတ်ရာသီနှင့်တိုးနေ၍ ဈေးနည်းနည်းကြီးမြင့်ခြင်း ပါတဲ့။ နန်ကင်းကဖေးနှင့် မုန့်ဆိုင်မှ ကြက်ဥမုန့် တစ်လုံးကို ပြားကိုးဆယ်တဲ့ဗျာ။ ကဲ-သံဃာတစ်ပါးကို မွေးပွချွေးသုတ် ပဝါဖြူဖြူ ဖွေးဖွေးက သုံးကျပ်ခန့်၊ ကာဘော်လိပ်ဆပ်ပြာတစ်တုံးက သုံးကျပ်တစ်မတ် လိမ္မော်သီးက တစ်ကျပ်၊ ကြက်ဥမုန့်က ပြားကိုးဆယ်ဆိုတော့ သံဃာ တစ်ပါးကိုလောင်းလှူဖို့ ပစ္စည်းအမယ်လေးမျိုးအတွက်မှ ရှစ်ကျပ်သာ ကျသင့်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ယပ်တံဆိပ်ဒွိစုံသက်န်းသည် ထိုစဉ်တုန်းက ကျပ်တစ်ရာ့တစ်ဆယ် ပတ်လည်သာရှိ၏။ ဆေးခန်းဝင်ငွေပေါ် မူတည်လျက် တစိမ့်စိမ့်ဝယ်စုနေခဲ့ရာ တန်ဆောင်တိုင် ကထိန်ရာသီ နီးလာ၍ ဈေးမြင့်တက်လွန်းမက မြင့်တက်လာချိန်မှာသော်မှ သက်န်းတစ်စုံကို ကျပ်တစ်ရာ့လေးဆယ်ခန့်သာ ရှိခဲ့၏။ သံဃာ့ဒါနအဖြစ် အစုံတစ်ရာ့နှစ်ဆယ်တိတိအပြင် ရဟန်းလောင်း၏ ဆရာသမားနှင့် အခြားဆရာတော်ကြီးများကန်တော့ရန် အပိုဆယ်စုံကျော် ပါသွားနိုင်ခဲ့သေး၏။ နာယကဆရာတော်ကြီး ငါးပါးအတွက် ကပ်လှူရန် နေကြာတံဆိပ် သက္ကလပ်စောင်ကြီးတွေက တောင်ကြီး ကုန်တိုက်ထုတ်မို့ ကျပ်နှစ်ရာစီခန့်သာ ကျ၏။ အရန်ဟင်းကပ်အတွက် ရွှေပုဇွန်ခြောက်ကို ဘာလချောင်ကြော်သွားခဲ့ ၏။ နံနက်စောစော အာရုံဆွမ်းကပ်စဉ် ခဲဖွယ်အဖြစ်လှူရန် ပင်လုံဈေးမှ ဦးလေးထွန်း ဝယ်လာပေးသော ရှမ်းခေါပုတ်တောင်းကြီးတွေက ခုနစ်တောင်းမို့ ငွေငါးရာဖိုးကို နှစ်ရက်ဆက်ပြီးကပ်လှူနိုင်ပါသည်။

မန္တလေးဆင်းဖို့ ပရိတ်သတ်သုံးဆယ်ကျော်နှင့်လှူရန်ပစ္စည်းစုံ မြွေရေခွံအိတ်ဆယ်အိတ်ကျော်တို့တင်ဆောင်နိုင်ရန် ထိုစဉ်ကမှ ပေါ်ကာစရှိသေးသော ဒိုင်နာကားကို တစ်ရက် အကျန်သုံးရာ့ငါးဆယ် နှုန်းဖြင့် နှစ်ညအိပ်သုံးရက်စာမှ ကျပ်တစ်ထောင်နှင့်ငါးဆယ်ကျ၏။ ဓမ္မမိတ်ဆွေ အုံနာဒရိုင်ဘာ ကိုတေးတေး(အင်းပြင်-ကလော) က ငွေငါးဆယ်လျှော့လိုက်ချေသေးသည်။ လေးပါးစာအတွက်သက်န်းပရိက္ခရာ အပြည့်အစုံ အိပ်ရာလိပ်နှင့် အသုံးအဆောင်များ အပြည့်အစုံအပါအဝင် အလှူအတွက် သဗ္ဗလုံးစုံကုန်ကျငွေသည် ကျပ်လေးသောင်းခွဲခန့်သာ ရှိခဲ့၏။ သိက္ခာတင်နှင့်

www.burmeseclassic.com



သိက္ခာထပ် ရဟန်းနှစ်ပါးအတွက် ခုတင်၊ ဗီရို၊ သေတ္တာ၊ စာအုပ်များတောင် ပါဝင်ခဲ့ပါသေးသည်၊ ဤမျှအသေးစိပ် ဖော်ပြနေရခြင်းမှာ ပရလောကသား ချမ်းသာစေနိုင်ဖို့ အမျှပေးဝေရေးတွင် မိမိ၌မရှိမဖြစ်လိုအပ်သော ဒါနအား၊ သီလအား၊ ဘာဝနာအကျင့်စရဏအားတို့ မည်မျှပြည့်စုံဖို့ လိုအပ်ပါကြောင်းကို သိစေချင်သောကြောင့်ဖြစ်ပါသည်။ ကြွားဝါခြင်းမဟုတ်ပါ။

**သီလအား**

ကျွန်တော့်ကို လုပ်ဖော်ကိုင်ဖက် ရောင်းရင်းဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာတင်ဇော်ဝင်း(သွား/ဆရာဝန်)က တောင်ကြီးမြို့၊ ဒေသန္တရ ကျန်းမာရေးဌာန၌ နှစ်ဦးသားတွေ့ဆုံခဲ့စဉ်တွင် မေးခွန်းဆန်းတစ်ခုကို မေးမြန်း ခဲ့ဖူးပါသည်။ ကျွန်တော့်ထက် အသက်ရောလုပ်သက်ပါ များစွာငယ်သော်လည်း သူသည်ဥပုသ်စောင့်ခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ ပုတီးစိပ်ခြင်း၊ ပရိတ်ပူဇော်ခြင်းတို့ကို ယုံကြည်စွဲမြဲစွာ လုပ်ဆောင်ဖြည့်ကျင့်နေပြီဖြစ်၏။ သူသိလိုသည့်အချက်ကို ကျွန်တော့်အား ဤသို့မေးမြန်းခဲ့ပါသည်။

"ကိုအောင်ကျော်၊ ဘာသာရေး၊ သာသနာရေးကို ဘယ်အသက်အရွယ်ဘယ်အချိန်ကစပြီးလိုက်စားခဲ့ပါသလဲ" ဟုသတည်း။

"ဘာပြုလို့လဲကိုတင်ဇော်ဝင်း"

"ကိုအောင်ကျော်ပြောဆိုတာ၊ လုပ်ကိုင်တာ၊ လှူဒါန်းတာတွေကို ကြည့်ပြီး မေးချင်စိတ်ပေါက်လာတာပါဗျာ"

"သိချင်ရင်တော့ ပြောပြရမှာပေါ့ ကိုတင်ဇော်ဝင်းရာ။ ခင်ဗျား ယုံနိုင်မလားတော့မပြောတတ်ဘူး။ ကျွန်တော် ကြွားကြွားဝါဝါပြောမှာ မဟုတ်

BURMESE CLASSIC .com

www.burmeseclassic.com



တာကို ခင်ဗျား လက်ခံရမယ်နော်။ ကျွန်တော့်ကိုအမီ လိုက်မယ်ဆိုရင်လည်း ခင်ဗျား မီနိုင်လိမ့်မယ်မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ကျွန်တော်ဟာ သုံးနှစ်သားသာသာအရွယ် ကတည်းက ရှစ်ပါးသီလကို စတင်စောင့်ထိန်း ခဲ့ပြီဖြစ်လို့ပါပဲ"

"ဟုတ်ရဲ့လားဗျ။ သုံးနှစ်သားဆိုတာဘာများသိဦးမှာလဲ"

"ဟုတ်ပါတယ်။ ဒါကြောင့်ယုံနိုင်ပါ့မလား မသိလို့နိဒါန်းခံထား ခဲ့ရတာပေါ့။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း ပြန်စမ်းစစ်ကြည့်ပါတယ်။ အဲဒီတုန်းက ငါဘာများနားလည်လို့ ဥပုသ်စောင့်ထိန်းခဲ့ပါလိမ့်ပေါ့လေ။ ကောင်းမှုမကောင်းမှု တွေကို ဂဃနဏ သိလို့မဟုတ်ဘူးဗျ။ အကျိုးအပြစ် တွေကိုသိဖို့ဆိုတာလည်း ဝေလာဝေးပေါ့ဗျာ။ ဒါပေမယ့်အတူတူ နေကြ တာက မြေးအဘွားနှစ်ယောက်တည်း သူများအိမ်မရဲ့ တောင်ဘက် နံရံမှာ တဲအဖီလေးဆွယ်ပြီး နေကြရတဲ့အချိန်တုန်းကပေါ့ဗျာ။ ဘွားအေကြီးက ပဲပင်ပေါက်ရောင်းနေရတဲ့ ဈေးသည်ပေမယ့် ရတနာတော်မြတ်သုံးပါးကို လေးနက်စွာ ယုံကြည်ကိုးကွယ်ဆည်းကပ်သူဗျ။ လပြည့်လကွယ်လဆန်း ရှစ်ရက်၊ လပြည့်ကျော်ရှစ်ရက်တစ်လမှာလေးသီတင်းကို ရှစ်ပါးသီလ၊ သက်သက်လွတ်နဲ့ နေလာခဲ့တဲ့သူတော်ကောင်းမကြီးဗျ။ ကျွန်တော်ဒီလို အနေအထားအဆင့်ထိရောက်လာခဲ့ရတာလည်းဘွားအေကြီးရဲ့ကျေးဇူးတွေ ပေါ့ဗျာ။"

"ဆန်းတော့ အတော်ဆန်းတာပဲ ကိုအောင်ကျော်"

"ဟုတ်တယ်ကိုတင်ဇော်ဝင်း။ မိဘအရင်းအချာ ရှိလျက်သားနဲ့ ဘွားအေကြီးလက်ထဲမှာ ကြီးပြင်းလာခဲ့ရတာနော်။ အစောင့်အရှောက်

www.burmeseclassic.com



ခံထိုက်သူဟာ စောင့်ရှောက်သွန်သင်မယ့် သူ့ရဲ့လက်ထဲ ရောက်သွားရတဲ့ သဘောပါပဲ။ ခေတ်စကားနဲ့ပြောရရင်တော့ဗျာ၊ ပဌာန်းဆက်ပေါ့လေ။ အဲ-အဘွားဉပုသ်စောင့်တာကိုအတုယူပြီး လိုက်စောင့်နိုင်ခဲ့တာတော့ ရှေးရှေးဘဝဘဝတွေတုန်းကလည်း ကျွန်တော်ဉပုသ်သီတင်းစောင့်ထိန်းခဲ့ရဖူးတဲ့ ပါရမီရှိလိမ့်မယ်ထင်ပါရဲ့။ ကောင်းတယ်ရယ်လို့ ရေးရေးမျှသာ သိတတ်တဲ့ သုံးနှစ်သားသာသာအရွယ်ရဲ့ စိတ်ဓာတ်ကို ကျွန်တော်လည်း ကြီးလာမှ ပြန်အံ့ဩမိတာအမှန်ပါပဲ"

## စင်ကြယ်ဖို့လို

အလျှုအတန်းပြုရာ၌ စင်ကြယ်ဖို့ အထူးအရေးကြီး၏။ ရှေးဦးအရေးအကြီးဆုံးကား ဒါနပြုသဖြင့် ပြန်လည်ရရှိမည့်အကျိုးကျေးဇူးကို မမျှော်မှန်းမတောင့်တမိဖို့ကိုပါ။ နာမည်ကြီးချင်၍ သူတစ်ပါးတို့ချီးကျူးထောမနာပြုသည်ကိုခံချင်၍ ဟူသောအကြောင်း အခြေခံကြောင့် လှူဒါန်းခဲ့ပါသော် ကုသိုလ်မရမဟုတ် ရတော့ရပါသည်။အကျိုးပေးကားတောအရပ် ဇနပုဒ်၌ သူဌေးကြီးသွားဖြစ်တတ်သည်။ တော၌ ကြွယ်ဝချမ်းသာ၍ကော ချမ်းသာခြင်းအကျိုးကို မည်မျှခံစားကြနိုင်ပါမည်နည်း။ မြို့ကြီးပြကြီး လိုကောင်းပေ့ညွှန့်ပေ့ အသုံးအဆောင်များကို မရရှိနိုင် မစားသုံးနိုင်ပါ။ အကြောင်းမှာဝယ်ချမ်း၍ မရရှိနိုင်သောကြောင့်ဖြစ်သည်။ အဆိုးဆုံးကား အလှူခံပုဂ္ဂိုလ်ကောင်းများကို လွယ်လွယ်နှင့်မတွေ့နိုင်ခြင်းကိုပါ။ သူတော်ကောင်း တရားဟောပြောသွန်သင် ပြမည့်ဆရာသမားများနှင့်လည်း တွေ့ကြုံ ဖို့ ခက်ခဲပြန်ပါသည်။ သံသရာအတွက် ကုသိုလ်အထုပ်ကြီးကို

BURMESE CLASSIC .com

www.burmeseclassic.com



မရရှိနိုင် ဘိသကဲ့သို့ ပစ္စေကဗုဒ္ဓမျက်မှောက် ဘဝမှာလည်း အသိဉာဏ် အမြော်အမြင် တရားနှင့် ဝေးကွာရတတ်ပါသည်။

လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာတို့ကို တောင့်တရည်သန် မိပြီးလှူဒါန်းပါက ကုသိုလ်ကောင်းမှုအကျိုးကိုတွေ့ရပါ၏။ ဝဋ္ဋဒုက္ခကို ရည်သန် တောင့်တမိလေသောကြောင့် ဥမ္မာဒန္တီကဲ့သို့လည်းကောင်း ပပဝတီ ကဲ့သို့လည်းကောင်း၊ ပဒုမ္မဒေဝီကဲ့သို့လည်းကောင်း၊ မိမိအရယ် အပြုံးကို လှစ်ခနဲမြင်ကြရသည့် ဖိုသတ္တဝါအဖို့ ရှူးနှမ်းကောင်းရှူးနှမ်း စေနိုင်မည်၊ ခုနစ်ဆောင်တိုက်ခန်းအတွင်းဝယ် မီးမထွန်းဘဲကိုယ်အရောင်အဝါ လင်းချင် လင်းမည်၊ခြေလှမ်းတိုင်းဝယ် ပဒုမ္မာကြာပန်းခံကောင်းခံပေလိမ့်မည်။ သို့သော် ဘဝတဏှာသည် ဝဋ္ဋဒုက္ခဆင်းရဲခြင်းသာ မည်ပေသောကြောင့် သစ္စာတရား နှင့် တွေ့ဖို့ဝေးကောင်းဝေးသွားနိုင်ပါသည်။ ဆုတောင်း မမှားဖို့အရေး ကြီး၏။ ရည်သန်ရမှာက ဝဋ္ဋဘဝဒုက္ခ အပေါင်းတို့မှချုပ်ငြိမ်းရာ သန္တိသုခ အစဉ်အမြဲတည်ရှိသည့် နိဗ္ဗာန်မြတ်သို့မျက်မှောက်ပြုနိုင်ဖို့ အရေးဖြစ်၏။ နိဗ္ဗာန်ကိုသာတောင့်တရည်သန်ပါ။ ကျန်သော အကျိုးပေး တို့ဆိုသည်ကား ဆုမတောင်းပါဘဲလျက်နှင့် အလိုလိုပြည့်စုံပြီးသား ဖြစ်မည်ကိုယုံကြည် ကြပါ။

ပြီးတော့မိမိလှူဒါန်းရန်ရှာဖွေထားသောပစ္စည်းသည် သမ္မာအာဇီဝမှ ရရှိအပ်သည့်စင်ကြယ်သောအလှူဝတ္ထုဖြစ်ရပါဦးမည်။ အလှူဝတ္ထုစင်ကြယ် ပါမှအကျိုးပေး ထက်သန်လိမ့်မည် ဖြစ်သောကြောင့်ပါ။ နောက်တစ်ချက် အရေးကြီးသည်က အလှူခံပုဂ္ဂိုလ် စင်ကြယ်မြင့်မြတ်ဖို့ လိုအပ်၏။ အလှူခံ ပုဂ္ဂိုလ်သည် သီလဝန္တပုဂ္ဂိုလ်မြတ် ဖြစ်ရမည်။ လယ်ယာမြေကောင်းနှင့်

BURMESE CLASSIC .com

www.burmeseclassic.com



တူသော စင်ကြယ်သည့် အလှူခံပုဂ္ဂိုလ်အား သမ္မာအာဇီဝနည်းဖြင့် စင်ကြယ်စွာ ရရှိထားအပ်သော လှူဖွယ်ဝတ္ထု အစုစုတို့ကို ပေးလှူစဉ်မှာ သဒ္ဓါတရား ထက်သန်စွာဖြင့် နိဗ္ဗာန်ကိုရည်သန်ရင်း ဖြစ်ပျက်ဝိပဿနာတရားကို နှလုံးသွင်းခဲ့သည်ဆိုပါစို့ထိုအလှူထက်မြင့်မြတ်ထူးခြားသောအလှူမျိုးလောက၌ မရှိတော့ပြီ။ မုချအကျိုးပေး သန်ပါတော့မည်။

## ဆန်းစစ်ကြည့်တော့

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ဆယ်နှစ်တာအတွင်း ကျပ်လေးသိန်း စွန့်လှူပါလျက်၊ အမျှတောင်းခံရဖူးခြင်းမရှိဘဲ၊ တောင်မြို့ မဟာဂန္ဓာရုံကျောင်း၌လေးသောင်းခွဲမျှလှူဒါန်းခဲ့ပြီးနောက်မှအဘယ်ကြောင့် ကုသိုလ်အမျှ တောင်းခံသူများနှင့် မကြာခဏ တိုက်ဆိုင်ရပါသနည်းဟု မိမိကိုယ်ကိုဆန်းစစ် ဝေဖန်ကြည့်မိပါသည်။ အထက်၌ ရှင်းလင်းပြသခဲ့သော လှူရေးတန်းရေးတွင် အရေးကြီးသည့် (၁) ခန္ဓာဉာဏ်ရောက်ဖြစ်ပျက်ဝိပဿနာတရားကိုမြင်သိလျက်မြတ်နိဗ္ဗာန်ကိုရည်သန်တောင့်တလှူခြင်း(၂) ပေးလှူသော ပစ္စည်းတို့မှာ သမ္မာအာဇီဝနည်းဖြင့် စင်ကြယ်စွာ ရရှိခြင်း (၃)ပေးလှူစဉ်မှာသဒ္ဓါတရား အလွန်မတန်မှထက်ထက်သန်သန် ဖြစ်ပေါ်ခြင်းနှင့် (၄) အရေးကြီးဆုံးကား အလှူခံပုဂ္ဂိုလ် သံဃာတော်တို့မှာ ဝိနည်းတော်နှင့်အညီစင်ကြယ်အောင် ကျင့်သုံးတော်မူကြသော သီလဝန္တ ရဟန်းကောင်းရဟန်းမြတ်တို့ များပြားခြင်း စသောအချက်ကြီးလေးချက်နှင့် ကိုက်ညီခဲ့၍ ဖြစ်လိမ့်မည်ဟု ကျွန်တော် ဆုံးဖြတ်မိပါသည်။

www.burmeseclassic.com



အထူးကား၊ သာသနာ့ဘောင်တွင်း ညအားဖြင့် ၁၀-ည၊ ရက်အားဖြင့် ၁၁-ရက် နေထိုင်ခဲ့စဉ် ရဟန်းအဖြစ် ညအားဖြင့် ၈-ည၊ ရက်အားဖြင့် ၉-ရက်ဖြစ်ပါသည်။ အကြောင်းမှာအဝင်ရက်နှင့် အထွက်ရက်တို့မှာ ကိုရင်ကြီးဘဝဖြစ်နေခဲ့သောကြောင့်ပါ။ ရဟန်းဘဝ ၉-ရက် အနက် ရှေးဦးလေးရက်သာလျှင် ကျောင်းတိုက်ရှိ အလှူရှင်များ၏ လောင်းဆွမ်း၊ ကပ်ဆွမ်းတို့ကိုဘုန်းပေးခဲ့ခြင်းဖြစ်ပြီး၊ ကျန် ၅-ရက်လုံးတွင် ခြေသလုံးမြင်းခေါင်းကို အရင်းပြုလျက်ဆွမ်းခံကာစားခဲ့ပါသည်။ သီလမလုံခြုံ မစင်ကြယ်ပါဘဲလျက်နှင့် တစ်ဇွန်းတစ်ယောက်မစီ လောင်းလှူအပ်သော အရေအတွက် တစ်ရာနီးပါး ဆင်းရဲသားဒါယကာ၊ ဒါယိကာမ အပေါင်း တို့၏ ဆွမ်းကိုအဘယ်မှာလျှင်စားဝံ့ပါမည်နည်း။ မိမိကိုယ်ကိုစိတ်ချယုံကြည် လွန်း၍သာ မီးကျီးခဲ၊ သံထွေသံတုံးခဲနှင့် အလားတူစွာသော အများ စုပေါင်းဆွမ်းကို စားရဲခဲ့ခြင်းပါ။

ခံဆွမ်းရရှိလာသောအခါ မွေးမိခင်ဒေါ်အေးမေ၊ ဆရာမ ဒေါ်ဝင်းလှိုင်နှင့်ထိုစဉ်ကကျောင်းတိုက်ဝေယျာဝစ္စခေါင်းဆောင်ကြီးဒေါ်ရှမ်း တို့သုံးဦးသားအတွက်နေ့စဉ်မျှဝေကျွေးမွေးလှူဒါန်းခဲ့ပါသေးသည်။ ကျွန်တော့် တစ်သက်တာတွင်လှူဒါန်းခဲ့ဖူးသောအလှူမျိုး အတော်စုံခဲ့ပါပြီ။ ရှာဖွေရရှိသောလာဘ်လာဘရော၊ အမွေအနှစ်ကိုရောင်းချလှူတာရော၊ စုစုပေါင်းလိုက်မည်ဆိုပါက ၂၂-နှစ်အတွင်းမှာသိန်းပေါင်း ၆၀-ကျော်ခဲ့ပါပြီ။ တိတိကျကျ ပြောရသော်အသက် ၅၂-နှစ် ပြည့်တွင် ၆၂-သိန်းပြည့်ခဲ့ပါပြီ။ အားအရဆုံးသည်ကား မွေးမာတာမိခင်ကြီးအားဆွမ်း ၅-ရက်ခံကျွေးခဲ့ရသော ထမင်း ၅-နပ် ဖြစ်ပါပေသတည်း။

BURMESE CLASSIC .com

www.burmeseclassic.com



**အိပ်မက်ဆန်း**

ကုသိုလ်အစုစုတို့၌ ပရိတ်ပူဇော်ခြင်း၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသကို မနက်တိုင်းညတိုင်း ပူဇော်ခြင်း၊ အခါအားလျော်စွာ အဓိဋ္ဌာန်ဝင် သက်သတ်လွတ်စားခြင်း၊ ခြေလေးချောင်းသားကိုရှောင်ကြဉ်ခဲ့ခြင်း၊ လပြည့်လကွယ်ဆန်းရှစ်ရက်၊ ဆုတ်ရှစ်ရက်၊ တစ်လတွင်လေးသီတင်းကို ကိုးပါးသီလစောင့်ထိန်းခြင်း စသော အကျင့်မြတ် စရဏအားများလည်း ပါဝင်နေသောကြောင့် ဘုန်းကြီး တစ္ဆေများပင်လျှင် ကုသိုလ်လာတောင်း ကြခြင်းဖြစ်ပါလိမ့်မည်။ ဤမျှရေးပြနေရခြင်းမှာ ကျွန်တော့်အကြောင်းဘာတစ်ခုမှ မသိရှိဘဲနှင့်၊ ဆရာက ခဏခဏတစ္ဆေနှင့် တွေ့တတ်လွန်းတယ်နော်ဟူ၍ တစ်မျိုး၊ ဆရာရေးတာတွေစိတ်ကူးယဉ်ဆန်လွန်း အားကြီးတယ်ဟူ၍တစ်ဖုံ၊ ဝေဖန်ကြသူများ ရှိခဲ့၍ အကြောင်းမဲ့တော့ဖြင့် အမျှကုသိုလ်လာတောင်းခံခြင်း မဟုတ်ရပါကြောင်းကို သိစေလိုသောကြောင့် ကိုယ့်အကြောင်း ကိုယ်ဖော်မသူတော် လုပ်လိုက်ရခြင်း ဖြစ်ပါသည်။

တောင်မြို့မဟာဂန္ဓာရုံတိုက်တွင်အလှူပြုပြီးနောက်၊ မကြာခဏကြုံတွေ့ခဲ့ရသည့် အမျှအတန်းတောင်းခံကြခြင်းအကြောင်းတို့ကို နောင်အလျဉ်းသင့်သော အခါမှ အသေးစိတ်ပြောပြပါမည်။ ယခုလောလောဆယ် ရှေ့တစ်နေရာ၌ အစပျိုးထားခဲ့သော ကပ်စေးနှဲဆရာတော်တစ်ပါးပျံလွန်တော်မူပြီးနောက် ၁၅-နှစ်ခန့်ကြာမှအိပ်မက်ပေးကာ ကုသိုလ်တောင်းခြင်းကို ဆက်လက်ရေးသားဖော်ပြပါမည်။ ၁၉၈၆-ခုနှစ်ကုန်၍၊ ၁၉၈၇-ခုနှစ်ဆန်းစ ပြာသိုလ်လထဲမှာ ဖြစ်ပါသည်။ တစ်မနက်လင်းအားကြီးတွင်ထူးဆန်းသော အိပ်မက်ကို ကျွန်တော်မြင်မက်၏။

www.burmeseclassic.com



အိပ်မက်ထဲတွင် ယခုကျွန်တော်ဆေးခန်းဖွင့်သောနေရာ၊ ယခင်တောင်ကြီးအသံထွက်ရုပ်ရှင်ရုံအောက်မိဘများ၏သုံးခန်းတွဲစတိုးဆိုင်ကိုပြန်မြင်မက်နေ၏။ မျက်နှာချင်းဆိုင်အရပ်မင်းလမ်းမကြီး၏ဟိုမှာဘက်၌ကား၊ မြို့တော်ရုပ်ရှင်ရုံကြီးရှိပါသည်။(ယခုအခါဖြိုချထား၍မြေပုံကွက်လပ်ကြီး ဖြစ်နေ၏) ရုံ၏အောက်ထပ်တစ်တန်းလုံးတွင်ဆိုင်ခန်းများရှိပါသည်။ တောင်ဘက်စွန်းလေးခန်းတွဲဆိုင်ကြီးမှာယခင်တုန်းကဖန်စီစတိုးဖြစ်ပါသည်။

ကျွန်တော်ဖန်စီစတိုးဘက်ဆီသို့ မျှော်ကြည့်လိုက်သောအခါတွင်ကျွန်တော့်ဆရာတော်ဘုန်းကြီးသည် မင်းလမ်းကိုကူးလျက် ကျွန်တော်တို့ဆိုင်ဘက်သို့ကြွလာနေသည်။ ဘုန်းကြီး၏ ဘယ်ဘက်လက်ကဝါးတောင်ဝှေး အမြင့်ကြီးကိုကိုင်ဆောင်လျက် ပင်ပန်းကြီးစွာ တစ်လှမ်းချင်းလျှောက်လာနေသည်။ တောင်ဝှေးကို တတောက်တောက် ထောက်လျက်တစ်လှမ်းချင်းနှေးနှေးဖြည်း ညင်းစွာလျှောက်လာနေပုံကို ကြည့်ရခြင်းအားဖြင့်အိုမင်းလှပြီဖြစ်သောဘုန်းကြီးမှာ အားအင်ချိနဲ့နေပြီ ဖြစ်ကြောင်းထင်ရှားလှပါ၏။

ကျွန်တော်လည်းအပြေးလေးသွားကာ "ဘယ်ကကြွလာပါသလဲဘုရား" ဟုလျှောက်ထားရင်းဆီးကြိုလိုက်သည်။ ဘုန်းကြီး၏ ညာတစ်ထောင်ဆစ်ကို ဖေးမတွဲလိုက်စဉ် သတိပြုမိသည်မှာ ဘုန်းကြီးသည်ဘာတစ်ခွန်းမှ မမိန့်သည့်ပြင်၊ ကျောပြင်မှာ ဧကသီသက်န်းမပါဘဲပြောင်ဗလာကြီးဖြစ်နေ၏။ ချွေးသီးချွေးပေါက်တို့ ကားဆီးကင်းလောက်ပွတ်သီးနေသဖြင့် အတော်ဝေးသောအရပ်မှ ခရီးကြမ်းနှင်လာရသည့်

BURMESE CLASSIC .com

www.burmeseclassic.com



ပုံပေါက်နေသည်။ သင်းပိုင်မှာလည်း ဟောင်းနွမ်းစုတ်ပြတ် နေပုံများ ဒူးဆစ်ပတ်လည်တွင် အကွဲကွဲအပြတ်ပြတ်ဖွာလန်ကြနေ၏။

"ဩော်. . . ဘုန်းကြီးခမျာ အတော်ဆင်းရဲနွမ်းပါးပြီး ဒုက္ခရောက်နေရှာပါလား" ဟုကရုဏာကြီးစွာသက်မိပါတော့သည်။ အိပ်မက်ထဲ၌ ဘုန်းကြီးကိုပျံလွန်တော်မူပြီးကြောင်း အမှတ်သတိမရှိခဲ့ပါ။ စိတ်ထဲ၌ သင်္ကန်း တစ်စုံလှူရသော်ကောင်းပေစွဟုကျွန်တော်တောင့်တလိုက်သည့် တစ်ခဏအတွင်း၌ ကျွန်တော့်ညာလက်ပေါ်တွင် သင်္ကန်းအဆင်သင့် ဖြစ်ပေါ်လာပါသည်။ ကျွန်တော်လည်းပလက်ဖောင်းပေါ်၌ ပင်သင်္ကန်းကို ဖြန့်လျက် ဘုန်းကြီး၏ကျောကုန်းပေါ် လွှမ်းခြုံပေးလိုက်ပါသည်။ အကွက် စိပ်စိပ်နှင့် အခန်းရာကျော်ရှိနိုင်သည့်သင်္ကန်းမို့ ဒုကုဋ်သင်္ကန်း ကြီးဖြစ်မည်ဟု မှတ်သားလိုက်မိ၏။ ကျွန်တော်တို့ကြီးစိန်စတိုးဆိုင် အခန်းတွင်းသို့ ဘုန်းကြီးဝင်ရောက် လာချိန်တွင်ကား ဘုန်းကြီးသည်သင်္ကန်းကို လက်ကန်တော့ထိုးပြီးသား ဟန်ကျပန်ကျ ကြည်ညိုသပ္ပါယ်ဖွယ်ရာ ဖြစ်ပြီးနှင့်လေပြီ။ အဟောဝတကောင်းပေစွ၊ ကောင်းပေစွ။ သာဓု- သာဓု- သာဓု။

**တိုက်ဆိုင်မှုများ**

ဘုန်းကြီးအား စားပွဲကုလားထိုင်ဖြင့်နေရာချ သီတင်းသုံးနေစေ တော်မူစဉ်၊ ကျွန်တော့်ဇနီးသည်အား ဘုန်းကြီးအတွက်သံပုရာရည် ချိုချိုတစ်ခွက်ဖျော်ပေး ပါရန်၊ သိပ်မချဉ်စေရန်အထူးမှာကြားနေပါသည်။ မီဖိုချောင်ခန်းမှဆိုင်ခန်းသို့ ရောက်လာသောအခါ အခြားသံဃာနှစ်ပါး

BURMESE CLASSIC .com

www.burmeseclassic.com



ထပ်ကြွရောက်လာသည်ကို ဖူးမြင်ရ၍ နေရာထိုင်ခင်းပြင်ဆင်ပေးရ၏။ ဇနီးသည်အားထပ်မံ၍ သံပုရာရည်နှစ်ခွက် ဖျော်ခဲ့ပါရန်မှာကြားရင်း သံဃာတော်များကိုရှိခိုးလိုက်၏။ ဖျော်ရည်များကပ်ပြီးသည်နှင့် အိပ်ရာမှ လန့်နိုးလာပါသည်။ ထပ်မံကြွရောက်လာသော သံဃာနှစ်ပါး တို့ကို မည်သူမည်ဝါဖြစ်ကြောင်း မမှတ်သားမသိရှိလိုက်ရပါ။ စိတ်ထဲမှာ မူရင်းရင်းနှီးနှီးကြီးသိရှိနေသလိုတော့ရှိ၏။ သေသေ ချာချာ စဉ်းစားသော အခါ ဇဝေဇဝါဖြစ်နေခဲ့သည်။

အိပ်ရာမှနိုးနိုးချင်းပင်ဆရာတော်ဘုန်းကြီးအား အမျှအတန်း ပေးဝေလိုက်၏။ အိပ်မက်တွင်း၌ပင်လျှင် ကျွန်တော်တောင့်တသည့် စိတ်ဆန္ဒအတိုင်း သင်္ကန်းစုံ ကျွန်တော့်လက်တွင်း ရောက်ရှိလာကာ ဘုန်းကြီးအတွက်လှူဒါန်း လိုက်နိုင်သည်မို့ မိမိကိုယ်မိမိအနည်းငယ်တော့ ကျေနပ်သွားမိ၏။ ဘုန်းကြီးမှာလည်း သင်္ကန်းပြည့်စုံချမ်းသာ သွားခဲ့ပြီ မဟုတ်ပါလား။ သို့သော်ဘုန်းကြီးအတွက်ရည်စူး၍ သင်္ကန်းတစ်စုံကို တော့ဖြင့် သက်ကြီးဝါကြီးသိက္ခာကြီးသော ဆရာတော်ကြီးတစ်ပါးပါးအား လှူဒါန်းကာအမျှအတန်းပေးဝေပါဦးမှဟု မိမိစိတ်ထဲ၌တေးမှတ် ထားလိုက် ရပါတော့သည်။

ညနေခင်းသုံးနာရီကျော်လောက်တွင် ကျွန်တော့်ဆေးခန်းသို့ အိပ်မက်ထဲကအတိုင်းပင် တကယ်ပဲ သံဃာတော်နှစ်ပါး ကြွရောက်လာ ပါတော့၏။ အံ့ဩဖွယ်ရာတိုက်ဆိုင်လွန်းနေ၏။ ညောင်ရွှေကန်ကြီး ပရိယတ္တိစာသင်တိုက် ဝိနည်းစာပြန်ပွဲသို့ ကြွရောက်လာတော်မူသော တောင်မြို့ မဟာဂန္ဓာရုံတိုက်မှ နာယကဆရာတော်တစ်ပါးဖြစ်သည့်

www.burmeseclassic.com



ဦးဣန္ဒော ဘာသာဘိဝံသနှင့် တောင်ကြီးမြို့ ဥတ္တရာရုံ ကျောင်းတိုက်မှ စာချဦးပဥ္စင်းတစ်ပါးတို့ဖြစ်နေကြပါသည်။ အိပ်မက်ထဲကအတိုင်းပင် ဖျော်ရည်ကိုဆက်ကပ်လှူဒါန်းခွင့်ရလိုက်၏။

သံဃာတော်နှစ်ပါး ကြွရောက်လာတော်မူခြင်းသည် အဟုတ်တကယ် မှန်ကန်နေ၍၊ ကုသိုလ်တောင်းကြွလာတော်မူသော ဘုန်းကြီးသည်လည်း မကျွတ်မလွတ် တစ္ဆေပြိတ္တာဘဝကျရောက်ကာ ဆင်းရဲနေရရှာသည်မှာ မှန်ကန်နိုင်ပါ၏။ မြောက်မြားစွာလှူဒါန်းခဲ့ရဖူးသော သက်န်းစုံတို့၏ အကျိုးကျေးဇူးကြောင့် ကျွန်တော်တောင့်တသည့်အတိုင်း လွယ်ကူစွာ ပြည့်စုံနိုင်ခြင်းကိုလည်း ပီတိဖြာကာအားရဝမ်းသာ ကျေနပ်မိပါသည်ဟု ဖွင့်ဟရလျှင် ကြွားလွန်းရာကျသည်ဟု အပြစ်တင် ဝေဖန်ကြဦးမည်လား။ အမှန်တော့ မိမိစိုက်သည့်အတိုင်း အသီးအပွင့်ကို ဆွတ်ခူးရရှိခြင်းဟုနားလည်သဘောပေါက်ရပါတော့သည်။

**ပေးပုံပေးနည်း**

"ကဲ-မနှင်းကျော့၊ကျွန်တော်ပြောပြတာကလည်း အတော်စုံပြီ။ ဘာသိချင်သေးလဲ"

"ကျွန်မညီမ၊ မနှင်းရည်အိပ်မက်မြင်မက်တာကို ယုံကြည်ရတော့မှာပေါ့နော်"

"ဘယ်လိုများမြင်မက်လို့လဲဗျ"

မနှင်းရည်မြင်မက်ပုံက ကွယ်လွန်သွားတဲ့ မေမေ့မှာ အဝတ်အစားချို့တဲ့နေရှာသတဲ့။ သူ့အလွန်နှစ်သက်တဲ့တရုတ်ဖဲဘာရိုကိတ်ထဘီနဲ့ ပဒုမ္မာပိတ်သားအင်္ကျီတွေကို တောင်းပါသတဲ့။ ဒီတော့မနှင်းရည်က

BURMESE CLASSIC .com

www.burmeseclassic.com



မေမေ့သံသေတ္တာထဲက ထုတ်ပြီးနောက် မေမေအိပ်ခဲ့တဲ့ ခုတင်ပေါ်မှာ သွားတင်ထားတယ်။ မေမေလိုချင်တဲ့အထည်တွေကိုပေးတယ်ပေါ့ရှင်။

"မကျွတ်မလွတ်သူကို ဒီလိုပေးလို့မရဘူးမနှင်းကျော့"

"ဒါဆိုဘယ်လိုပေးရမလဲ။ ရကောရနိုင်လို့လားရှင်"

"ပေးတတ်ရင်ရနိုင်ပါတယ်ဗျာ"

"ဘယ်လိုပေးတတ်ရင်ရမှာလဲရှင်။ ပြောပြစမ်းပါဦး

ကိုအောင်ကျော်"

"စားရမဲ့ သောက်ရမဲ့ ဝတ်ရမဲ့ ဖြစ်နေတဲ့ မကျွတ်မလွတ်တဲ့သူ တစ္ဆေလို့ပဲ ခေါ်ခေါ်၊ ပြိတ္တာလို့ပဲပြောပြောပေါ့လေ။ သူတို့က ဆက်သွယ်လာလို့ သူတို့လိုအပ်ရာရာကို ပြည့်စုံအောင်ဆောင်ရွက်ပေးချင်တယ်ဆိုရင်ဒီအတိုင်း ကြီးပေးလို့မရပါဘူး။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာနဲ့ ပြည့်စုံတဲ့ ဘုန်းတော်ကြီးတစ်ပါးပါးကို ရည်စူးအလှူ ဖြစ်ကြောင်း လျှောက်ထားပြီး လှူဒါန်းပါ။ ကောင်းမှုကုသိုလ် အဖို့ကိုလည်း သူ့နာမည်တပ်ပြီး အမျှအတန်း ပေးဝေပါ"

"အဝတ်အစားစတဲ့ လိုအပ်မဲ့ပစ္စည်းတို့ကို ဘုန်းကြီးထံ လှူဒါန်းပေးရုံနဲ့ မကျွတ်မလွတ်တဲ့ပြိတ္တာများ တကယ်ရရှိသွားသလား ကိုအောင်ကျော်"

"တကယ်ရရှိနိုင်တာပေါ့ဗျာ"

"လှူတာကဘုန်းတော်ကြီးကိုလှူတာ၊ ရရှိတော့ပြိတ္တာ ဆိုတာကို နားမရှင်းပါဘူးရှင်"

"ဒီလိုလေ၊ ရည်စူးအလှူဖြစ်လို့ပါပဲ။ ဗုဒ္ဓဘာသာမှာသီလစင်ကြယ်သူ

BURMESE CLASSIC .com

www.burmeseclassic.com



ရဟန်းမြတ်ကို လှူရင်အကျိုးထူးကိုခံစားရပါတယ်။ သီလသမာဓိရဲ့ စွမ်းအားတန်ခိုးကြောင့်လို့ပြောရပါမယ်။ ဒါကြောင့်လယ်မြေကောင်းနဲ့တူတဲ့ အလှူခံပုဂ္ဂိုလ်ကိုရွေးချယ်ပြီးလှူဒါန်းတတ်ရပါမယ်။ ညောင်စေ့၊ ညောင်သီး လောက်လှူပြီး ညောင်ပင်ကြီးလောက်အကျိုးထူးကို ရစေနိုင်တာဟာ အလှူခံပုဂ္ဂိုလ်စင်ကြယ်ဖို့ အများကြီးလိုတာပေါ့ မနှင်းကျော့ရာ"

"ဘယ်လိုလယ်မြေကောင်းနဲ့တူတာပါလဲ"

"လယ်မြေကောင်းဆိုတာ မြေဆီ မြေသြဇာ သိပ်ကောင်းတဲ့ လယ်ကွက်ဟာ တစ်ဧကကို စပါးတင်းရှစ်ဆယ်၊ တင်းတစ်ရာ၊ တင်းတစ်ရာ့ နှစ်ဆယ် စသည်ဖြင့် များများစားစား ထွက်နိုင်တာကို ပြောတာပါ။ လယ်မြေ ညံ့ဖျင်းနေခဲ့ရင် တစ်ဧကမှာ စပါးတင်း အစိတ်လောက်၊ တင်းသုံးဆယ်ကျော် လေးဆယ်လောက် ပဲထွက် တတ်တာကိုး။ မျိုးစပါး အတူတူကျဲပေမယ့် ပြန်ရတဲ့အချိုးအစားက အဆပေါင်း အများကြီး ကွာခြားသွားတတ်ပါတယ်"

"ညောင်စေ့နဲ့ညောင်ပင်ကိုလည်းရှင်းပြပါဦးနော်"

"သီလဝန္တဖြစ်တဲ့အလှူခံပုဂ္ဂိုလ်ထူး၊ ဒီခေတ်မှာတော့ အမြင့်ဆုံး ရဟန်းကိစ္စပြီးတဲ့(ရဟန္တာဖြစ်ပြီးတဲ့) ရဟန်းမြတ်ကိုအလှူပစ္စည်း နည်းနည်းလေးလှူလိုက်ရပေမယ့် အဆပေါင်းသိန်းသန်းကုဋေမက အကျိုးထူးကိုရရှိ နိုင်တယ်။ နှမ်းစေ့ထက် သေးငယ်တဲ့ ညောင်စေ့ဟာ အပင်ပေါက်ပြီး ရှင်သန်လာခဲ့ရင် ဘယ်လောက်ကြီးထွားပြီး ညောင်သီးတွေ ဘယ်လောက် သီးလိုက်မလဲ။ စဉ်းစားမှန်းဆကြည့်ပေါ့မနှင်းကျော့။ အဲ- --သာသနာပမှာ လှူဖြစ်တဲ့အလှူမျိုးကျတော့ ညောင်ပင်ကြီး လောက်

www.burmeseclassic.com



လှူပေမယ့် ညောင်စေ့လေးလောက်ပဲရတတ်ပါသတဲ့။ သီလ စင်ကြယ်တဲ့ ပုဂ္ဂိုလ် ရှားပါး လွန်းလို့တဲ့ဗျာ”

“သာဓကတစ်ခုလောက် ထုတ်ပြပါဦး ကိုအောင်ကျော်”

“ဘုရားလောင်း ဒိသာပါမောက္ခဟာ တပည့်တွေ ပူဇော် ကန်တော့ ထားတဲ့ ဘဏ္ဍာတိုက်တာကြီးတစ်ခုလုံးကိုဖွင့်ပြီးလှူတယ်။ ထမင်းရည် ချောင်းစီး ခုနစ်ရက်ခုနစ်လီ ကျွေးမွေးလှူဒါန်းတယ်။ ရေစက် ချတော့မယ် ဆိုတော့ “ငါ၏အလှူခံထဲတွင်သီလနှင့်ပြည့်စုံသောသူ တစ်စုံတစ်ဦးသာ ပါးခဲ့ငြားအံ့၊ ရေကရားမှရေတို့ ကျပါစေသတည်း” ဆိုပြီးအဓိဋ္ဌာန်လိုက်တာ ရေတစ်စက်မှမကျ ဘူးတဲ့ဗျား။ ကဲ-သာသနာပ မှာသီလမြဲသူ ဘယ်လောက် ရှားပါးသလဲ။ အများကြီးပေးလှူတာ မျက်ချေးလောက်တောင် အကျိုးက မရချင်ဘူး မဟုတ်လား”

“အဝတ်အစား ချို့တဲ့နေရင်ကော၊ ဘာပေးလှူရမလဲရှင့်”

“သင်္ကန်းလှူပေးလိုက်ရင်နတ်မှာဖြစ်တဲ့ပုဆိုးများကို ရရှိနိုင်ပါသတဲ့”

“ဘုန်ကြီးတစ္ဆေမို့ သင်္ကန်းကိုလှူပေးရတယ်မှတ်တာ။ လူအတွက် လည်း သင်္ကန်းပဲလှူရတာကိုးနော်။ သီလစင်ကြယ်တဲ့ ရဟန်းကို ရှာရခက် နေရင်ကော---”

“သံဃိကဒါနလို့သံဃာတော်မြတ်အပေါင်း၊ ဘုရားသားတော် သံဃာရဲ့ ဂုဏ်ရည်တွေရည်မှန်းပြီးလှူရင်အကျိုးထူးကိုခံစားရမှာပါ။ လူကိုသီလနဲ့ပြည့်စုံတဲ့ ဥပသကာမှန်းသိရင်လည်းလှူလို့ရတာပါပဲတဲ့”

“လူလူချင်းလှူတာအကျိုးထူးပါ့မလားကိုအောင်ကျော်ရယ်”

“လူချင်းတူပေမယ့်သူစောင့်ထိန်းထားတဲ့သီလကကွာခြားနေသေးတာကိုး။ အဓိကဟာ သီလစင်ကြယ်မှုလေဗျာ။ သီလကြောင့်အလှူရဲ့ အာနိသင်ကို

BURMESE CLASSIC .com

www.burmeseclassic.com



ရရှိတာမမေ့နဲ့ဦးမနှင်းကျော့ရဲ့"

"ဆိုပါဦး။ ကိုအောင်ကျော်က အပြောကောင်းတော့ ရှေးနိပါတ်ပုံပြင်လေး ထုတ်ပြဦးမှပေါ့ရှင်"

"ပိဋကတ်စာပေမှာ ပေတဝတ္ထုဆိုတဲ့ မကျွတ်တဲ့ပြိတ္တာ ဝတ္ထုကြောင်းတွေ အများကြီးပါတာ တစ်ခန်းသတ်သတ် ရှိပါတယ်။ ခလ္လာဋီယပေတီဆိုတဲ့ တစ်ပုဒ်ကိုပြောပြမယ်။ နားထောင်နော်"

**ခရီးအစ**

သာဝတ္ထိပြည်မှ သင်္ဘောစထွက်စဉ်တုန်းက ရာသီဥတုသည်သာယာလွန်းမကသာယာလှ၍ ကုန်သည်ငါးရာတို့အားလုံး စိတ်လက်ရွှင်လန်းတက်ကြွနေကြသည်။ ခရီးလမ်းတစ်လျှောက်မှာ ဘေးဥပါဒ်အန္တရာယ်အသွယ်သွယ်တို့မှ လွတ်ကင်းလျက် ကျန်းမာချမ်းသာစွာ လိုရာခရီးသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရပါစေလိုကြောင်း ဘုရားအမှူးရှိသော သံဃာတော်မြတ်အပါးငါးရာတို့ကို ဆွမ်းကပ်ပြီး သကာလ လှူဖွယ်ဝတ္ထု အစုစုတို့ကိုလည်း ဆက်ကပ်လှူဒါန်းခဲ့ကြပြီးနောက် ဆုတောင်းပတ္ထနာ ပြုခဲ့ကြသည်မို့ ပိုမိုစိတ်လက်ပေါ့ပါးနေကြခြင်းဟုဆိုနိုင်ပါသည်။

သမ္မာဒေဝနတ်ကောင်းနတ်မြတ်တို့နှင့်တကွလမ်းခရီးတစ်လျှောက်ရှိ အစောင့်အရှောက် နတ်ကောင်းနတ်မြတ်အပေါင်း တို့ကိုလည်း မိမိတို့ပြုခဲ့သမ္မကောင်းမှုကုသိုလ်အစုစုတို့ကို အမျှအတန်းပေးဝေခဲ့ကြပြီးပါပြီ။ သက်ရှိထင်ရှား ရှိကြ မရှိကြကုန်သော မိဘဘိုးဘွားဆွေမျိုးများ တို့အားလည်းအမျှဝေရာ၌မကြွင်းမကျန်စေခဲ့ပါ။အထူးသဖြင့်ရွက် သင်္ဘောလှိုင်းကာ

BURMESE CLASSIC .com

www.burmeseclassic.com



ပင်လယ်ပြင်ကြီး ကိုဖြတ်သန်းကူးကျော်ရမည်မို့ သမုဒ္ဒရာစောင့်နတ်တို့အား စိတ်အာရုံညွှတ်လျက် ကုသိုလ်အဖို့ဘာဂကို အမျှပေးဝေရပါသတည်း။

ကမ်းစပ်မှမခွာကြမီ ကျောက်ဆူးနုတ်စဉ်မှာပင် လေပြည်လေညှင်းလေး တဖြူးဖြူး၊ ကောင်းကင်ပြင်ကြီးကမိုးပြာရောင် တကြည်လင်လင်။ ရေပြင်ကြီး ကလည်းကြည်လဲ့ပြီး တစိမ်းညို့ညို့နှင့်မို့ အိမ်သူသက်ထား သမီးသားတို့ကို ထားရစ်ခဲ့ရမည်ကိုတောင် စိတ်မချချင်ပါ။ ရွက်များကို တိုင်ထိပ်ဖျားတင်၍ လွှင့်ပြီးဆိုသည်နှင့် ဖောင်းကလွှတ်သည့်မြင်းတစ်စီးလို ကုန်တင်အပြည့်ပါသော သင်္ဘောကြီးသည် အရှိန်နှင့်ထွက်ခွာပါပြီ။ လေဦးတည် တိုက်ခတ်ရာဘက်သို့ ခရီးရှေးရှုထွက်ခွာခြင်းမို့ ပွဲကိုင်ကြီးက ပွဲ့ကိုထိန်း ရုံမျှသာလို၏။

လှေ့လှော်သားတို့ လှော်တက်ကိုင်စရာကိုပင်မလိုလောက်အောင် ခရီးအစမှာ အဆင်ချောလိုက်ပုံများ ဘယ်အခေါက် တုန်းကနှင့်မှမတူ တစ်မူထူးခြားနေခဲ့သည်။ ခေါင်းဖျားအမြီးဖျားနှင့်တောင်ပံဖျား တို့၌သာ အညိုအမည်းရောင် ပါလေသည့် ငွေစင်ရော်တို့ တစ်သိုက်မှာ နိမ့်တုံမြင့်တုံ လေဟုန်စီးလျက် တဂီးဂီးအော်မြည်ပြီး လိုက်ပါလာကြပါသည်။မြို့ကိုမှုန်မှုန် မွှားမွှားလေးလောက်သာမြင်ရသည့်ပင်လယ်ပြင်အထိရောက်အောင်သူတို့ တစ်တွေ အသံစာစာဖြင့် လိုက်ပို့ကြခြင်း ဖြစ်လေသည်။

**ခရီးအလယ်**

ဆားငန်နံ့နှင့်ရေမှော်နံ့တို့ပြွမ်းနေသော လတ်ဆတ်သည့် ပင်လယ်လေကို အားရပါးရ ရှူရှိုက်ရင်း သင်္ဘောသူကြီးသည် အဆင်

BURMESE CLASSIC .com

www.burmeseclassic.com



ပြေလှသည့် ခရီးစဉ်အတွက် အားရကျေနပ်နေ၏။ ခုနစ်ရက်လုံးလုံး အခက်အခဲ အနှောင့်အယှက် မရှိသောကြောင့် ခရီးခေါက်ချိုး ကျိုးခဲ့လေပြီ။ ဤပုံဤနည်း အတိုင်း ခရီးဆက်ရလျှင် နောက်ထပ်ခုနစ်ရက်ခန့်အကြာမှာ ကမ်းကပ်နိုင်လိမ့်မည်ဟု ရက်တွက်ရင်းခရီးကိုဆနေမိ၏။ ပတ်ဝန်းကျင်မှာ မြူတွေလည်းကင်းရှင်းနေ၏။ ကောင်းကင်မှာတိမ်ဆိုတာလည်း ကြက်မ တစ်ဝပ်စာတောင်မှမရှိပါ။ နေမင်းကြီးက အစွမ်းကုန် ပွင့်လင်းနေချေသည်။ ပင်လယ်ပြင်ကြီးကလည်း လှိုင်းတတွန့်တွန့်နှင့်မို့ နေရောက်ခြည် ပက်အဖျန်းမှာစိန်ရောင်တွေ တလက်လက်ဖြာလျှမ်း နေသည်များကို မျက်စိအရသာခံ၍ကြည့်အကောင်းသား။ ပယ်လယ်၏အလှသည် အသက်နှစ်ဆယ်ကျော် အရွယ်အပျိုမကဲ့သို့ကြန့်ရွှေရလွန်းနေပါသည်။

ဦးတည်သွားနေသည်ကသုဝဏ္ဏဘူမိသထုံပြည်ဖြစ်၏။သယ်ဆောင်လာသော သာဝတ္ထိပြည်မှ ကုန်ပစ္စည်းများကို ကုန်သည်တို့ရောင်းချဖောက်ကားပြီးနောက်၊ အပြန်တွင်လည်းသုဝဏ္ဏဘူမိမှ ကုန်ပစ္စည်းတွေ ဝယ်ယူသယ်ဆောင်ကြဦးမည်။ ကုန်တင်ကုန်ချ ရောင်းခြင်းဝယ်ခြင်းကို ဆယ်ရက်ကျော်အချိန်ပေးရဖို့ရှိသည်။ အပြန်ခရီးတွင်လည်း ရာသီဥတုကောင်းမွန်နေခဲ့ပါသော် ဆက်ရက်ကျော်ကျော်သာကြာမည်။ အလွန်ဆုံးနောက်တစ်လဆိုလျှင် အိမ်ပြန်ရောက်ပြီစသည်အားဖြင့် သင်္ဘောသူကြီးတစ်ယောက်စိတ်ကူး ဖဲရိုက်နေစဉ်မှာပင် မျက်စိအစုံတို့က စနေထောင့်သို့ကြည့်မိတော့၏။ “အလိုလေး. . . မြတ်စွာဘုရား ရှင်တော်မြတ်ကြီး ကယ်တော်မူပါဘုရား” ဟုအာမေဋိတ်သံသည် နှုတ်ဖျားမှ အလန့်တကြား ထွက်သွားရတော့ သည်။ အကြောင်းမှာ အုံ့မှိုင်းနီကျင်နေသော တိမ်အစု

BURMESE CLASSIC .com

www.burmeseclassic.com



အခဲအလိပ်ကြီးသည် အရှိန်အဟုန် လျှင်မြန်သောနှုန်းဖြင့် သင်္ဘောထံသို့ တရွေ့ရွေ့ချီတက် လာနေသောကြောင့် ဖြစ်ပါသည်။

## မုန်တိုင်းအန္တရာယ်

ထုံးခြောက်ရောင်နီမွဲသောကောင်းကင်ပြင်ကြီး၏ လက္ခဏာသည် ကောင်းသော အရာမဟုတ်ပါ။ ဤကဲ့သို့ကောင်းကင်ပြင်ကြီး နီတက်လာပြီ ဆိုပါက သမုဒ္ဒရာအတွင်းမှာ မကြာမြင့်မီသောအချိန်ပိုင်းအတွင်း မုန်တိုင်းကြီး တစ်ခုတော့ မုချဖြစ်ပေါ်လာတော့မည်ဟူသောသတင်းပေးချက်ဖြစ်ကြောင်း ပင်လယ်ပျော် သင်္ဘောသားတိုင်း သိရှိနားလည်ပြီးဖြစ်ပါ၏။ "ရွက်တွေ အကုန်ချလိုက်ကြဟေ့၊ အမြန်---အမြန်" ဟု သင်္ဘောသူကြီးက အော်ဟစ် အမိန့်ပေး လိုက်သည်နှင့်တစ်ပြိုင်နက် အေးအေးလူလူ အနားယူလဲလျောင်း နေကြသူများ၊ အေးအေးဆေးဆေး စကားစမြည် ပြောဆိုနေကြသူများ အားလုံးတို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြပါပြီ။ ကောင်းကင်ကိုမော့ကြည့် လိုက်ကြသောအခါဝယ် စိုးရိမ်စိတ်လွှမ်းမိုး သွားသောကြောင့် မျက်စိပျက် မျက်နှာပျက်ဖြစ်ကုန်ကြ၏။ ရွက်ကြိုးကို အမြန်ဆုံးဖြည်ချ လိုက်ကြသည်။ ရာသီဥတု အပြောင်းအလဲနှုန်းက လူသားတို့လှုပ်ရှားမှုထက်ပင် လျှန်မြန်နေ ချေသေးသည်။ ကောင်းကင် တစ်ပြင်တစ်ခွင်လုံး နီရဲသွားသလို၊ ဒီလှိုင်းလုံး ကြီးတွေ သင်္ဘောကိုရွှေ့ပြေး လာရိုက်ခတ်ကြတော့၏။

လှိုင်းလုံးကြီးတွေကြီးသည်ထက်ကြီး၊ ကြမ်းသည်ထက် ကြမ်းလာ သဖြင့် သင်္ဘောကြီးသည်ဘယ်ညာလူးလိမ့်နေရပါတော့သည်။ "သတိဝီရိယ ရှိကြပါစေဟေ့" ဟု သတိပေးသံနှင့်မရှေးမနှောင်းမှာပင် လေးရိုင်းတို့၏ ကြောက်မက် ဖွယ်ရာ တဝေါဝေါ အော်မြည်သံကြီး နီးသည်ထက်နီးကပ်

BURMESE CLASSIC .com

www.burmeseclassic.com



လာချေပြီ။ ထို့နောက် လေနီကြမ်းမုန်တိုင်းကြီးသည် သမုဒ္ဒရာပင်လယ်ပြင်၌ ကြမ်းချင်တိုင်းကြမ်း၊ ရမ်းချင်တိုင်းရမ်းကာ စိုးမိုးမင်းမူနေလေတော့၏။ "ဝုန်း--ဝုန်း--ဝုန်း"ဟူသောမြည်ဟည်းသံကြီးနှင့်အတူ ကြီးမားလှသော ဒီရေလှိုင်းလုံးကြီးများ၏ အဆက်မပြတ် ရိုက်ပုတ်မှုတို့ကြောင့် ဘယ်ညာ အခါခါလူးလိမ့်နေရသော သင်္ဘောကြီးသည် အရက်မူးသမားကြီး နှင့်တူ-တူ ပေသေးတော့သည်။ အလေးချိန် မနည်းလှသော ကုန်သေတ္တာကြီးများပင်လျှင် ဆီးဖြူသီးများ ဆန်ကောထဲ၌ ထည့်ပြီးလိမ့် ကစားလိုက်သလို ဘယ်ညာရွေ့လျား ခုန်မြောက်ကုန်ပါသည်။

သင်္ဘောပေါ် ရှိလူအများတို့အဖို့ကား ဆိုဖွယ်ရာမရှိတော့ပြီ။အသက်ကို ဖက်ရွက်နှင့်ထုတ်ထားရသလို ဤမုန်တိုင်းကြီး၏ အန္တရာယ်မှလွတ်မြောက်နိုင်ဖို့ အလွန်တရာမှ ခက်ခဲနေရှာတော့၏။ သမုဒ္ဒရာအတွင်းသို့ လွင့်စဉ် ကျပြီးတိမ်းပါးမကျန်ရစ်စေရန်အတွက်သာ စိတ်စောကာ ဆုတောင်းနေကြရရှာသည်။ ကုန်ပစ္စည်းတွေ ဆုံးရှုံးချင်ဆုံးရှုံးပါစေတော့ အသက်နှင့် ခန္ဓာကိုယ် အိုးစားမကွဲလျှင် တော်ပြီဟုမုန်တိုင်းအန္တရာယ်ကို အန်တုရင်ဆိုင်နေကြရကုန်၏။

သင်္ဘောကြီးသည် မုန်တိုင်းကြီးသယ်ဆောင်ရာ နောက်သို့ ဟိုသည် လွင့်မြောနေရရာ၊ လမ်းကြောင်းပင်ပျောက်နေလေပြီ။ အရှေ့အနောက် တောင်မြောက်ဘယ်မှာ မသိနိုင်တော့သောကြောင့် လမ်းကြောင်းရှာမရနိုင်သည်မှာ အဆန်းမဟုတ်တော့ပြီ။ တစ်နာရီနှင့်လည်းမရပ်၊ နှစ်နာရီနှင့် လည်းမနား၊ သုံးနာရီ၊ လေးနာရီ၊ ငါးနာရီကြာအောင် မုန်တိုင်းသည် စိတ်ရှိတိုင်းဝှေ့ရမ်းတိုက်ခတ် မွှေနှောက်လျက်ရှိသည်။ စောစောတုန်းက ငြိမ်သက်ကြည်လင်သာယာလှစွာသော ပင်လယ်ပြင်ကြီးနှင့် တစ်ခြားစီ

BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သွားလေပြီ။ ဘီလူးရိုင်းကြီးတစ်ကောင် သောင်းကျန်းနေသည်နှင့် အလားတူ၏ ဟု တင်စားနိုင်ပါလိမ့်မည်။

## မုန်တိုင်းစဲသော်

မုန်တိုင်းအရိုင်းအစိုင်းကြီးသည် အချိန်အား ဖြင့်ငါးနာရီကျော်ကျော် ခြောက်နာရီနီးပါးမျှ သောင်းကျန်းပြီးနောက်၊ အားရကျေနပ်သွားဟန်တူ၏။ တဖြည်းဖြည်းနှင့်အရှိန်လျော့နည်းစပြုလာပါသည်။သင်္ဘောသူကြီးနှင့်တကွ သင်္ဘောသားများ၊ ကုန်သည်များအားလုံးတို့သည် ယခုမှအသက် ရဲရဲ ဝံ့ဝံ့ရှူနိုင်ပါ တော့သည်။ အန္တရာယ်ကြီးတစ်ခုမှ လွတ်မြောက်ရပါပေပြီဟု ဟင်းကနဲသက်ပြင်းချလိုက်နိုင်ကြ၏။ သေတွင်းဝမှ ထွက်ခဲ့နိုင်ပြီမို့ စိတ် သက်သာရာ ရရှိကြပြီ။ အသက်ကိုတစ်ဝကြီး ရှူလိုက်ကာ စိတ်လက်ပေါ့ပါး သွားကြလေပြီ။ လေကြမ်းကြီး တော့ငြိမ်သက်သွားခဲ့ပါပြီ။ လှိုင်းတို့ကမူ ရှိနေသေး၏။ လှိုင်းတံပိုးကြီးများကား မဟုတ်တော့ချေ။ မုန်တိုင်းဆဲ ပြီဆိုသော်လည်း အရှိန်ကလေး ကျန်ရစ်သေးသောကြောင့် လှိုင်းပုခက် များတော့ ပုတ်ခတ် လူးလွန့်နေဆဲပါ။ ကောင်းကင်ပြင်၌ အနီရောင်ဆေး သားများ ဖျော့တော့လာကာ၊ ကြည်ပြာရောင် လွှမ်းခြုံလာခဲ့ပါပြီ။ ပတ်ဝန်းကျင် တစ်ခုလုံးသည် ရှင်းရှင်းလင်းလင်းကြီး မြင်သာထင်သာ ပြတ်သား လာတော့၏။

"ဟော -- ဟိုမှာ --- ကြည့်စမ်းပါဦး" ဟူ၍တစ်စုံတစ်ယောက် က လက်ညှိုးညွှန်၍ပြလိုက်ရာ၊ အားလုံးတို့ဝိုင်းဝန်းကြည့်ရှုကြသည်။ ဘာရယ်လို့မဆုံးဖြတ်နိုင်သေးပါ။ သေးသေးငယ်ငယ်ပေမယ့်၊ ပင်လယ်ရေ မျက်နှာပြင်ပေါ်မှာ တည်ရှိနေတာကတော့အမှန်ပါ။ လှိုင်းနှင့်အတူရွေ့လျား

BURMESE CLASSIC .com

www.burmeseclassic.com



မသွားဘဲ ခိုင်မတ်တည်တံ့နေချေ၏။ “ကျွန်းငယ်လေးတစ်ကျွန်း လေလားကွယ့်-သေသေချာချာကြည့်စမ်း” ဟု တစ်ယောက်ကပြောသည်။ “ကျွန်းနဲ့တော့ မတူလှဘူး-အချွန်အတက်လေးတွေပါတော့ ပြာသဒ်ပါတဲ့ အဆောက်အဦ တစ်ခုလေလားပဲ”ဟု နောက်တစ်ယောက်က ခန့်မှန်းလိုက်သည်။ “ကြံကြီးစီရာ မောင်ရင်ရယ်၊ ပယ်လယ်ပြင်ထဲမှာ နန်းတော်ဆောင်ကြီး ရှိနိုင်ပါ့မလားကွယ်၊ စဉ်းစဉ်းစားစားပြောပါမောင်ရင်” ဟုလူကြီးတစ်ယောက်ကတွေးတွေးဆဆပြောပြန်သည်။ “ကဲ-ကဲ သေချာအောင် လင်းယဉ်တိုင်ထိပ်ဖျားဆီအရောက်တက်ပြီး ကြည့်ပေတော့” ဟုသင်္ဘောသူကြီးက သင်္ဘောသားတစ်ဦးအား စေခိုင်းလိုက်မှ ပွဲပြတ်သွားတော့၏။

“အဆောက်အဦဆိုတာဟုတ်တယ်ဗျ။စုလစ်မွန်းချွန်တွေနဲ့ရွှေရောင်တောင်ဝင်းနေသေးဗျာ။ ရွှေနန်းတော်ကြီးမှ ရွှေနန်းတော်ကြီးအစစ်ပါပဲဗျာ” ဟုသတင်းရရှိတော့မှ အားလုံး “ဟေ” ဟူ၍အံ့သြသွားကြရသည်။ “ဖြစ်နိုင်ပါ့မလား၊ ပင်လယ်ပြင်မှာနန်းတော်ကြီးရှိနိုင်သလား။ ထူးတော့ အတော် ထူးဆန်းတာပါပဲ။ သွားစုံစမ်းကြည့်ရအောင်ဟေ့”ဟု တစ်ယောက်ကအကြံပြုသော် “ဆာနေတာနဲ့အတော်ပဲ။ ရွှေနန်းတော်ကြီးဆိုရင်တော့ စားစရာတွေ ပေါမျှားမှာ သေချာတယ်ကွ”ဟု နောက်တစ်ဦးက ထောက်ခံသည်။ အတိုင်အဖောက် ညီနေတော့၏။ ထောက်ခံသူတွေလည်းများ၊ သူတစ်ပေါက် ငါတစ်ပေါက်လည်း ပြောကြနှင့် နောက်ဆုံးမှာတော့ သံဃာ့အား ဘုရားသော်မှ မလွန်ဆန်နိုင်ဆိုသည့်အတိုင်း အထူးအဆန်းကို စူးစမ်းလိုကြသူတို့မဲအားတွေ များစွာသာလွန်ရကား သင်္ဘောသူကြီးလည်း သင်္ဘောကို ရွှေနန်းတော် အဆောက်အဦပါဟု ဆိုသည့်အရပ်ဆီသို့ ရှေးရှုရပါတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



## လှယမင်းသူဇာ

ဟုတ်ပါသည်။ အနီးသို့ချဉ်းကပ်ရောက်ရှိလေလေ၊ ရွှေရောင်တစ်ဝင်းဝင်းဖြင့် နန်းတော်ကြီးသည် ပို၍ ထင်ရှားပြတ်သားလာလေလေဖြစ်၏။ ခြူးပန်းခြူးနွယ်ကနုတ်ပန်းခက်ပန်းနွယ်တွေ ဝေဝေဆာဆာနှင့် ခမ်းနားထည်ဝါလွန်းလှသည်။ သို့သော်ငြိမ်သက်လွန်းနေ၍ နေထိုင်သူများ မှရှိပါလေစဟု သံသယဖြစ်လောက်အောင်ထူးဆန်းနေပြန်သည်လူသူလေးပါး အရိပ်အယောင် သော်မှမမြင်ရသဖြင့် ပိုင်ရှင်မဲ့ ဘုံဗိမာန်များဖြစ်နေလေရော့သလားဟု တွေးထင်စရာဖြစ်နေပါ၏။ လူရိပ်လူယောင်မမြင်ရသေးသော်လည်း အသံဗလံလောက်တော့ကြားရဖို့ကောင်းသည်မဟုတ်ပါလား။ ခုတော့ ဗိမာန်ကြီးမှာ ဟည်းဟည်းထအောင် ကြီးမားခံ့ညားပေသော်လည်း၊ ငြိမ်သက် တိတ်ဆိတ်လွန်းလှ၍ အံ့သြကုန်နိုင်ဖွယ် ဖြစ်နေရပါတော့သည်။

အမှန်မှာထိုနန်းတော်ကြီးသည် သမုဒ္ဒရာအတွင်းမှ လှယမင်းသူဇာ ပြိတ္တာမလေး၏ ဗိမာန်ဖြစ်ပါသည်။ သင်္ဘောအသွားအလာပြတ် လပ်လွန်းသည့် ချောင်တစ်နေရာ၌တည်ရှိနေ၏။ နှစ်ပေါင်းလေးငါးရာ မဆိုထားဘိ၊ နှစ်ပေါင်းထောင်သောင်းမက ကြာရှည်လွန်းသောကာလအတွင်း မှာကိုပင်လျှင် သင်္ဘောတစ်စင်း တလေသော်မှ ဖြတ်သန်းသွားမိခြင်းမရှိရသည်မှာ ခရီးလမ်းကြောင်းမသင့်သောအရပ်၌ ဖြစ်တည်နေသောကြောင့်ပါ။ ဘာသံမှမကြားရပဲ တိတ်ဆိတ်နေခြင်းမှာလည်း အခြွေအရံ တစ်စုံတစ်ဦးမျှမရှိ၊ လှယမင်းသူဇာ ပြိတ္တာမလေးတစ်ယောက်တည်း နေထိုင်ရ ရှာသောကြောင့်ဖြစ်၏။ ဧည့်မျှော်လွန်းတတ်သော လှယမင်းအဖို့ ဟိုး--အဝေးကြီးမှ ရွေ့လျားလာနေသော သင်္ဘောကိုမြင်ရသည်နှင့် ဝမ်းသာလွန်း လှပြီ။ သူမ

www.burmeseclassic.com



အတွက် ကံဇာတာမြင့်တက်လာပြီဟု ဆိုရပါလိမ့်မည်။ သူ့ဝဋ်ဒုက္ခမှ ကျွတ်လွတ်စေရန် အကူအညီရကော ရနိုင်ပါမည်လော။

သဘော်ကြီးသည် ဗိမာန်ကြီးနှင့် မလှမ်းမကမ်းအရပ်သို့ချဉ်းကပ်မိသော အခါတွင် လေသာပြတင်းရှိ ခန်းဆီးစဝါဝါအကွယ်၌ ဖိုးလမင်းကြီးကဲ့သို့ ပြည့်ဖြိုးသည့်မိန်းမလေး၏ မျက်နှာကို သဘော်သားတို့ လှစ်ခနဲမြင်လိုက်ကြရသည်။ မျက်လုံးအစုံတို့သည် ဝိုင်းစက်မည်းနက်လျက် သောက်ရှူးကြယ်ပြောင်ကြီး လို့ရွှမ်းလက်နေချေ၏။ သုံးရက်လ ခုံးမျက်စ ရေးရေးနှင့် လေးကိုင်းပုံနှယ် နုတ်ခမ်းစုံ ဖူးငုံငုံကလည်း မပြုံး၏သို့ပြုံး၏သို့ မခို့တရို့ရှိလှရာ စွဲမက်စရာကောင်းနေတော့သည်။ သမုဒ္ဒရာ အလယ် ဘုံဗိမာန်ကြီးပေါ်ဝယ် မမျှော်လင့်ဘဲတွေ့ကြုံရသည့်လှယမင်း၏ နှာတံဖြောင့်စင်းပုံ နှာအိုးအကျ လှပပုံတို့မှာလည်း ထူးလှ၏။ မျက်တောင်ကော့ရှည်ကြီး တစ်ချက်တစ်ချက် ဝင့်ခနဲခတ်လိုက်သည့် အခါတိုင်း သဘော်ပေါ်ရှိ ဖိုသတ္တဝါတို့ ရင်လှပ်လှပ်ဖြစ်သွား ရလောက်အောင် အလှကြွယ်သည့် အနီးသူဇာယမင်းသည်ကား လူလော၊ နတ်လော၊ ပြိတ္တာလော ဝေခွဲရ ခက်လှပါဘိသည်။

## ဖြစ်သမျှကို

ရွှေနန်းတော်ဘုံဗိမာန်အနီးသို့ချဉ်းကပ်မိလေမှယမင်းလှသူဇာသည် ပြတင်းပေါက်ဘောင်ပေါ် မေးတင်လျက်ထိုင်နေကြောင်း သိရတော့၏။ ဘာကြောင့်မတ်တပ်မရပ်ဘဲကိုယ်ခန္ဓာကိုဖုံးကွယ်ထားပါလိမ့်။ ကြည်လင်ဝင်းမွတ်သော လှမျက်နှာနှင့်လိုက်လျောညီထွေရှိမည့် အချိုးအဆစ်ပြေပြစ်

BURMESE CLASSIC .com

www.burmeseclassic.com



သွယ်ပျောင်းသော ခန္ဓာကိုယ်ကျော့ကျော့ရှင်း ကိုလည်းမြင်တွေ့လိုက်ရ၏။ ဤသို့ချောပလှပလွန်းလှသော လှသူဇာမျိုးကို ရှေးယခင်ကမြင်ဖူးဖို့ မဆိုထားနှင့် ကြားပင်မကြားစဖူးခဲ့ပါ။ အမျိုးအနွယ်အကျိုးအကြောင်း ဇာတ်လမ်း ထူးထူးဆန်းဆန်းကို ကြားသိလိုကြသဖြင့် သင်္ဘောပေါ်မှ နေ၍ အောက်ပါအတိုင်း မေးမြန်းစုံစမ်းပါတော့သည်။

"လှယမင်းသူဇာ ။ သင်သည်ကား သူမတူအောင်ချောမော လှပပေစွ။ လူသူမနီး ဟောဒီသမုဒ္ဒရာပြင်မှာ ရွှေဗိမာန်ကြီးနှင့် ထူးထူးသီးခြား ဘာ့ကြောင့်နေရတာလဲ။ သင်ဟာလူစင်စစ်ကောဟုတ်ပါရဲ့လား။ နတ်ကညာတစ်ပါးပါးများလေလား။ ဘယ်အမျိုးအနွယ်ထဲကပါလဲ။ သင်ဟာဗိမာန်တွင်းက မထွက်ဘဲဘာကြောင့် ရပ်နေရတာတုံး။ သင့်ကိုငါတို့ ကောင်းကောင်းမြင်တွေ့ချင်းစမ်းလှပါတယ်။ အပန်းမကြီးဘူးဆိုရင် တော့ဗိမာန်တွင်းက ထွက်ပြီးတို့နဲ့အတူ စကားပြောကြားလှည့်ပါလား"

ကုန်သည်မှူးကြီး၏ စကားအဆုံးဝယ် လှယမင်းသူဇာ၏ ဝင်းပပ မျက်နှာလေးသည်၊ လပေပုပ်ဖမ်းဘိသကဲ့သို့ ရုတ်တရက်ညှိုးကျ သွားပါတော့၏။ သူမဘဝဇာတ်ကြောင်းသည် မလှမပဖြစ်ခဲ့၍ ရှက်လွန်းကြီးမက အရှက်သည်းနေရှာသည်။ ပြောပြဖို့အရေးမှာ နုတ်ဆွံ့အ နေရပါပြီ။ စိတ်မလုံ မလဲနှင့်မို့ သက်ပြင်းရှည်ကြီးကို ချလိုက်၏။ မပြောမပြီး မတီးမမြည်ဆိုသလို သူမ၏ ဘဝဆိုးကို မပြောပြ၍ မဖြစ်သေးပါ။ သူမ၏ ဘဝဆိုးမှ ကယ်တင် ပေးနိုင်မည့် သူများမှာလည်း ဤသင်္ဘောသားများသာ ဖြစ်ချေ၏။ ဤလို အထီးကျန်လှသော ပင်လယ်သမုဒ္ဒရာပြင်ကြီးမှာ နောက်ထပ်တဖန် လူသူ လေးပါး နှင့်ဆုံတွေ့နိုင်ဖို့ အခွင့်အရေးဆိုသည်ကား ခက်ခဲလှပါဘိ။

BURMESE CLASSIC .com

www.burmeseclassic.com



ထို့ကြောင့် ရှက်ရှင်နှင့်ပင် အပြောခက်လှသော သူ့ဘဝဆိုးအကြောင်းကို မပွင့်တပွင့် တိုးတိုးလေးဖွင့်ဟ ရှာပါတော့၏။

"ဦးရီးတို့။ကျွန်မအဖြစ်သနစ်ကို ပြောပြရရင်ယုံချင်စရာမရှိလှပါဘူး။ ဘာပြုလို့လဲဆိုတော့--ကျွန်မမှာရုပ်ဆင်းအင်္ဂါလှပပေမယ့် ရှက်စရာ ကောင်းလှလို့ပါပဲ။ ကျွန်မဟာ သမုဒ္ဒရာပြင်အတွင်းက ဟောဒီဘုံဗိမာန် ကြီးထဲမှာ အဝတ်မပါဗလာကိုယ်လုံးတီးနဲ့ တစ်ကိုယ်ထီးတည်း နေလာ ခဲ့ရတာ ကြာရှည်ကြာတောင်း ရှိခဲ့ပါပြီရှင်"။ သူဇာလှယမင်း၏ စကားကို ကြားလိုက်ရသည်နှင့် ကုန်သည်များနုတ်ဖျားမှ "ဟေ---ဟာ---ဟောဗျ" စသည့် အာမေဍိတ်သံများ လျှံထွက်လာကြကုန်သည်။ "ဒါကြောင့်မို့ ခန္ဓာကိုယ် အရှက်ကိုကာကွယ် ထားနိုင်ဖို့ကျွန်မရဲ့ ရှည်လျားလှတဲ့ ဆံပင် တွေနဲ့သာ ဖုန်းလွှမ်းထားရပါတယ်။ ရှက်စနိုးလှတာကြောင့် ကျွန်မအနေနဲ့ ဗိမာန်အပြင်ကို ထွက်ပြဖို့ အခက်အခဲရှိလှပါတယ်ရှင်" ဟု စကားကိုအဆုံး သတ်လိုက်ပြီးနောက် ရှက်လွန်းအားကြီးသောကြောင့် သူ့မျက်နှာလေးကို အောက်သို့စိုက်ချကာခေါင်းငုံ၍သာနေလေ၏။

## လှူပေးပါ

"ဒါဆိုရင် ငါ့ရဲ့ဟောဒီအပေါ်ရုံ ပုဆိုးချောကိုယူပါ။ သင့်ခန္ဓာကိုယ် အရှက် လုံအောင်ပုဆိုးချောနှင့် လွှမ်းခြုံရစ်ပတ်ပြီးအပြင်ကို ထွက်ခဲ့ပါတော့။ မိန်းကလေးကို တို့တစ်တွေမြင်တွေ့လိုလှပါပြီ" ဟုကုန်သည်မှူးကြီးသည် စာနာထောက်ထား သနားလှသော စိတ်စေတနာဖြင့် သူ့အပေါ်ရုံ ပုဆိုးချောကိုကမ်းပေးပါ၏။ သို့သော် သူမ၏ဘဝမှာ "ပေးကားပေး၏မရ"

BURMESE CLASSIC .com

www.burmeseclassic.com



ဟူသော အဖြစ်ဆိုးနှင့် ရင်ဆိုင်တိုးနေရကြောင်းကို သူမကိုယ်တိုင် ကောင်းကောင်းကြီး သိပါသည်။ မည်သူကမည်မျှပင် ကြင်နာသနားပြီး အဝတ်အစားများ ပေးကမ်းလာစေဦးတော့။ သူမမှာရယူနိုင်စွမ်း မရှိသော ဘဝမျိုးမို့ပါ။ ထို့ကြောင့်လွန်စွာမှ ဝမ်းနည်းပက်လက် ဖြစ်သွားရတော့သည်။ အတန်တန်ပေးသော်လည်း မယူဖြစ်ခဲ့ပါ။ တော်တော်ကြီးကြာအောင် စကားပြန်မပြောနိုင်သေးဘဲ ငေးငိုင်နေမိ၏။

"အားမနာပါနဲ့ မိန်းကလေး။ ယူသာယူပါ။ တကယ့်စေတနာနဲ့ ပေးတာ ပါဗျာ"

"ကျွန်မကိုဒီလိုနည်းနဲ့ပေးလို့မရနိုင်ပါဘူး။ ယူလိုက်ရင်လည်း အဝတ်ပုဆိုးဟာ ကျွန်မလက်ထဲမှာ ပျောက်ကွယ်သွားပါလိမ့်မယ်။ စေတနာအတွက် ကျေးဇူးအထူးတင်ပါတယ်ရှင်။ ဒုက္ခသည်ကျွန်မကို ကူညီလိုတယ်ဆိုရင်ပေါ့။ နည်းလမ်းတစ်ခုတော့ရှိပါတယ်။"

"ပြောသာပြောပါ။ ငါတို့တစ်တွေ အစွမ်းကုန်ကူညီဖို့ အဆင်သင့်ပါပဲ မိန်းကလေး"

"ကျွန်မကိုကူညီချင်ရင် ကျွန်မအတွက်ရည်စူးလှူဒါန်းပေးပြီး အမျှဝေမှရနိုင်ပါလိမ့်မယ်ရှင်"

"ဘာကြောင့်ပါလဲမိန်းကလေး"

"ဘာကြောင့်လဲဆိုတော့ ကျွန်မဟာဒုက္ခသည် ပြိတ္တာမဖြစ်လို့ပါပဲ။ ဒါကြောင့် အရှင်တို့ပေးတာကို အတိတ်ဘဝ ဝင်္ဂဟောင်း အကုသိုလ်ကံဆိုးတွေက တားမြစ်ထားတာဖြစ်လို့ ဘာတစ်ခုမှရယူနိုင်ဖို့ မစွမ်းတာပါရှင်"

BURMESE CLASSIC .com

www.burmeseclassic.com



"ဒီပင်လယ်ပြင်မှာ အလှူခံရဟန်း ဘယ်ရရှိနိုင်ပါ့မလဲမိန်းကလေး"

"ရဟန်းနဲ့တွေ့ကြုံနိုင်ဖို့ မဖြစ်ပေမယ့် အရှင်တို့အထဲက ရတနာမြတ်သုံးပါး ကြည်ညိုပြီး ကိုယ်ကျင့်သီလကောင်းတဲ့ ကုန်သည်တစ်ဦး ပါလာပါတယ်။ အဲဒီ ဥပသကာကုန်သည်ကို အဝတ်ပုဆိုးသစ်များ ဝတ်ဆင်ဖို့လှူပါ။ ပြီးတော့ကျွန်မကို အမျှအတန်းဝေပေးပါ။ ကျွန်မက ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်ပါမယ်။ ဒီလိုဆောင်ရွက်ပေးကြမယ်ဆိုရင် ကျွန်မစိတ်အလိုရှိတဲ့အတိုင်း နတ်မှာဖြစ်တဲ့ နတ်ဝတ်ပုဆိုး နတ်ဝတ်တန်ဆာတွေ အလိုလိုပေါ်ပေါက်ရရှိမှာဖြစ်ပါတယ်။ ကျွန်မကို တကယ်သနားကြင်နာ ကြတယ်ဆိုရင် ကျွန်မမှာကြားတဲ့အတိုင်း ဆောင်ရွက်ပေးကြပါရှင်"

## ရည်မှန်းအလှူ

ကုန်သည်များလည်း ယမင်းအလှပြိတ္တာမ ပြောသည့်အတိုင်း ရတနာမြတ်သုံးပါးကို ကြည်ညိုဆည်းကပ်သော ဥပသကာအား ရေမိုးသန့်စင်ပေးကြ၏။ အမွှေးနံ့သာများကို လိမ်းကျံပေးကြသည်။ အဆင့်ဆင့်ဆောင်ရွက် ပေးနေသည်ကို ယမင်းအလှပြိတ္တာမက ကြည်နူးစွာစောင့်ကြည့်နေပါ၏။ ကုန်သည်များသည် ထိုဥပသကာအား ကောင်းပေ့ အဝတ်ပုဆိုးတို့ကို ဝတ်ဆင်ပေးကာ လှူဒါန်းကြ၏။ ထို့နောက် ယမင်းအလှပြိတ္တာမအား ရည်မှန်းကာ အမျှအတန်းပေးဝေပါသည်။ ယမင်းအလှ ကလည်းအားရရွှင်လန်းစွာ သာဓု-သာဓု-သာဓု ဟု သုံးကြိမ်တိတိ ခေါ်ဆိုလေသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုခဏတွင်းမှာပင်ဝတ်စရာအလျှဉ်းမရှိသောယမင်းအလှ ပြိတ္တာမလေး၏ လက်ဝယ်နတ်ဝတ်တန်ဆာတို့ ဖြစ်ပေါ်လာကြကုန်သည်။ ထိုထိုနတ်ဝတ်တန်ဆာတို့မှာ ကာသိတိုင်းထွက် အဝတ်အစားတို့ထက် အိစက်ညက်ညောကောင်းမွန်နုချောလှ၏။ သူအလိုရှိရာအတိုင်း ချက်ချင်းလက်ငင်းကြီး ဝတ်ဆင်နိုင်ပါပြီ။ စိတ်ချမ်းသာ ကြည်နူးမှုကို ရရှိနိုင်ပါပြီ။ ယမင်းအလှရွှင်ပြုံး ချမ်းသာရာ ရဘိသကဲ့သို့ မြင်ရသူ ကုန်သည်အပေါင်းတို့လည်း မိမိတို့ပြုအပ်သော ကုသိုလ်ကောင်းမှုကြောင့် အကျိုးထူးခံစားရသည်ကို ဒိဋ္ဌိမျက်မြင် မျက်ဝါးထင်ထင် တွေ့မြင်ရသောအခါဝယ် လွန်စွာမှ အားရပီတိ ဖြာကြရတော့သည်။

သူတော်ကောင်း ဥပသကာအားမွန်မြတ်သောခဲဖွယ်ဘောဇဉ်ချိုချဉ်အရသာ အဖြာဖြာတို့ကို ပြိတ္တာမအတွက် ရည်စူးကျွေးမွေးပြုစု၏။ ထိုကောင်းမှုကုသိုလ်အဖို့ဘာဂကိုလည်း ယမင်းအလှပြိတ္တာမအား အမျှအတန်း ပေးဝေသည်။ ဝမ်းမြောက်စွာ သာဓုသုံးကြိမ်ခေါ်ဆိုပြီးသည်နှင့် တစ်ပြိုင်နက် နတ်၌ဖြစ်သော ချိုမြိန်သြဇာအဖြာဖြာတို့သည် ဗိမာန်နှင့်အပြည့် ရုတ်ခြည်း ပေါ်ပေါက်လာကြကုန်၏။ သန့်စင်သော သောက်ရေကြည်နှင့် ဖျော်ရည် တို့ကို ထပ်မံရည်စူးလှူဒါန်း၍ အမျှအတန်းဝေပြန်၏။ ရှေးနည်းတူစွာပင် သာဓု ခေါ်ဆိုပြီးအဆုံး၌ သောက်ဖွယ်ဖျော်ရည်မျိုးစုံနှင့် သန့်စင်သည့် ရေကြည်အေးတို့ ဖြစ်ပေါ်လာကြကုန်ပါသည်။

ဝတ်ဖို့စားဖို့သောက်ဖို့ ပြည့်စုံခဲ့ပါပြီ။ ဘာမှလိုလေသေးမရှိတော့ပါ။ တောက်ပပြိုးပြက်သောအဝတ်တန်ဆာတို့ဖြင့်အလှတွင်အယဉ်ဆင့်ပြီးလှချင်တိုင်းလှပနေသော ယမင်းအလှပြိတ္တာမ၏မျက်နှာမှာ အထူးရွှင်ပြချိုပြုံးနေပါတော့၏။ ကိုယ်၏လုံခြုံမှု၊ စိတ်၏လုံခြုံမှုတို့အပြည့်အဝရရှိပြီမို့ဘာမှ

BURMESE CLASSIC .com

www.burmeseclassic.com



ရှက်စရာ ကြောင့်ကြစရာ မလိုတော့သော လှယမင်းသူဇာသည် ကိုယ်ရှိန် ကိုယ်ဝါထွန်း တောက်စွာဖြင့် ဘုံဗိမာန်ထက်မှ တဖြည်းဖြည်းချင်း လှမ်းထွက်လာခဲ့ပါပြီ။ စန္ဒာလမင်းကြီးကဲ့သို့ ရွှန်းလက်ဝင်းပသဖြင့် ပြစ်မျိုးမှဲ့မထင် ချောမောလှပ၍ ရင်သပ်ရှုမော ဖြစ်ကြရပါသည်။

**အကျိုးထူး**

"အရှင်တို့ရဲ့ ကုသိုလ်ကောင်းမှုအထူးကို ကြည့်ရှုကြပါဦး" ဟူ၍ လှယမင်းက ချိုသာရွှင်ပြုံးသော မျက်နှာဖြင့်ပြောလိုက်ရာ၊ ရှုမြင်ကြရသူ ကုန်သည်အပေါင်းတို့ ဝမ်းမြောက်ကြည်နူးကြရကုန်၏။ သူတို့ပြုလုပ်ဆောင်ရွက်ပေးခဲ့ကြသော ဒါနကောင်းမှု၏ အကျိုးကို အချိန်မဆိုင်းဘဲ လက်ငင်းဒိဋ္ဌ တွေ့မြင်ကြရ၍ အထူးအံ့ဩ ကြရသလို သာသနာတော်အပေါ်၌လည်း ပို၍ကြည်ညိုလာကြကုန်သည်။ သူတော်ကောင်း ဥပသကာထံသို့ လက်အုပ်ချီလျက် အားလုံးချဉ်းကပ်ကြရာ၊ ဥပသကာကလည်း ကုန်သည်အပေါင်းတို့အား ကောင်းမြတ်သော ဗုဒ္ဓမြတ်စွာ၏ တရားဒေသနာတော်ကို ပြန်လည်ဟောကြား ပေးလေ၏။ အားလုံးတို့သည် သရဏဂုံသုံးပါးနှင့် ပြည့်စုံသောသီလ၌ တည်ကြကုန်သည်။

"အို. . . ကြည့်လို့မဝ၊ ရှုလို့မငြီး အလှကြီးလှအချောကြီးချောတဲ့ နတ်မိမယ်လှယမင်းရယ်။ သင်ပိုင်ဆိုင်တဲ့ ရွှေနန်းတော်ဗိမာန်ကြီးဟာဖြင့် ခြူးခက်ခြူးနွယ် အပြောက်အမွမ်း ရုပ်တုရုပ်ကြွတွေနဲ့အဆန်း တကြယ် တင့်တယ်လွန်းလှပါပေတယ်။ ဒီလိုဗိမာန်မျိုး ပိုင်ဆိုင်ရခြင်း အကြောင်းရင်းကိုသိပါရစေ။ တဆိတ်လောက်ပြောပြပါလား" ဟု ယမင်းအလှကို

www.burmeseclassic.com



မေးမြန်းကြလေသည်။ ထိုအခါ အတိတ်ဘဝက ဇာတ်ဟောင်းကို တစ်လုံးမှ မခြွင်းမချန် လှစ်ဟပြောပြပုံကို ဆက်လက်ဖတ်ကြည့်ပါဦး။

**အတိတ်ဇာတ်ဟောင်း**

"မင်းမသိတော့ ပြဟ္မာဒတ်၊ ပြည်မသိတော့ ဗာရာဏသီ" ဟု ဆိုရိုးရှိသည့်အတိုင်း တစ်ရံရောအခါက ဗာရာဏသီပြည်ကြီး၏ အလှ ထွတ်တင်အယဉ်ခေါင်ဖျား နတ်ကညာအလား အထင်မှားရလောက်အောင် လှသွေးရည် ကြွယ်လေသူ အလှနတ်မှူး မိန်းမပျိုတစ်ဦး ရှိလေသည်။ သူမ၏ အကြောင်းကို ယောကျ်ားသားတိုင်း၏ နှုတ်ဖျားမှာမနားတမ်း ပြောကြား ကြရသည်အထိ ရေပန်းစားနေချေ၏။ သူမသတင်းစကားသည် မင်းစိုးရာဇာနှင့်တကွ သူဌေးသူကြွယ် ကုန်သည်ကြီးတို့၏ အကြားမှာ မွှေးပျံ့၍ နေပါသည်။ ဤသို့ကျော်စော ရခြင်းအကြောင်းရင်းမှာ သူမ၏ အလှမှာ တုဖက်ကင်းသော အလှဖြစ်သောကြောင့်ပါ။

မိန်းမတို့အင်္ဂါ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံပေသည်။ မျက်ခုံး မျက်တောင်တို့ကအစ အပြစ်ကင်းစင်ပြီး လှပနေ၏။ ခန္ဓာကိုယ်အချိုး အစားမှာ သွယ်လျ ပြေပြစ်လွန်းလှ၏။ အသားအရေတို့မှာ ရွှေအဆင်း ကဲ့သို့ဝါဝင်းစိုပြေလှ၏။ မျက်ဝန်းညိုတို့ရွှမ်းလဲ့နေသည်မှာသမင်မကပင် အရှုံးပေးရလောက်သည်ပြုံးကြည်ရယ်မောလိုက်လျှင်ကွေးတတ်သွားသော သန္တာရောင်နှုတ်ခမ်းပါးအောက်မှ သွယ်တန်းညီညာသည့် ပုလဲသွယ် ကဲ့သို့ဖြူစင်ဖွေးတောက်သော သွားများ အစီအရီပေါ်လာ၏။ ဥမ္မာဒန္တီ အလား ယောကျ်ားသားတို့ကို ဖမ်းသားညှို့ငင် နိုင်စွမ်းသော သူ့အရယ်

BURMESE CLASSIC .com

www.burmeseclassic.com



အပြုံးကိုမြင်ရသူတိုင်း မူးမေ့ဝေးမောသွားကြရစမြဲပါ။ သို့သော်သူ့အကျိုးပေးကံမှာ တစ်မျိုးတစ်ဖုံ ဖြစ်နေရရှာသည်။ လှလွန်းသောကြောင့် ဘုရင်ကိုယ်တိုင်က တိုင်းပြည်၏ အလှရတနာ တစ်ပါးသတ်မှတ်ကာ၊ ပြည့်တန်ဆာအဖြစ် တိုင်းပြည့်တာဝန်ကို ထမ်းဆောင်စေရန် အမိန့်တော်မှတ်ခြင်းကို ခံရရှာပါသည်။

## အလှသည်ရန်တစ်ပါး

သူမ၏ အလှအပများအနက် သရဖူဆောင်းသွားသည်ကတော့ သူ့ဆံနွယ် ရှည်များဖြစ်၏။ "မိန်းမတို့ဘုန်းဆံထုံး" ဟုသတ်မှတ်သည့် အတိုင်းပင် သူ့ဆံပင်တို့သည် ပိတုံးတောင်ကဲ့သို့ နက်ပြောင်နေသည့် ဆံခြည်တို့မှာ နူးညံ့ပျော့ ပျောင်းလှသည်။ နွယ်များကဲ့သို့ ရှည်လျားကာ အဖျားကော့တက်နေသည်။ ဆံထုံးကိုဖြည်ချလိုက်လျှင် လူတစ်ရပ်မက ရှည်လျားလှသဖြင့် ဖနောင့်မှအထက်သို့ တစ်ထွာမျှကော့တက်၏။ သူမ၏ဆံပင်ကောင်းခြင်းအလှကို မြင်တွေ့ကြရသော လုလင်ပျိုတိုင်း ချစ်ခင်စွဲမက် မေတ္တာသက်ဝင်မိကြသည်ချည်းဖြစ်သည်။ မိန်းမသားအဖို့အလှသည် ဂုဏ်တက်စေသလို၊ ထိုအလှကပင်မိမိ၏ ပျက်စီးရာပျက်စီးကြောင်းကို ဖြစ်စေပြန်သည်။ ယောကျ်ားတိုင်းက သူမ၏ဆံပင်အလှကို စွဲမက်နှစ်သက် ချီးကျူးကြသော်လည်း၊ ဇာတ်တူအချို့သောမိန်းမသားတို့က မနာလိုမရှုဆိတ်နိုင်ကြပေ။ ထိုသောအခါ မတရားမကောင်း ကြံစည်ကြတော့သည်။ ယုတ်မာကောက်ကျစ်ကြသော မိန်းမယုတ်တစ်စုတို့ အချင်းချင်းတိုင်ပင်ကြကာ သူမ၏ဆံပင်အလှကို ဖျက်ဆီးရန်သူမ၏

BURMESE CLASSIC .com

www.burmeseclassic.com



အိမ်ဖော်ကျွန်မနှင့် အကျွမ်းဝင်အောင် ပြုလုပ်ကြိုးစားကြသည်။ ငွေသည် အရာရာကို အောင်မြင် ပြီးမြောက်စေ၏။ ပေးကမ်းခြင်း သည်လည်း အောင်မြင်ခြင်းဖြစ်၏။ ငွေကို တစ်နှင့်တစ်ပိုး ပေးကမ်းပြီဆိုသောအခါ အဘယ်မှာလျှင် မအောင်မြင်ဘဲ ရှိနိုင် ပါမည်နည်း။ သူ့လူကိုယ့်ဘက်သား ဖြစ်ချေပြီ။ ဤသည်ကို သူမ မရိပ်စား မိလေသောကြောင့် သူတစ်ပါး၏ အကြံအစည်အောင်မြင်ဖို့ဖြစ်သွားရတော့သလို၊ သူမအတွက်လည်း ကံဆိုး မိုးမှောင်ကျရခြင်း မည်ပါပေသည်။

**ဘဝကျဆုံးခန်း**

ခါတိုင်းကဲ့သို့ပင် တိုးတိုးဖော်ကျွန်ယုံအိမ်ဖော်မကိုခေါ်လျက် ရေချိုးခေါင်း လျှော်ရန်ဂင်္ဂါမြစ်ကမ်းဘေးရှိ ရေချိုးဆိပ်သို့ ပျော်ပျော်ရွှင်ရွှင် ဆင်းသက်ခဲ့ပါသည်။ လှယမင်းသူဇာ၏ အိမ်ဖော်သည် ခေါင်းလျှော်ရန် ပြင်ဆင်ပေး၏။ ဆံပင်တို့ကို ပွတ်တိုက်ရန်အလို့ငှာ၊ နံ့သာမှုန့်တို့ကို ပေးနေကျအတိုင်းကမ်းပေးလိုက်၏။ ခါတိုင်းပေးသောနံ့သာမှုန့်သည် အစစ်မှုန့်ဖြစ်လျက်၊ ယနေ့အဖို့ကမ်းပေးလိုက် သော နံ့သာမှုန့်တို့၌ကား အကြံသမားပီပီဆံပင်ကျွတ်ဆေးများ ရောနှောထားခဲ့ ပါသည်။

ဤသည်ကို လှယမင်းသူဇာကမသိရှာလေတော့ စိတ်အေး လက်အေးဖြင့် ဆံပင်နွယ်တို့ကို နံ့သာမှုန့်များ စိမ်ပြေနပြေပွတ်တိုက် ပြီးနောက် အားရကျေနပ်တော့မှ ဂင်္ဂါမြစ်အတွင်း သို့ဆင်းသက်လာခဲ့ပါ၏။ မြစ်ရေအနက် သူမခါးလယ်လောက်သို့ အရောက်မှာ ရုတ်တရက် ရေငုပ် လိုက်သည်။ မြစ်ရေနှင့်ထိလိုက်သည့် တစ်ခဏချင်းမှာပင် သူမ၏

BURMESE CLASSIC .com

www.burmeseclassic.com



ဆံနွယ်တို့မှာ အမြစ်ရင်းမှရုတ်ခြည်း ကျွတ်ထွက်ကုန်ကာ ဂင်္ဂါမြစ်ရေပြင်၌ ပေါလောမျောပါလေတော့သည်။ ရလာဒ်မှာကားသူမ၏ခေါင်းမှာ သင်ခုန်းစားထက်ထက်ဖြင့် ရိတ်လှီးပြီးကာစ ခေါင်းတုံး ဦးပြည်းကဲ့သို့ ပြောင်ချောသွား၏။ အကြီးအကျယ်လန့်သွားတော့၏။ဤပုံစံဖြင့်ဘယ်နည်းနှင့်မျှ မြို့တွင်းသို့ပြန်ဝင်၍မဖြစ်တော့ပြီ။ ရေချိုးဆိပ်သို့ ဆင်းစဉ်က အပျော်စိတ်တို့ ညစ်ညူးဆင်းရဲရပြီတည်း။

သို့ဖြစ်၍ ပြောင်နေသောဦးခေါင်းကို ပဝါဖြင့်ဖုံးလွှမ်းကာ ရေထဲမှ တက်ခဲ့ရ၏။ သူ့အလှကျက်သရေမှာ ကေသာဆံနွယ်ရှည်ကြီး ဖြစ်ကာ၊ အစ်ကိုကာလသားတို့၏ အသည်းနှလုံးကို သိမ်းကျုံးညှို့နိုင်ခဲ့သည် မှာလည်း ဤပိတုံးရောင် ဆံပင်ရှည်ကြီးမဟုတ်ပါလား။ အခုတော့ခက် ပွေ့ရပြီ။ ဘဝဆိုသည်မှာ အမြဲတမ်းဖြောင့်တန်းနေလိမ့်မည်၊ အဆင်ချော နေလိမ့်မည်ဟု မမှတ်ယူအပ်ပေ။ အတက်အဆင်း အကွေ့အကောက် ထောင့်ချိုးတွေ ရောပြွန်းနေတတ်စမြဲပါ။ ယခုအခါလှပခြင်းကင်းပြီမို့ သူမသည် ပင်ပန်းဆင်းရဲစွာဖြင့် ဘဝတစ်ခုကို ပြန်လည်ထူထောင်နေရ၏။ ရှေးယခင်နှင့် ဘယ်လိုမှ မတူနိုင်ပါတော့ပြီ။ နှမ်းများ မြေပဲများကို ဆီကြိတ်ခဲ့ရ၏။ ဆီရောင်းသူဘဝသို့ ပြောင်းလဲခဲ့ရပြီ။

ထို့ထက်ပို၍ ဆိုးသည်ကား အရက်ကိုပါ ရောင်းရခြင်းဖြစ်၏။ ဆီရောင်းစဉ်က အဝတ်အစားဆီလူး၍ ညစ်ပေရုံသာရှိသည်။ အရက်ရောင်းရသောအခါတွင် အရက်မူးသူ လူရမ်းကားများနှင့် အမြဲဆက်ဆံ ပြောဆိုနေရ၏။ အကျင့်စရိုက်ဆိုး များကူးစက်လာသောအခါ စိတ်ကြမ်း လူကြမ်း၊ အာကြမ်းနှုတ်ကြမ်းနှင့် မိန်းမရိုင်းကြီးဘဝသို့ ရောက်ခဲ့ပြန်သည်။

www.burmeseclassic.com



ပို၍ အောက်တန်းကျသောဘ၀သို့ နိမ့်ပါးသွားခဲ့ရသေးသည်ဟု ဖော်ပြရလျှင် စာရှုသူတို့ ယုံကြည်နိုင်ကြပါမည်လားမသိ။

## လောဘကြောင့်သူခိုးဖြစ်

တစ်နေ့တွင်သူမရောင်းချသောအရက်များကိုလာရောက်သောက်သုံးသူများအနက်အချို့တို့မှာရေချိန်တွေလွန်ကုန်ပြီးအတော်လေးအမူးလွန်ကုန်ကြသည်။ လူမှန်းသူမှန်းမသိအောင် မိန်းမောနေကြသည်များ ကုလားသေကုလားမောဖြစ်နေကြပါပြီ။ မြေပေါ်၌တုံးလုံးပက်လက် အိပ်စက်နေကြသည်မှာ ဟောက်၍ပင်နေကြသေး၏။ အမှန်မှာအရက်သေ သေနေကြခြင်းပါ။ ထိုအခါ သူမသည်လွယ်လွယ်ကူကူ ရရှိနိုင်မည့်အဝတ်အစားများကို ချွတ်ယူရန် အကြံဖြစ်ပေါ်၏။ ကြံရုံမျှကြံလျက်ရပ်နားသွားချေက အပုံကြီးတော်ပါလိမ့်ဦးမည်။ ယခုတော့မူ လူမှန်းမသိဖြစ်နေကြသောအမူးသမားတို့၏ အဝတ်အစားများကို ချွတ်ယူခိုးဝှက်သည့်အနေအထားသို့ ကျရောက်သွားရရှာသည်မှာ ဝမ်းနည်းစရာ ကောင်းလှသည်။ လောဘတစ်ချက်တက်မိလျှင် သံသရာမှာအခက်ကြီးခက် ရပါတော့၏။

သူမ၏ဘဝကို ဝမ်းနည်းစိတ်ပျက်နေရင်း မည်သို့ထွက်မြောက်နိုင်အောင် ကြံဆောင်ရမည်နည်းဟု အမြဲအကြံထုတ်လျက်ရှိ၏။ တစ်နေ့သောအခါ ဆွမ်းခံကြွလာသော ရဟန်းတစ်ပါးကို ဖူးတွေ့ရလျှင် ကြည်ညိုသောစိတ်ဖြင့် အိမ်သို့ပင့်ဆောင်လေသည်။ သူမမှာထူးထူးခြားခြား ပေးလှူစရာအရန်သင့် ဘာမှမရှိပေ။ နှမ်းဖြင့်ပြုလုပ်ထားသော နှမ်းမှုညက်ဟုခေါ်သော ဆီထွေးမုန့်ကို စေတနာထက်သန်စွာ ပေးလှူလိုက်သည်။ ရဟန္တာ

BURMESE CLASSIC .com

www.burmeseclassic.com



မထေရ်မြတ်ကလည်း သူမအား သနားငဲ့ညှာသောအားဖြင့် သူမရှေ့မှောက်၌ပင် ဣန္ဒြေငြိမ်သက်စွာဖြင့် သုံးဆောင်ဘုဉ်းပေး၏။ ထိုပီတိစိတ်ဖြင့်ပင် ရဟန်းတော်အား သူမကိုယ်တိုင် ထီးမိုးပေးသည်။ အရှင်မြတ်သည် သူမအား ဝမ်းမြောက်နှစ်သိမ့်စေပြီးနောက် ဆွမ်းအနုမောဒနာ တရားကို ဟောကြားတော်မူသည်။

**ဆုတောင်းများ**

ဘာဆုများ တောင်းရလျှင် ကောင်းမည်နည်းဟု သူမစဉ်းစားလိုက်သော အခါ ဂင်္ဂါမြစ်အလျဉ်မှာ ရှည်ရှည်လျားလျားကြီး မျောပါနေသောသူမဦးခေါင်းမှ ကျွတ်ထွက်သွားသည့် ဆံနွယ်တို့ကို ပြန်လည်သတိရမိလိုက်၏။ ဤသည်မှာ သဘာဝကျပါသည်။ အကြောင်းမှာ ထူးခြားရှည်လျားသော ဆံနွယ်အလှကြောင့် သူမ၏ဘဝမြင့်တက် ကောင်းစားခဲ့ရသလို၊ ခေါင်းတုံးပြောင်အောင် တစ်ပင်တစ်လေသော်မှမကျန်၊ အားလုံးကျွတ်ထွက်ကုန်သည့် ထိုဆံပင်ကြောင့်ပင် သူမဘဝသည် ယခုကဲ့သို့ နိမ့်ပါးကျဆင်းခြင်း ဖြစ်ခဲ့ရသောကြောင့်ပါ။ သူမ၏ဘဝ ဇာတ်ကြောင်းကို ကောင်းကျိုးဆိုးပြစ်ဖြစ်အောင် အမျိုးမျိုးဖန်တီးပေးခဲ့သော ထိုထို ဆံနွယ်တို့ကို အဘယ်မှာလျှင် သူမမေ့နိုင်တော့အံ့နည်း။ မုန့်အလှူအတွက် ဆုတောင်းရန်စဉ်းစားလိုက်သောအခါ၊ ဘဝထောင့်ချိုး အဆင့်ဆင့်အရစ်ရစ် ဖြစ်စေခဲ့သော ထိုဆံနွယ်ရှည်တို့ကို သတိရလိုက်ပြီးသည့် ခဏမှာ ဆုတောင်းခြင်းအမှုကို ပြုလိုက်ပါတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



"ဘုရားတပည့်တော်မသည် ဤဆီထွေးမုန့်ကို ဆက်ကပ်လှူဒါန်းရသော အကျိုးအားကြောင့်၊ တပည့်တော်မ၏ဆံပင်တို့သည် အများသူငါနှင့်မတူဘဲ ရှည်လျားသန့်ရှင်းမည်းနက်တောက်ပြောင်ပါစေ။ သိမ်မွေ့နူးညံ့၍သစ်နွယ်ပင် များကဲ့သို့ ကော့တက်သောအဖျားရှိပါစေ။ လူတစ်ရပ်ထက် မကဘဲသာလွန် အောင်ရှည်လျားထက်သန်ပါစေ" စသည်ဖြင့် တရားတွေ့မြင်ရဖို့ ဆုမတောင်းမိဘဲ ဆံနွယ်ကိုသာလျှင် တစွဲမက်မက် ရှေ့တန်းထားပြီး ဆုတောင်းမှားခဲ့ ပါသတည်း။

## တောင်းဆုပြည့်

"အရှင်တို့၊ ကျွန်မဟာ အတိတ်ဘဝမှာတုန်းက ကောင်းမှုကုသိုလ်အင်မတန်နည်းပါးခဲ့ပါတယ်။ အဖိုးမထိုက်လှတဲ့ ဆီထွေးမုန့်နည်းနည်းလေးလှူဒါန်းခွင့်ကို ရလိုက်တာရယ်၊ ဆုတောင်းခဲ့တာရယ်တို့ကြောင့် အခုဘဝမှာ ဆံပင်အလွန်ကောင်းပြီး ရုပ်အဆင်းလှခဲ့ပါတယ်။ ပြောင်လက်ဝင်းထိန်ပြီး ကြီးကျယ်ခမ်းနားလွန်းတဲ့ ရွှေနန်းတော်ဗိမာန်ကြီးထက်မှာ ဘုရားရှင်နှစ်ဆူတို့ရဲ့ အကြားကာလတစ်လျှောက် လုံးလုံးရှည်လျားစွာ နေထိုင်ခဲ့ရပါတယ်။ ဒါပေမယ့် အရက်မူးသမားတွေရဲ့ အဝတ်အစားတွေကို မတရားချွတ်ယူခိုးဝှက် မိလို့ အဝတ်မပါဘဲတစ်ယောက်တည်း ဟောဒီဗိမာန်ကြီးပေါ်မှာ ပျင်းပျင်းရိရိ စံစားနေခဲ့ရပါတယ်။ ကောင်းမှုကုသိုလ်ကံက ကောင်းကျိုးပေးသလို၊ မကောင်းမှု အကုသိုလ်ကံတို့ကို ကျူးလွန်မိခဲ့ရင်လည်း မကောင်းကျိုးတို့ကို လက်တွေ့ခံစား ကြရပြန်ပါတယ်။ ကျွန်မဟာဖြင့်ရင် ကောင်းကျိုးတွေကို စံစားခဲ့ရတာကြာမြင့်ခဲ့ပါပြီ။ ဆီထွေးမုန့်လှူခဲ့တဲ့ အကျိုးကို

BURMESE CLASSIC .com

www.burmeseclassic.com



ဆက်လက်စံစားနိုင်ခွင့် အချိန်ကာလဟာ နောက်ထပ်လေးလသာ ကျန်ပါတော့တယ်။”

လှယမင်းသူဇာသည် သူ့ဇာတ်ကြောင်းကို ပြည့်ပြည့်စုံစုံကြီး ပြန်လှန် ပြောပြပြီးနောက် သူမ၏ကောင်းမှုရှိန်စော်တို့ နောက်ထပ်လေးလအကြာမှာ ကုန်ဆုံးတော့မည့် အကြောင်းကိုလည်းပြောရင်းစိတ်မကောင်းကြီးစွာ မျက်နှာညှိုးငယ်သွားရှာ၏။ စကားကိုလည်း ဆက်မပြောနိုင်တော့ဘဲ နှုတ်ဆိတ် သွားခဲ့ရသည်။ လှယမင်း၏ ရှေးအတိတ် ဇာတ်ဟောင်း ဇာတ်လမ်းဇာတ်ကွက်၌ နစ်မြောပြီးနားစိုက်ထောင်နေကြသော ကုန်သည်များအားလုံးတို့သည် သူမဆက်ပြောလာမည့် စကားတို့ကို ငံ့လင့်လျက် ငြိမ်သက်နေကြ၏။ လှယမင်းသူဇာ၏ စကားဆက်မည့်ပုံ မပေါ်တော့မှ ကုန်သည်မှူးက ဆက်လက်ပြောပြရန် တောင်းဆိုလိုက် ရတော့သည်။

**အဝီစိငရဲဆိုတာ**

“အရှင်တို့ ဆက်လက်နားထောင်လိုစိတ် ရှိပါလျှင် ကျွန်မဆက်ပြီး ပြောပါမယ်။ နောင်လာမယ့် လေးလကျော်တဲ့အခါမှာ ကျွန်မဟာ သေလွန်ပျက်စီး ရပါလိမ့်မယ်။ သေလွန်တာနဲ့တစ်ပြိုင်နက်တည်း အလွန်ဆိုးဝါးပြီး စပ်ခါး ကြမ်းကြုတ်တဲ့ အဝီစိငရဲသို့ကျရောက်ရကာ ဆင်းရဲပင်ပန်းကြီးစွာ နှစ်ရှည်လများ ခံစားရပါဦးမယ်” သူမ၏စကားကို ကြားရသည့်အခိုက် သဘော်သားအားလုံးတို့သည် စိတ်ထိခိုက်ကြကာ သူမအား ကရုဏာသက်မိကြတော့သည်။ အဝီစိငရဲဆိုတာဘယ်လိုမျိုးပါလိမ့်၊ အကျွန်ုပ်တို့ အများသိကြ ရအောင် ပြောပြပါဦးဟု ပွဲတောင်းလိုက်ကြပြန်၏။ လှယမင်း ပြောပြသည့် အဝီစိငရဲအကြောင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

www.burmeseclassic.com



"အဝီစိငရဲဆိုတာ ငရဲကြီးရှစ်ထပ်ရဲ့ ဟိုးအောက်ဆုံး အထပ်မှာ ရှိပါတယ်။ ငရဲကြီးတစ်ထပ်စီမှာလည်း အရန်ငရဲငယ်ပေါင်း ရှစ်ခုစီရှိတဲ့ အတွက် ခြောက်ဆယ့်လေးခုရှိတယ်။ ကိုယ်ပြုလုပ်မှားမိခဲ့တဲ့ အကုသိုလ် တရားအလိုက်ထိုက်သင့်ရာ ငရဲတွေမှာခံကြရစမြဲပါ။ အဝီစိငရဲကတော့ အပြစ်ကြီးလေးဆုံးတွေကို ကျူးလွန်မိကြတဲ့ မသူတော်များရောက်ရတဲ့ နေရာပါ။ အပြစ်ဒဏ်အကြီးလေးဆုံးခံ ကြရသလို နှစ်ကလည်း အကြာရှည် ဆုံး ဖြစ်ပါသတဲ့။ ကမ္ဘာပျက်ရင်တောင်မှ အပြစ်ဒဏ်မလွတ်သေးတဲ့ အဝီစိငရဲသားများတို့ဟာ အခြားကမ္ဘာမှာရှိတဲ့အဝီစိငရဲသို့ပြောင်းရွှေ့ပြီးခံကြ ရပါသတဲ့။ အလွန်ပဲကြောက်ရွံ့စရာကောင်းလှပါတယ်ရှင်"

"အဝီစိငရဲဟာလေးထောင့်မျက်နှာရှိပါသတဲ့။ တံခါးလည်းလေးခုရှိ ပါတယ်။ အညီအမျှဖွဲ့ပြီးကန့်ထားတဲ့ အခန်းတွေလည်းအများကြီး ရှိပါသတဲ့။ အတိုင်းအတာ ပမာဏအားဖြင့် ညီမျှအောင်ပြုလုပ်ထားပြီးတော့ ဘေးပတ်လည်မှာ သံတံတိုင်းတွေကို လုံခြုံအောင်ကာရံထားပါတယ်။ အပေါ်ကလည်း သံပြားနဲ့ဖုံးအုပ်ထားသေး တယ်တဲ့ရှင်။ အဲဒီ အဝီစိငရဲ အောက်အပြင်ဟာလည်း သံပြင်တလင်းကြီး ဖြစ်ပါတယ်။ အဲဒီသံပြင် တံလင်းကြီးမှာလည်း အလျှံတပြောင်ပြောင်နဲ့ မီးတွေတောက်လောင်နေ တဲ့အတွက် ရဲရဲညီးညီး မီးတောက်မီးညွန့် မီးလျှံကြီးတွေဟာ ဘေးပတ်လည် တစ်ယူဇနာလောက် အထိတိုင်အောင် ပျံ့နှံ့နေပြီး ပူလောင်နေပါသတဲ့။ အဝီစိငရဲ မီးတစ်စက်မျှလောက်ဟာ ရေသဖန်းထင်းစို ပုံကြီးကိုတမုဟုတ် ချင်း လောင်ကျွမ်းပြာကျစေနိုင်သတဲ့။ အရှင်တို့၊ အဲဒီ အဝီစိငရဲကြီးမှာ ကျွန်မပြုလုပ်မိခဲ့တဲ့ မကောင်းမှုအကုသိုလ်ကံကြောင့် ဆင်းရဲလှတဲ့ ဒုက္ခ ဝေဒနာကို ခံစားရဖို့ အချိန်နီးကပ် နေပါပြီရှင်"

BURMESE CLASSIC .com

www.burmeseclassic.com



**အားပေးစကား**

လှယမင်းသူဇာ၏ သောကဗျာပွေသော စကားများကို ကြားကြရလေသောအခါ၊ ကုန်သည်များတို့သည်စိတ်မကောင်းကြီးစွာဖြင့် သနားကြင်နာကြ၏။ ငါတို့သည်သူဇာလှယမင်း၏ အားကိုးခြင်းတည်ရာမှီခိုရာဖြစ်စေရမည်။ အဝီစိသို့ ကျရောက်ပြီးဒုက္ခဆင်းရဲကြီးစွာ ခံစားရမည့်အရေးမှလွတ်မြောက်အောင်ကယ် တင်ကြမည်ဟု စဉ်းစားဆုံးဖြတ်လိုက်ကြသည်။

"အို--နတ်ကညာတစ်ပါးလိုဝင့်ကြွားတင့်တယ်လှပလွန်းတဲ့သူငယ်မ။ သူတော်ကောင်းဥပသကာတစ်ဦးတည်းကို ပေးလှူပြီးအမျှအတန်းပေးဝေရုံမျှနဲ့ စင်ကြယ်တဲ့အလှူရဲ့ အစွမ်းသတ္တိလေးဟာဖြင့် အသင်မိန်းကလေး လိုလား တောင့်တအပ်တဲ့ စိတ်အလိုဆန္ဒအတိုင်း ပြီးပြည့်စုံစေခဲ့တယ်မဟုတ်လား။ ကြီးမားတဲ့စည်းစိမ်ချမ်းသာတွေကို ရရှိခဲ့တာလက်တွေ့မို့ ယုံကြည်ကြရပြီပဲ။ ဒီတော့တို့ တတွေအားလုံးက မင်းအတွက်ရည်စူးဒါနကို မြတ်စွာဘုရားရှင်နှင့်တကွ သံဃာတော်အပေါင်းတို့ထံမှာလေးလေးစားစားလှူဒါန်းပေးကြမယ်ဆိုရင် အသင်မိန်းကလေးဟာဖြင့်အဝီစိငရဲကျရောက်မယ့်ဘေးကဘာကြောင့်မလွတ်မှာတုံး။ စိတ်သာချ။ သေချာပေါက်လွတ်မြောက်စေရပါလိမ့်မယ်"

ရတနာသုံးပါးအပေါ် ကြည်ညိုလေးစားသော ဥပသကာကုန်သည်က အားပေးစကားကို တကယ့်စေတနာ မေတ္တာဖြင့်အကြံပြုပြောကြားလမ်းညွှန်သည်ကို သမုဒ္ဒရာအတွင်းမှ ယမင်းအလှပြိတ္တာမ ကြားသိရလေသောအခါလွန်စွာမှရွှင်လမ်းအားရတက်ကြွပြုံးမော်လာပါတော့သည်။ "ကောင်းပါပြီအရှင်တို့" ဟုတုန့်ပြန်ပြောဆိုပြီးနောက် ကုန်သည်တို့အား

www.burmeseclassic.com



နတ်၌ဖြစ်သော အစားအစာတို့ကို လှူဒါန်းကျွေးမွေး၏။ နတ်ဝတ်ဆန်ဆာ ရတနာ အမျိုးမျိုးတို့ကိုလည်း ကုန်သည် အပေါင်းတို့အလိုရှိအပ်သမျှ ပြည့်ပြည့်စုံစုံပေးလှူ၏။ ထို့ပြင်မြတ်စွာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ရည်မှန်း၍ နူးညံ့ပျော့ပျောင်း ကောင်းမွန်လှစွာသော ဝတ်စုံချောတစ်စုံ ကိုလည်း ကုန်သည်တို့လက်ဝယ် အပ်နှံလျက် ဤသို့မှာကြားသော စကားစု ကိုပြောဆို၏။

## လူကြုံပါးအလှူ

"အရှင်တို့---၊ သာဝတ္ထိပြည်သို့ ပြန်လည်ရောက်ရှိကြတဲ့အခါမှာ သမုဒ္ဒရာတွင်းမှ ဗိမာန်ရှင်ပြိတ္တာမတစ်ဦးက မြတ်စွာဘုရားရှင်ရဲ့ ခြေတော် အစုံကို ရှိခိုးဦးခိုက်လိုက်ပါတယ်လို့ လျှောက်ထားပေးကြပါရှင်"

ယမင်းအလှသူဇာသည် အမှာစကားကိုပါးပြီးသည့်နောက် သူမ၏ တန်ခိုးအစွမ်းအစဖြင့် ကုန်သည်တို့သွားလိုရာ ဆိပ်ကမ်းသို့ အရောက် နေ့ချင်းပေါက် သင်္ဘောဆိုက်ကပ်နိုင်ရန် ကူညီပို့ဆောင်ပေးလိုက် ပါတော့ သည်။ ကုန်သည်တို့လည်း သတ်မှတ်ရက်ထက်များစွာ စောပြီး ရောက်ကြ ရ၍ လွန်စွာမှဝမ်းမြောက်ဝမ်းသာ ဖြစ်ကြကုန်သည်။ ရောင်းရေးဝယ်တာကို လျင်လျင်မြန်မြန် ဆောင်ရွက်ကြပြီးသောအခါ မိမိတို့ခရီးစဉ်အတိုင်း အစဉ်တစိုက် ထွက်ခွာခဲ့ကြ၏။

သာဝတ္ထိပြည်သို့ ပြန်ရောက်ကြသောအခါ ဘုရားရှင်တော်မြတ် သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့သွားရောက်ကြပါသည်။ ဘုရားရှင်အား ပြိတ္တာမလှူဒါန်းသော ဝတ်စုံကိုဆက်ကပ်လှူဒါန်းလျက်

BURMESE CLASSIC .com

www.burmeseclassic.com



ပြိတ္တာမ၏ အမှာစကားကိုလည်း ထပ်ဆင့်ပြန်လည်လျှောက်ထား ပေးကြလေသည်။ ဖြစ်ပျက် တွေ့ကြုံခဲ့ရပုံကိုလည်း အသေးစိတ်လျှောက်တင်ကြ၏။ အကြောင်းစုံကိုသိရှိရပြီးသည့်အခါဝယ်မြတ်စွာဘုရားရှင်လည်းထို ပြိတ္တာမ၏ အဖြစ်အပျက်အပေါ် မူတည်ကာ ရောက်လာကြကုန်သော ပရိသတ်တို့ကို အကျယ်ချဲ့၍ ဓမ္မစကား ဟောကြားတော်မူလေသည်။

**အကျိုးထူး၏**

ကောင်းမှုမကောင်းမှုတို့၏ အကျိုးပေးပုံတို့ကား ထူးခြားလှပါတော့၏။ နောက်တစ်နေ့၌ ကုန်သည်တို့သည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး အမှူးပြုသောသံဃာတော် တို့ကိုအလှူကြီးပြုလုပ်ပေးကြသည်။ သမုဒ္ဒရာတွင်းမှ ယမင်းအလှပြိတ္တာမအတွက် ရည်စူးအလှူသက်သက်ဖြစ်ကြောင်း အထူးပြောပြစရာ လိုမည်မထင်ပါ။ ကုန်သည်တို့သည် ကောင်းမှုကံ၊ မကောင်းမှုကံတို့၏ ချက်ချင်းလက်ငင်း အကျိုးပေးထူးပုံတို့ကိုလက်တွေ့မျက်မြင်မို့ လုံးဝဥဿုံ ယုံကြည်ထားကြပြီးသားပါ။ သို့ဖြစ်၍လည်း ပြိတ္တမအား ရည်စူးလျက် အလှူများစွာတို့ကို လှူဒါန်းပေးပြီးနောက် ယမင်းအလှသူဇာအား နာမည်တပ်ကာ အမျှအတန်းပေးဝေကြပါသည်။ အမျှရဖို့အမျှော်လင့်ကြီး မျှော်လင့်စောင့်စား နေခဲ့လေသူပြိတ္တမသည်လည်း ကုန်သည်တို့ အမျှဝေသည်နှင့်တစ်ပြိုင်နက် အားရဝမ်းမြောက်စွာ သာဓုခေါ်ဆိုပါတော့၏။

ထိုသောခဏအတွင်းမှာပင် သမုဒ္ဒရာပင်လယ်ပြင်မှာ ဗိမာန်ဖြင့် တစ်ကိုယ်ထီးတည်းနေရသော ယမင်းအလှသူဇာပြိတ္တာမ ဘဝမှလွတ်မြောက်

www.burmeseclassic.com



စုတေသေလွန်ပြီးနောက်တာဝတိံသာနတ်ပြည်သို့ရောက်ရှိလေတော့သည်။ ရွှေဗိမာန်ကိုပိုင်ဆိုင်ကာ နတ်သမီးအခြွေအရံ တစ်ထောင်တို့ဖြင့် ချမ်းသာသုခအမျိုးမျိုးတို့ကို ခံစားစံစားခွင့်ရရှိသော နတ်သမီးကညာ တစ်ပါးဖြစ်ရပါတော့သည်။

## လုပ်နည်းလုပ်ဟန်

“ကိုအောင်ကျော် ဇာတ်လမ်းလေးက တော်တော်စိတ်ဝင်စားစရာကောင်းတာပဲ။ ရတနာတော်မြတ်သုံးပါးအပေါ်မှာ ကြည်ညိုသဒ္ဓါတရားရှိတဲ့ ဥပသကာကိုလှူပြီး အမျှဝေပေးရုံနဲ့ အကျိုးထူးခံစားရတယ် သိရတော့လူ ပုဂ္ဂိုလ်စောင့်ထိန်းတဲ့ ငါးပါးသီလ လုံခြုံမှုရှိရုံနဲ့ ကောင်းကျိုးပေးလာပါပြီ။ ရဟန်းသံဃာဆိုရင် ဘယ်ပြောဖွယ် ရှိပါတော့မလဲနော်။”

“ဒါကြောင့် သာသနာခေတ်ကြီးနဲ့ ကြုံကြိုက်ကြရတဲ့အခွင့်အရေးကြီးက နည်းသလားဗျ။ ကျွန်တော်တို့ ကံထူးလွန်းလို့သာသနာတော်နဲ့ကြုံကြိုက်ကြရတဲ့အခိုက်၊ ကြိုက်လည်းကြိုက် လိုက်လည်းလိုက်နာ ကျင့်သုံး ကြဖို့ပဲလိုတယ် မနှင်းကျော့”

“မေမေ့အတွက်ရည်စူးပြီးသံဃာငါးပါးပင့်မယ်။ သင်္ကန်းငါးစုံလှူမယ်။ ဆွမ်းကပ်မယ်ပြီးတော့ အမျှအတန်းပေးဝေပါ့မယ်။ဒီလိုဆိုကုသိုလ်အဖို့ကို မေမေသာစု ခေါ်ဆိုနိုင်ပြီး သမုဒ္ဒရာပင်လယ်တွင်းက ပြိတ္တာမသူဇာလှယမင်းလို ဝတ်စရာအကျီတွေ၊ စားစရာအစားအသောက်တွေ၊ ဖျော်ရည်တွေနဲ့ ပြည့်စုံသွားမှာပေါ့နော်”

BURMESE CLASSIC .com

www.burmeseclassic.com



"အမျှအတန်းကိုဝေပေးဖို့စောင့်မျှော်နေမယ့် မနှင်းကျော့မေမေ တစ်ယောက် မကျွတ်လွတ်တဲ့ဘဝကနေ အားရဝမ်းသာပျော်ပျော်ကြီးသာဓု ခေါ်နိုင်ပါလိမ့်မယ်။ အကြောင်းစုံတိုက်ဆိုင်သွားလို့ကတော့ မနှင်းကျော့တို့ မနှင်းရည်တို့ ညီအမနှစ်ယောက် မေမေအတွက် ရည်စူးအလှူဟာ အကျိုး ကျေးဇူးများပါလိမ့်မယ်။ စိတ်ချပါဗျာ"

"ကျွန်မညီမ၊ မနှင်းရည်သာ မေမေကြိုက်တတ်လှတဲ့ အဝတ် အစားတွေ၊ မေမေအိပ်ခဲ့တဲ့ခုတင်ပေါ် သွားတင်တာမဟုတ်ပါဘူး။ သူ့ သူငယ်ချင်း တစ်ယောက် ဆိုရင် ဆုံးပါးပြီးတဲ့သူ့ အဖေအုတ်ဂူပေါ်မှာကို သွားတင်ပေးတာတဲ့။ အဝတ်အထည်တင် ဘယ်ကမလဲ ကိုအောင်ကျော်၊ ထမင်းထုပ်တွေကိတ်မုန့်တွေ၊ စပျစ်သီးတွေတောင် ပါသတဲ့လေ"

"စေတနာမေတ္တာရှိလို့ဆောင်ရွက်ပေးကြတာတော့ ဟုတ်ပါရဲ့။ လုပ်နည်းလုပ်ဟန် မမှန်ကန်လေတော့ ခုတ်တာတစ်နေရာ၊ ရှတာတခြား ဖြစ်နေတာပေါ့ မနှင်းကျော့။ မကျွတ်မလွတ်သူကို အဲဒီလိုပုံစံမျိုးနဲ့ ပေး လို့မရဘူး လေဗျာ။ အုတ်ဂူပေါ်သွားတင်ထားလည်း နွားကျောင်းသားတွေ ယူစားသွားမှာပေါ့။ သေသူဘယ်ရပ့ါမလဲ။ ရည်စူးပြီးလှူပေးဖို့ အရေးကြီး ဆုံးဗျ။ နာမည်တပ်ပြီး အမျှပေးဝေရမယ်။ ဒါလည်း သိပ်အရေးကြီး တယ်နော်။

"ကျွန်မတို့ ညီအစ်မ ဆောင်ရွက်ပေးတာ အမေရမရ၊ အကျိုးထူး မထူး ဘယ်လိုလုပ်သိနိုင်မလဲ။နည်းလမ်းလေးပေးစမ်းပါဦးကိုအောင်ကျော်"

"ရည်စူးအလှူမပြုပေးခင် အရင်ဆုံး သုံးလေးရက်ကတည်းကကြို တင်ပြီးသွားလေသူမေမေကို အလှူပြုပေးပါမယ်အကြောင်း စိတ်အာရုံ

BURMESE CLASSIC .com

www.burmeseclassic.com



ထဲမှာ စွဲစွဲမြဲမြဲ စူးစူးနစ်နစ်ကြီး တိုင်တည်နေပါ။ မနက်ဖြန်မနက် အလှူပြု တော့မယ်ဆို၊ ဒီနေ့ညဦးမှာ လေးလေးနက်နက်ဖြစ်နေဖို့ အရေးကြီးတယ်။ အမျှဝေတဲ့ အချိန်မှာလည်း မေမေ့အတွက်အကျိုးထူးတယ်ဆိုရင် သမီးတို့ကို သိသာထင်ရှားအောင် ဆက်သွယ်ပြပါလို့ ခိဋ္ဌာန်ကြည့်လိုက်ပါ”

“ခိဋ္ဌာန်ရင်သိရရောလား ကိုအောင်ကျော်”

“အများအားဖြင့်တော့ တစ်နည်းနည်းတစ်ဖုံဖုံထူးတဲ့ အချက်လေး တွေပြတတ်ပါတယ်။ လေးလေးနက်နက် ပြုလုပ်ပေးခြင်း မဟုတ်ရင်တော့ ဘာမှအကြောင်း မထူးတတ်ပါဘူး”

## ယုံကြည်ဖို့လို

မည်သည့်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ၊ ယုံကြည်မှု သဒ္ဓါ တရားသည် အထူးအရေးကြီးလှ၏။ ယုံကြည်မှု ဦးဆောင်မှသာလျှင် လေးနက်မှုရှိပါသည်။ လေးလေးစားစားလည်း ဖြစ်ပါမည်။ မယုံ့တယုံ ရှိနေပါက၊ လေးနက်မှုမရှိနိုင် သလို လေးလေးစားစားလည်းဖြစ်နိုင်မည် မဟုတ်ပါ။ လူကြီးသူမများ ဦးဆောင်လုပ်နေကျ လုပ်ထုံးလုပ်နည်းမို့သာ လိုက်နာကျင့်သုံးရသည်။ ယုံကြည်မှုမရှိ၊ မရိုမသေမလေးမစား၊ တော်အိ ရော်အိလုပ်လို့ကတော့ ငွေကုန်လူပန်းပြီး ကျေးဇူးမများသည့်ပြင်အကျိုး ယုတ်ကာ ဒုက္ခများနှင့် ရင်ဆိုင်တိုးကြရသည်ကို တွေ့မြင်နေကြရပါသည်။ ရှေးထုံးလည်းမပယ်နှင့်၊ ဈေးသုံးလည်းမလွယ်နှင့်ဟု ဆိုရိုးရှိသည် မဟုတ် ပါလား။ ဈေးသုံးလွယ်တော့ ဘာဖြစ်တတ်တုံးတဲ့။ ဈေးလွယ်လွယ်သုံးတော့ မွဲတတ်သည်တဲ့။ ရှေးထုံးပယ်တော့ကောတဲ့။ ရှေးထုံးပယ်တော့ လွဲတတ် သည်တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



"နတ်နှင့်နဂါး မလှည့်စားနှင့်" ဟူသော ရှေးဆိုရိုးစကား တစ်ရပ်ရှိ၏။ လူကြီးသူမများ၏ ရှေးရိုးစကားများတို့သည်ကား အားအားယားယား အပျော်ပြောဆို ထားရစ်ခဲ့ကြသည် မဟုတ်ပါ။ ဘဝနှင့်ရင်းနှီးပြီးမှ ရရှိခဲ့သော အတွေ့အကြုံ အရပ်ရပ်တို့အပေါ်မှာ မူတည်လျက် မှန်ကန်သင့်မြတ်သော ကောက်ချက်ကို ဆွဲပြီးမှ နှောင်းလူတို့မှတ်သား လိုက်နာစိမ့်သောငှာ ထားရစ်ခဲ့ကြသည့် အမှာစကားများ ဖြစ်ကြပါသည်။ ဤသည်ကို ခေတ်လူငယ်တို့က "တကယ်မဟုတ်နိုင်ပါဘူး။ ဒဏ္ဍာရီပုံပြင်တွေပါကွာ၊ တို့ကို ကြောက်အောင် ဖြဲခြောက်တာပါ။ မယုံပါဘူး။ အဲဒါတွေ ခေတ်ပြားဟောင်းပါကွာ။ ခဏခဏဖွင့်ပြလွန်းလို့ အလွတ်တောင်ရနေပြီ။ ဘေးချိတ်ထားစမ်းပါ" စသည်ဖြင့် အပြစ်ဖွဲ့ဆို ပြောတတ်ကြ၏။

တစ်ခါက စာသင်တိုက်သစ် တစ်တိုက်တွင် စက်ရေတွင်း တူးပါသည်။ ကန်တော့ပွဲကို ထုံးစံမို့ပေးရ၏။ လေးနက်စွာမထားဘဲ စက်ပေါ်၌ အုန်းပွဲ ငှက်ပျောပွဲကို ဇလုံဖြင့် တင်ရုံမျှ တင်ထားလိုက်ကြ၏။ ဂရု မစိုက်သည့်အတွက်ကြောင့် ထိုကန်တော့ပွဲကြီး ဘယ်တုန်းက ပျောက်သွား မှန်းတောင် မသိလိုက်ကြပါ။ ဘယ်ကျောင်းသားတွေက ယူပြီး စားသောက်လိုက်ကြသလဲ မသိ။ အလေးအနက်မထားတော့ တောင်းပန်ဖို့လည်း သတိမရ ပွဲထပ်ပြင်ပြီး ပေးဖို့လည်း မဆောင်ရွက်ကြတော့ပါ။ မကြာမီမှာပင် စက်ကြီးကို မောင်းနှင်သူ မရှိဘဲနှင့် သူ့အလိုလို စက်နိုးကာ ခုန်ဆွခုန်ဆွ လိမ့်ဆင်းလာတော့၏။ စက်မောင်းက ကားဘီးအောက်၌ ခုခြင်းဖြင့်ကား အရှိန်လျော့ကာ ရပ်တံ့စေသည့် ကြမ်းတုံးကို လျှပ်တစ်ပြက် ဝင်ခုလိုက်၏။ စက်ကြီးက ရပ်မသွားသည့်အပြင် အရှိန်ဖြင့်စက်ဆရာကို ဝင်ကြိတ်လိုက်

BURMESE CLASSIC .com

www.burmeseclassic.com



ပါရော။ ပွဲချင်းပြီး ပါလေရော။ စက်ကြီးလည်း ရပ်တဲ့သွားပါ လေရော တဲ့ဗျား။

သွေးတွေခြင်းခြင်းနီသွားခဲ့ရသည့် အဖြစ်အပျက်ကို ကြည့်ပြီး မကောင်းဆိုးဝါးတိုက်တယ် ရယ်လို့ ပြောဆိုဝေဖန်ကြလေသည်။ တကယ် တမ်းမှာတော့ မယုံမကြည်မလေးမစား လုပ်ကြခြင်းက ပထမ၊ စက်ဆရာ၏ ရှေးဝင့်ပုံဟောင်းဆိုက်လာခြင်းက ဒုတိယ၊ အမျိုးစုံပြောဆိုဝေဖန်ခြင်းက တတိယပါ။ အကျိုးတစ်ခုဖြစ်ထွန်းဖို့ ဆိုရာမှာ အကြောင်းတရားများ စုဆုံပြီး တွန်းအားပေးလိုက်ခြင်းဖြစ်ပါသည်။ ကြောင်းကျိုးကလွဲ၍ လောကမှာ မဖြစ်ပျက်နိုင်ပါပေ။ ကံတရားကို ယုံကြည်ကြရမည်။ ကံ ဆိုသည်ကလည်း ကြံစည်ပြောဆို လုပ်ကိုင်ခြင်းမဟုတ်ပါလား။ ကောင်း သောစေတနာဖြင့်ကြံစည်၊ ကောင်းသော စေတနာဖြင့်ပြောဆို၊ ကောင်းသော စေတနာဖြင့်ပြုလုပ်လျှင် ကောင်းမြတ်သော အကျိုးကျေးဇူးများဖြစ်ထွန်း မည်မှာမုချဖြစ်ပေတော့သည်။

## ပြိတ္တာမျိုးနွယ်

လူသေလျှင်ဘာကြောင့် မကျွတ်မလွတ်သည့် တစ္ဆေပြိတ္တာ ဖြစ်ကြ ရပါသနည်း။ အဖြေမှာ အသေမဖြောင့်သောကြောင့် ဖြစ်ပါသည်။ ဘာကြောင့် အသေမဖြောင့်ရပါသနည်းဟု ထပ်ဆင့်၍ မေးခွန်းများ ဆင့် ကဲမေးလာမည် ဆိုပါလျှင်တစ်နေ့ သေကြရမည့်သူချည်းဟု အသေချာဆုံး အချက်ကို လူတိုင်းသိထားနှင့်ပြီး ဖြစ်သော်လည်း သေခြင်းကို ကြည်သာစွာ ရင်ဆိုင်နိုင်ဖို့ ကြိုတင်ပြင်ဆင်ထားခြင်း မရှိတတ်သောကြောင့် အသေ

www.burmeseclassic.com



မဖြောင့်ကြခြင်း ဖြစ်ကြောင်းကို ဖြေဆိုရပါလိမ့်မည်။ ကောင်းပြီ။ သို့ဆိုလျှင် သေရန်မည်သို့ ပြင်ဆင်ရပါမည်နည်းဟု အလွန်သိလိုကြပါလိမ့်မည်။

သံသရာဆိုသည်ကို လက်ခံသည်။ ရှေ့ဘဝနောက်ဘဝ ဆိုသည်များကိုလည်း ယုံကြည်သည်ဆိုငြားအံ့။ သေလွန်ပြီးသည့်နောက်၊ သံသရာဆက်လည်ကြရရာဝယ် ကောင်းသောဘုံဌာန၊ ကောင်းရာသုဂတိသို့ လားရောက်ရမည့်အရေး ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့ကို ကြိုတင် ဆောင်ရွက်ဖြည့်ဆည်း ထားကြရပါလိမ့်မည်။ အကြောင်းမှာကောင်းမှု ဒါနများများပြုထားသူသည် နောင်ဘဝ၌ ကောင်းရာဘုံသို့ ရောက်ပြီး၊ ဒါန၏အကျိုးကျေးဇူးကြောင့် ချမ်းသာပြည့်စုံစွာ နေထိုင်ရလိမ့်မည် ဖြစ်သောကြောင့်ပါ။ ဤသို့ ယုံကြည်ထားပြီး ဖြစ်၍လည်းသေရမည်ကို မကြောက်ရွံ့တော့ပါ။ သူ့၌ ဒါနအားကိုးရှိနေပြီ မဟုတ်ပါလား။

ထိုနည်းတူစွာပင် သီလစောင့်ထိန်းသောသူ သည်လည်း အားကိုးစရာအကျင့်သီလနှင့် ပြီးပြည့်စုံနေပြီ ဖြစ်၏။ မဟုတ်တာမကောင်းတာတွေဘာမှ ကျူးလွန်ပြစ်မှားမိခဲ့ခြင်း အလျဉ်းမရှိပါသောကြောင့် သေလွန်သည်နှင့်တစ်ပြိုင်နက် မြင့်မြတ်ရာ ဘုံဌာနမှာ ဖြစ်တည်မည်ကို စိတ်ချထားလေသည်။ ဤယုံကြည်ချက်သည် သူ့မှာအပြည့်အဝရှိနေပါသည်။ သေရမည်ကိုလုံးဝ မကြောက်ရွံ့တော့ပါ။ ဝိပဿနာကို ကြိုးကုတ်အားထုတ် ထားသူအဖို့ကား၊ သူရရှိထားသော ဉာဏ်စဉ်ကို သူသာလျှင် အသိဆုံးဖြစ်ပြီးလျှင်သေမင်းကို ပြုံးပြုံးကြီး ရင်ဆိုင်နိုင်စွမ်း၏။ သူ့အဖို့သေရန် ကြောက်ရွံ့ခြင်းကင်း သောကြောင့် ဘယ်တော့မှ မဲ့သေ-မသေပါ။ ပြုံးသေသာလျှင်သေသွားပါလိမ့်မည်။

BURMESE CLASSIC .com

www.burmeseclassic.com



အားကိုးဘာမှမရှိသူတို့သာလျှင် မဲ့သေဖြင့် သေကြရပြီ။ အသေမဖြောင့် သောကြောင့် အပါယ်လေးဘုံအနက် တစ်ဘုံဘုံသို့လားရောက်ရပေတော့မည်။ ငရဲလည်း မသက်သာသလို၊ တိရစ္ဆာန်လည်းမချမ်းသာပါ။ ပြိတ္တာဆိုသည်ကား ပို၍ဆိုးသေး၏။ အသူရကာယ်မှာ နာမည်တစ်မျိုးနှင့် ဘဝ တစ်မျိုးဟု ယူဆစရာရှိပါသော်လည်း အမှန်မှာတော့ ကောင်းမှုကုသိုလ်ကံအကျိုးနှင့် မကောင်းမှုအကုသိုလ်ကံ အကျိုးတို့ ရောစပ်လျက် စံစားခံစားရသော ပြိတ္တာ အကြီးစားမျှသာ ဖြစ်ချေ၏။ ရှေ့တွင် ပြဆိုခဲ့သော ပင်လယ်တွင်းမှ ယမင်းပြိတ္တာ လှသူဇာအဖြစ်ကို ကြည့်ပါဦး။ ဘုရားနှစ်ဆူအကြား ကာလအရှည်အလျားကြီးကို အဖော်မရှိ တစ်ကိုယ်ထီးတည်း ပျင်းရိစွာ နေထိုင်လာခဲ့ရ၏။ ရွှေနန်းတော် ဘုံဗိမာန်ကြီးနှင့် နေရသည် ဆိုစေဦး။ အဝတ်မပါ ကိုယ်ဗလာဖြင့် စားရမဲ့ သောက်ရမဲ့ ဘဝမှာဒုက္ခရောက်နေရသည် မဟုတ်ပါလား။ ကံဖြူကံမည်းရောယှက် အကျိုးပေးသောလူ့ဘဝ သည်လည်းအမှန်ကား အသူရကာယ်လို ဘဝမျိုးသာတည်း။

မိမိပြုမိမှားသော အကုသိုလ်ကံအမျိုးအစားပေါ် မူတည်၍ လောက၌ ပြိတ္တာမျိုးမြောက်မြားစွာရှိနေပါသည်။ တူရာတူရာတို့ကို အုပ်စုဖွဲ့၍ အကြမ်းအားဖြင့် ခွဲခြားရသော် ပြိတ္တာမျိုးနွယ်လေးမျိုး လေးစားရှိပါကြောင်း ကျမ်းစာတို့၌ လာရှိပါသည်။ ယင်းတို့သည်ကား အောက်ပါအတိုင်း ဖြစ်၏။

၁။ **ပရဒတ္တူပဇီဝိကပြိတ္တာ** ။ ။ သူတစ်ပါးပေးကမ်းစာကို အမှီပြုနေရသော ပြိတ္တာမျိုးများ။

၂။ **ခုပ္ပိသိကပြိတ္တာ** ။ ။ ထမင်းငတ်ခြင်းဖြင့် အမြဲဆင်းရဲနေရသော ပြိတ္တာမျိုးများ

BURMESE CLASSIC .com

www.burmeseclassic.com



၃။ **နိဗ္ဗာနမတဏှိကပြိတ္တာ ။ ။** မီးလောင်သဖြင့်ဆင်းရဲနေရသော ပြိတ္တာမျိုးများ။

၄။ **ကာလကဥ္စိကပြိတ္တာ ။ ။** အသူရကာယ်မျိုးဖြစ်သည့် ပြိတ္တာမျိုးများ။

**တကယ်အားကိုးနိုင်**

ကျွန်တော်တို့၏ ထေရဝါဒဗုဒ္ဓဘာသာသည် တကယ်အားကိုးနိုင်သော ဘာသာထူး ဘာသာမြတ်ဖြစ်ပေသည်။ လျှုဖွယ်ရာ ဘာတစ်ခုမှမွန်မွန်မြတ်မြတ် မရှိချင်နေပါစေ။ သောက်ရေကြည်တစ်ခွက်မျှရှိလျှင် ကုသိုလ်ရနိုင်၏။ အကြောင်းမှာ သံဃာနှင့် မတွေ့သော်မှ စေတီပုထိုးသို့မဟုတ် ဘုရားရုပ်ပွား ဆင်းတုတော် တစ်ဆူဆူရှေ့မှောက်ဝယ် သောက်တော်ရေအဖြစ် ဆက်ကပ်လှူဒါန်းလိုက်ရုံဖြင့် ကုသိုလ်အထူးကို ရနိုင်ပြီဖြစ်သောကြောင့်ပါ။ ရေအကျိုးကား မတောင်းဘဲနှင့် ဆယ်ပါး ပြည့်စုံနိုင်၏။ မည်မျှလွယ်ကူ လွန်းလှပါသနည်း။ စေတီပုထိုးကိုလည်း မတွေ့၊ ရုပ်ပွားဆင်းတုတော်ကိုလည်း မရနိုင်လျှင်ကော မည်သို့လှူဒါန်း နိုင်ပါမည်နည်းဟုကပ်ဖဲ့၍ ပြောမည်ဆိုပါစို့။

အလွယ်ကလေးပါ။ ကျွန်တော်တို့သည် ဘာသာခြား လူမျိုးခြားတွေက စကားအနိုင်ပြောသလို အုတ်ပုံမြေပုံကြီးကို ရှိခိုး ပူဇော်နေခြင်းမဟုတ်ပါ။ ကျောက်ဆင်းတု၊ ကြေးဆင်းတု၊ သစ်သားဆင်းတုတော်တို့ကိုထိုင်ရှိခိုး နေကြခြင်းမဟုတ်ပါ။ ဘုရားရှင်တော်မြတ်၏ ဂုဏ်တော်ကိုးပါးကို ရည်မှန်း ပူဇော်နေကြခြင်း ဖြစ်ပါသည်။ ဂုဏ်တော်ကို အာရုံ

BURMESE CLASSIC .com

www.burmeseclassic.com



ပြုရန် ခက်ခဲသူတို့အတွက် ပုံတော်ကို ရည်မှန်းစေခြင်းမျှသာ ဖြစ်ကြောင်း နားလည်ထားကြ ရပါမည်။ ပုံတော်ကို ရည်မှန်းနေစဉ်၌ပင် ဂုဏ်တော်ကို ထုံမွှမ်းထားပြီး ဖြစ်ကြောင်း၊ ဘာသာခြားလူမျိုးခြားတို့ နားမလည် မသိရှိကြသောကြောင့်၊ မနိုင်နိုင်သော စကားအနိုင်လု ပြောကြခြင်းမျှသာ ဖြစ်ပါသည်။ ထို့ကြောင့် အရဟံအစရှိသော ဘုရားရှင်၏ဂုဏ်တော် ကိုးပါးကို ရည်စူးကြည်ညိုကာ သောက်တော်ရေ တစ်ခွက်ကို ကပ်လှူ လိုက်ရုံဖြင့်ပင်လျှင် ကုသိုလ်တွေရပြီးဖြစ်ကြောင်း ကျွန်တော်ပြောဆို တင်ပြရခြင်းဖြစ်ပါသည်။ ယုံကြည်မှု သဒ္ဓါတရားရှိပြီး လုပ်ဆောင်ဖြစ်ဖို့သာ လိုပါတော့သည်။

**ဗုဒ္ဓဂုဏ်တော်ကိုးပါး**

ဤ၌တွင် အလျဉ်းသင့်လာ၍ စာဖတ်သူတို့ ဗဟုသုတတိုးများကာ ကြည်ညိုသဒ္ဓါပွားစိမ့်သောငှာ၊ ကျမ်းပြုအကျော်တောင်မြို့၊ မဟာဂန္ဓာရုံ ဆရာတော်ကြီး၏ ပထဦးဆုံး ကျမ်းစာအုပ်ဖြစ်သည့် ရတနာ့ ဂုဏ်ရည်မှ အရဟံအစရှိ ဘဂဝါအဆုံး မြတ်ဘုရားဂုဏ်တော်ကိုးပါး၏ ဂုဏ်တော်ဖွင့် အကျဉ်းချုပ်ကို ဖော်ပြလိုက်ရပါသည်။

၁။ **အရဟံဂုဏ်တော်** ။ သောဘဂဝါ - ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ-ကာရဏေန-တစ်ထောင့်ငါးရာ၊ ကိလေသာတို့၊ ဝါသနာခလေ့၊ အထုံငွေ့မျှ၊ မငွေ့မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်ပျံ့သင်း၊ လွန်သန့်ရှင်း၍၊ မင်းမင်းပြည်သူ၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှ၊ အပူဇော်ခံတော်မူထိုက်သော ဤအကြောင်းကြောင့်လည်း၊

BURMESE CLASSIC .com

www.burmeseclassic.com



အရဟံ-အရဟံ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော် မူပါပေသည်တကား။

၂။ **သမ္မာသမ္ဗုဒ္ဓဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန- သဗ္ဗညု ဉာဏ်အား၊ စွမ်းပကားဖြင့်၊ များသင်္ခါရ၊ ဝိကာရနှင့်၊ လက္ခဏပညတ်၊ နိဗ္ဗာန်ဓာတ်ဟု၊ ငါးရပ်သိရန်၊ ဉေယျစမ်ကို၊ ဖောက်ပြန်မရှိ၊ ကိုယ်တော် တိုင်သိတော်မူသော ဤအကြောင်းကြောင့် လည်း၊ သမ္မာသမ္ဗုဒ္ဓေါ-သမ္မာသမ္ဗုဒ္ဓ ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံ တိုင် အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၃။ **ဝိဇ္ဇာစရဏသမ္ပန္နဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော် သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန- သုံးပါးရှစ်ပါး၊ နှစ်မျိုးအားဖြင့်၊ ဟောထားပညာ၊ ဉာဏ်ဝိဇ္ဇာတည်း၊ နိဗ္ဗာန်နဓာတ်၊ အမြိုက်ရပ်သို့၊ ဆိုက်ကပ်ရန်ဖြင့်၊ အမှန်သင့်သည့်၊ အကျင့်စရဏ၊ ဆယ့်ငါးဝနှင့်၊ တကွဥဿုံ ပြည့်စုံတော်မူသော ဤအကြောင်းကြောင့် လည်း၊ ဝိဇ္ဇာစရဏသမ္ပန္နော- ဝိဇ္ဇာစရဏသမ္ပန္န ဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူ ပါပေသည်တကား။

၄။ **သုဂတဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန-ဒီပင်္ကရာ ထွင်၍ချာသနင်း၊ ခြေတော်ရင်းမှ၊ မှန်ကင်းသီရိ၊ ဗောဓိမဏ္ဍိုင်၊ ခန်းဝါ ပိုင်အောင်၊

BURMESE CLASSIC .com

www.burmeseclassic.com



ဆယ်ခိုင်ပါရမီ၊ စုံဖြည့်ညီလျက်၊ သုံးလီဘဝ၊ များသတ္တ၏၊ သုခစီးပွား၊ ကျင့်သောအားဖြင့်၊ မိုက်မှားအယူ၊ မိစ္ဆာဟူက၊ ဆံမြူတစ်စိ၊ မကပ်ငြိဘဲ၊ သတိသမ္မဇဉ်၊ မပြတ်ယှဉ်လျက်၊ သမ္မဇဉ်ဉာဏ်တော်၊ ရကြောင်းလျော်၍၊ ကြွတော်မူခဲ့သော ဤအကြောင်းကြောင့်လည်း၊ သုဂ တော သုဂတဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံ တိုင် အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူ ပါပေသည်တကား။

၅။ **လောကဝိဒူဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန-သတ္တော ကာသ၊ သင်္ခါရဟု၊ လောကသုံးဘုံ၊ အလုံးစုံကို၊ အာရုံထင်စွာပိုင်းခြားကာဖြင့်၊ ကောင်းစွာကုန်စင်၊ သိမြင်တော်မူသော ဤအကြောင်းကြောင့်လည်း၊ လောကဝိဒူ - လောကဝိဒူဟူသော ဂုဏ်တော်ဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူ ပါပေသည်တကား။

၆။ **အနုတ္တရောပုရိသဒမ္မသာရထိဂုဏ်တော်** ။ သောဘဂဝါ- ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန-ဆုံးမသင့်ရန်၊ သတ္တဝါမှန်သော်၊ ချောက်တန်လျှင် ချောက်၊ မြှောက်တန်မြှောက်၍၊ အောက်အောက်ထက်ဂုဏ်၊ ဆင့်ဆင့်စုံဖို့၊ ဖုံဖုံ သင်ပေး၊ အစဉ်ဖေးလျက်၊ ယဉ်ကျေးလေအောင်၊ သွေးဆောင်ဆုံးမတော် မူတတ်သော ဤအကြောင်းကြောင့်လည်း၊ အနုတ္တရောပုရိသဒမ္မ သာရထိ- အနုတ္တရောပုရိသဒမ္မသာရထိဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ပြဟ္မာ့ ဘုံတိုင်အောင်၊ ပျံ့လှိုင်ကျော်ကြား ထင်ရှားတော်မူ ပါပေသည် တကား။

www.burmeseclassic.com



၇။ **သတ္တာဒေဝမနုဿဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန- သတ္တဝါဟော်၊ ကုန်သည်ကျော်သည်၊ ဖော်လှော်ငယ်သား၊ နောက်ပါးများကို၊ ရေရှားဘေးခ၊ ကန္တာရမှ၊ ခေမမြေငူ၊ ထုတ်ကယ်သူတို့၊ ထို့တူတစ်၊ ခဲယဉ်းဘိသည့် ဇာတိဇရာ၊ မရဏာဟု၊ ကန္တာရကြမ်း၊ ခရီးလမ်းမှ၊ ရွှေနန်းမြေငူ၊ ပြည်နိဗ္ဗူသို့ နတ်လူပြဟ္မာ၊ သတ္တဝါကို၊ ကောင်းစွာဆောင်ယူ၊ ကယ်တင်တော်မူတတ်သော ဤအကြောင်းကြောင့်လည်း၊ သတ္တဒေဝမနုဿာနံ- သတ္တဒေဝမနုဿာနံဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ပြဟ္မာ့ ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၈။ **ဗုဒ္ဓဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန- ဒုက္ခသမုဒယ၊ နိရောဓနှင့်၊ မဂ္ဂမည်သာ၊ လေးသစ္စာကို၊ ဦးစွာပိုင်ပိုင် သိမြင်နိုင်၍၊ သုံးဆိုင်ဝေနေ၊ များဗိုလ်ခြေကို၊ မသွေအတူ၊ သိစေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း၊ ဗုဒ္ဓေါ-ဗုဒ္ဓဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍ မကုန်၊ ပြဟ္မာ့ ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

၉။ **ဘဂဝါဂုဏ်တော်** ။ သောဘဂဝါ-ထိုရွှေဘုန်းတော်သခင်၊ ရှင်တော်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာစ- ကာရဏေန -

(က) အဏုမြူသဖွယ်၊ ပျောက်ကွယ်သိမ်မွေ့၊ မမြင်တွေ့အောင်၊ ရုပ်ဆောင်ဖန်ဆင်းနိုင်သော 'အဏိမာ' ဘုန်းတော်၊

BURMESE CLASSIC .com

www.burmeseclassic.com



(ခ) စိတ်၏အလား၊ ကောင်းကင်ဖျားသို့၊ ပေါ့ပါးလျှင်မြန်၊ ရှာန်ပျံ့ကြွသွားနိုင်သော 'လဃိမာ' ဘုန်းတော်၊

(ဂ) ကိုယ်တော်သဏ္ဌာန်၊ ပုံဟန်တိုင်းကြွား၊ မနှိုင်းအားဖို့၊ ကြီးမားလေအောင်၊ ရုပ်ဆောင်ဖန်ဆင်းနိုင်သော 'မဟိမာ' ဘုန်းတော်၊

(ဃ) ဆီးတားကွယ်ကာ၊ မရှိပါဘဲ၊ လိုရာတိုင်းပေါက်၊ တစ်ခဏလောက်ဖြင့်၊ ကြွရောက်နိုင်သော 'ပတ္တိ' ဘုန်းတော်၊

(င) အဆင်းအတန်တန်၊ ပုံသဏ္ဌာန်ကို စီမံဖန်တီး၊ တစ်ခဏတည်းဖြင့်၊ ပြီးစီးနိုင်သော 'ပါကမ္မ' ဘုန်းတော်၊

(စ) ကိုယ်တော်မြတ်၏၊ စိတ်ဓာတ်တော်မှ၊ စ၍မကြွင်း၊ လူနတ်မင်းကို၊ ပိုင်နိုင်အုပ်စိုး၊ လွှမ်းမိုးနိုင်သော 'ဤသိတာ' ဘုန်းတော်၊

(ဆ) သမာပတ်ရှာန်၊ အသိဉာဏ်ကို၊ ဝင်စံလိုက၊ တစ်ခဏချင်း ပိုင်၊ ဝင်စားနိုင်သော 'ဝသိတာ' ဘုန်းတော်၊

(ဇ) ကိစ္စတစ်ခု၊ ပြုစုတုန်းပင်၊ ပြီးဆုံးချင်သော်၊ ဆောလျှင်မသွေ၊ ပြီးဆုံးစေနိုင်သော "ယတ္ထကာမာ-ဝသာယိတာ" ဘုန်းတော်၊

(၁) ရှစ်ဖော်အပြား၊ ဤသို့အားဖြင့်၊ ထင်ရှားလေဘိ "ဣဿရိယ" ဘုန်းတော်။

(၂) ကိလေသာရန်၊ ပယ်ဖျက်လှန်ဖို့၊ နိဗ္ဗာန်ဖိုလ်မဂ်၊ ကိုးချက်အပြား၊ လောကုတ္တရာတရားဟူသော "ဓမ္မ" ဘုန်းတော်။

(၃) ဟုတ်တိုင်းမှန်စွာ၊ ဖြစ်ပေါ်လာ၍၊ ကမ္ဘာတိုက်ပေါင်း၊ သောင်းလောကဓာတ်၊ ပွဲတင်ထပ်မျှ နှံ့စပ်သတင်းကျော်စောခြင်းဟူသော

BURMESE CLASSIC .com

www.burmeseclassic.com



(၄) ရွှေမျက်မှာတော်၊ လက်ခြေတော်မှ၊ စ၍မကြွင်း၊ ပင်လုံးဝင်းသည့်၊ ပန်းမင်းအနေ၊ ကျက်သရေမင်္ဂလာ စုဝေးကာဖြင့်၊ လွန်စွာတင့်တယ်၊ သပ္ပါယ်တော်မူသော "သိရီ" ဘုန်းတော်။

(၅) အလိုတော်အတိုင်း၊ တောင့်တတိုင်းပင်၊ မဆိုင်းမတွ၊ ပြီးစီးရသည့်"ကာမ" ဘုန်းတော်။

(၆) တလောကလုံး၊ ညွှတ်ရုံးကိုးစား၊ အားထားဖို့ရာ၊ လွန်စွာကြိုးကုတ်၊ အားထုတ်တော်မူသော "ပယတ္တ" ဘုန်းတော်။

ဤခြောက်ဖော်ဂုဏ်ဘုန်းတော်ဟုန်နှင့်၊ ပြည့်စုံတော်မူသော ဤအကြောင်း ကြောင့်လည်း၊ ဘဂဝါ-ဘဂဝါဟူသော ဂုဏ်တော်ကြီးဖြင့်၊ အံ့ချီး၍မကုန်၊ ဖြဟ္မာ့ဘုံတိုင်အောင်၊ ပျံ့လွှင်ကျော်ကြား ထင်ရှားတော်မူပါပေသည်တကား။

**မေမေကျွတ်ပြီ**

ကျွန်တော်နှင့်လာဆွေးနွေးသွားသော မိတ်ဆွေမနှင်းကျော့သည် တစ်လ ခန့်ကြာမြင့်ပြီးနောက် ကျွန်တော့်ထံပြန်ရောက်လာ၏။ ဒီတစ်ခေါက် ရောက်လာသောအခါ မျက်နှာကပြုံးရွှင်လျက် အမူအရာကလည်း ပေါ့ပါး သွက်လက်နေ၏။ ယခင်တစ်ခေါက် လာစဉ်တုန်းကသူ့မျက်နှာသည် သံသယစိတ်တွေနှင့် ရှုပ်ထွေးနေဟန်ရှိသလို၊ သူ့အမူအရာတွေ ကလည်း လေးလံထိုင်းမှိုင်းနေသည်ကို သတိထားမိပါသည်။ သူ့မိခင်မကျွတ် မလွတ်ကြောင်းကိုသူညီမ၊ မနှင်းရည်ထံမှ သိရှိနားလည်ထားရရာ၊ သူ ယုံရမလို၊ မယုံရဘူးလိုလိုနှင့် သို့လော-သို့လော ဝိစိကိစ္ဆာတွေများ

www.burmeseclassic.com



သံသယတွေ ပွားနေသောကြောင့် မျက်နှာ ညှိုးနွမ်းပြီး၊ လူက လေးလံနေခြင်းဖြစ်ပါလိမ့်မည်။ ယခုတစ်ခေါက်ပြုံးရွှင် သွက်လက်နေပုံကို ကြည့်ရခြင်းအားဖြင့် အကြောင်းထူးတော့ ရှိလေပြီဟု ကျွန်တော်အကဲခတ်မိပါ၏။ ထင်သည့်အတိုင်း မှန်ကန်နေပါတော့သည်။

"ဘာအကြောင်းတွေများထူးလာလို့လဲမနှင်းကျော့"

"ကျွန်မတို့ယုံကြည်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဟာ တကယ်ပဲအားကိုးလောက်တယ် ဆိုတာပြောပြချင်လို့ပါကိုအောင်ကျော်ရေ့"

"ဆိုစမ်းပါဦးဗျ"

"အရင်တစ်ခေါက်တုန်းက ကိုအောင်ကျော် အတော်စိတ်ညစ်သွားမလား မသိဘူးနော်။ ကျွန်မတစ်ယောက်ထဲဒိုင်ခံမေးတာတွေကို၊ ကိုအောင်ကျော် မမောနိုင်မပန်းနိုင် စိတ်ရှည်ရှည်နဲ့ ဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ရှင်"

"ကဲ-စကားအချီးတွေ ထားလိုက်ပါတော့။ ဗုဒ္ဓဘာသာက ဘယ်လိုအားကိုးလောက်တာလဲ မနှင်းကျော့"

"မေမေ့ကိစ္စလေးကို ပြောပြဖို့လာခဲ့တာပါ။ မေမေကောင်းရာဘုံကို ရောက်သွားပြီရှင့်"

"ဟုတ်လား ဝမ်းသာစရာပါပဲဗျာ"

"အဲဒါ ကိုအောင်ကျော့် ကျေးဇူးကြောင့်ပါ။ ကိုအောင်ကျော် အကြံပေးလိုက်တဲ့အတိုင်း လုပ်ဆောင်ပေးသလို၊ "တစ္ဆေတကယ်ရှိ-မရှိ" စာအုပ်ထဲကအတိုင်း လည်းဆောင်ရွက်ပေးကြလို့ အဆင်ပြေသွားပြီဆိုတဲ့ အကြောင်းကို ပြောပြချင်လို့ ပါ"

"ကဲ-မနှင်းကျော့ ပြောတတ်သလိုသာ ပြောပြပေတော့"

BURMESE CLASSIC .com

www.burmeseclassic.com



## ကိုယ်တွေ့ဇာတ်လမ်း

“အရင်လတုန်းကကိုအောင်ကျော်နဲ့လာဆွေးနွေးပြီးတဲ့နောက်၊ ညီမဖြစ်သူ မနှင်းရည်နဲ့ကျွန်မတိုင်ပင် ရတော့တာပေါ့။ သူလုပ်နေတာတွေဟာ တလွဲဖြစ်နေတဲ့အကြောင်း၊ မေမေ့ကို တကယ်ချမ်းသာ ကျွတ်လွတ် သွားစေချင်ရင် အလှူအတန်း ပြုပေးဖို့လိုကြောင်း၊ ရည်စူးအလှူ ဖြစ်ပြီးနာမည်တပ် အမျှဝေရမည့်အကြောင်း၊ သီလသမာဓိ ပညာသိက္ခာနဲ့ ပြည့်စုံမယ့် ဆရာတော်တစ်ပါးပါးကို ဦးထိပ်ထားပြီး ပေးလှူသင့်ကြောင်းစတဲ့အချက်တွေကို၊ ကိုအောင်ကျော်ပြောပြတဲ့အတိုင်း ရှင်းလင်းပြရတယ်။ ပြီးတော့ ကိုအောင်ကျော် ပေးလိုက်တဲ့ တစ္ဆေတကယ်ရှိ-မရှိစာအုပ်ကိုလည်း ဖတ်ကြည့်ဖို့အထူးသဖြင့် နောက်ဆုံးတစ်ပုဒ်ဖြစ်တဲ့ ‘လေလွင့်လိပ်ပြာငယ်-တဝဲလည်လည်’ ဆိုတာသေသေချာချာ ဖတ်ဖို့ ညွှန်းလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီအထဲမှာ ကျန်ရစ်တဲ့အဝတ်အထည်တွေကို သင့်တော်သလို လှူဒါန်းပေးဖို့ ပါတယ်မဟုတ်လား”

ညီမ၊ မနှင်းရည်ဟာကိုအောင်ကျော့်စာအုပ်ကို သေသေချာချာဖတ်ပြီးတဲ့နောက်၊ မေမေ့အတွက် ရည်စူးအလှူလုပ်ပေးကြဖို့ လာတိုင်ပင်ပါတယ်။ သင်္ကန်းဒွိစုံငါးစုံဝယ်တယ်။ ဆွမ်းချိုင့်ငါးချိုင့် အပြည့်ဖြည့်ပြီး သက်ကြီးဝါကြီး ဆရာတော်ကြီးတစ်ပါးဖြစ်တဲ့ ဓမ္မရတနာ ကျောင်းတိုက်မှာသွားလှူပေးပါတယ်။ မေမေ့ကို ရည်စူးပါကြောင်းနဲ့ နာမည်တပ် အမျှဝေပေးဖို့လျှောက်ထားတော့ ဆရာတော်ကြီးကလည်း ကျကျနန ဆောင်ရွက်ပေးတော်မူပါတယ်။ ကိုအောင်ကျော်ပြောသလို ကျွန်မ အမိဌာန်ပြုတယ်။ “မေမေ၊ သမီးကြီးကို ထင်ရှားအောင်ပြပါ” ပေါ့။ ကျွန်မကို ဘာမှထင်ထင်

www.burmeseclassic.com



ရှားရှား မပြဘူး အိပ်မက်လည်း မပေးဘူး။ ညီမကိုတော့ မေမေ့အဝတ်သေတ္တာတွေ ဖွင့်သံပိတ်သံတွေ ပေးသတဲ့။ အိပ်မက်ထဲမှာလည်း အဝတ်တွေ လှူပေးဖို့ကို ပြောပါသတဲ့။

ကျွန်မပြောတာကို ညီမလုပ်သူကနားမထောင်ခဲ့ဘူးကိုအောင်ကျော်။ ဇင်းမယ်တွေ ပရိုကိတ်တွေ ပိုးထည်တွေကို စွန့်လှူလိုက်ဖို့ဆိုတာ သူနှမြောနေတာနဲ့ ဘာမှမလုပ်ဖြစ်ဘဲ ကျွန်မတို့ရည်စူးအလှူလုပ်မိကြတာကိုး။ မေမေက အဝတ်အစား ရှိသေတယ်။ သူအပျိုအရွယ်ကတည်းက အထည်တွေတောင် အကောင်းကြီးရှိသေးတာရှင့် အဝတ်အစားကို စွဲလမ်းပုံရတယ်၊ အခုတော့ စွန့်လှူပေးပါ ဆိုတာတောင် ညီမက လှူမပေးတော့ မကျွတ်နိုင်သေးတာဖြစ်ပါလိမ့်မယ်။ ဒါကြောင့်ကျွန်မတို့လည်း ပါတိတ်တစ်ပတ်နွမ်းတွေကို ဆင်းရဲတဲ့သူတွေ ဝတ်ဖို့လှူတယ်။ နည်းနည်းသစ်တာတွေနဲ့ အသစ်တွေကိုတော့ ရောင်းချပြီးရတဲ့ငွေတွေကို ကျောင်းဆောက် ဘုရားတည်၊ စက်ရေတွင်းတူးတဲ့အထဲ နည်းနည်းစီထည့်ဝင် လှူဒါန်းပေးတယ်။

အထည်သစ်အချို့ကိုတော့ ကန့်လန့်ကာချုပ်ပြီး ဘုန်းကြီးကျောင်းတွေမှာ သွားလှူပေးပါတယ်။ လက်ဝတ်လက်စား ရွှေထည်နည်းနည်းကျန်ရှိတာတွေကိုလည်း မေမေ့အတွက်လှူပေးဖို့ပဲ ဆုံးဖြတ်လိုက်ကြတယ်။ တချို့ကိုဘုရားတည်၊ စေတီတည်တဲ့အထဲမှာ ဌာပနာပေးတယ်။ ကျန်တာကို ထုခွဲရောင်းချပြီး ဆွမ်းပဒေသာပင်၊ ပစ္စည်းလေးပါးပဒေသာပင်၊ ဆေးပဒေသာပင်၊ ဆေးရုံ၊ လူအိုရုံ၊ အမျိုးသမီးဂေဟာ၊ မိဘမဲ့ကလေးဂေဟာ စသည်ဖြင့် နည်းနည်းစီ နေရာနှံ့နှံ့ စုံစုံလင်လင် ရအောင် လှူပေးပါတယ်။ အဲဒါတွေအားလုံးဆောင်ရွက်ပြီးတဲ့အခါမှ သက်န်းငါးစုံထပ် ဝယ်တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီတစ်ခါတော့ ဘုန်းကြီးငါးပါးအိမ်ကိုပင့်ပြီးဆွမ်းကပ်ပါတယ်။ ဓမ္မရတနာကျောင်းတိုက်ကိုပင့်တာပါပဲ။ ဆရာတော်ကြီးလည်း ကြွရောက်ချီးမြှင့်ပေးတော်မူပါတယ်။

ကိုအောင်ကျော်မှာကြားသလို တရားနာကြားဖို့ မေမေ့ကို ဖိတ်ခေါ်ပါတယ်။ ရည်စူးအလှူမို့ နာမည်ကိုအကြိမ်ကြိမ်တပ်ပြီး အမျှပေးဝေပါတယ်။ မေမေ့အိပ်တဲ့ခုတင်ကိုလည်း နာမည်ကမ္ပည်းရေးထိုးပြီး ဘုန်းကြီးကျောင်းကိုပဲလှူပေး လိုက်ပါတယ်။ မေမေ့အတွက် အကျိုးထူးရင် သမီးတို့ကို ထင်ရှားအောင်ပြပါလို့လည်း အဓိဋ္ဌာန်ပြုလိုက်ပါတယ်။ အဲဒီညကျွန်မအိပ်တော့ မေမေ့ကို အထူးအမျှဝေပြီး အိပ်ပါတယ်။ တစ်ညလုံးအိပ်ကောင်းခြင်းနဲ့ အိပ်စက်ရပါတယ်။ အလှူ အတွက် ညီအစ်မနှစ်ယောက်မောပန်းထားကြတာကိုး။ တစ်လလုံးလုံးတရွေ့ရွေ့ တစိမ့်စိမ့်ပြင်ဆင်ပြီးလှူလာကြတဲ့အတွက် စိတ်အာရုံထဲမှာ မေမေပဲရှိတယ်။ စားလည်းဒီစိတ်၊ သောက်လည်းဒီစိတ်၊ အိပ်လည်းဒီစိတ်ပါပဲ။ စိတ်စွဲလို့ အိပ်မက်ကိုမြင်မက်တာတော့ မဟုတ်ဘူးသေချာပါတယ်။ ဘာပြုလို့လဲဆိုတော့ အိပ်မက်ကသိပ်ထူးဆန်းနေလို့ပါပဲ။

မနက်လင်းခါနီးငါးနာရီကျော်ကျော်လောက်မှာဖြစ်မယ်။ နိုးတစ်ဝက်အိပ်တစ်ဝက်အိပ်မက်လိုလို၊ တကယ်လိုလိုပါပဲ။ ကျွန်မကုတင်အနီးကိုမေမေ ရောက်လာပါတယ်။ သတိထားမိတာကတော့ အနံ့ သိပ်မွှေးကြိုင်နေတယ်ဆိုတာကိုပါ။ ဘီးစပက်ကြီးကအက်နေရော။ စံပယ်ကုံးတွေ ခွေပြီးပန်ထားတယ်။ အဝတ်အစား သန့်သန့်ပြန့်ပြန့် ပြောင်ပြောင်လက်လက်ပါပဲ။ လူကလည်း ဝဝဖြိုးဖြိုးရှင့်။ မျက်မှာကလည်း ပြည့်ဖြိုး

BURMESE CLASSIC .com

www.burmeseclassic.com



ပြုံးရွှင်နေပါတယ်။ အထူးမှတ်မိတာကတော့ ရွှေဝါရောင် အဆင်းဝင်းဝါ ထိန်နေတယ်ဆိုတာကိုပဲ။ ကျွန်မရဲ့ခြင်ထောင်ကို အသာပင့်ပြီး ပြုံးပြုံးကြီး ငုံ့ကြည့်နေတယ်။ "လာနှုတ်ဆက်တာ၊ မေမေအထက်ဘုံကို သွားရတော့ မယ်" လို့ မေမေ့ပါးစပ်က မပြောပေမယ့် ကျွန်မရင်ထဲက သိနှင့်နေတယ်။ တော်တော်ထူးဆန်းတယ် ကိုအောင်ကျော်။

ပိုပြီးထူးဆန်းတာကကျွန်မမြင်မက်တဲ့အတိုင်းပဲတဲ့။ ကျွန်မညီမ၊ မနှင်း ရည်လည်း ထပ်တူထပ်မျှမြင်မက်ပါတယ်တဲ့။ အိပ်မက်တစ်မျိုးထဲကို ညီအစ်မနှစ်ယောက် အတူတူတမနက်တည်း တစ်ပြိုင်တည်း မြင်မက် တယ်ဆိုတော့ စိတ်စွဲလို့မက်တာ မဖြစ်နိုင်တော့ဘူးလေ။ ထူးခြားမှုလို့ သေချာပေါက် တွက်နိုင်ပြီမဟုတ်လား ဘာပဲဖြစ်ဖြစ် ကျွန်မမေမေ ကောင်းရာသုဂတိ ဘုံကိုရောက်ပြီ။ ကျွတ်လွတ်သွားပြီဆိုတာ သေချာ သွားပြီပေါ့။ ကျွန်မတို့လည်း စိတ်လက်ပေါ့ပါး ချမ်းသာသွားရပြီ။ သာသနာတော်ကြီးဟာဖြင့် အလွန်အားကိုး လောက်ပါပေတယ် ဆိုတာ လက်ခံယုံကြည်ပါပြီရှင်"

"ဝမ်းသာပါတယ်။ မနှင်းကျော့တို့မှာ ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေရှိသလို၊ မကျွတ်မလွတ်ဖြစ်နေတဲ့ မေမေဟာလည်း တစ်နည်း နည်းနဲ့ ဆက်သွယ်နိုင်တာဟာ ပိုပြီးဝမ်းသာဖို့ကောင်းပါတယ်။ တချို့များ လူသူနဲ့မနီးတဲ့ တောတောင်ကြီးထဲမှာ ဒါမှမဟုတ် သမုဒ္ဒရာပင်လယ်ပြင် ကြီးမှာ သွားပြီး ပြိတ္တာဖြစ်တော့ ဘယ်သူ့ကို အကူအညီတောင်းခံရမှာလဲ။ ဘယ်သူကကော စိတ်ကောင်း နှလုံးကောင်းနဲ့ ဆောင်ရွက်ပေးကြမှာတဲ့လဲ။ ပယ်လယ်တွင်းက ယမင်းပြိတ္တာလှသူဇာရဲ့ အဖြစ်ကိုပဲကြည့်တော့။

www.burmeseclassic.com



ဘုရားရှင် နှစ်ဆူပွင့်တဲ့ကြားကာလ တစ်လျှောက်လုံး ကယ်ဆယ်မယ့်သူနဲ့ ဝေးနေ ခဲ့ရရှာတယ် မဟုတ်လားဗျာ”

“အသူရကာယ်ဆိုတာ အမှန်တော့ ပြိတ္တာအမျိုးအစားထဲကပါပဲ။ ပြိတ္တာမျိုးနွယ် အများကြီးရှိတာကိုတူရာတူရာအုပ်စုလေးတွေဖွဲ့ပြီး ခွဲခြား လိုက်မယ်ဆိုရင် အကြမ်းဖျင်း လေးမျိုးကွဲထွက်လာနိုင်တယ်လို့ ကျမ်းစာ တွေမှာပြဆိုထားပါတယ်။ နောက်ဆုံးဖြစ်တဲ့ နံပါတ်လေးအမျိုး အစားကို ပါဠိလိုကာလကပြိတ္တာလို့ ခေါ်တယ်တဲ့။ အသူရကာယ်မျိုး ဖြစ်တဲ့ ပြိတ္တာမျိုးများဖြစ်ကြပါသတဲ့။ ကျမ်းစာတွေမှာ ခိုင်ခိုင်မာမာလာရှိတဲ့ အသူ ရကာယ်မျိုးတွေအနက်က နေ့မှာစံစားကြရပြီး ညရောက်တဲ့ အခါမှာ ခွေးဘီလူးတွေ အစားခံကြရတဲ့ ဇာတ်လမ်းတွေရှိတယ်။ နေ့စံညခံလို့ ဆိုတယ်။ ဒါဟာ ဘာကြောင့်ဖြစ်သလဲလို့ မနှင်းကျော့ တွေးနေမိမယ် ထင်ပါတယ်။

“ကိုအောင်ကျော်က ကျွန်မတွေးနေတာကိုသိသတဲ့လား”

“အဲဒီလိုလည်း မဟုတ်ရပါဘူး။ သိချင်နေမယ့် စိတ်သဘာဝကို ထောက်ပြီး မေးလိုက်တာပါဗျာ”

“နေ့စံညခံတာ ဘာကြောင့်တဲ့လဲရှင်”

“လူ့ဘဝတုန်းက ကောင်းမှုကုသိုလ် ပြုကြတဲ့အခိုက် ဒေါသတို့ မာနတို့စတဲ့ မကောင်းတဲ့ စိတ်ညစ်စိတ်မည်းတွေရဲ့ စေ့ဆော်မှုကြောင့် မသင့်တော်တဲ့ အကုသိုလ်တွေ ရောနှောသွားတတ်တယ်။ ဒါကိုမိုးကုတ် ဆရာတော်ဘုရားကြီးက ကံဖြူကံမည်းရောတယ်လို့ မိန့်တော်မူတယ်။ ကံဖြူဆိုတဲ့ ကောင်းမှုကုသိုလ်ကံတွေကြောင့် နေ့မှာနတ်ဘုံနတ်နန်းလို

BURMESE CLASSIC .com

www.burmeseclassic.com



စည်းစိမ်စံစား ကြရပေမယ့်၊ ညရောက်ပြီဆိုမှဖြင့် ကံမည်းဆိုတဲ့ မကောင်းမှု အကုသိုလ်ကံတွေကြောင့် ငရဲလိုခံစားခဲ့ကြရသတဲ့။ ခုနစ်ရက်စံပြီးနောက်၊ ခုနစ်ရက်လုံးလုံး ခံကြရတာတွေ ရှိသတဲ့ဗျ”

“နေ့စံညခံဆိုတဲ့အကြောင်းလေးကို ဇာတ်လမ်းလေးနဲ့ ပြောပြပါလား ကိုအောင်ကျော်”

“ပွဲတောင်းတယ်ပေါ့မနှင်းကျော့။ တိုတိုပဲပြောမယ်နော်။ တစ်ခါ တုန်းက ပင်လယ်အနီးမှာရှိတဲ့တံငါရွာတစ်ရွာမှာ ဇနီးမောင်နှံရှိတယ်။ လင်ကိုယ်မယားကိုယ်ပါပဲ။ သားသမီးမထွန်းကားဘူး။ လင်ကမြမောင်၊ မယားကမယ်ရွှေဆိုကြပါစို့။ ကိုမြမောင်ရှာဖွေလို့ရသမျှ ငါးများကို မမယ်ရွှေ က ရက်ရက် စက်စက် ခေါင်းထုသတ်ပြီး ငါးခြောက်ငါးခြမ်း ငါးပိလုပ်တန် လုပ်တယ်။ ငါးစိမ်းအတွဲလိုက် အတိုင်းလည်း ရောင်းတန်ရောင်းတယ်ပေါ့။ တံငါရွာဆိုတော့လည်း တံငါအလုပ်ကလွဲပြီး တခြားဘာစီးပွားမှ မရှာ တတ်ဘူးလေ။ အလှူအတန်းကတော့ အမြဲမပြတ်လှူဒါန်းလျက်ပါတဲ့။

ဒါနဲ့မိုးအကုန်ဆောင်းအကူးမှာ မမယ်ရွှေ တုတ်ကွေးမိပြီး အပြင်း အထန်ဖျားတယ်။ တောရွာဆိုတော့လည်း ဆရာကောင်းမရှိ ဆေးကောင်း ဝါးကောင်း မရှိနဲ့ချို့တဲ့တာပေါ့ဗျာ။ မပျက်စီးတန်ပဲ ပျက်စီးသွားရှာတယ်။ ကိုမြမောင်တစ်ဦးတည်း ကျန်ရစ်တာပေါ့။ ခြောက်လကျော် လောက်ရှိတော့ မိုးဦးလေဦးမှာ ငါးရှာထွက်ရင်း မုန်တိုင်းမိရာက ကမ်းမမြင်လမ်းမမြင် မျောပါသွားတယ်။ သုံးရက်လောက်မျောပါသွားပြီးမှ ကျွန်းတစ်ကျွန်းပေါ် ရောက်သွားတယ်တဲ့။ ရွာကြီးတစ်ရွာတွေ့လို့ အကူအညီတောင်းပါတယ်။ အိမ်ကြီးရခိုင်နဲ့ သူ့မယားမမယ်ရွှေကို သွားတွေ့ရတာကိုး။ “မင်းဒီရောက်

BURMESE CLASSIC .com

www.burmeseclassic.com



နေတာလား” မေးလိုက်တာ မမယ်ရွှေလည်း ကိုမြမောင်ကို မှတ်မိတဲ့အတွက် အိမ်ပေါ်တင်ပြီး ပြုစုကျွေးမွေး ထားသတဲ့။

ညဦးပိုင်းရောက်ရင် ရွာဆော်ကြီးက “ဟေး--လာကြ--လာကြ” ရယ်လို့ခေါ်ရင် တစ်ရွာလုံးရွာပြင်ကို ထွက်ခွာသွားကြရသတဲ့။ မမယ်ရွှေလည်း “ရှင်အိမ်ထဲကမထွက်နဲ့” လို့မှာပြီးလိုက်ပါသွားတယ်။ မနက်ကျမှ ပြန်လာကြတာတဲ့။ ရက်ကြာလာတော့ ကိုမြမောင်က စူးစမ်းကြည့်ချင် လာတယ်။ တစ်ညမှာတိတ်တိတ်ကလေး နောင်ယောက်ခံပြီး လိုက်သွားပါ လေရော။ ရွာပြင်အတော် ဝေးဝေးကြီးမှာ ရေကန်ကြီးတစ်ကန်ရှိတယ်။ လလည်းထွက်လာရော၊ ခွေးနက်ကြီးတွေ မျက်လုံးရဲရဲ အစွယ်ပြူးပြူးနဲ့ ရေကန်ထဲက ထွက်လာကြသတဲ့။ ခွေးဘီလူးတွေပေါ့။ ရွာသားတွေ အားလုံးကို တစ်ယောက်မကျန် ကိုက်ဖြတ်စားသောက်ပစ်လိုက်တယ်။ အရိုးတွေသာ ကျန်သတဲ့။ ခွေးတွေလည်း ရေကန်ထဲပြန်ဆင်းသွားရော၊ အရုဏ်လည်း ကျင်းရော။ အရိုးတွေက လူပြန်ဖြစ်လာကြတယ်ဆိုကိုး။ အားလုံးတစ်စု တစ်ဝေးကြီး ရွာဆီကို ပြန်လာကြသတဲ့ မနှင်းကျော့ရဲ့”

“ဒါနဲ့မယားမမယ်ရွှေကို မေးကြည့်တော့ ကျုပ်မှာ အသူရကာယ်ဘုံ ရောက်နေရတယ်။ နေ့စံညခံဘဝဆိုးက လွတ်အောင်ရည်စူးအလှူငွေကို ကျုပ်နာမည်နဲ့တပ်ပြီးရှင်လှူပေးပါဦး။ ဒီမှာလည်းဆက်မနေပါနဲ့။ ရွာကို ပြန်ပါ။ ကျုပ်ကူညီပြီး ပို့ပေးပါ့မယ်လို့ ငိုယိုရင်း ပြောပြသတဲ့။ ကိုမြမောင်လည်း ညမြင်ရတုန်းကတည်းက ကြောက်ရွံ့နေတာမို့ အမြန်ပို့ ဖို့ပဲစီစဉ် ခိုင်းတော့တာပေါ့။ အတိုချုပ်လိုက်ရင် မမယ်ရွှေရဲ့ အကူအညီနဲ့ ကိုမြမောင်လည်းရွာကို ချောချောမောမော ပြန်ရောက်သွားပါတယ်။ တစ်လ

BURMESE CLASSIC .com

www.burmeseclassic.com



နီးပါးပျောက်နေတဲ့ ကိုမြမောင်ကိုသေပြီလို့ ပဲမှတ်ယူထားကြတဲ့ ရွာသူ ရွာသားတွေက ဝမ်းမြောက်ဝမ်းသာ ဆီးကြိုကြပါတယ်။"

"ကိုမြမောင်ကတော့ တရားသံဝေဂရခဲ့ပြီမို့ မကောင်းမှုအကုသိုလ် နဲ့အသက်မွေးရတဲ့ မိစ္ဆာအာဇီဝ တံငါလုပ်ငန်းကို အပြီးအပိုင် စွန့်လွှတ်လိုက် ပါတော့တယ်။ ရဟန်းဝတ်လိုက်ပြီးနောက် မမယ်ရွှေကိုကုသိုလ် အမျှ အတန်း ပေးဝေပါသတဲ့။ ရဟန်းဘဝနဲ့ ရတဲ့ကုသိုလ်က ပိုကြီးတော့ မမယ်ရွှေလည်း မကြာခင်မှာကျွတ်လွတ်သွားကြောင်းအိပ်မက်လာပေးလို့ သိရပါသတဲ့"

"ပြိတ္တာများကိုကူညီချင်ရင် ရည်စူးအလှူပြုပေးရမယ်။ နာမည် တပ်ပြီးအမျှအတန်းဝေပေးရမယ်။ ရှာဖွေထားတဲ့ လှူဖွယ်ပစ္စည်း စင်ကြယ် သန့်ရှင်းရမယ်။ အလှူခံ ပုဂ္ဂိုလ်ဖြစ်တဲ့ ရဟန်းသံဃာတွေ အနေနဲ့လည်း လှူတဲ့သူအကျိုးများစေ ဖို့သီလသမာဓိပညာနဲ့ပြည့်စုံအောင် ကျင့်ကြံ အားထုတ်နေထိုင်သင့်တယ်။ ဒါမှအလှူခံ ပုဂ္ဂိုလ်စင်ကြယ်မှုနဲ့ ပြည့်စုံပြီး အားလုံးအကျိုးထူးနဲ့ တွေ့ကြုံကြရလိမ့် မယ်ဆိုတာတွေ ကျွန်မ နားလည် ပါပြီရှင်။ မေမေ့ကိုလက်တွေ့ ကူညီနိုင်ခဲ့ပြီမို့ ဝမ်းမြောက်လို့လည်း မဆုံးပါဘူး။ ကျွန်မတို့ ကိုးကွယ်ဆည်းကပ် အလေးထားကြတဲ့ ဗုဒ္ဓ ဘာသာဟာ တကယ့်ကိုအားကိုးလောက်ကြောင်းကိုလည်း ယုံကြည်ပြီမို့ ကိုအောင်ကျော်ကို အထူးကျေးဇူးတင်ပါတယ်။ အပေါင်းအသင်း တွေကိုလည်း ကျွန်မတတ်စွမ်းသမျှ ဟောပြောပြပါမယ်။ ဓမ္မဒါနပြုခြင်း ပေါ့ရှင်။ ကိုအောင်ကျော်လိုစာမှ မရေးတတ်ပဲကိုးနော်။ ကျွန်မ မေမေ အကြောင်းကိုလည်း အများအကျိုးရှိအောင် ကိုအောင်ကျော် ရေးပါဦးလို့ တိုက်တွန်းခဲ့ပါရစေ။ ခွင့်လဲပြုပါတယ်ရှင်"

www.burmeseclassic.com



"သာဓု-သာဓု-သာဓုပါ မနှင်းကျော့။ တစ်နေ့ရေးဖြစ်တဲ့အခါမှာ မနှင်းကျော့ ဖတ်ခွင့်ရမှာပေါ့ဗျာ"

"ရေးဖြစ်အောင်သာ ရေးစမ်းပါ ကိုအောင်ကျော်"

"စိတ်ချပါ မနှင်းကျော့။ ကျွန်တော်ရေးဖို့ တေးမှတ်ထားပြီးသားဗျ"

"ကဲ-ဒါဆိုကျွန်မကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီတဲ့ဗျား . . ."

, , , , ,

, , , ,

BURMESE CLASSIC .com

www.burmeseclassic.com

# ထိုဝင်းရွှေကြက်တော်တစ်ဆွေ

## တိရစ္ဆာန်စကား

ကျွန်တော်တို့ ငယ်ငယ်တုန်းက မိဘဘိုးဘွားများပြောပြကြသည့် ပုံပြင်နှင့်ဒဏ္ဍာရီတို့တွင် ကျေးငှက်တိရစ္ဆာန်များက ပြောကြားသော စကားကို နားလည်သဘောပေါက်ကြသူ ပညာရှိပုဏ္ဏားတို့၊ မင်းတို့၊ ရသေ့တို့ပါဝင်လေ့ ရှိတတ်ပါသည်။ တိရစ္ဆာန်ကပြောသောစကားများကို ကျွန်တော်တို့က တစ်ခွန်းတစ်ပါဒမျှ နားမလည်သဘောမပေါက်သော်လည်း ထိုထိုဇာတ်နိပါတ်ပုံပြင်တို့၏ ဇာတ်ကောင်များ တိရစ္ဆာန်စကားကို နားလည်ပါသည်ဆိုသောအခါ ကျွန်တော်တို့အတွက် အထူးအဆန်းကြီး ဖြစ်ကြပါပြီ။ ငယ်ရွယ်သူကလေးဘဝမို့ စူးစမ်းသော စိတ်က ကြီးစိုးနေရာ တိရစ္ဆာန်စကားကို သူတို့ဘယ်လိုလုပ်ပြီး နားလည်တာလဲဟုမေးမြန်းမိကြ၏။ “တိရစ္ဆာန်စကားကို နားလည်ချင်ရင် မာဂတစကားကိုသင်ထားမှရတယ်”ဟု လူကြီးတွေက ပြန်လည် ရှင်းပြ ကြပါသည်။ မာဂတစကားဆိုသည်ကား

BURMESE CLASSIC .com

www.burmeseclassic.com



မည်ကဲ့သို့သော ဘာသာစကားနည်း။ သိလို၍ထပ်ဆင့်မေးခွန်းတွေ ထုတ်လေသော အခါဝယ်၊ လူကြီးတွေလည်း မသိနားမလည်၍ ရှင်းမပြတတ်တော့ပေ။ မာဂဓစကားဆိုတာကြီးကို သိလိုသောစိတ်သည် ကျွန်တော့်အား အတော်လွှမ်းမိုးခဲ့ဖူးပါသည်။

စူးစမ်းတတ်သည့်စိတ်ရှိသော လူငယ်လေးများတို့သည် တိရစ္ဆာန်တို့၏ ပြောစကားကို သိနားလည်လိုစိတ် ရှိကြစမြဲဖြစ်၏။ တိရစ္ဆာန်တို့တွင် မျိုးနွယ်တူရာ အချင်းချင်း ဆက်သွယ်ရာတွင် အသံပြုခြင်းမှာ အဓိကဖြစ်ပေသည်။ အန္တရာယ်ရှိသည်ဟု အချက်ပြလိုက်လျှင် သူတို့အချင်းချင်း သိရှိကြတော့သည်။ ဥပမာဆိုပါစို့။ ညဥ့်နက်သန်းခေါင်မှာ လူဆိုးသူခိုး တစ်ဦးဦး၏ အကောင်အထည်ကို တွေ့လိုက်သည်ရှိသော် ခြံစောင့်ခွေးသည် တဝုတ်ဝုတ်ဖြင့်ဟောင်မည်။ သူခိုးက ကြောက်ရွံ့ရှုံ့ဖြစ်သွားလျှင် ရှေ့တိုး၍ တိုက်စစ်သဘောဖြင့်ဆက်ဟောင်မည်။ အသံပိုပြီးကျယ်လောင်လာမည်။ သူခိုးကရန်သတ္တုပြမည်ဆိုပါက နောက်ဆုတ်၍ ဆုတ်စစ်ခံစစ်သဘောမျိုး ဟောင်ပေလိမ့်မည်။ အသံနည်းနည်းအင်အားပျော့မည်။ ကျန်သည့်ခြံဝင်းနီးပါးက အစောင့်ခွေးများသည်လည်းကူ၍ ဝိုင်းဟောင်ကြလိမ့်မည်။ တိုက်စစ် ထိုးစစ်အရ စစ်ကူဟောင်သော ပုံစံတစ်မျိုးဖြစ်၏။ တိုက်စစ်နှင့် ခံစစ် တစ်မျိုးနှင့် တစ်မျိုးတော့ တူညီကြလိမ့်မည်မဟုတ်ပေ။ ထမကြည့်ဘဲနှင့် ခွေးဟောင်ပုံကို နားထောင်ကြည့်ရုံဖြင့် မျက်စိတွင်း၌အကွင်းကွင်း မုန့်တီဟင်းကဲ့သို့ ထင်ထင်ရှားရှားပြေးမြင်မိပြီးသားပါ။

လမင်းထိန်ထိန်သာလျှင် ခွေးတွေဝိုင်းဖွဲ့အူတတ်သည်ကို တွေ့မြင်ဖူးကြပါလိမ့်မည်။ ခွေးဟောင်သည့်ပုံစံချင်း မတူညီတတ်ကြသလို၊ ခွေးအူပုံ

BURMESE CLASSIC .com

www.burmeseclassic.com



ချင်းလည်း မတူညီတတ်ကြပါ။ လငပုပ်ဖမ်း၍ အူသည်က တစ်ဘာသာ၊ လသာ၍ အူသည်ကတစ်ခြား။ လက်ပံပွင့်ချိန်တွင် လက်ပံပင် နီနီရဲရဲကြီးကို မော့ကြည့်လျက် ခွေးအူလိုက်ပုံကား တစ်ပုံစံ၊ လမိုက်ညအကာလ အချိန်တွင် မကောင်းဆိုးဝါးကို မြင်မိ၍ ဆွဲဆွဲငင်ငင်ကြီးအူလိုက်ပုံက တစ်မျိုး၊ အခြေအနေအကောင်းအဆိုးကိုလိုက်၍ အူပုံအူနည်းတစ်ခုနှင့် တစ်ခုမတူညီ တတ်ကြဘဲ အလွန်ခြားနားတတ်ကြသည်ကို သေသေချာချာ လေ့လာဖူးသူတို့ ပို၍သိကြပါသည်။

သာဓကအားဖြင့် ညဥ့်နက်သန်းခေါင် အချိန်ဝယ် မကောင်းဆိုးဝါးတို့ ကျက်စားမြူးတူးချိန်ဖြစ်၏။ လမိုက်ညများနှင့် လကွယ်ညများမှာ ပို၍ ထင်ရှားသည်။ လူတို့၏ ပကတိမျက်စိဖြင့် ထိုထိုပရလောကသား မကောင်းဆိုးဝါးများကို မမြင်တွေ့နိုင်ကြပါသော်လည်း အဟိတ် တိရိစ္ဆာန် ဖြစ်သည့် ခွေးတို့ကမူကောင်းကောင်းကြီး မြင်တွေ့နိုင်သည်ဟု ဆိုကြပါသည်။ သုသာန်တစပြင်မှ မကောင်းဆိုးဝါးတို့ မြို့ရွာတွင်းသို့ ဝင်ရောက်လာကြပြီဆိုပါက၊ ပထမဆုံးမြင်တွေ့ သည့်ခွေးက စတင်၍ အူလိုက်လျှင် ကျန်ခွေးတို့သည် ဆက်၍ဆက်၍ အပြိုင်အူသွားကြတော့၏။ မကောင်းဆိုးဝါးတို့ လာလေပြီဟု အချက်ပေးခြင်းဖြစ်ရာ သတင်းကို ဆက်၍ဆက်၍ သယ်ဆောင်သွားခြင်း သဘောဖြစ်ပါလိမ့်မည်။ ဆွဲဆွဲငင်ငင်ကြီး ရင်ခေါင်းတွင်းမှ အူလိုက်ပုံမှာ အသည်းငယ်သူတို့အဖို့ ကြက်သီးဖြန်းဖြန်း ထလောက် အောင်ပင် ထိတ်လန့်စိုးရွံ့စရာ ကောင်းလှပါသည်။

www.burmeseclassic.com



## လူကဲ့သို့ပြော

လူနှင့်အနေနီးပြီး လူ့စကားကို သင်ကြားပေးလျှင် လွယ်လွယ်ပြောတတ် လှသော ကြက်တူရွေးတို့ သာလိကာတို့ လူလို ပီပီသသဟန်ကျပန်ကျ နှုတ်ခွန်းဆက် စကားပြောကြသည်မှာ အဆန်းမဟုတ်ပါပေ။ သင်ကြားပေးထား ခြင်းအလျဉ်းမရှိပါဘဲနှင့်၊ နွားတို့ခွေးတို့ ကြောင်တို့ လူစကားတစ်ခွန်းတလေ ပြောလေပြီဆိုလျှင်ကား၊ သတင်းစာထဲထည့်ပြီး ဖော်ပြရသည့်သတင်းထူး သတင်းဆန်းကြီးတစ်ရပ် ဖြစ်ရတော့သည်။ လူစကားပြောသောကျီးဟူ၍ စစ်ကြိုခေတ်တုန်းက အတော်နာမည်ကြီးလိုက်သည်ကို အသက်ခြောက်ဆယ်ကျော် လူကြီးတွေ မှတ်မိကြပါဦးမည်ထင်ပါသည်။ လွန်ခဲ့သော သုံးနှစ်ကျော်ကျော် လောက်တုန်းကလည်း မန္တလေးမြို့အနီး၊ စစ်ကိုင်းရွှေကြက်ယက်ဘုရားဝန်းကျင်ရှိ ရွာ တစ်ရွာမှာ ကြောင်တစ်ကောင်လူစကားပြောသည်ဟု ဟိုးလေးတကြော် အုတ်အော်သောင်းတင်းဖြစ်လိုက်ပါသေးသည်။

ထူးဆန်းသည်ကိုမှ လူတို့စိတ်ဝင်စားတတ်ကြသည့် ဓလေ့အတိုင်း လူစကားပြောသော ကြောင်ထူး ကြောင်ဆန်းကြီးကို လေ့လာကြည့်ရှုရန် ထိုရွာသို့သွားလိုက်ကြသည့် ပရိသတ်မှာ နေ့စဉ်နှင့်အမျှ ပွဲတစ်လုံးလို စည်ကားလွန်းလှသည်။ ရွာတွင်ပွဲဈေးတန်းကြီးလို စားသောက်ဆိုင်၊ ထမင်းဆိုင်၊ လက်ဖက်ရည်ဆိုင် ကွမ်းယာဆေးလိပ်ဆိုင်၊ အကြော်ဆိုင်၊ အအေးဆိုင်တွေနှင့်အရောင်းအဝယ်တွေဖြစ်လိုက်သည်။ ကြောင်လေး၏ ဓာတ်ပုံ၊ ကြောင်လေး၏ ပြောဆိုသံကို အသံသွင်းထားသော ကက်ဆက်ခွေတွေပင် ရောင်းမလောက် အောင်ဖြစ်သွားခဲ့သည်။ ကြောင်ကလေးကို

BURMESE CLASSIC .com

www.burmeseclassic.com



ငွေစက္ကူပြ၍ ဘယ်လောက်တန် လဲ ဟုမေးလျှင် ငါးကျပ်၊ တစ်ဆယ်၊ နှစ်ဆယ်၊ ငါးဆယ်စသည်ဖြင့် မလွဲမှားအောင် ပြောပြနိုင်သဖြင့် အံ့သြကြရသည်။ လူလိုပြောရုံမျှမဟုတ်။ လူလိုအသိဉာဏ်ရှိသည် မဟုတ်ပါလား။

ရရှိသည့်ငွေများကို ဘာလုပ်မလဲဟုမေးလျှင် သာသနာပြုမည်၊ ဘုရားတည်မည်ဟု ပြန်လည်ဖြေကြားပါသတဲ့။ တရုတ်၊ ကုလားတွေ ဗမာစကားပြောလျှင် တရုတ်သံ ကုလားသံဝဲနေဘိသကဲ့သို့ ကြောင်က လူစကား ပြောခြင်းမို့ကြောင့် ကြောင်သံတော့ဝဲနေပါသည်။ သို့သော်လူတိုင်း ချက်ချင်းသဘောပေါက် နားလည်နိုင်အောင် ပီသပါသည်တဲ့၊ ကြောင်မှာ မှိုပွး၍ ပရလောကသား တစ်ဦးဦးကပြောခြင်းလေလား။ သို့တည်းမဟုတ် ကံအကြောင်းမလှကြောင်ဘဝရောက်နေရသော်လည်းလူ့ဘဝအဆက်နီး၍ လူစကားပြောနိုင်လောက်အောင် လူ့ အသိဉာဏ်မျိုး အကြွင်းအကျန် ပါရှိလာခဲ့ခြင်းပေလား။ တစ်ခုခုကြောင့် ဖြစ်ပါလိမ့်မည်။

စစ်ကိုင်းရွှေကြက်ယက်ဘုရားအနီးရှိ ရွာမှ လူ့စကားပြောသော ကြောင်ကို အမှီပြု၍ ကြောင်ပိုင်ရှင်မိသားစုတို့ တော်တော်လေးချမ်းသာသွားကြသည်။ ညောင်ဟူ၍ ကြောင်လိုမထူးဘဲ "ခင်ညာ" ဟု ထူးတတ်လှသည့် ထိုကြောင်ထူးကြောင်ဆန်းလေးသည် သက်ဆိုးမရှည်ရှာပါ။ သူကကြောင်ဘဝဖြင့်လူလိုစကားပြောကာရရှိလာသောလာဘ်လာဘများကို သာသနာ ပြုချင်သည်။ ဘုရားတည်ချင်သည်။ ငွေများကို သာသနာပြုမည်။ ဘုရားတည်မည်ဟု ကြောင်ကဖွင့်ပြောပါလျက်၊ ကြောင်ပိုင်ရှင်တို့က များများစားစား လှူဒါန်းရန် စိတ်ပါဝင်စားမှုရှိဟန်မတူပါ။ ဘာမှ

BURMESE CLASSIC .com

www.burmeseclassic.com



ကြီးကြီးကျယ်ကျယ်လည်း လှူဒါန်းမပေးပါ။ သူတို့သာ ရွှေတွဲလွဲ ငွေတွဲလွဲနှင့် ချောင်လည်ကြီးပွားသွားကြသည်။ ထိုသောအခါ သာသနာပြု ဘုရားတည်ရန်မဖြစ်နိုင်တော့သော လူစကားပြောကြောင်ကလေးမျာမှာ ပျော်ရွှင်မှုမရှိတော့ပါ။ စိတ်သည်ရုပ်ကိုဆောင်သောကြောင့် စိတ်ဆင်းရဲ ရရှာသောကြောင်ကလေးသည်မကြာမတင်မှာပင်ကွယ်လွန်သွားရှာကြောင်း ကြားသိရပါသည်။ မည်မျှမှား၍ မည်မျှမှန်သည်ကိုတော့ တပ်အပ်သေချာ ကျွန်တော်မသိရိုးအမှန်ပါ။

ဤတွင် လူ့ဘဝ ရတုန်းရခိုက် ဘုရားသာသနာတော်နှင့် ကြုံတုန်း ကြုံခိုက်၊ ဘုရားအဆုံးအမကို ကြိုက်လည်းကြိုက် လိုက်လည်းလိုက်နာ ကျင့်သုံး ကြဖို့ အရေးကြီးကြောင်း လူစကားပြောသောကြောင်ကလေးက တရားပြခဲ့သလိုပင်ဖြစ်သည်ဟု ကျွန်တော် မှတ်ချက်ဆွဲမိတော့သည်။ သူ့ခမျာ လူ့ဘဝတုန်းက ဘယ်လိုဇာတ်လမ်းတွေ ခင်းခဲ့ရသည်ကို မသိပါ။ အယူလွဲ၍ အကုသိုလ်တရားဖိစီးသောကြောင့် အဟိတ်တိရိစ္ဆာန် ကြောင်ဘဝသို့ ရောက်နေရရှာသည်မှာ မှန်၏။ လူစကားပြောဆိုနိုင်သော ကြောင်ထူးကြောင်ဆန်းဘဝကို ရရှိခဲ့၍ ငွေရှာကောင်းလှသော်လည်း ပိုင်ရှင်များက ပုံအောပြီး မလှူဒါန်းပေးသောအခါ သူရှာဖွေပေးသမျှ ငွေကြေးတို့သည် သူ့အတွက် အဖိုးမတန် အကျိုးမရှိတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့သည် မိမိလက်ဖြင့် ရှာဖွေရရှိသောငွေကြေးများကို သံသရာမှာ အကျိုးရှိအောင် မိမိလက်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပေးလှူ သင့်လှပြီ မဟုတ်ပါလား။

BURMESE CLASSIC .com

www.burmeseclassic.com



## ကြက်သေးမဲ့

လူစကားပြောသောကြောင်ကို စိတ်ဝင်စားကြသည့် လူသူအပေါင်းတို့အား ငွေကြေးအကုန်အကျခံ၊ ခရီးအပင်ပန်းခံကာ စစ်ကိုင်း ရွှေကြက်ယက်ရွာအထိသွားရောက်စူးစမ်းလေ့လာကြသည်ကို အပြစ်ပြော၍ မဖြစ်ပါ။ အကြောင်းမှာ ထူးပေ့ဆန်းပေ့ဆိုလျှင် သူ့ထက်ငါဦးအောင် သွားလိုက်၊ ကြည့်လိုက် နားထောင်လိုက်ချင်ကြသောကြောင့်ပါ။ ဟိုက ဘယ်ရွှေ့ဘယ်လောက် ထူးဆန်းသည်တော့ မပြောတတ်။ အရူး အမူး ဦးအောင်သွားလိုက်ကြ သူတို့မှာ မဟုတ်မတရား အလိမ်အညာဖြင့် တိုးခဲ့ရပါသော်ရှုးပေနှမ်းပေသည်အဖြစ်မျိုး ဆိုက်ကြရတော့သည်။ တခြားမကြည့်နှင့်။ နှစ်တန်းအောင်သုံးတန်းတက်ရန် ဟန်ပြင်နေသော ကျွန်တော့်သမီးငယ်အဖြစ်ကိုကြည့်ပါ။ ရောင်ခြည်တော် လွှတ်သည်ဆိုသော ပွင့်လန်းစေတီသွားဖူးဖို့ အဖြစ်သည်းလိုက်ပုံမှာ အရူးတစ်ပိုင်းကို ဖြစ်ပါ လေရော။

ကားပေါ်မှကျကျန်ရစ်သော ကြက်ဖပျိုပေါက်လေးတစ်ကောင် ကျွန်တော်တို့ အိမ်ဝင်းထဲသို့ ပြေးဝင်ခဲ့ရာမှ ကောက်ရကြက်ဖလေးကို သမီးလေး မွေးမြူခဲ့သည်။ ထပ်မံ၍ပြေးမသွားစေရ ခြေတစ်ချောင်းကို ကြိုးဖြင့်ချည်နှောင်ထားရသည်။ အစားအသောက်ကိုဘယ်လိုအရန်သင့်ပင် ကျွေးမွေးပါသော်လည်း၊ အချုပ်အနှောင်ခံနေရရှာသော ကြက်ဖလေးသည် မပျော်ပိုက်နိုင်ပါ။ ငေးတေးတေး ငိုင်တိုင်တိုင်ဖြစ်နေရရှာသည်။ တိရိစ္ဆာန်များကို ချည်နှောင် ပိတ်လှောင် မွေးမြူခြင်းကို ကျွန်တော်အားမပေးပါ။ သမီးကကြက်တူရွေးဆိုလျှင် မွေးမြူ ချင်လှသည်။ ကြက်ပေါက်လေး၊

BURMESE CLASSIC .com

www.burmeseclassic.com



ဘဲပေါက်လေးများကိုလည်း မွေးမြူချင်၏။ ခွေးပေါက်လေး၊ ကြောင်ပေါက်လေးများကိုလည်း တပွေ့တပိုက်ဖြင့် အတူတူအိပ် အတူတူစား မွေးထားလိုပြန်သည်။ ကစားစရာအရုပ်အသစ် အဆန်းကိုရထားသည့် အလားသူ့မှာတော့ ပျော်မြူးလို့၊ ရွှင်လန်းလို့ ကျေနပ်လို့ပါ။ ထိုအချုပ်အနှောင်ခံရသည့် သတ္တဝါမှာတော့ ဝဋ်ငရဲကျသလို ဆင်းရဲရှာပါသည်။

သို့နှင့်ဘေးမဲ့လွှတ်ရန် သမီးအား ချော့မော့ပြောပြရသည်။ သူကကြက်မ တစ်ကောင်ဝယ်၍ အဖော်ရအောင် နှစ်ကောင်မွေးမည်ဟု ပြောနေသေးသည်။ ချုပ်နှောင်ထားလျှင် ဝဋ်လိုက်တတ်သည်။ အဖမ်းခံရခြင်း၊ အချုပ်ခံရခြင်း၊ ထောင်ကျခြင်းများဖြစ်တတ်သည်။ ငရဲကြီးတတ်သည်။ ဘုန်းကြီးကျောင်းသို့ သွား၍ကြက်ကို ဘေးမဲ့လွှတ်လိုက်ပါက ကုသိုလ်ရမည်။ ကြက်ဖလေးလည်း လွတ်လပ်သွား၍ ပျော်ရွှင်သွားမည်။ ရှေးတုန်းက တစ်ခူးနှစ်ဆန်းတစ်ရက်မှာ နွားဘေးမဲ့လွှတ်ခြင်း၊ ခိုများ၊ ချိုးများ၊ စာကလေးများစသည်ဖြင့် ငှက်ဘေးမဲ့လွှတ်ခြင်း၊ ငါးဘေးမဲ့လွှတ်ခြင်း တို့ကိုပြုလုပ်ကုသိုလ်ယူကြကြောင်း၊ ယခုလည်းလာမည့် တန်ခူးနှစ်ဆန်း တစ်ရက်မှာ ကြက်ဘေးမဲ့သွားလွှတ်ကြမည်ဟု နားချပြောပြရပါသည်။

မနက်စောစောအိပ်ရာထနေကျကို သူ့ကြက်ဖလေးသွားလွှတ်ရမှာ နှမြောပြီး နိုး၍ ချက်ချင်းမထပဲ ပေ၍အိပ်နေပါတော့သည်။ အတင်းနှိုးအဝတ်အစားလဲပြီး အောင်မြေသာစည်ကျောင်းသွားသည်အထိ သမီးလေးမျက်နှာသုန်မှုန်နေသေး၏။ ဆွမ်းချက်ဇရပ်မြောက်ဘက်ရှိ တောတန်းသစ်ပင် တို့၌ ဘေးမဲ့လွှတ်ထားသော ကြက်တွေ အရောင်စုံ အရွယ်စုံအမျိုးစုံ

BURMESE CLASSIC .com

www.burmeseclassic.com



အကောင်နှစ်ဆယ်ခန့်ရှိပါလိမ့်မည်။ နံနက်ခင်းနေခြည်ဝင်းဝင်းမှာ သူတို့ သဘာဝလွတ်လပ်စွာရှာဖွေစားသောက်နေကြသည်ကို သမီးအားပြရသည်။ ပြီးမှ ပလပ်စတစ်ခြင်းဖြင့် ထည့်ယူလာသော ကြက်ဖပေါက်လေးအား "မင့်အသက်တစ်ခါလွတ်၊ တို့အသက်ဆယ်ခါလွတ်၊ မင်းကို တစ်ခါကယ်၊ တို့ကိုဆယ်ခါကယ်" ဟု ဆိုကာ ဘေးမဲ့လွှတ်လိုက်ပါသည်။

**မာဂဓစကား**

ကြက်ဖလေးသည် လွှတ်လိုက်စက ကြောင်တောင်တောင်လေး ဖြစ်နေသေးသည်။ ခြေဦးကြိုးမရှိတော့ပြီ။ လွတ်လပ်လေပြီဟုသိလျှင် သုံးလေးလှမ်း စမ်းလှမ်းကြည့်သည်။ ပြီးတော့အတော်လေး ပြေးလွှားသွားကြည့်သည်။ သူပျော်ရွှင်သွားခဲ့ပြီ။ တောင်ပံနှစ်ဖက်ကို ရိုက်ခတ်ကာ "အောက်အီး အီးအွတ်" ဟု မြည်တွန်ကျူးရင့်လိုက်ရှာသည်။ "ငါလွတ်ပြီ ကျွတ်ပြီ" ဟု ကြိမ်းဝါးလေသလား မပြောတတ်။ ခပ်လှမ်းလှမ်းမှ ကြက်မတမ်း သုံးလေးကောင် သူ့အနားသို့ ရစ်ဝဲလာကြသည်။ ကြက်မကြီး တစ်ကောင်ကတော့ ကြက်သားပေါက်ကလေး ခြောက်ကောင်တို့ကို အစာ ယက်ကျွေးနေပါသည်။ မကြာမီ ကြက်ဖကြီးနှစ်ကောင် ရောက်လာပါသည်။ တစ်ကောင်နှင့်တစ်ကောင် အကဲစမ်းကြသည်။ ကြက်ဖပျိုလေးက ငယ်၍ ရှောင်တိမ်းသည်။ အညှံ့ခံသည့်သဘောမို့ အချင်းချင်းပြေလည် သွားပြီ။ အရွယ်တူဆိုက ဗိုလ်လုကြပါဦးမည်။ ခွပ်ကြပါလိမ့်မည်။ သေချာသည်။

"ဖေဖေ ဟိုကြက်ဖကြီးက ဘာပြောနေတာလဲဟင်"

"ဧည့်သည်ကြက်ဖလေးကို နာမည်မေးနေတာတဲ့"

www.burmeseclassic.com



"ကြက်မကြီးက၊ ကတော်. . ကတော်. . တဲ့။ ဘာတွေဆိုနေတာတုံး"

"ကလေးတို့ရေ။ ဒီမှာ ပိုးကောင်လေးတွေ သိပ်ချိုတာပဲ။ လာစား ကြလို့ သူ့ကလေးတွေကို ခေါ်နေတာတဲ့"။

"သမီးတို့ကြက်ဖလေးကပျော်နေပြီနော်"

"ဟုတ်တာပေါ့။ သူ့အပေါင်းအသင်းတွေ တွေ့နေပြီလေ။ သမီးလည်း သူငယ်ချင်းတွေနဲ့ကစားတော့ ပျော်တယ်မဟုတ်လား"

"ဒါဆိုသူဒီကျောင်းမှာ ကောင်းကောင်းနေခဲ့မှာပေါ့နော်'

"ဒါပေါ့။ သူလွတ်လပ်ပျော်ပါးသွားသလို သမီးလည်း ဘဝမှာ လွတ်လပ် ပျော်ပါးတဲ့ အကျိုးထူးကိုရမယ်။ ကဲ-သူ့ကိုနှုတ်ဆက်လိုက်ပါဦး၊ ဖေဖေတို့ ကြက်ဖလေးကို ဘေးမဲ့အသက်လွှတ်ရတဲ့အတွက် ကျောင်းတိုက် စောင့်နတ် ကို အစထားပြီး သဗ္ဗေသတ္တာ အားလုံး အမျှပေးဝေကြရအောင်"။

နှစ်ဆန်းအလှူမှာ သမီးလေး ရွှင်လန်းပျော်မြူးသွားပါသည်။ ကြက်ဖလေး သူ့မျိုးနွယ်တူရာ အဖော်များနှင့် လွတ်လပ်ပျော်မြူးသွားရသည့် အကျိုးကို သမီးလက်တွေ့ သိမြင်နားလည်သွားခဲ့သောကြောင့်ပါ။ သူ့မေးခွန်း များကို ကျွန်တော် မာဂတစကားတတ်သိနားလည်၍ ဖြေကြား ခဲ့ခြင်း မဟုတ်ပါ။ အခြေအနေကိုအကဲခတ်၍ သင့်တော်ဆီလျော်အောင် ဘာသာပြန်ခဲ့ခြင်းပါ။ သမီးလေးကတော့ ကျွန်တော့်ကို တိရိစ္ဆာန် စကားနားလည်ပါသည်ဟု အထင်ကြီးနေမည်လား မပြောတတ်ပါ။

ကျွန်တော်တို့လူသားများသည် ကိုယ့်လူမျိုးကိုယ့်ဘာသာ စကားကို ပြောကြားကြသည်၊ နားလည်သဘောပေါက်ကြသည် ဆိုရာဝယ် ကျွန်တော် တို့သည် လူ့အသိုင်းအဝိုင်းမှာ ကြီးပြင်းလာခဲ့၍ဖြစ်ပါသည်။ အကယ်၍

www.burmeseclassic.com



ပအိုဝ့်အနွယ်ကလေးငယ်တစ်ဦးကို ငယ်စဉ်ကပင် ရှမ်းအနွယ်အုပ်စုတွင် ကြီးပြင်းစေမည်ဆိုပါက ထိုပအိုဝ့်လေးသည် ရှမ်းစကားကိုသာ တတ်ကျွမ်းပါလိမ့်မည်။ အလားတူပင် တရုတ်ကလေးငယ်ကို ကုလားတွေအကြားမှာ ကြီးပြင်း စေမည်ဆိုပါက ထိုတရုတ်ကလေးသည်လည်း ကုလားစကားကိုသာ ပြောကြားသိနားလည်နိုင်ပါလိမ့်မည်။ အဓိပ္ပါယ်မှာ ကိုယ်နေထိုင်ကြီးပြင်း သော အုပ်စု၏ စကားကိုသာလျှင် တတ်သိနားလည်နိုင်ပါလိမ့်မည် ဟူသော အချက်ဖြစ်ပါသည်။

မာဂတစကားကို မည်သို့တတ်ကျွမ်းနားလည်ပါမည်နည်း။ မွေးဖွားစလူသားကလေးကို ဂူအတွင်းရှိ မြေခွေးအုပ်ထဲ၌ ကြီးပြင်းပါစေ။ လူ့စကားလုံးဝမကြားဖူးသလိုလူနှင့်လည်း တွေ့ဖူးခြင်း မရှိပါစေနှင့်။ ထိုကလေးသည် တောနက်ထဲမှ ကျေးငှက်တိရိစ္ဆာန်တို့နှင့်သာလျှင် အကျွမ်းတဝင်ရှိပြီး ကြီးပြင်းလာခဲ့ရပါသော်၊ တိရိစ္ဆာန်များပြောကြားသည့် စကားကို တတ်သိနားလည်ပြီး ဖြစ်ပါလိမ့်မည်တဲ့။ ဤသည်ပင်လျှင် မာဂတစကားကို တတ်ကျွမ်း နားလည်ခြင်းဖြစ်ပါသတည်း။

## ငှက်တစ္ဆေ

လူနှင့်အနေနီးကြသော ကြောင်များ ခွေးများ ကျွဲနွားမြင်းများတို့သည် သခင်ပြောသော စကားကို နားလည်သဘောပေါက်ကြောင်း ကျွန်တော်တို့ သိရှိရပါသည်။ ခြေလေးချောင်းသတ္တဝါများကို မဆိုထားပါနှင့်။ အိမ်မွေးငှက်ကလေးများဖြစ်ကြသော ခိုများ ကြက်များ ဘဲငန်းများတို့သည်လည်း သခင်စကားကို နားလည်တတ်ကြသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သူတို့အား ပေးထားသော နာမည်ကို မှတ်သိကြသည်။ ခေါ်လိုက်လျှင် လာပါသည်။ ငေါက်ငမ်းမောင်းနှင်လိုက်လျှင် ဝေးဝေးသို့ ရှဲခွာသွားကြသည်။ အိမ်မွေးငှက်များမှသာလျှင်မဟုတ်။ အိမ်ခြံဝင်းတွင်း ပက်ကျွေးထားသော ပြောင်းတို့ ဆန်တို့ ဆန်ကွဲတို့ စပါးစေ့တို့ကို အမြဲလာကောက်စားလေ့ရှိသော စာကလေးကျေးငှက်တို့ပင်လျှင် လူ့စကားတို့ကို သိကျွမ်းနားလည်ကြသည်။ စကားလုံးကို လူကဲ့သို့ တိတိကျကျနားမလည်သည့်တိုင်အောင် လူ့အသံ ဟန်အမူအရာကို အကဲ ခတ်တတ်ကြသည်ဟုဆိုရပါမည်။ ဤသည်ကား ဖြစ်ရိုးဖြစ်စဉ်မို့ အထူးအဆန်းမဟုတ်ပါပေ။

ထူးဆန်းသည်ကား လူစကားပြောသောငှက်၊ လူကို အိပ်ရာနှိုးသော ငှက်၊ လူကိုပင်မေးခွန်းများပြန်လည်၍ မေးမြန်းတတ်သောငှက်သည် လူလောက၌ ရှိသည်ဟု ပြောရသော် စာဖတ်သူတို့ ယုံကြည်နိုင်ပါ့မလား။ တစ်ဦးနှင့်တစ်ဦး ဖြစ်နိုင်သည်၊ မဖြစ်နိုင်ဘူး မည်သို့သော ဝိဝါဒကွဲပြား ကြသည်ဖြစ်စေ၊ ထိုငှက် အဆန်းသည် အမှန်တကယ်ရှိသည်ဟု ကျွန်တော် ပြောရပါလိမ့်မည်။ ပို၍ထူးဆန်းလှသည်ကား ငှက်၏အသံ၊ ငှက်၏ ဟန်ပန်တို့ဖြင့် လူ့စကားကို လူတစ်ဦးကဲ့သို့ ပြုမူပြောဆိုပါသည်ဆိုသော် ငြားလည်း၊ ထိုငှက်ကိုမျက်စိနှင့် သေချာတပ်အပ်တွေ့မြင်ဖူးရခြင်းမရှိခဲ့ပါဟု ကာယကံရှင် ကျွန်တော့်မိတ်ဆွေ ကိုဝင်းရွှေက ပြောကြားလာသောအခါ မည်သို့ကောက်ချက်ဆွဲရပါအံ့နည်း။ ကျွန်တော်ကတော့ "ကိုဝင်းရွှေ၏ ငှက်တစ္ဆေ" ဟု နာမည်ကင်ပွန်းတက်လိုက်ရပါတော့သည်။

ကိုဝင်းရွှေမှာ ငယ်ငယ်တုန်းကစ၍ ကျွန်တော့်အိမ်အနီး၌ နေထိုင် ကြီးပြင်းသွားသူ ကျွန်တော်၏ငယ်မိတ်ဆွေတစ်ဦးဟု ပြောရပါလိမ့်မည်။

www.burmeseclassic.com



အရွယ်မတူ အတန်းမတူ၊ ကျောင်းမတူကြသည့်အတွက် ငယ်သူငယ်ချင်း တော့ မဖြစ် လိုက်ရပါ။ ကျွန်တော့်ထက်ဆယ်နှစ်ကျော်ကျော်၊ ၁၅-နှစ် ၁၆ နှစ်ခန့် ငယ်မည်မှာ သေချာပါသည်။ သူ့အစ်ကိုတစ်ဦးဖြစ်သူ ဓာတ်ပုံကိုသန်းဝေဆိုလျှင် ကျွန်တော့်ထက်တစ်နှစ်ကျော်ကျော်ခန့်ကြီးသည့် ကျွန်တော့ငယ်ပေါင်းမိတ်ဆွေဖြစ်ခဲ့သောကြောင့်ပါ။ ကိုဝင်းရွှေသည်လည်း သူ့အစ်ကို ကိုသန်းဝေ၏ခြေရာကို ကောင်းကောင်းလိုက်နင်းနိုင်ပါသည်။ ဓာတ်ပုံရိုက်သည်။ ပန်းချီဆွဲသည်။ ကာတွန်းရေးသည်။ အနုပညာ ဆိုသည်ကား အသွေးထဲအသားထဲကပါလာမှ ဖြစ်ထွန်းနိုင်ပါသောကြောင့် မိဘမျိုးရိုးထဲကကို ပါလာခဲ့ကြသူချည်းများ ဖြစ်သည်ဟု ဆိုရသော် မှားနိုင်အံ့မထင်ပါ။ ဓာတ်ပုံ ကိုသန်းဝေက ဆုကြီးဆုငယ်တွေ အမြဲလိုလို ဆွတ်ခူးရရှိသလို ကိုဝင်းရွှေလည်း ဆုတွေ ချိတ်စမြဲ ဖြစ်ပါသည်။

ကျွန်တော်လိုလျှင် ကိုဝင်းရွှေတစ်ယောက် မညည်းမညူလာရောက် ကူညီဆောင်ရွက် ပေးစမြဲဖြစ်သည်။ အထူးသဖြင့် ဘာသာရေးနှင့် ပတ်သက်သော အလှူကိစ္စ၊ တရားစခန်းကိစ္စ၊ ဘုန်းကြီးပင့်ဆောင်ရေးကိစ္စ၊ တရားပွဲကိစ္စ၊ ဘုရားပွဲကိစ္စတို့၌ ကိုဝင်းရွှေသည် တာဝန်ထက် ငွေရေး ကြေးရေးထက်၊ စေတနာ သဒ္ဓါတရားရှေ့ကထားပြီး အပင်ပန်းခံ ကုသိုလ်ပါဝင် ရယူစမြဲပါ။ ကျွန်တော့်ဆေးခန်းသို့လည်း လမ်းကြုံသလို ဝင်ရောက်နားခိုရင်း တရားစကား ဆွေးနွေးဖလှယ်လေ့ရှိသည်။ သူကိုယ်၌ ကလည်း ဘုရား၊ တရားကြည်ညို၍ တတ်စွမ်းသမျှ တရားတော်က ဆုံးမ သည့်အတိုင်း လိုက်နာကျင့်သုံးနေသူ တစ်ဦးဖြစ်ပါသည်။ ဘာသာရေး ကိစ္စ၊ လူမှုရေးကိစ္စတို့နှင့်ပတ်သက်လာလျှင် နံနက် ဘယ်လောက်စောစော

www.burmeseclassic.com



ထရသည်ဖြစ်စေ၊ ငြင်းဆိုလေ့မရှိတတ်ပါ။ အချိန်မီရောက်ရှိအောင် ကြိုးစားပမ်းစား လာလေ့ရှိ၏။ ညအိပ်ညနေ လိုအပ် လာပြီဆိုလျှင်လည်း အိမ်ပြန်မအိပ်စက်စတမ်းဆွဲထား၍ရပါသည်။ ဤမျှဆိုလျှင် သူ့ဘာသာသွေး အဆင့်ကို ရိပ်စားမိလောက်ပါပေပြီ။

"ဆရာရေ့။ ကျွန်တော်ကတော့ မနက်ဘယ် အချိန် ထရမယ် ဖြစ်ပါစေ၊ နှိုးစက်နာရီမလိုဘူးဗျ"

"ဟာ---တယ်ဟုတ်ပါလား။ ကိုဝင်းရွှေက အော်တိုစဂျက်ရှင်း ရတယ်နဲ့ တူတယ်"

"အော်တိုစဂျက်ရှင်းဆိုတာဘာလဲဆရာ"

"မနက်လေးနာရီငါနိုးရမယ်လို့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး အမိန့်ပေး စိတ်ညှို့ထားလိုက်တာကို ပြောတာ"

"အဲဒီလိုတော့ မဟုတ်ရပါဘူး ဆရာရယ်။ ကျွန်တော်သွားစရာရှိရင်၊ ဟော့-မနက် ၄ နာရီသွားစရာရှိတယ်ကွလို့ ပြောထားလိုက်ရုံပဲ။ မနက် ၃ နာရီခွဲလောက်ဆို "ဝင်းရွှေထတော့ ဝင်းရွှေထတော့" လို့ ငှက်က နှိုးတယ်ဆရာ"

"မင်းမွေးထားတာလား။ ဘာငှက်မျိုးလဲကွ"

"မွေးထားတာတော့မဟုတ်ပါဘူး။ ဘာငှက်မျိုးဆိုတာကိုလည်း မမြင်ဖူးလို့ မသိဘူးဆရာရယ်။ ဆန်းတော့ဆန်းတယ်။ ကျွန်တော့်အလို ဆန္ဒကို သူကဖြည့်ပေးနေသလိုပါပဲ။ ကျွန်တော်ကတော့ ပရလောကသား တစ်ဦးဦးလို့ ထင်တာပဲ"

"ဟေ---မင်းဟာက ငှက်တစ္ဆေဖြစ်နေပါဦးမယ်ကွာ"

www.burmeseclassic.com



**ကျေးစေတမန်**

ရှေးခေတ်က သွန်သင်လေ့ကျင့်ထားသော ကျေးလိမ္မာများမှတစ်ဆင့် သတင်းစကားကိုပါးသည်။ မဟောသဓဇာတ်တော်တွင် ကြည့်ပါ။ ရွှေကျေးမှတစ်ဆင့် လျှို့ဝှက်သတင်းကို ပေးပို့နိုင်ခဲ့၍ ဘုရားအလောင်းတော် ပညာရှိသုခမိန် မဟောသဓ၏ လုပ်ရည်ကိုင်ရည် အကြံအစည်တို့ အောင်မြင် ပြီးမြောက်ခဲ့ရပါ၏။ သမီးရည်စားကြားတွင် ကျေးစေတမန်ဖြင့် အောင်သွယ်မှု ကိစ္စပြီးစီးနိုင်ကြသည်။ နိုင်ငံ့အရေးတွင်လည်း ရွှေကျေး၏ အကူအညီဖြင့်ထောက်လှမ်းခိုင်း ထားသော တစ်ဖက်နိုင်ငံအကြောင်းများကို ကြိုတင်သိရှိနိုင်၏။ နောင်သောအခါ ကျေး (ကြက်တူရွေး) အစား ခိုများကို လေ့ကျင့်စေခိုင်းခဲ့ကြ၏။ ရွှေကျေးကတော့ မှာကြားလိုက်သည့် စကားကို ပြန်ပြောပြနိုင်သည့် အချက်၌ အားသာ၏။ ခိုများမှာတော့ ခြေတွင်ရစ်ပတ်ပေးလိုက်သော လျှို့ဝှက် သတင်းပါစာရွက် စသည်တို့ကို လိုရာခရီးသို့အရောက် သယ်ယူ ပို့ဆောင် ပေးသည်။ ခေတ်မီသိပ္ပံနည်း စနစ်ထက် ကောင်းပါသေးသည်။ မသူတော် တို့၏ ကြားဖြတ်သတင်း ခိုးယူခြင်းဘေးအန္တရာယ် မရှိနိုင်သော ကြောင့်ပါ။

ကိုဝင်းရွှေ၏ အိပ်ရာနှိုးပေးဖော်ရသောငှက်သည် မည်သည့်အမျိုး အနွယ်ဖြစ်သည်ကိုတော့ ကျွန်တော်မသိရပေ။ သူ့မိသားစုတို့ကော သိကြပါသလားဟု မေးရလျှင် သူတို့လည်း မမြင်ဖူး၍၊ ဘာငှက်ဟူ၍ အတိအကျ မသိစွမ်းနိုင်ကြပါ။ သူတို့မိသားစုနှင့် ရှေးအတိတ်က ပဋ္ဌာန်းဆက်ရှိလေသော ပရလောကသား တစ်ဦးဦးက ကူညီစောင့်ရှောက် သောအားဖြင့် ငှက်မှတစ်ဆင့် သတင်းစကားပါးလေသည်လား။ သို့တည်း

BURMESE CLASSIC .com

www.burmeseclassic.com



မဟုတ် ထိုအကြောင်းဆက်ရှိလေသူ ပရလောကသားကိုယ်၌ ကပင်ငှက်ကလေးဟန်ပန်၊ ငှက်ကလေးပုံသဏ္ဌာန်၊ ငှက်ကလေးအသံဖြင့် ကူညီစောင့်ရှောက်နေလေရော့သလား။ တစ်ခုခုတော့ ဖြစ်နိုင်ပါလိမ့်မည်။ တစ်မျိုးတစ်ဖုံအားဖြင့် တစ်နည်းတစ်လမ်း ကျွန်တော်တွေးတောမိသည်မှာ ဘဝဆက်နီးလှသော၊ တကယ့်ငှက်ကလေးကပင်လျှင် သံယောဇဉ်ဖြင့် လာရောက်အဖော်ပြု ကူညီနေလေခြင်းများလား။ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ငှက်ကလေးကိုတော့ သူတို့မမြင်မတွေ့ဖူးသည်မှာ ဆန်းနေ၏။ ထိုငှက်ကလေးသည် တမလွန်ဘဝရောက် ဆွေမျိုးသားချင်း မိတ်ဆွေရင်း တစ်ဦးဦး၏ ကျေးစေတမန်များလေလားဟု စဉ်းစားမိပါသည်။

တစ်ဦးစေတနာ တစ်ဦးမေတ္တာဆိုသလို အသွားအပြန်ဆက်သွယ်မှု ရှိတတ်ကြစမြဲပါ။ စိတ်ချင်းဆက်သွယ်မှုက ပိုမိုလျင်မြန် ထိရောက်တတ်ပါသည်။ တိရစ္ဆာန်နှင့်လူ သို့မဟုတ် ပရလောကသားနှင့်လူ၊ သို့တည်းမဟုတ် လူနှင့်လူအချင်းချင်းစိတ်ထားဖြင့် ရိုက်ခတ် ဆက်သွယ်မှုတို့ဆိုသည်ကား လူ့လောက၌ အမှန်ပင်ရှိပါကြောင်းကို ကြုံတွေ့ဖူးသူတို့သာလျှင် ယုံကြည်ကြပါလိမ့်မည်။ အဟိတ်တိရစ္ဆာန်များ အပေါ်၌ မဆိုထားနှင့်၊ လူနှင့်လူချင်းတို့ အပေါ်သော်မှ မေတ္တာစိတ်၊စေတနာစိတ်မထားရှိနိုင်ကြသူတို့အဖို့ စိတ်ချင်း ဆက်သွယ်မှုဆိုသည့်ကိစ္စကို ယုံတမ်းစကားဟု သာ ထင်မြင်ယူဆကြမည်မှာ သေချာပေါက်ဖြစ်၏။ စေတနာဖြူစင်ပြီး မေတ္တာစိတ်ပြည့်ဝပါလျှင် လောက၌ မကြားဖူး မတွေ့ဖူးသည့် တိရစ္ဆာန်အတော်များများတို့ ဖြစ်ပျက်တွေ့ကြုံနိုင်သည်ကို ယုံကြည်ပါ။ ထူးဆန်းသည့် ငှက်တိရစ္ဆာန် အတွေ့အကြုံကို ကာယကံရှင် ကိုဝင်းရွှေကိုယ်တိုင် ပြောပြသည်ကို ဆက်လက်ဖတ်ရှုကြည့်ပါဦး။

BURMESE CLASSIC .com

www.burmeseclassic.com



**ရွှေသူဌေးကုန်း**

ကျွန်တော့်အသက်ကို သိချင်လို့လားဆရာ။ အခု ၃၇ နှစ်ရှိပါပြီ။ အိမ်ထောင်ကျပြီးတဲ့နောက် အခုနေတဲ့တောင်ကုန်းပေါ်က အိမ်ကို ပြောင်းရွှေ့ခဲ့တာ ၁၂-နှစ် ရှိသွားပြီဆရာ။ အချိန်တွေများ တရွေ့ရွေ့နဲ့ ကုန်လွယ်လိုက်တာဗျာ။ သမီးလေးတောင် ငါးတန်းဖြေထားပြီးပြီ။ ကျွန်တော်နေတဲ့ တောင်ကုန်းနေရာ ကို ရှေးတုန်းက ရွှေသူဌေးကုန်းလို့ ခေါ်ပါသတဲ့။ အခုလက်ရှိတော့ဟံသာဦး (တောင်) ရပ်ကွက်ထဲ ပါသွားတယ်။ကျွန်တော့်အဖေ ပြောပြတာကတော့ အင်္ဂလိပ်ခေတ်တုန်းက အင်္ဂလိပ် ရွှေသူဌေးကြီး တစ်ဦးဟာ အုတ်နီခဲနဲ့ နှစ်ထပ်အိမ်ကြီး ဆောက်နေပါတယ်။ ခြံဝင်းကြီးကတော့ ကျယ်သလားမပြောနဲ့။ တောင်ကုန်းတစ်ကုန်းလုံးကို အပိုင်စီးထားတာကိုး။ အင်္ဂလိပ်တွေများ သူတို့ ရောက်ရာအရပ်မှာ သူတို့တိုင်း၊ သူတို့ဌာနီက သစ်ပင်ပန်းပင်တွေကို မျိုး ယူလာပြီး စိုက်လေ့ရှိတယ်။ တောင်ကြီးမြို့ဟာ နယ်ချဲ့အရာရှိတွေ တည်ခဲ့တဲ့ တောင်စခန်းမြို့ မဟုတ်လား။ ဒီတော့ စတော်ဘယ်ရီတို့ နှင်းဆီတို့၊ ယူကလစ်ပင်တို့၊ ဝက်သစ်ချပင်တို့ပါ နယ်ချဲ့တဲ့အရပ်ဒေသ ဖြစ်နေရတာပေါ့။ ဒါကြောင့် ရွှေသူဌေးရဲ့ တိုက်အနောက်ဘက်မှာ ယူကလစ်ပင် အကြီးကြီး တစ်ပင် ရှိလေရဲ့။ ကျန်တာကတော့ ထင်းရှူးပင်တွေချည်းပါပဲ။ ထင်းရှူးကုန်းလို့လည်း ခေါ်ကြသေးတယ် ဆိုပဲဗျာ။

နောင်တော့ ရွှေသူဌေးဆီက သီပေါစော်ဘွားကြီး ဝယ်ယူလိုက်တယ်တဲ့။ မွမ်းမံပြင်ဆင်ပြီး သီပေါဟော်နန်းရယ်လို့ ခံ့ခံ့ထည်ထည်

BURMESE CLASSIC .com

www.burmeseclassic.com



နေခဲ့ကြတယ်။ အင်္ဂလိပ်ရွှေသူဌေး ဆောက်ခဲ့တဲ့ အဆောက်အဦမို့ အင်္ဂလိပ်လက်ရာ ဖြစ်နေတာပေ့ါ။ အိမ်လယ်ခန်းကနေ မီးခိုးခေါင်းတိုင်ကြီးက အမိုးကိုဖောက်ပြီး ထွက်သွားတာ အင်္ဂလိပ်ဒီဇိုင်းလေ။ ရှေးကသိပ်အေးတယ်တဲ့။ ဆောင်းလယ်ဆိုရင် တောင်ကြီးမြို့ဟာ ပဲဆီလည်းခဲတယ်။ ရေလည်းခဲတယ်။ ဒါကြောင့် အနွေးဓာတ်ရအောင် အိမ်လယ်မှာ ထင်းမီးဖိုနဲ့ အနွေးဓာတ်ရယူကြတယ်။ အိမ်လယ်ခန်းမှ မဟုတ်ပါဘူး။ အိမ်ခန်းထဲမှာပါ မီးဖိုထည့်ထားကြရတယ်တဲ့ဆရာ။ ပြီးတော့ အုတ်နီခဲနဲ့ ဆောက်ပြီး အုတ်ခဲအရောင်ပဲ ရှိစေတဲ့ အဆောက်အဦမျိုးဟာ ၁၉-ရာစုနှစ်နှောင်းပိုင်းနဲ့ ၂၀-ရာစုနှစ်ဦးပိုင်း၊ ဝိတိုရိယခေတ်ရဲ့ သင်္ကေတမဟုတ်လား။ ရန်ကုန်မြို့၊ တရားရုံးချုပ်အဆောက်အဦတို့၊ ပြည်သူ့ ဆေးရုံကြီး အဆောက်အဦတို့ လိုပေ့ါဗျာ။ ဟော်ဆိုရင် မြန်မာ့ရိုးရာဗိသုကာ လက်ရာမျိုးဖြစ်ရမယ့်အစား၊ သီပေါစော်ဘွားကြီး ခေတ်မီလှချည့်လားလို့ အကြောင်းမသိခင်က ကျွန်တော်ပြောမိပါသေးတယ်။

ရွှေသူဌေးရဲ့ တိုက်တစ်ဖြစ်လဲ သီပေါဟော်တည်ရှိတဲ့ ရွှေသူဌေးကုန်းရဲ့ တောင်ဘက် ချိုင့်ဝှမ်းလေးထဲမှာတော့ ရေထွက်တစ်ခုရှိတယ်။ နီးနီး နားနားမှာရေအလျှံအပယ် ရရှိနိုင်တဲ့ ရေထွက်ရှိတဲ့အတွက်ကုန်းပေါ်မှာ တိုက်ဆောက်ပြီး နေထိုင်ခဲ့တာကိုး။ ကုန်းပေါ်ကနေကြည့်လိုက်ရင် ရှေ့တစ်မျှော်တစ်ခေါ် တောအထပ်ထပ် တောင်အသွယ်သွယ် လျှိုမြောင် ချိုင့်ဝှမ်းတွေနဲ့ ရှုခင်းတွေဟာ မျက်စိပသာဒရှိလှတယ်။ မြူနှင်းတွေဝေနေတဲ့အခါ ပိုပြီးလှတယ်ဆရာ။ ညဆိုရင်လည်း မြို့တွင်းမှာ လျှပ်စစ်မီးရောင်တွေ ပြောက်တိပြောက်ကျားဝင်းလက်လို့နေတယ်။

BURMESE CLASSIC .com

www.burmeseclassic.com



မကြာခင် နှစ်ပိုင်းကမှ ဘုရားတည် အပြီးသတ်သွားတဲ့ စူဠာမုနိစေတီတော် မြတ်ကြီးကို စလိုက်မီးတွေနဲ့ ဝင်းထိန်နေအောင် မီးမောင်းထိုးထားတာ အင်မတန်မှ ကြည်ညိုဖွယ်ရာ ဖူးတွေ့နိုင်ပါတယ်။ ဆရာတစ်ညလောက် ကျွန်တော်တို့ဆီ လာလည်ပါဦး။

ကျွန်တော်တို့ကုန်းက ရွှေသူဌေးကုန်းရပ်ကွက်ထဲ မပါတော့ဘူး။ ဟံသာဦး (တောင်) ရက်ကွက်ထဲ ပါသွားခဲ့ပြီ။ စောစောကပြောတဲ့ ရေတွင်းရဲ့တောင်ဘက် ကစပြီး ရွှေသူဌေးကုန်းရပ်ကွက်ဖြစ်ပါတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက တံတားမည်းရွာဆိုတာ ဆရာကြားဖူးမှာပေါ့။ အခုမြို့ပတ်ကား မှတ်တိုင် အိမ်ဆိုင်ဆိုတဲ့ နေရာရဲ့ တောင်ဘက်နားမှာ ရှေ့ကတံတားမည်းကြီး ရှိပါသတဲ့။ အဲဒါကို အစွဲပြုပြီး ရွာကိုလည်း တံတားမည်းရွာလို့ ခေါ်ကြတာပါ။ ရှေးကခြံစိုက်တယ်။ ပြောင်းဖူးဖက် အစီခံလုံးတယ်။ အစီခံဆိုတာ ဆေးပေ့ါလိပ်ရဲ့ ဖင်ပိတ်ကိုပြောတာလေ။ တစ်ရွာလုံး တောင်သူတွေနေခဲ့ကြတာ။ ပအိုဝ့်လူမျိုးကို ရှေးက ဂုဏ်ပြုတဲ့အနေနဲ့ တောင်သူ၊ ဒေသခံထွက်နဲ့ဆိုရင်တော့ "တောင်ဆူ" လို့ ခေါ်ခဲ့ကြတာ ဆရာလည်း သိပြီးသားပါဗျာ။ မြို့နဲ့အလှမ်းဝေးပြီး ချောင်လည်းကျ၊ ခေါင်လည်းခေါင်တဲ့နေရာပေ့ါ။ ခုတော့ တောင်ကြီး တက္ကသိုလ်နဲ့ ဂေါက်(ဖ်)ကွင်းတို့ ဖြစ်ပေါ်လာပြီးတဲ့နောက်၊ မြို့ပတ် လမ်းမကြီး ဖောက်လိုက်တဲ့အခါ၊ ခြံကွက်တွေ အိမ်ကွက်တွေ ဈေးခေါင် ခိုက်ခဲ့ပြီ။ တကယ့်ရွှေသူဌေးကုန်း ဖြစ်သွားခဲ့ပါပြီ။

www.burmeseclassic.com



**ဆန်းတဲ့အတွေ့**

လွန်ခဲ့တဲ့ ၁၂-နှစ် ကျွန်တော်တို့ ပြောင်းစတုန်းက အခုလို ဘယ်စည်ကားသေးမလဲဆရာ။ မြေကွက်လေးကို ဈေးပေါပေါနဲ့ရတော့ အဖေက နေဖြစ်ရုံအိမ်လေး တစ်လုံးဆောက်ထားခဲ့တယ်။ တောင်ဘက်မှာ သီပေါဟော်၊ မြောက်ဘက်မှာက ရဲတိုက်လို့ခေါ်နေကြတဲ့ ကျောက်တိုက်ကြီးရှိတယ်။ ကျွန်တော်တို့ လူနေအိမ်ကွက်တွေက အဲဒီအထင်ကရ အဆောက်အဦ နှစ်လုံးရဲ့ ကြားမှာ ရှိပါတယ်။ ဆရာက ရဲတိုက်ကို မကြားဖူးဘူးလား။ ဘယ်ကြားဖူးပါ့မလဲ။ တကယ့်ရဲတိုက် မဟုတ်ပါဘူး ဆရာ။ တစ္ဆေသရဲ ခြောက်တတ်လွန်းလို့ ရဲတိုက်လို့ နာမည်တွင် သွားခဲ့တာပါ။ ကမ္ဘာကျောက်တွေနဲ့ ထုဆစ်ပြီးစီဆောက်ထားတဲ့ ရှေးနှစ်ထပ် ကျောက်တိုက်ကြီးပါ။ ကျောက်တိုက် ဆိုတဲ့အတိုင်းပဲ ကြောက်လန့်စရာ တော့ အတော်ကောင်းတယ်။ အခြောက် အလှန့် ကြမ်းလွန်းလို့ပါဆရာ။ အဲဒီကျောက်တိုက်ကြီးနားမှာ အလွန်ကြီးမားလှတဲ့ ဝက်သစ်ချပင်ကြီး တစ်ပင်ရှိလေရဲ့။ တောထဲမှာ အကြီးဆုံး အမြင့်ဆုံး သစ်ပင်ကြီးကို တောစိုးသစ်ပင်လို့ ခေါ်တယ် မဟုတ်လား။ အခုလည်း စောစောက ပြောပြခဲ့တဲ့ သီပေါဟော်နောက်က ယူကလစ်ပင်ကြီးရယ် ကျောက်တိုက် နားက ဝက်သစ်ချပင်ကြီးရယ်တို့ဟာ ရွှေသူဌေးကုန်းစိုး သစ်ပင်ကြီးတွေ အဖြစ် ထီးထီးမားမား အထင်အရှား ကြီးတွေပါ။ အဝေးကကို မြင်နိုင် တယ်ဗျာ။

ဟိုတုန်းက လျှပ်စစ်မီးလည်းမရှိ၊ လူနေအိမ်ခြေလည်း ကျဲ တောက်တောက် ဆိုတော့ ညဥ့်မိုးချုပ်ရင် အိမ်ထဲဝင်နေကြတော့တာ။

BURMESE CLASSIC .com

www.burmeseclassic.com



မြို့ထဲကအပြန် နောက်ကျ လွန်းမယ်ဆိုရင် တစ်လမ်းလုံး ကိုယ်တစ်ယောက်တည်းပဲ။ ကျွန်တော်ဆို သိပ်ညဥ့်နက်ရင် မြို့ထဲက အိမ်တစ်အိမ်မှာဝင်အိပ်နေလိုက်တယ်။ ရုပ်ရှင်ကြည့်ချင်ရင်လည်းမြို့ထဲမှာပဲ အိပ်ရပါတော့တယ်။ အိမ်မှာက ပျင်းစရာကောင်းတော့ ရုပ်ရှင်ကြည့်ချင်လှပေမယ့် အပြန်ခက်လို့ ရုပ်ရှင်ငတ်တာပေါ့။ စောစောအိပ်ရာဝင်တော့လဲ စောစောနိုးပြန်ရော။ အဲဒီမှာ ညဥ့်ငှက်တွေရဲ့ လှုပ်ရှားမှုကို အိပ်ရာထဲကနေ သတိထားရင်း လေ့လာသိရှိရတော့တယ်။ ဇီးကွက်တို့ တစ်တီတူးတို့ ဆိုတာ သူတို့ဂုဏ်ကိုသူတို့ဖော်ပြီး အော်ကြတာကိုးနော်။ သစ်တောက်ငှက်ကတော့ တစ်ချိန်လုံး မနားတမ်း တစ်တောက်တောက် တစ်တောက်တောက်နဲ့ ကိုနေတာ။ ရှမ်းကတော့ သစ်တောက်ငှက်ကို ပန်းတိမ်ငှက်လို့ ခေါ်တယ် ဆရာ။ နွေဦးရောက်တော့မယ် ဆိုရင် အလည်လာနေကျ ကိုရွှေဥသြကလည်း ဥသြ --- ဥသြ --- လို့ မနက်စောစောမှာ ချွဲချွဲလေး ဆွဲတွန်လိုက်ရင် "ခွန်ဆမ်လော - ခွန်ဆမ်လော --" လို့ နားထဲကကြားမိပြီး 'မောင်ရင်ဆိုင်းထမ်း' ကြယ်စုကို သရုပ်ဖော်တဲ့ ရှမ်းပုံပြင်ကို သတိရမိပါတော့တယ်။

နွေရက်တွေမှာ ပုဇဉ်းရင်ကွဲသံက လွှမ်းမိုးလေ့ရှိပြီး မိုးရာသီမှာတော့ ပရစ်မြည်သံတွေ ကြီးစိုးနေတတ်တယ်။ ပရီ--ပရီ--ဆိုတဲ့ ပရစ်မြည်သံနဲ့၊ အုံးအင်-- အုံးအင် --ဆိုတဲ့ ဖားအော်သံတွေဟာ စည်းချက်ဝါးချက်ကိုကျလို့။ နားထောင်လို့ ကတော့ အကောင်းသားဗျ။ ဆောင်းရက်တွေများကျတော့ တေးဆိုငှက်တွေ ကျီကျီကျာကျာနဲ့မို့ ၁၂-လရာသီလုံးလုံး သူ့အလှည့်နဲ့သူ တာဝန်တွေ ကျေလိုက်ကြတာဆရာ လေ့လာမှုကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



ပိုသတိထားမိတာလား၊ တိုက်ဆိုင်မှု လေလားတော့ မသိဘူးဆရာ။ ရွှေသူဌေးကုန်းအိမ်ကို ရောက်လို့ ၂-နှစ်လည်း ကျော်လာရော လွမ်းလွမ်း ဆွတ်ဆွတ် တေးသီရင့်ကျူးတတ်တဲ့ တေးဆိုငှက်တစ်ကောင်ကို သတိထား မိလာတယ်။ သူ့ဆိုပုံလေးက တကယ့်လူသားတစ်ယောက် ခံစားချက်နဲ့ သီဆိုနေသလိုထင်ရတယ်။ သူ့ သံစဉ်လေးက နိမ့်ချည်မြင့်ချည် အလှည့် အပြောင်းလေးနဲ့ နားထောင်လို့ ကောင်းလိုက်တာဗျာ။ ငှက်တွေ တေးသီကောင်းတာ ချီးကျူးစရာပါပဲ။

တစ်မနက်မှာ ဓာတ်ပုံရိုက်ဖို့ ကျွန်တော်စောစောထရဖို့ ရှိနေတယ်။ ဆီဆိုင်မြို့က အလှူတစ်ပွဲကို တာဝန်ယူထားလို့ပါ။ တောမြို့ပွဲတွေက အချိန် စောတတ်တယ်။ ဒါကြောင့် မနက် ၃-နာရီခွဲလောက်ထရမယ်။ ဒါမှ လေးနာရီကျော်ကျော်မှာ ချိန်းတဲ့ကား လာကြိုရင် အဆင်သင့် ဖြစ်အောင်ပေါ့ ဆရာ။ ခြောက်နာရီလောက် ဆီဆိုင်အရောက်မှန်းတာကိုး။ အဲဒီမှာ နာရီနှိုးစက် မနှိုးခင် ကျွန်တော့်အိပ်ခန်း ခေါင်းရင်းကနေပြီး “ဝင်းရွှေထတော့ -- ဝင်းရွှေထတော့--” လို့ တစ်ယောက်ယောက်က လာနှိုးနေသလို ကြားရပြီး နိုးလာတယ်။ သူကဆက်တိုက်နှိုးနေတာဗျ။ ဘယ်သူ့အသံပါလိမ့်လို့အပြေး အလွှား စဉ်းစားလိုက်တာ အတွေးထဲပေါ်ကို ပေါ်မလာဘူး။ ဒီလိုအချိန်ကြီးမှာ ဘယ်သူက ကျွန်တော့်ကို လာနှိုးမှာတဲ့လဲ။ လူ့စကားလို ပီပီသသကြည်မြ နေလေတော့၊ တစ္ဆေခြောက်တာများလားလို့ ကျောချမ်းမိပါရဲ့။ တစ္ဆေစတဲ့မကောင်း ဆိုးဝါးကခေါ်လို့ထူးမိရင်လိပ်ပြာစဉ် တတ်တယ်။ သေတတ်တယ်လို့ လူကြီး တွေပြောဖူးတာ သတိရမိလို့ပါ။ သေသေချာချာနားထောင်လိုက်တော့ ငှက်အသံဝဲ နေလို့ ငှက်ကလေး နှိုးနေတာကိုးလို့ သဘောပေါက်ရတော့တယ်။

BURMESE CLASSIC .com

www.burmeseclassic.com



ငှက်သံဘယ်လိုဝဲသလဲ။ ဟုတ်လားဆရာ။ ဘယ်လိုရှင်းပြရပါ့။ အင်းသားတွေစကားပြောရင်မဝဲဘူးလား၊ ဗမာစကားပါပဲ။ ဒါပေမယ့် အင်းသားတွေ ပြောတော့ဝဲနေရောနော်။ နားလည်တာလည်းပါရဲ့။ နားမလည်တာလည်း ပါရဲ့၊ သံဖမ်းရိပ်ဖမ်းသိလိုက်နိုင် တယ်မဟုတ်လား ဆရာ။ ဒီလိုပါပဲ။ ငှက်သံဆိုတာကိုတော့ ကောင်းကောင်းကြီး သိနားလည် လိုက်ပါတယ်။ "အေး ငါထပါပြီကွ" လို့တုံ့ပြန်လိုက်တော့မှပဲကျွန်တော့် ကိုအိပ်ရာကနှိုးတဲ့ ငှက်သံက တိတ်သွားပါတော့တယ်။ ထူးဆန်းတဲ့အတွေ့ အကြုံတစ်ရပ်လို့စိတ်ထဲမှာ တေးမှတ်ထားလိုက် ရပါတော့တယ်ဆရာ။

## မိတ်ဆွေငှက်သံ

အဲဒီမနက်ကစလို့ ကျွန်တော်ဂရုစိုက်ပြီး နားထောင်ကြည့် ပါတယ်။ မနက်သုံးနာရီလေးနာရီ လောက်ဆိုရင် ခေါင်းရင်းဘက်ဆီမှာ ငှက်တစ်ကောင် လူးလာပျံသန်းနေဟန်၊ တောင်ပံခတ်နေဟန်တို့ကို ကြားသိနေရလေ့ရှိတယ်။ မျက်စိနဲ့ မမြင်ရပေမယ့် နားနဲ့ကြားရတဲ့ အာရုံအရ လှုပ်ရှားမှုတွေကို ပြေးပြီးမြင် နေမိတယ်ဆရာ။ အိပ်ရာက နှိုးတာကတော့ အမြဲတမ်းမဟုတ်ဘူးဗျ။ အရေးတကြီးကိစ္စနဲ့ စောစောထသွားရဖို့ ရှိတဲ့အခါမှာ ထူးထူးခြားခြားနှိုးလေ့ရှိတယ်။ နှိုးတဲ့အခါမှာလည်းသူ့ကို ပြန်မထူးရင်ဆက်မြည်နေ နှိုးနေတော့တာပဲ။ တုံ့ပြန်စကားတစ်ခုခုကို ပြောလိုက်ပြီးတော့မှပဲ ငြိမ်သက်သွားတတ်တယ်။ ဒါဟာထူးခြားချက် တစ်ရပ်လို့ဆိုရပါမယ်။

စကားသံကအိပ်ရာကနှိုးတာ တစ်မျိုးတည်းမဟုတ်ဘူးဆရာ။ တစ်ခါ တလေမေးခွန်းတွေပါလာတတ်သေးတယ်။ ဥပမာ "ဝင်းရွှေဘာလုပ်ဖို့လဲ။

www.burmeseclassic.com



ဝင်းရွှေဘာလုပ်ဖို့လဲ” တို့ “ဝင်းရွှေဘာလုပ်နေလဲ၊ ဝင်းရွှေ ဘာလုပ်နေလဲ”တို့ “ဝင်းရွှေဘာစားနေလဲ၊ ဝင်းရွှေဘာစား နေလဲ” တို့တွေပေါ့ဆရာ။ မဖြေမချင်းဆက်တိုက် ကြီးမေးနေတော့တာကိုး။ ဒီတော့ “ခာတ်ပုံရိုက်ဖို့” “ပုံဆွဲနေတယ်” “မုန့်စားနေတယ်” စသဖြင့် အဖြေတစ်ခုခုကိုတော့ ပေးလိုက်ရပါတယ်။ ဒါမှလည်း သူ့အသံက တိတ်သွားမှာကိုး။ တစ်ခါ တုန်းကစမ်းသပ်ကြည့်တဲ့သဘောနဲ့ကျွန်တော်ဘာမှမဖြေဘဲနေကြည့်တယ်။ ကြာတော့သူကဒေါသထွက် လာတယ်။ အသံက တိုတောင်းတောင်းနဲ့ စိတ်မရှည်တော့တဲ့ အသံမျိုးဖြစ် သွားတာ။ သနားတာနဲ့ အဖြေတစ်ခုခုကို အသံပြုလိုက်ရတယ်။ တုံ့ပြန်ဖြေကြား လိုက်တာနဲ့ချက်ချင်းရပ်သွားရောဗျ။ ဒီတော့အဖြေ တစ်ခုခုကို မရမချင်း မကျေနပ်တဲ့စိတ်နဲ့ ဆက်တိုက် မေးနေတော့တယ်ဆိုတာကို သဘောပေါက်လိုက်ရတယ်။

အခုဆို ကျွန်တော့်မိတ်ဆွေငှက်သံနဲ့ ကျွန်တော်ဆက်သွယ်ရင်းနှီးခဲ့တာ ဆယ်နှစ်ခန့်ရှိတော့မယ်။ ဒီအချိန်မှာ ကျွန်တော်တစ်ခု စဉ်းစားမိတယ်။ ငှက်တစ်ကောင်ရဲ့သက်တမ်းဟာ ဘယ်လောက်ကြာမြင့်တတ်ပါသလဲ ဆယ်နှစ်ဆိုရင် သေချိန်မတန်သေးဘူးလား။ ဒီတစ်ကောင်တည်းမဟုတ်ဘဲ အကျင့်တူ စရိုက်တူငှက်တွေရှိနေသလား။ ပြောသာပြောရ၊ အဲဒီငှက်ကို တစ်ခါမှလည်း မမြင်ဖူးတော့ အခက်သားဗျ။ သူ့ စကားပြောသံကြားလို့ အိမ်အပြင်ထွက်ကြည့်လိုက်ရင် ရှာလို့ကိုမရဘူး။ လက်နှိပ်ခာတ်မီးနဲ့ ထိုးကြည့်တာလည်း မတွေ့ရဘူးဆရာ။ တစ်ခါတလေကျတော့လည်း လေးငါးခြောက်လတောင်မှ အဆက်အသွယ်ပြတ်ချင်ပြတ်သွားတာ။ မေ့သလောက်ရှိတော့မှ တစ်ခါပြန်ပေါ်ချင်ပေါ်လာတတ်ပြန်ရော။ အထူး

www.burmeseclassic.com



သဖြင့် အရေးတကြီးကိစ္စရှိရင် သူနှိုးဖော်ရတယ်။ ဒါလည်း အံ့ဩစရာကောင်းတယ်လို့ ကျွန်တော်လက်ခံ ပါတယ်။ ဆရာပြောသလို “ကိုဝင်းရွှေ၏ငှက်တစ္ဆေ” ပဲဖြစ်နေလေမလား။ ကျွန်တော်ပြောပြရတာမောပြီ။ ကျွန်တော့် အမျိုးသမီးရဲ့ အတွေ့အကြုံလေး ကို ဆက်ပြီးနားထောင်လိုက်ပါဦးဆရာ။ ကဲ-မဝါ။ ညည်းဖိနပ်ကျန်ခဲ့တုန်းက အဖြစ်အပျက်ကလေးကို ပြောပြလိုက်ပါဦး။

**ဘာကျန်ခဲ့တုံး**

လွန်ခဲ့တဲ့ ၂-လလောက်တုန်းကပေါ့ဆရာ။ မဝါရဲ့အစ်ကိုကသားရှင်ပြု ပွဲအလှူပေးပါတယ်။ သူ့သားကတစ်ဦးတည်းသောသား။ သိမ်တောင်ပရိယတ္တိ စာသင်တိုက်မှာပါ။ နှစ်ဖက်ဆွေအုပ်မျိုးအုပ်ကြီးတဲ့အပြင် မိတ်ဆွေတွေသာမက အသိအကျွမ်းပါများလှတော့ပွဲကြီးပေါ့ရှင်။ ရှေ့တစ်ရက် ရှင်လောင်းလှည့်ဖို့ပွဲပြင်တဲ့ရက်မှာလည်း ကိုဝင်းရွှေကဓာတ်ပုံလိုက်ရိုက်ပေး၊ မဝါတို့ဆွေမျိုးတစ်စုလည်း ပွဲကူနဲ့မအားရမနားရပါဘူး။ ပွဲကြီးမနက် အရုဏ်ဆွမ်းကပ်မီအောင်ဆိုတော့ စောစောထကြတာပေါ့။ မဝါတို့မောမောနဲ့အိပ်ပျော်သွားတာ။ “မဝါထတော့၊ မဝါထတော့” လို့နှိုးဖော်ရတယ်။ ဒါလည်းဖြစ်ရိုးဖြစ်စဉ်ဆိုတော့ မထူးဆန်းလှပါဘူး။ မဝါတူလေးရှင်ပြုပွဲမို့ မဝါနာမည်နဲ့တပ်ပြီး နှိုးတာနေမှာပေါ့ဆရာ။ ညဥ့်ဦးပိုင်းကတည်းက အဝတ်အစားတွေ ပြင်ဆင်ထားပြီးတဲ့အတွက် အရန်သင့်လဲလှယ်ဝတ်ဆင်လိုက်ရုံပါပဲ။

www.burmeseclassic.com



ကြိုတဲ့ကားကကုန်းခြေရင်းမှာ စောင့်နေပါတယ်။ ကုန်းကမတ်စောက်တော့ တော်ရုံတန်ရုံကားတွေ မတက်ချင်ကြဘူးဆရာ။ အိမ်ကနေ ကုန်းခြေရင်း မြို့ပတ်လမ်းမကြီး ပေါ်ရောက်ဖို့ဆိုတာ အတော်လှမ်းသေးတာဆရာ သိပါတယ်။

ကြိုတဲ့ကားအကြာကြီး စောင့်နေရမှာစိုးတဲ့စိတ်နဲ့ မဝါတို့လည်း ကတိုက် ကရိုက်ကြီးဆင်းလာကြတာပေါ့။ ဟုတ်တယ်။ ကားကရောက်နှင့် နေပြီ။ ဒါနဲ့ မဝါတို့လည်း ကားပေါ် ရောက်။ ကားလည်းချက်ချင်း မောင်းထွက်လာကြတယ်။ ကူညီကုန်းလမ်းဆုံ၊ အခုချမ်းသာကုန်း လမ်းဆုံပေါ့ဆရာ။ အဲဒီမှာ တစ်ဦးဝင်ခေါ်တော့မှ မဝါဒေါက်ဖိနပ် ကျန်ရစ်ခဲ့တာ သိရတော့တယ်။ ဖိနပ်ကိုအိတ်နဲ့ အရန်သင့်ထုတ်ထား ပြီးသား။ တောင်ကုန်းအဆင်းမှာ ခြေထောက်နာမှာစိုးလို့ စီးမလာခဲ့တာ။ ပွဲရောက်မှဖိနပ်လဲ မယ်ပေါ့ဆရာ။ ကဲ-ဖိနပ်ကျန်တာပြန်ယူ ရတော့တာပေါ့။ ကူညီကုန်းလမ်းဆုံကနေ ပြန်လှည့်မောင်းလာတော့ တရုတ်ကွမ်ရင်ကျောင်း လွန်ရင် ဝါးပြားလမ်းဆုံ၊ အဲဒီကမှဆက်မောင်းလာတော့ သန္တိသုခကျောင်း၊ ပြီးတော့ပျားမွေးမြူရေးခြံရောက်တယ်။ ဒါဆို မဝါတို့အိမ်ကို တက်ရမယ့် ကုန်းမော့မော့လမ်းကိုရောက်ပြီ။ ကိုဝင်းရွှေ လိုက်မဆင်းလာဘူး။ ညည်းမေ့လို့အလုပ်ရှုပ်ရတာ၊ ညည်းလှချင်တော့ ညည်းပဲဆင်း ယူပေတော့ ဆိုတဲ့သဘောပေါ့လေ။

မဝါလည်း မပြေးရုံတမယ် အချိန်လုပြီး သုတ်ခြေတင်ရတာ၊ ရင်တောင် ဆို့ယူရတယ်။ မှောင်မှောင်မည်းမည်းတစ်ယောက်တည်းဆိုတော့ သွေးနည်းနည်းလန့်တာပေါ့ဆရာ။ မလန့်ဘဲဘယ်နေမလဲ။ တောက်ဘက်က

BURMESE CLASSIC .com

www.burmeseclassic.com



သီပေါစော်ဘွားဟော်၊ မြောက်ဘက်ကကျောက်တိုက်၊ ယူကလစ်ပင်မြင့်ကြီး ကမိုးထိုးလို့၊ ဝက်သစ်ချပင်ဆိုးကြီးက အုပ်အုပ်ဆိုင်းဆိုင်း၊ မကောင်းဆိုးဝါးကြီးတွေမားမားမတ်မတ်ရပ်ပြီး စောင့်ကြည့်နေကြသလိုလို။ ကျောက်တိုက်က နာမည်ကြီးဆရာရဲ့။ ရှေးတုန်းကကုလားရှေ့နေကြီး မစ္စတာအင်အယ်လ်ဘို့(စ်) ဆိုသူက ပိုင်တာတဲ့။ သူကနိုင်ငံခြားသား။ အိမ်စောင့်ကုလားမအဘွားကြီး ဆုံးပြီးတဲ့နောက် နိုင်ငံတော်က သိမ်းလိုက်တာတဲ့။ သီပေါဟော်ကိုလည်း ဒီလိုပဲသိမ်းလိုက်တာ။ လမ်းရိုးက အလုပ်သမားတွေနေစရာမရှိရင် ကျောက်တိုက်မှာ ခေတ္တခဏခိုလှုံကြတယ်။ တချို့လည်း သားသမီးတွေ မွေးလို့ သုံးလေးနှစ်ကြာအောင်နေသွားကြတာ၊ အနေအထိုင် ပက်စက် ကြတယ်။ ရေကလည်းရှားပါးတော့ ဝမ်းလျှောပြီးသေ တာတွေလည်းရှိရဲ့။ တစ္ဆေသရဲအခြောက်ကြမ်းတယ်လို့လည်းနာမည်ကြီး တယ်ဆရာ။

ဖိနပ်ယူချင်တဲ့ဇောတစ်ခုတည်းနဲ့ အိမ်ကိုသုတ်သုတ်အပြေးကလေး ချီတက်နေတုန်းမို့ ဟိုသည်တောင်မြောက် မျက်စိမကစားရဲပါဘူး။ ကြောက်စိတ်က ရှိနေတော့ပိုဆိုးတာပေါ့။ ဒါနဲ့အိမ်အနားရောက်ခါနီးမှာ "မဝါဘာကျန်ခဲ့တုံး၊ မဝါဘာကျန်ခဲ့တုန်း" လို့ ကိုဝင်းရွှေရဲ့ မိတ်ဆွေငှက်အသံကိုကြားရတော့တယ်။ မဝါလည်း ဂရုတစိုက်မဖြေမိပါဘူး။ အိမ်ထဲဝင်၊ အိမ်ခန်းကုတင်ခြေရင်းမှာချထားတဲ့ ဖိနပ်ထုတ်ကိုဆွဲယူပြီး ပြန်ထွက်လာခဲ့တယ်။ အရိပ်အယောက်လည်းမတွေ့ရ၊ ငှက်ကိုလည်း မတွေ့ရဘဲနဲ့မိတ်ဆွေငှက်သံက "မဝါဘာကျန်ခဲ့တုံး၊ မဝါဘာကျန်ခဲ့တုန်း" လို့ဆက်ပြီးမေးပြန်တယ်။ ကျောတစ်ချက်ချမ်းသွားတယ်။ လေစိမ်း

www.burmeseclassic.com



တစ်ချက် ဝေ့တိုက်လိုက်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့ဆရာ။ မဝါက ကြောက်စိတ် ရှိနေတော့ ပိုဆိုးသွားသလားမသိဘူး။ မှောင်မှောင် မည်းမည်းမှာ လက်နှိပ်ဓာတ်မီးကလည်း ပါမလာပြန်တော့ ရင်ထဲတုန် သွားတာ။ အိမ်ထဲမှာကြားရတာ မ ကြောက်ဘူး။ အခုတော့ကြောက်တယ်။ သတ္တိနည်းတယ်ပဲ ပြောပြောနော်။

"မဝါဘာကျန်ခဲ့တုံး၊ မဝါဘာကျန်ခဲ့တုန်း" ထပ်မေးလိုက်တော့ကြက် သီးတွေဖြန်းသွားလိုက်တာ၊ ခေါင်းဖျားခြေဆုံးပါပဲဆရာ။ သူလည်း စိတ်မရှည် တော့ဘူးနဲ့တူပါရဲ့။ "မဝါဘာကျန်ခဲ့တုံးလို့" "မဝါဘာကျန် ခဲ့တုံးလို့" လို့ လေသံကမာလာပြီ။ ဒီတော့မှသတိရပြီး "ဖိနပ်-ဖိနပ် ကျန်ခဲ့လို့" လို့တုံ့ပြန်အဖြေ ပေးလိုက်ရတော့တယ်။ ငှက်သံလည်းချက်ချင်း ပျောက်သွားပါလေရော။ မဝါ စဉ်းစားမိပါတယ်။ ငှက်သံရောဟုတ် ပါရဲ့လား။ ကိုဝင်းရွှေကငှက်သံပါလို့ စွဲပြီးပြောနေပေမယ့်၊ ပရလောက သားတစ်ဦးဦးများလား။ မဝါတော့ငှက်သံ ဆိုတာကို သံသယဖြစ်ချင် ချင်ရယ်"

**တွေးရခက်ကြီး**

ကိုဝင်းရွှေနှင့်မဝါဝါတို့အကြင် ဇနီးမောင်နှံတို့သည် ရတနာတော် မြတ် သုံးပါးအပေါ် ဝယ်ကြည်ညိုသဒ္ဓါတရား ရှိသည်ကို ကျွန်တော်သိရှိပြီး သားပါ။ စိတ်ကောင်းစေတနာကောင်းလည်းရှိသည်။ အလှူအတန်းလည်း ရက်ရောလှပါ၏။ သူတို့ဝင်ငွေအတိုင်းအတာနှင့် သူတို့တတ်စွမ်းနိုင် သမျှလှူဒါန်းလေ့ရှိ၏။ ကူညီစရာရှိလျှင်လည်း အစွမ်းကုန် ကူညီ

BURMESE CLASSIC .com

www.burmeseclassic.com



တတ်ကြသည်။ လိပ်ပြာလုံသည်ဟုပြော ရပါမည်။ သီလရှိသူ၊ စေတနာ စိတ်ရင်းဖြူသူတို့အား လူနတ်တို့ချစ်ကြည်ညို တတ်ကြပါသည်။ ပရလော ကသား ဆိုသည်တို့ကလည်း တစ်ဘဝသံသရာတွင် ကြုံဆုံခဲ့ဖူးသူတို့ ဖြစ်နေတတ်ကြရာသူ့အဆက်နှင့်သူ၊ သူ့အကြောင်းနှင့်သူ၊ ကူညီမစ စောင့်ရှောက်တတ်ကြပါသည်။ ဤအချက်ကို လေးလေးနက်နက် ထားပြီး ကျွန်တော်စဉ်းစားနေမိ၏။

ကျွန်တော်ကသာ ပျော်စေပျက်စေ ကလက်စေသဘောမျိုးနှင့် ငှက်တစ္ဆေဟု အလွယ်ပြောလိုက်ပါသော်လည်း အမှန်မှာ ကိုဝင်းရွှေ၊ မဝါဝါတို့မိသားစုအား စောင့်ရှောက်နေကြသော မမြင်စွမ်းနိုင်သည့် ပရလောကသား တစ်ဦးဦး ဖြစ်ဖို့ကအကြောင်းပိုရှိနိုင်၏။ ခြောက်လှန့် သည်ဆိုပါကယခုကဲ့သို့မိတ်ဆွေလို မေးမြန်းနေမည်မဟုတ်။ ကူညီပြီး အိပ်ရာနှိုးနေမည်မဟုတ်။ အထိတ်တလန့် ဖြစ်အောင် တစ်နည်းနည်းဖြင့် ကြမ်းပြမည်မှာသေချာပါသည်။ ခြောက်လှန့်နေတာတော့ မဖြစ်နိုင်ပါ။ ခြောက်လှန့်ခြင်းမဟုတ်ခဲ့ပါသော်၊ အမျှအတန်းတောင်းခံလာ ခြင်းလော။ အမျှအတန်းကုသိုလ်တောင်းခြင်းသည် ဤသို့သော ပုံစံမဟုတ် သောကြောင့် ကုသိုလ်အမျှတောင်းခြင်းလည်း မဟုတ်နိုင်တော့ပါ။

တစ်ချက်ပဲကျန်ရှိတော့၏။ ဘဝအဆက်နီး၍ ကိုဝင်းရွှေ၊ မဝါဝါတို့ မိသားစုအားစေတနာမေတ္တာအပြည့်အဝဖြင့်စောင့်ရှောက်နေခြင်းသာဖြစ်ပါ လိမ့်မည်။ တကယ့်ငှက်ဖြစ်ချင်လည်းဖြစ်မည်။ မဟုတ်ချင်လည်းမဟုတ်။ သေချာသည်ကတော့ ငှက်ဟန်ဖြင့်လာဆက်သွယ်ခြင်းပါဟု ကိုဝင်းရွှေ မှတ်ယူထားခြင်းကိုပါ။ စိတ်ကိုကြောက်လန့်အောင် ခြောက်လှန့်စေသော

www.burmeseclassic.com



အရာဟူသမျှ တစ္ဆေဟုဆိုပါသောကြောင့်၊ ကျွန်တော်ကင်ပွန်းတပ် နာမည်ပေးလိုက်သော "ငှက်တစ္ဆေ" ဆိုသည်မှာလည်းမမှားနိုင်တော့ပါ။ အကြောင်းမှာမဝါတစ်ယောက် ကြက်သီးထလောက်အောင် ချောက်ချား ကြောက်လန့် ခဲ့ရပေသောကြောင့် ကိုဝင်းရွှေ၏ ငှက်တစ္ဆေဟု ပြောဆို ခေါ်ဝေါ် နိုင်သည်မဟုတ်ပါလား။

v v v v v v v v v

BURMESE CLASSIC .com

www.burmeseclassic.com

# "ထူးဆန်းသောတစ္ဆေ"

**ကြောက်စိတ်မူလ**

မကောင်းဆိုးဝါး ပရလောကသားများ ဖြစ်ကြကုန်သော တစ္ဆေ သရဲ၊ပြိတ္တာ မှင်စာ၊ ဥစ္စာစောင့်၊ မြေဘုတ်ဘီလူး၊ ကျတ်စသည့် မကျွတ်မလွတ်သူများကို တွေ့ကြရတော့မည်ဆိုပါလျှင် ကြက်သီးမွေးညင်း ထခြင်း၊ ကျောချမ်းခြင်း၊ ခေါင်းနပမ်းကြီးခြင်း တို့ဖြစ်တတ်ကြသည်ကို လူပြောသူပြောများ လှပါသည်။ ကျွန်တော်ကိုယ်၌ကပင်လျှင်တောင်ကြီးမြို့ ကုန်းသာကျောင်း တောင်ဘက်ဝင်း အစပ်ရှိ ညောင်ပင်ကြီးအောက်တွင် ကြုံတွေ့ခဲ့ရသော ဘုန်းကြီးတစ္ဆေအကြောင်း ကို "တစ္ဆေတကယ်ရှိ-မရှိ" တွင်ရေးသားဖော်ပြရာ၌ ရှေးဦးလက္ခဏာများ ဖြစ်စေသည့် ကျောချမ်းကာ ကြက်သီး မွေးညင်းထခြင်း၊ ထို့နောက် ခေါင်းကြီး တဖြည်းဖြည်း ကြီးလာရာမှ ကိုယ့်ဦးခေါင်းကို ကိုယ်မနိုင်တော့သလိုလို၊ ထိုမှတဖန် ခေါင်းကြီး တဖြည်းဖြည်း ပြန်သေးလာရာမှ ဦးခေါင်း

BURMESE CLASSIC .com

www.burmeseclassic.com



လုံးဝပျောက် သွားပြီလားဟုထင်ရသလိုလို၊အတွေ့အကြုံအထူးအဆန်းကို သရုပ်ဖော်ရေးသား တင်ပြခဲ့ဖူးပါသည်။

ဤနေရာတွင် ကျွန်တော်တစ်ချက်တွေးဆမိပါ၏။ လူတိုင်း မကောင်း ဆိုးဝါးနှင့် တွေ့ကြုံကြတော့မည်ဆိုပါက အထက်ဖော်ပြပါ ရှေ့ပြေးလက္ခဏာ ထူးများ၊ အထူးသဖြင့်ကြက်သီးမွေးညင်းထခြင်း၊ ခေါင်းနပန်းကြီးခြင်းတို့ကို အမြဲတွေ့ကြုံရတတ်ပါသလား။ ထိုရှေ့ပြေး လက္ခဏာများကို ကြိုတင်မတွေ့ ကြုံဘဲနှင့် တစ္ဆေသရဲဆိုသော မကျွတ် မလွတ်သည့်ပြိတ္တာများနှင့် တွေ့တွေ့ဆိုင်ဆိုင် ရင်မဆိုင်ရတော့ပြီလော။ ကျွန်တော်လက်လှမ်းမီသရွေ့တစ္ဆေသရဲကို ဝါသနာပါ စိတ်ဝင်စားသူတွေ၊ မကောင်းဆိုးဝါး ပရလောကသားတို့နှင့် တွေ့ကြုံဖူးသော သူတွေကို ပြိတ္တာတစ္ဆေများနှင့် တွေ့အံ့ဆဲဆဲ ရှေ့ပြေးခံစားချက် အထူးအဆန်းများ အကြောင်း စုံစမ်းမေးမြန်းလေ့ရှိခဲ့ပါသည်။ ခေတ်စကားနှင့်ပြောရသော်ဗျူး (အင်တာဗျူး) ခဲ့ဖူး၏။ လူမျိုးကွဲသည်ဖြစ်စေ၊ ဘာသာခြားသည်ဖြစ်စေ၊ အားလုံးတညီတညွတ်တည်း တူညီသော အချက်တစ်ချက်သည်ကား၊ စိတ်ထဲဝယ် စနိုးစနောင့်ဖြစ်လျက် ရှေ့အဖို့၌ တစ်စုံတစ်ခုသော အန္တရာယ်ဆန်းကို ရင်ဆိုင်ရတော့မည်ဟု ကြိုတင်သိရှိနေခဲ့ခြင်း အချက် ဖြစ်ပါသည်။

စိတ်ထဲမှာမသိုးမသန့်ဖြစ်နေသောကြောင့် ပတ်ဝန်းကျင်ကို ဂရုပြု လေ့လာ ကြည့်မိတတ်ပါသည်။ ကြိုမသိနိုင်သော အန္တရာယ် တစ်ခုခုတော့ စောင့်ကြိုလင့် နေပြီဟုသော အတွေးကကြီးစိုး၍ စက္ကန့်ပိုင်း မိနစ်ပိုင်း အတွင်းမှာပုပ်နံ့ရခြင်း ဖြစ်ချင်ဖြစ်မည်၊ ချိုးချိုးချွတ်ချွတ် အသံဗလံ ကြားရခြင်းဖြစ်ချင် ဖြစ်မည်။ ဒါမှမဟုတ် ဖြူဖြူအရိပ်အယောင်၊ မည်းမည်း

BURMESE CLASSIC .com

www.burmeseclassic.com



အရိပ်အယောင်တို့ကို မြင်တွေ့ရတတ်ကြောင်း ပြောပြ တတ်ကြပါသည်။ စိုးရိမ်ထိတ်လန့်သောစိတ်ကြောင့် အနံ့ရခြင်း၊ ကြားခြင်းနှင့်မြင်တွေ့ခြင်းများ မဖြစ်နိုင်ပြီလောဟု ထပ်ဆင့်မေး မြန်းသောအခါ ထင်ယောင်ထင်မှား မြင်ခြင်း၊ စိတ်စွဲလမ်း၍ကြားခြင်း၊ စိတ်ကူးယဉ်ပြီး အနံ့ရခြင်းများမဟုတ်ရပါ။ တကယ့်အတွေ့အကြုံထူးတစ်ရပ် အမှန်အကန်ဖြစ်ပါကြောင်းကို လေးလေးနက်နက် ဖွင့်ဟ ပြောပြကြစမြဲဖြစ်၏။ ကျွန်တော့် အတွေ့အကြုံများနှင့် တိုက်ဆိုင် ကြည့်သောအခါတွင်လည်း အများသူ တကာတို့ ပြောပြကြသည့် ထူးအတွေ့အကြုံဆန်းများနှင့် ထပ်တူထပ်မျှ ဖြစ်နေကြောင်းကိုတွေ့ရပါသည်။

တစ္ဆေသရဲများနှင့် ရှေ့မှာမကြာမီတွေ့ရတော့မည်ဆိုပါက၊ ကြက်သီး မွေးညင်းထတတ်ကြောင်း၊ ခေါင်းနပန်းကြီးတတ်ကြောင်းတို့ကို တစ္ဆေ အခြောက် ခံရသူတို့ကြိုတင်သိနားလည် ထားကြသည်က များပါသည်။ တစ္ဆေသရဲများနှင့် တွေ့လျှင်လည်း ပုံမှန်လှုပ်မရှိတော့ဘဲ ခြေနှင့် မြေကြီးလွတ်နေသလိုလို၊ ကိုယ်ခန္ဓာကြီးပေါ့ပါးကာ လေထဲတွင် လွင့်မျောနေသယောင်ယောင်၊ သို့မဟုတ် ခန္ဓာကိုယ်ကြီးမှာ လေးလံလွန်းနေပြီး ခြေမသယ်နိုင်လက်မသယ်နိုင်ဖြစ်ခြင်း၊ မိမိကိုယ်ခန္ဓာအစိတ်အပိုင်းများတို့ကို လုံးဝလှုပ်ရှား၍မရခြင်း၊ အော်၍မရ အသံလုံးဝ မထွက်လာတော့ခြင်း စသည်တို့ဖြစ်တတ်ကြောင်းကိုလည်း တစ္ဆေ အခြောက်ခံရဖူးသော အတွေ့အကြုံရှိသူတို့က မရှက်တမ်းဝန်ခံပြောဆို တတ်ကြပါသည်။ ဤသို့ဖြစ်ကြရခြင်းမှာ ကြောက်စိတ်မူလအခြေခံကြောင့် ဖြစ်ပါ လိမ့်မည်ဟု ကျွန်တော် ကောက်ချက်ဆွဲမိ၏။ အကြောင်းသော်ကား

www.burmeseclassic.com



တစ္ဆေဆိုသည်မှာ ကြောက်စရာမဟုတ်ဟု လက်ခံထားသူ၊ တွေ့မြင်ရသည့် အရိပ်အယောင်မှာလည်း တစ္ဆေဖြစ်နေကြောင်းမသိသောသူနှင့် မိမိအား ခြောက်လှန့်ခြင်းဖြစ်ကြောင်းကို လုံးဝမထင်မှတ်ခဲ့သူတို့သည် ကြက်သီး မွေးညင်းထခြင်း၊ ခေါင်းနပန်းကြီးခြင်း တို့လုံးဝဖြစ်ပေါ်ခြင်း မရှိတတ်သော ကြောင့်ပါ။

**တစ္ဆေတဲ့လေ**

"ကိုကုလားကြီး။ ဘုရားကြီးအတက်စောင်းတန်းဦးမှာ စစ်သားကြီး တစ်ယောက်ထိုင်နေတယ်ဗျ။ သူ့ဦးထုပ်ကကာကီရောင် အဝတ်နဲ့ချုပ်ထား တယ်။ ထူးတာကဦးထုပ်ဘေးက နားနေရာနှစ်ဘက်နဲ့နောက်စေ့ဘက်တို့မှာ အဝတ်စ သုံးစ တန်းလန်းချထားတယ်ဗျ။ ကြည့်နေရင်းက ရုတ်တရက် ပျောက်သွားတယ်။ သိပ်ဆန်းတာပဲ"

"ဟေ့-ဟေ့၊ မောင်အောင်ကျော်။မင်းတော့ဂျပန်စစ်သားတစ္ဆေနဲ့တိုး လာခဲ့ပြီထင်တယ်"

""ဟာ မဟုတ်တာကိုကုလားကြီးရာ။ ဒီကျောင်းဝင်းနား မှာတစ္ဆေရှိလို့လားဗျ"

"သိပ်ရှိတာပေါ့ကွာ။ ဘာလဲ-မင်းကငါပြောတာမယုံ လို့လား"

"ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်ဆိုသံတွေကြားရရင် တစ္ဆေသရဲတွေ ထွက် ပြေးကြရတယ်ဆို။ ဘုန်းကြီးကျောင်းနဲ့ဘုရားစောင်းတန်းတွေမှာ ဘယ်တစ္ဆေတွေက နေနိုင်မှာလဲတဲ့ကိုကုလားကြီးရာ"

"ဟား - ဟား တစ္ဆေနဲ့တေ့တေ့ဆိုင်ဆိုင် တွေ့ခဲ့ပြီးတာတောင်

BURMESE CLASSIC .com

www.burmeseclassic.com



မင်းက လူလို့ထင်နေလို့လား။ မင်းတော့စံပါပဲကွာ။ မင်းကတစ္ဆေကို မကြောက်ဘဲ တစ္ဆေက မင်းကိုကြောက်ပြီး ပြေးရမယ့်ကိန်းပါလားကွ"

"ကိုကုလားကြီးကလဲဗျာ။ ဂျပန်စစ်သားတစ္ဆေဆိုတာကြီးက ကျွန်တော့်ကိုခြောက်မှမခြောက်ပဲဗျာ။ ရယ်တောင်ရယ်ပြနေသေးဗျား။ ရွှေသွားတွေမှသုံးလေးချောင်းပြောင်ဝင်းလို့ဗျ။ ပြီးတော့သွားတွေကခေါလဲခေါနေသေးဗျား"

"ခက်ပါဘိ မောင်အောင်ကျော်ရာ။ ကျားကိုက်ပါတယ်ဆိုမှ အစွယ်ရာ အပေါက်နှစ်ပေါက်နဲ့လားလို့ မေးတဲ့သူထက် ပိုဆိုးနေပါပြီ။ သွားပဲဖြဲပြပြ၊ လျှာကြီးကို ပဲထုတ်ပြပြ၊ မျက်လုံးကြီးပဲပြူးပြပြ၊ သေပြီးမကျွတ်တဲ့သူဆိုတာ တစ္ဆေလို့ခေါ်တယ်။ အရိပ်အယောင်ပြတယ်ဆိုတာ ခြောက်တာပေါ့ကွ။ မင်းကိုချစ်လို့ကျီစား တယ်များ အောက်မေ့နေသလား။ အဲဒီဂျပန်တစ္ဆေက မင့်ဘိုးအေမဟုတ်ဘူးနော်။ မကြောက်မလန့် တစ်ယောက်တည်း စောင်းတန်းဘေးမှာရှိတဲ့ ဝါးရုံတွေဘက်ကိုမသွား နဲ့နော်။ လိပ်ပြာနှုတ်သွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်။"

"ကျွန်တော့်ဘိုးအေကြီးဆုံးတာကြာလှပေါ့။ ကျွန်တော်တောင် သိပ်ငယ်သေးလို့ ကောင်းကောင်းမမှတ်မိပါဘူး။ ဟို-ဂျပန်စစ်သား တစ္ဆေလိုလာမပြပါဘူး။ ကျွန်တော်ကဘိုးအေကြီးကို သိပ်တွေ့ချင်တာ"

"လုပ်ပြီ။ တစ္ဆေကိုများ တွေ့ချင်တဲ့ချာတိတ်နဲ့လာတိုးနေပါလား။ ပြောလေကဲလေ၊ မန်းလေပြဲလေဆိုတဲ့လူ့ခွစာမျိုးနွယ်ထင်ပါရဲ့။ ဒီမှာ မောင်မင်းကြီးသားရဲ့။မင်းဘိုးအေကတစ္ဆေမဖြစ်လို့မင်းကိုလာမခြောက်တာ နေမှာပေါ့ ကွာ။ တစ္ဆေဆိုတာမှတ်ထား။ကံညံ့တဲ့သူမှမြင်တွေ့ရတတ်သတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



ကံဇာတာအညံ့ပိုင်းမှာမို့ တဏှာကဂုတ်ခွစီးပြီး လိပ်ပြာနှုတ်သွားတာတို့၊ အစောင့်လဲလိုက်တာတို့၊ အင်းစားတာတို့၊ ကန်စားတာတို့၊ ချောင်းစား တာတို့ဆိုတာတွေ ဖြစ်လာတာ ပေါ့ကွာ”

“အင်းတွေ ကန်တွေ ချောင်းတွေက လူမှမဟုတ်တာ။ ဘာဖြစ်လို့ စားရ တာလဲ ကိုကုလားကြီး”

“လူရေနစ်သေဖူးတဲ့အင်းတွေ ကန်တွေချောင်းတွေမှာ မကျွတ် မလွတ်တဲ့ ရေနစ်တဏှာဆိုတာစွဲနေတတ်တယ်။ သူတို့ကကန်ကို စောင့်ရှောက်နေရသတဲ့။ သူတို့ကျွတ်ချိန်တန်တဲ့အခါမှာ လူစားလဲဖို့ ထူးဆန်းတဲ့အသံကြီးနဲ့ အော်သတဲ့။ အဲဒီအချိန်မျိုးမှာ ရေဆင်းကူးတဲ့ သူတွေထဲမှာ ကံညံ့တဲ့သူဟာ မတော်တဆရေနစ်ပြီး သေတတ်တယ်။ လူစားရပြီးတာနဲ့ အင်းအော်သံရပ်သွားပါသတဲ့။ လူမသေအောင်၊ ရေမနစ်အောင် အင်းအော်တဲ့အချိန်မှာ ခွေးတစ်ကောင်လောက်ဖြစ်ဖြစ် ရေထဲပစ်ပြီး ကျွေးရတယ်လို့လည်း ပြောကြတယ်။ ချောင်းတွေ ကန်တွေ မှာလည်း ဒီလိုပဲဖြစ်လေ့ဖြစ်ထရှိတတ်သတဲ့။ ဂျပန်တဏှာကိုမြင်တွေ့တဲ့ မင်းကို ကံညံ့တယ်လို့ပြောတာ အမှန်ပါပဲ။ ကံမြင့်တဲ့သူကို တဏှာက ခြောက်လို့မရဘူး။ အရိပ်အယောင်ပြလို့ မရဘူးကွ။ မင်းလည်းသတိထား ဦးကွ။ အစောင့်လဲသွားရင်၊ မောကြောနော”

“တဏှာဆိုတာကြီးကို ကျွန်တော်မကြောက်ပေမယ့် သေမှာကိုတော့ ကြောက်တယ်ဗျ။ နောက်ကိုအဲဒီ စောင်းတန်းနားကဝါးရုံပင်တွေကြား သွားပြီး မကစားရဲတော့ပါဘူး ကိုကုလားကြီးရာ”

BURMESE CLASSIC .com

www.burmeseclassic.com



**ဂျပန်ခေတ်တုန်းက**

ထိုစဉ်တုန်းက ကျွန်တော်ဆယ်နှစ်သား ကျော်ကျော်ရှိလိမ့်ဦးမည်။ နွေရာသီကျောင်းပိတ်ရက်မို့ ကျွန်တော့်ဘွားအေကြီးက သာသနာတော်နှင့် နီးစပ်စေရန် ကျွန်တော့်အားဘုန်းကြီးကျောင်းသို့ ကျောင်းသားအဖြစ် အပ်နှံထား ပါသည်။ မိဘဘိုးဘွားတို့အစဉ်အဆက် ကိုးကွယ်ခဲ့ကြသော မင်္ဂလာရာမကျောင်း တိုက်တွင်ဖြစ်ပါသည်။ နွေကျောင်းပိတ်ရက်အတွင်းမို့ ဘုန်းကြီးကျောင်းသား ဆယ်ယောက်ကျော်ခန့်ရှိပါသည်။ ကိုကုလားကြီး ဆိုသူမှာ ကျောင်းသားတွေ အနက်အသက်ကြီးပြီး ဘုန်းကြီးကျောင်းသား ဝါအရင့်ဆုံးဖြစ်သည်။ အားလုံးကသူ့အား ရိုသေကြရ၏။ သူ့ပြောစကားကို နားထောင်ကြရပါသည်။ ကိုကုလားကြီး ဟုနာမည်ပြောင်ပေးထားခြင်းပါ။ ကုလားလူမျိုးမဟုတ်သလို၊ ကုလားသွေး နည်းနည်းလေးမှ မရောပါဟု သိရ၏။ ဆံပင်ကောက်ကောက်နှင့်အသားညိုသည်။ တော်ရုံတန်ရုံညိုခြင်း မျိုးမဟုတ်။ အတော်လေးညိုမှောင်သောကြောင့် မည်းသည်ဟု ပင်ဆိုနိုင်ပါမည်။ ခန္ဓာကိုယ်အချိုးအဆက် တုတ်တုတ်ခိုင်ခိုင်မို့ ကုလားနှင့် တူလွန်း လှပါသည်။

ကိုလားကြီးသည် ဘုန်းကြီးကျောင်းသားဝါအရင့်ဆုံးမို့ ကျောင်းတွင်း ကျောင်းပြင် သူမသိတာမရှိ၊ သူ့မှာပြောပြစရာ အကြောင်း အရာတွေက အများကြီးကိုရှိသည်။ ဝေဝေဝါးဝါးမှန်းရမ်းပြီး ဖြီးလုံး ဖြန်းလုံးတွေ တစ်ထွေးကြီးနှင့် ပြောခြင်းမဟုတ်ပါ။ ဘုန်းကြီးတို့ဦးပဉ္စင်းတို့၊ လူကြီးသူမများတို့ပြောပြကြသည့် ကိုယ်တွေ့ဇာတ်လမ်းများကို ကြားနာ မှတ်သားထားပြီးနောက် တိတိကျကျ ဖောက်သည်ချပြန်ပြောပြခြင်းမို့

BURMESE CLASSIC .com

www.burmeseclassic.com



နားထောင်လို့အင်မတန်မှကောင်းပါသည်။ ကျွန်တော်တို့အတွက်တော့ အားလုံးအထူးအဆန်းကြီးတွေဖြစ်ကာ၊ နားထောင်လို့ကို မငြီးငွေ့နိုင်ပါ။ ထဘီခြုံ၍ ကောင်းကင်ပျံသော ကဝေမကြီးအကြောင်းတို့၊ ဘုရားပျက်အတွင်းမှ ထွက်လာတတ်သည့်လူဝံကဲ့သို့ မည်းနက်သောအမွေးအမှင်စုတ်စုတ်နှင့်သရဲကြီးအကြောင်း၊ညောင်ပင်ကြီးအောက်၌“မီးတတို့လောက်” ဟုဆေးလိပ်မီးတောင်းညှိတတ်သည့် ခေါင်းပြတ်တစ္ဆေအကြောင်း၊ ရွှေမန်ကျည်းတောင့်တွေကိုပေးတတ်ပါသည်ဆိုသော စေတီပျက်အတွင်းက ဥစ္စာစောင့် မောင်နှမ နှစ်ယောက်အကြောင်း စသည်ဖြင့် အတော့်ကို အကြောင်းအရာ စုံလင်လှ၏။ ဂျပန်စစ်သားတစ္ဆေအကြောင်းကို ကျွန်တော်မှတ်မိသရွေ့ကိုကုလားကြီးပြန်ပြောပြသည့် ပုံစံဖြင့် တင်ပြလိုက်ရပါသည်။

**ဂျပန်ခေတ်**

“ဒုတိယကမ္ဘာစစ်ကြီးဟာ ၁၉၄၂-ခုနှစ်မှာ ဖြစ်ပွားတာတဲ့။ ငါ့ကိုမွေးပြီး အခါလည်လောက်မှာ ဂျပန်တွေဗုံးလာကြဲတာတဲ့ကွ။ တို့တောင်ကြီးမြို့ တောင်ပိုင်းတစ်ဝိုက်နဲ့ ကူညီကုန်းတစ်ကုန်းလုံး ဂျပန်ဗုံးဒဏ်ကို အတော်ခံလိုက် ကြရတယ်ဆိုပဲ။ ဈေးနားမှာလည်း အတုံးအရုံးသေကြတယ်။တောင်ပိုင်းမှာတော့အလောင်းကောက်လို့တောင် မကုန်နိုင်ဘူးတဲ့။ ဧပြီလဆန်း ၁၀ရက်ဖြစ်တယ်လို့ သေချာမှတ်မိတဲ့ ရုံးစာရေးကြီးက လောင်းကြေးစားကြေးနဲ့ကိုပြောတာ။ ရက်က အရေးမကြီးပါဘူး။ သမိုင်းပြုစုနေတာမှမဟုတ်တာကွာ။တစ္ဆေအကြောင်းနဲ့ ဆက်စပ်ပြီး ပြောတာကိုးနော်။ အင်္ဂလိပ်အစိုးရက ချက်ချင်းကြီး

BURMESE CLASSIC .com

www.burmeseclassic.com



မဆုတ်သေးဘူး။ သူတို့ကဟန် အတော်ကောင်းတာတဲ့။ ဟန်ကိုယ့်ဖို့လို့ စကားပုံက ဆိုတယ် မဟုတ်လား။ ဆုတ်ဖို့ကိုတောင်အောင်မြင်စွာ ဆုတ်ခွာနိုင်ဖို့ ဆယ်ရက်လောက်ကို အချိန်ယူပြင်ဆင်တာတဲ့။ ကန်ထရိုက်တာတစ်ယောက်ကို ငွေရှင်းပေးနိုင်ဖို့ ၂၁ ရက်နေ့ကို ချိန်းပါသတဲ့။ သူတို့ဆုတ်ရင် အတူလိုက်ခဲ့မလားလို့ ခေါ်သေးတယ်တဲ့။ ရက်တော့ အတိအကျမပြောဘူး။မြစ်ကြီးနားဘက်ကိုရွှေ့ပြောင်းကြမယ့်အကြောင်းကိုတော့ ပြောတယ်လို့ဆိုတယ်။

ကန်ထရိုက်တာက သူ့မိခင်ရပ်ရွာကို ရွှေ့ပြောင်းထားပြီးပြီ။ အင်္ဂလိပ်တွေမဟန်တော့ဘူး။ ဂျပန်တွေမကြာခင် ရောက်လာကြတော့မယ်ဆိုတာကို လဆန်း ၁၀ရက်နေ့က ဂျပန်စစ်လေယာဉ်တွေတောင်ကြီးမြို့ပေါ် ဗုံးလာကြဲကတည်းက ရိပ်စားမိပြီးသားလေ။ သူကမျက်စိကြီး၊ နားကြီး၊ အပေါင်းအသင်းကလည်းဆံ့တော့ ကြိုတင်ခန့်မှန်းမိတာပေါ့။ ငွေထုတ်ဖို့ ရုံးကချိန်းတဲ့အတိုင်း သူမလာနိုင်တာကံဆိုးသွားတယ်။ ၂၁ ရက်နေ့ချိန်းတာကို သူက ၂၂ ရက်နေ့မှ တောင်ကြီးတက်လာတယ်တဲ့။ တောင်ကြီးမြို့ကို စတက်တဲ့တောင်ခြေကားလမ်း ထုံးဖိုတစ်ဝိုက်မှာ နွားလှည်းတွေနဲ့ တစ်မျိုး၊ ခြေကျင်တစ်မျိုးလူတွေ အုပ်စုလိုက်ဝန်ထုပ်ဝန်ပိုးတွေနဲ့ ရွှေ့ပြောင်းနေကြတာ အတော်စည်ကားနေပြီတဲ့။ စစ်ဆိုတဲ့အတွေ့အကြုံကမရှိတော့ ကြောက်ရမှန်းတောင်မသိဘဲတောင်ကြီးကို ဆက်တက်ခဲ့တာ အင်္ဂလိပ်တွေမရှိတော့ပါဘူး။ ဂျပန်စစ်သားတွေရောက်နေပြီကိုး။

မြို့ကလည်း ဗုံးကြဲခံလိုက်ရလို့ အသေအပျောက်တွေများပြီး အိမ်တွေမီးလောင်နဲ့ စစ်ဘေးစစ်ဒဏ်ကို အတော်ကြီးခံလိုက်ရတော့ လူတွေလည်း လွတ်မယ်ထင်တဲ့ နေရာအရပ်ဆီ ပြောင်းပြေးကုန်ပြီ။

www.burmeseclassic.com



မြို့ပျက်ကြီးဖြစ်နေပြီမြို့အဝင်အခုစပ်စံထွန်းဆေးရုံဆောက်နေတဲ့နေရာဟာ ရှေးတုန်းက ဆပ်ပလိုင်းဂိုဒေါင်တဲ့။ ဂိုဒေါင်ကို ဖောက်ထားကြလို့ အလှူပေးသလား ထင်ရလောက်အောင် ကြိုက်တာဝင်ယူနေကြသတဲ့။ စစ်ဖိနပ်တွေ၊ စစ်အင်္ကျီတွေ၊ စစ်စောင်တွေနဲ့ ရာရှင်စားသောက်စရာ နို့ဆီတွေ ငါးသေတ္တာတွေ အရက်ပုလင်းတွေ ဖောချင်းသောချင်းတဲ့ကွ။ ခေတ်ပျက်ကြီးထဲမှာ ဘယ်သူ့ကို ဘယ်သူကမှ မယုံကြည်ကြရတော့။ ကန်ထရိုက်တာဟာ ဂုဏ်ကျက်သရေရှိ အရာရှိမိတ်ဆွေရယ်၊ ဂျပန်ဗိုလ်မှူးတစ်ယောက်နဲ့ အတူတူလာကြပေမယ့် တောင်စစ်တပ်ကို ခေါ်သွားခြင်းခံရသတဲ့။ တောင်စစ်တပ်ဆိုတာ အခု ၂၁၂ ဆက်သွယ်ရေး တပ်ကိုပြောတာ။

မိုးကလည်းချုပ်ပြီ။ ဘာမှမစားရတော့ ထမင်းလည်းဆာပြီ။ အင်္ဂလိပ်လိုပြောလည်း ကိုရှေ့ဂျပန်စစ်သားတွေက ဘာမှနားမလည်။ သူတို့ဂျပန်စကားကိုလည်း ကန်ထရိုက်တာတို့ နားမလည်နဲ့ အတော် ဒုက္ခရောက်နေကြရရှာတယ်။ ညဉ့်နက်သန်းခေါင်ကျမှ ကွန်မန်ဒါဆိုတဲ့ စစ်ဗိုလ်မှူးကြီးတစ်ယောက် ရောက်လာတယ်။ သူကအင်္ဂလိပ်စကား နည်းနည်းတတ်ကျွမ်းလို့ တောင်းတောင်းပန်ပန်ပြောတော့မှ သွားခွင့် ပြုခဲ့သတဲ့။ အမှန်ကတော့ ဖမ်းထားတာပေါ့ကွာ။ အဲဒီလို ခေတ်ပျက်ချိန်၊ ဒီဘုရားကြီးကုန်းမှာ စစ်ခိုတဲ့မိသားစုတွေအများကြီးရှိတယ်။ ဈေးပိုင်းရပ်က အိမ်ထောင် စုတွေလည်း ပါတယ်တဲ့။ ကန်ထရိုက်တာတို့လည်း ဘုန်းကြီး ကျောင်းကိုပဲအားကိုးတကြီး လာကြရတာပေါ့။ ညဉ့်နက်နေပြီဖြစ်ပေမယ့် အသိမိတ်ဆွေမို့ လက်ခံကြတဲ့အပြင် ထမင်းငတ်ခဲ့တာသိတာနဲ့ ချက်ချင်းပဲ ချက်ပြုတ်ကျွေးမွေးတယ်။ ငါးသေတ္တာဟင်းနဲ့လေ။

www.burmeseclassic.com



## တိုက်ပွဲဖြစ်

ကုန်သည်ပွဲစားသူဌေးတွေ ပြေးရင်း အစားအသောက်စည်သွပ်ဘူးတွေ လှည်းနဲ့ကို တိုက်ယူလာခဲ့ကြတာကိုး။ ဒါကြောင့် ဘုရားကြီးဝင်းထဲက ဇရပ်တွေမှာ စစ်ပြေးမိသားစုတွေတင်မဟုတ်တော့ဘဲ စားနပ်ရိက္ခာတွေ အပြည့်နဲ့ပေါ့ကွာ။ ဂိုဒေါင်လို့တောင် ထင်မှတ်ရလောက်အောင် ပစ္စည်းတွေ အပြည့်အနှက်ပဲတဲ့။ ဂျပန်စစ်သားတွေတွေ့သွားတော့အထင်လွဲကြပြီလေ။ သူတို့ထင်တာက အင်္ဂလိပ်တပ်ရဲ့ ရာရှင်ဂိုဒေါင်ဖြစ်ရမယ်ပေါ့။ ဒီလို ထင်ကြေးနဲ့ရမ်းခဲ့လို့လည်း တိုက်ပွဲဖြစ်ပြီး လူတွေသေတာတဲ့ကွ။ ဂျပန်စစ်တပ်ဟာ မြို့အဝင်မှာ မြို့စောင့်တပ်အဖြစ် အင်္ဂလိပ်တွေချန်ထားရစ်တဲ့ တရုတ်တပ် နဲ့ တိုးတာတဲ့။ ဘုရားကြီးကုန်းရဲ့ အနောက်နဲ့ မြောက်ဘက်လောက်မှာ တိုက်ပွဲဖြစ်တော့ နှစ်ဖက်စလုံးသေကြတာပေါ့။ စစ်ဆိုတာ စစ်ဦးဘီလူးတဲ့။

တို့မြန်မာတွေသိထားကြတာက ဂျပန်ဆိုတာ ကီမိုနိုဝတ်စုံနဲ့ အင်မတန်ယဉ်ကျေးသိမ်မွေ့တဲ့ လူမျိုးပေါ့ကွာ။ ဂျပန်နေမျိုးနွယ်က သိပ်နာမည်ကြီးနေတဲ့အချိန်။ စစ်ပွဲတွေအလီလီအောင်ပွဲခံနေတဲ့အချိန်။ တို့နိုင်ငံကို မတရားသိမ်းပိုက်အုပ်ချုပ်နေတဲ့ ဗြိတိသျှအင်္ဂလိပ်တွေကို ကိုရွှေဂျပန်တို့ တိုက်ထုတ်ပေးပြီး လွတ်လပ်ရေးပေးအပ်မယ့် ကယ်တင်ရှင်ကြီးလို့ သိပ်အထင်ကြီးထားတဲ့ အချိန်အခါကိုးကွ။ ဂျပန်တပ်တွေ ချီတက်လာပြီဆိုတာနဲ့ မြို့မိမြို့ဖတွေက အားရဝမ်းသာ ငွေဖလားနဲ့ သပြေခက်နဲ့၊ အတီးအမှုတ်အကအခုန်နဲ့ ထွက်ကြိုကြတယ်။ ရိုင်းလိုက်တဲ့ ရွှေဂျပန်စစ်သားတွေက ထွက်ကြိုဆိုတဲ့ လူတွေကို ပါးရိုက်လိုရိုက်၊

BURMESE CLASSIC .com

www.burmeseclassic.com



တံမြက်စည်းလှည်းခိုင်းလို လှည်းခိုင်းနဲ့ အံ့ကိုသြရော။ ရွံ့မုန်းကြောက်ကြီး ဖြစ်သွားရတော့တယ်။

ဘုရားကြီးတောင်ခြေတိုက်ပွဲမှာ အင်အားသာတဲ့ ဂျပန်တွေနိုင်တာပေါ့။ မြို့စောင့်တပ်ဆုတ်ပြေးရတယ်။ ကုန်းပေါ်ကို ဂျပန်စစ်သားတွေလှည့်စစ်ဆေးတော့ ပစ္စည်းတွေ အလျှံအပယ်တွေ့ပြီ။ အင်္ဂလိပ်တပ်ရဲ့ ဂိုဒေါင်လို့အထင်မှားပြီး ဒကာတွေကိုရော၊ ဘုန်းကြီးတွေကိုပါ ရန်ရှာပါတော့တယ်။ အချောင်ဒုက္ခရောက် ကုန်ကြတာပေါ့။ လူတွေထဲကအသေအပျောက်ရှိသလို ဘုရားကုန်းအစပ်မှာ ရှိတဲ့ သီလရှင်ဇရပ်တွေလည်း ဂျပန်စက်ကွင်း မလွတ်နိုင်ရှာဘူး။ သီလရှင် သုံးလေးပါးတောင် အသက်စွန့်သွားရရှာပါသတဲ့။ တို့မင်္ဂလာရာမဘုန်းကြီးကို ဒကာတွေက ရှောင်ပြေးဖို့ လျှောက်တာ ဘုန်းကြီးက သတ္တိကောင်းတယ်။ ခပ်တည်တည်ပဲ။ ဘယ်ကိုမှ မကြွမပုန်းဘူးတဲ့။ တစ်နေ့လယ်ခင်းမှာ ဂျပန်စစ်သားတစ်စု ကျောင်းအပေါ်ထပ်ကို တက်လာကြသတဲ့။ ဂျပန်စကားနဲ့ပြောတာ ဘယ်သူမှ နားမလည်ကြဘူး။ ရန်သူကိုရှာတယ်နဲ့ တူပါတယ်။ တစ်ယောက်နဲ့ တစ်ယောက်စကားမပေါက်ကြားကြတာအဆိုးဆုံးပဲ။ အထင် အမြင်လွဲမှားကြ၊ လက်လွန်ခြေလွန်တွေဖြစ်ကြတာပေါ့။ စိတ်တိုင်းမကျရင် ဒေါသထွက်ပြီ။ ဒေါသအလျောက်ပြုလုပ်ပြောဆိုမိကြပြီဆိုတော့ မှားကြပြီ တဲ့။

ကျောင်းအပေါ်ထပ်အောက်ထပ် အခန်းရှိသမျှမွှေနှောက်ကြတော့တာ။ တွေ့တဲ့သူကို သေနတ်နဲ့ ချိန်ရွယ်ထားတဲ့အပြင် စိတ်တိုင်းမကျရင် ပါးကို လက်ဝါးနဲ့ ဖြတ်ရိုက်လိုက်သေးတယ်။ စိတ်မထင်ရင်

BURMESE CLASSIC .com

www.burmeseclassic.com



ဘက်နက်နဲ့ထိုးသေးတာတဲ့ဗျား။ တို့ဘုန်းတော်ကြီးရဲ့ ဘယ်ဘက်လက်မောင်းမှာ ဂျပန်စစ်သားရဲ့ ဘက်နက်နဲ့ ထိုးတဲ့ဒဏ်ရာ အမာရွတ်ကြီး ဒီနေ့ထိမြင်နိုင် သေးတယ်လေ။ ဘုန်းကြီးကလည်း ရင်းနှီးတဲ့ဒကာတွေကို ဘက်နက်ဒဏ်ရာအမာရွတ်ကြီးကို ပြလေ့ရှိတယ်ကွ။ ဖြစ်ပုံက ဘုန်းကြီးခန်းထဲကို ဝင်ပြီး အကြမ်းပတမ်းမွှေနှောက်တာတဲ့။ ဘုန်းကြီးဆိုတာလူတွေက ရိုသေရှိခိုး ရတယ်မဟုတ်လား။ အခုတော့ မလေးမစား မထီမဲ့မြင် ဆက်ဆံတော့ ဘုန်းကြီးလည်းဒေါသထွက်လာတော့တာပေါ့။ ဘုန်းကြီး ဝင်တားတော့ ကိုရွှေဂျပန်စစ်သားကလည်း ခုခံအာခံရကောင်းလားဆိုပြီး ဘုန်းကြီး ဘယ်ဘက်လက်မောင်းကို ဘက်နက်နဲ့ ထိုးတော့တာလို့ သိရတယ်။

**ချက်ချင်းအကျိုးပေး**

မင်းအရိပ်အယောင်မြင်တဲ့ ဂျပန်စစ်သားတစ္ဆေဟာအဲဒီဘုန်းကြီးကို ဘက်နက်နဲ့ထိုးတဲ့ ဂျပန်စစ်သားပေါ့ကွာ။ ဒီကောင်ချက်ချင်း ဝဋ်လိုက်ခံရတာဆိုပဲ။ ဘုန်းကြီးအခန်းကို မွှေပြီးတဲ့နောက် ပစ္စည်းတွေသိုမှီးသိမ်းဆည်းထားတဲ့ ကျက်သရေခန်းကို ရိုက်ဖွင့်ပြီး လိုချင်တာတွေ ယူပါလေရော။ တို့ဘုန်းကြီးကို ဂိုဏ်းထောက်ရာထူးဆက်ကပ်ပြီး ညောင်ရွှေစော်ဘွားကြီးကိုယ်တိုင်ကိုးကွယ်တာတဲ့ကွ။ မြို့မျက်နှာဖုံးလူကြီး လူကောင်းကုန်သည်ပွဲစားအရာရှိကြီးတွေ ဆည်းကပ်ကိုးကွယ်တယ်ဆိုတော့ လာဘ်လာဘကလည်း ပေါများပေတာကိုး။ ဗီရိုထဲမှာ နို့ဆီဗူးတွေ၊ နို့စိမ်းဘူးတွေ၊ ထောပတ်ဗူးတွေ၊ ငါးသေတ္တာဗူးတွေ အပြည့်တဲ့ဗျ။ တောင်ကြီးမြို့

BURMESE CLASSIC .com

www.burmeseclassic.com



ကလည်း အင်္ဂလိပ်တွေတောင်စခန်း မြို့တည်ပြီး ရှမ်းပြည်နယ် မြို့တော်ရယ်လို့ ရုံးစိုက်တာဆိုတော့ ဘိုအင်မတန်ဆန်တဲ့မြို့။ အနေအထိုင်အဆင့်အတန်း အလွန်မြင့်တဲ့မြို့။ ဗီရိုတွေ သေတ္တာတွေဖွင့် ကြည့်လိုက်တော့မှ ဘုရားကြီးကုန်းမှာတင်မဟုတ်ဘူး။ စောင်းတန်းဦး ကုန်းခြေရင်းမှာရှိတဲ့ ဒီဘုန်းကြီးကျောင်းလည်း အင်္ဂလိပ်တွေရဲ့ ဂိုဒေါင်ပါပဲလားလို့ ပိုပြီးအထင်လွဲပါလေရော။

ဂျပန်တွေက အချို့ သိပ်ကြိုက်တာတဲ့။ ကြံသကာပြားတွေကိုယူပြီး သူ့အိပ်ထောင့်ရှိသမျှထဲ ထိုးထည့်တာတဲ့။ ကြံသကာပြားကြောင့်လည်းတို့ ဘုန်းကြီးကို ဘက်နက်နဲ့ထိုးတဲ့ ဂျပန်ငပုလို့ အတပ်ပြောနိုင်တာကိုး။ ဒီကောင်က စိတ်ဆိုးမာန်ဆိုးနဲ့ ပါးစပ်က ဂျပန်လို ဆဲရေးတိုင်းထွာ၊ ဘွတ်ဖိနပ်ကြီးနဲ့ ကြမ်းပြင်ကိုစောင့်နင်း၊ တွေ့သမျှ ပန်းအိုးတွေ ရေအိုးတွေကို ခြေနဲ့ကန် လက်နဲ့ရိုက်ခွဲ၊ ဒေါသူပုန်ထပြီး ပြန်ဆင်းသွားတာပေါ့။ ကျောင်းပေါ်က ဆင်းသွားလို့မှ ကွမ်းတစ်ညက်ခန့်မရှိသေးဘူး။ တိုက်ပွဲဖြစ်တာတဲ့။ တရုတ်တပ်တွေနဲ့ ရင်ဆိုင်တိုးတော့တာတဲ့ သူတို့အတွက် ကံဆိုးတာလေ။ မြို့စောင့်တပ်အဖြစ် အင်္ဂလိပ်တွေချန်ထားရစ်တဲ့ တရုတ်တပ်ဟာ ဆုတ်ရင်း၊ ခုခံပစ်ရင်း၊ ဆုတ်ရမ်းရမ်းသွားခဲ့ကြတာ။ အဲဒီဂျပန်စစ်သားကြီး ကျည်သင့်တယ်။ ရင်ညွန့်အောက်မှာတဲ့၊ သွေးတွေတစက်စက်၊ လက်နှစ်ဖက်က ဗိုက်ကိုဖိပြီး တို့ကျောင်းဘက် အူယားဖားယားပြေးလာတာကို ကျောင်းကြီးပေါ်ကနေ ဘုန်းကြီးမြင်လိုက်သတဲ့။

ခေတ်ကာလကြီးက စစ်မက်ဖြစ်ပွားနေချိန်ဆိုတော့ ဘယ်သူမှ အိမ်ထဲအိမ်ပြင် မထွက်ရဲကြဘူး။ တစ်ဦးကိုတစ်ဦး ကူညီစောင့်ရှောက်ဖို့

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုတာ အလွန်မတန် မေတ္တာကြီးမှ စေတနာထက်သန်လွန်းမှ ဖြစ်နိုင်တဲ့ အခါကိုး။ သေနတ်သံတွေစဲသွားခဲ့တာတောင်မှ ဘယ်သူမှ အပြင်မထွက်ဝံ့ ကြဘူးပေါ့။ ညမှောင်လို့ မိုးချုပ်တော့ ကုဋီတက်ဖို့ ဦးပဥ္စင်းငယ်တစ်ပါး ဝါးရုံဘက်ကို ကြွသွားတယ်။ တအီးအီးနဲ့ ညည်းညူသံကိုသဲ့သဲ့ ကြားလိုက်လို့ တစ္ဆေခြောက်တယ် အောက်မေ့ပြီး ကျောင်းကြီးပေါ် ပြေးတက်လာပါလေရော။ ဘုန်းကြီးမှာလည်း ဘက်နက်နဲ့အထိုးခံထားရတဲ့ ဒဏ်ရာကို နနွင်းတွေသိပ်ပြီး သင်္ကန်းစည်းထား ရတဲ့အချိန်မှာ အနာရှိန် ကိုက်လို့ တရားမှတ်သည်းညည်းခံနေတော်မူရရှာတယ်။ တစ္ဆေခြောက် တာတော့ မဖြစ်နိုင်ဘူး။ ညနေကကျောင်းဘက်ကို ဗိုက်က သွေးတစက်စက် ကျနေတဲ့ ဂျပန်စစ်သား တစ်ယောက်ပြေးလာတာ တွေ့တယ်။ ဝါးရုံနားမှာ ပျောက်သွားတာ။ သူပဲဖြစ်လိမ့်မယ်။ ဦးပဥ္စင်းကြီးတွေ သွားကြည့် လိုက်ကြပါဦးလို့ ဘုန်းကြီးခမျာ သူ့ဝေဒနာကို အသာထားပြီး စီစဉ် ညွှန်ကြားတော်မူပါသတဲ့။

ရေနံဆီမီးခွက်မှိန်မှိန်ကို တောင်းနဲ့အုပ်ပြီးသွားကြရတယ်။ စစ်ကြီး အတွင်းမှာ ညအချိန်မီးမထွန်းရလို့ အမိန့်ထုတ်ထားလို့ပါတဲ့။ အချိန်မရွေး လေယာဉ်လာဝဲနိုင်ပြီး မီးရောင်တွေ့ရင် ဗုံးကြဲမှာစိုးလို့တဲ့။ ဘုန်းကြီးထင်တာ ဟုတ်နေပါတယ်။ ဝါးရုံတောထဲမှာ ဂျပန်စစ်သားတစ်ဦး လဲပြီး မေ့မြောနေတယ်။ သွေးအိုင်ကြီးက ထွန်းလို့။ အသားအရေတွေအေး စက်လို့။ အသံတိုးတိုးလေးညည်းညူနေရှာတယ်။ သွေးထွက်တဲ့ဒဏ်ရာကို သင်္ကန်းနဲ့ပတ်ပြီး ကျောင်းအောက်ကို ထမ်းရွှေ့ခဲ့ကြရတယ်။အသက်ပြန် မလည်ပါဘူး။ နှုတ်ခမ်းတွေခြောက်နေလို့ ရေတစ်စက်ချင်း ချပေးရတယ်။

www.burmeseclassic.com



သူ့အိတ်ထောင့်တွေထဲမှာ ကြံသကာပြားတွေ တွေ့တော့မှ ညနေပိုင်းက ဘုန်းကြီးကို ဘက်နက်နဲ့ထိုးခဲ့တဲ့ ဂျပန်စစ်သားဆိုးကြီးပါလားလို့ သိကြရတော့တယ်။ "ရှေးက ဝိပါက်ခုနစ်ရက်၊ ကာလ ဝိပါက်နောက်ပိုးတက်" ဆိုတာမှန်လိုက်တာတဲ့။ ချက်ချင်းလက်ငင်းကြီး ဘုန်းကြီးဝဋ်လည်ယူရတယ်နော်။

## မကျွတ်ဘူးတဲ့

နွေးနွေးထွေးထွေး ဖြစ်လာမလားလို့ စောင်တွေဂွမ်းကပ်တွေ ခြုံပေးနေပါတယ်။ လူနာအနားမှာ မီးဖိုပေးတယ်။ ဘုန်းကြီးက စွန့်လို့ ရေနွေးအိတ် တစ်လုံးကို ရေနွေးထည့်ပြီး ကျောဘက်မှာ ကပ်ပေးတယ်။ ခေတ်ပျက်ကြီးထဲမှာ ဆရာဝန်ဆိုတာ မူးလို့ရှူစရာတောင်မရှိ၊ ဘာဆေးဝါးမှလည်းမရှိ။ တတ်စွမ်းနိုင်သမျှလေးနဲ့ ပြုစုကြပေမယ့် ဒဏ်ရာက သွေးလွန်ထားတာ များနေပြီနဲ့တူပါရဲ့။ သွေးကဆုတ်နေပြီ။ မြင့်မိုရ်သွေးကိုတောင် မနည်းကြီးစမ်းယူရတယ်တဲ့။ အခြေအနေက မကောင်းလှဘူး။ ဒီတစ်ညတောင် ကျော်နိုင် ပါ့မလား။ ကျော်နိုင်ပုံတော့ သိပ်မထင်ကြဘူး။ ခန့်မှန်းတဲ့အတိုင်းမှန်နေပါတယ်။ အရုဏ်တက်ပြီး လင်းအားကြီးမှာပဲ ကွယ်လွန်ရှာသတဲ့။ ဆရာတော့်ဒဏ်ရာလည်းအတော်ကြီးရောင်ကိုင်းနေပြီ။ သံဆိပ်တက်တာပေါ့။ အဖျားသွေးလည်း ဝင်နေပြီ။ ငန်းဆေးတို့ အဖြေကျော်တို့ကို ထန်းလျက်၊ ချင်း၊ ကွမ်းရွက်ပြုတ်ရည် ပူပူနဲ့ တိုက်ထားရတယ်။ ဆွမ်းဘုဉ်းမပေးနိုင်တော့ဘူး။ ယာဂု (ဆန်ပြုတ်) ကျဲကျဲလေးပဲ ဝင်ပါတော့တယ်တဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



ဘုန်းကြီးမှာလည်း တစ်လကိုးသီတင်းကြာအောင် ဘက်နက်ထိုးခံရတဲ့ ဒဏ်ရာရဲ့ ဝေဒနာဆိုးကို ခံလိုက်ရတယ်။ စစ်ဘေး စစ်ဒဏ်ကြောင့် လူတွေရှောင်တိမ်း ပြေးကုန်ကြတော့တယ်။ တချို့လည်း အင်းလေးဘက်၊ တချို့လည်း ဟဲဟိုးကလော၊ တချို့လည်း ပင်လောင်းလွိုင်ကော်ဘက်၊ တချို့လည်းမိုင်းသောက်ဘက်၊ သူ့အဆက်နဲ့သူ စစ်ဘေးဒဏ်လွတ်ရာ လွတ်ကြောင်း မှန်းဆပြီး ပြေးကြရှောင်တိမ်းကြတာပေါ့လေ။ ဒါပေမယ့်တို့ ဘုန်းကြီးကတော့ ကျောင်းပေါ်ကနေ တစ်ဖဝါးမှ မခွာဘူးတဲ့။ ကုန်းသာကျောင်းကြီးပေါ် တည့်တည့် လေယာဉ်ဗုံးကြဲတော့ ပြတင်းပေါက်ကနေ မြင်နေရပါသတဲ့။ ဒကာတွေက ကျောင်းအောက်ဆင်းပြီး ဗုံးခိုကျင်းထဲ ဝင်နေဖို့ လျှောက်တာကို ကံပါရင် သေမှာပါပဲ။ ကံမပါရင်လွတ်မှာပဲ။ ဘယ်နေရာနေနေ၊ ဘယ်နေရာ ပုန်းပုန်းမထူးပါဘူးလို့ ပြန်မိန့်တယ်ဆိုပဲ။ ရှေးက ကိုရင်တွေ ဦးပဥ္စင်းတွေ ကျောင်းသားတွေ ဒကာဒကာမတွေနဲ့ စည်ကားတဲ့ကျောင်းကြီးဟာ စစ်ဖြစ်လိုက်တာနဲ့ အလွန်ခြောက်ကပ်သွားတော့တယ်။ သံဃာလေးငါးပါးနဲ့ ကပ္ပိယတစ်ဦးပဲ ဘုန်းကြီးနဲ့ အတူတူကျန်ရစ်တာ။ အားလုံးစစ်ပြေးကုန်ပြီတဲ့။

ဂျပန်စစ်သားကြီး မကျွတ်ဘူးဆိုတာ၊ ကိုရင်သောဏက စတင်တာတဲ့။ တစ်ညမှာဗိုက်နာလို့ကိုရင်သောဏ ကုဋီတက်ဖို့ကျောင်းကြီးပေါ်က ဆင်းလာ ခဲ့တယ်။ ကုဋီကလည်းဝါးရုံတောဘေးကဖြတ်သွားရမှာ။ ဝါးရုံတောနား ရောက်တော့ ညည်းညူသံသဲ့သဲ့ကို ကြားရပါသတဲ့။ သေသေချာချာနားထောင်ကြည့်တော့ဟုတ်တယ်။ လူညည်းညူသံပါတဲ့။ ခိုညည်းသံမဟုတ်ဘူး။ မင်္ဂလာရာမကျောင်းတိုက်မှာ ရှေးကတည်းက ခိုတွေအုပ်စုနဲ့ နေကြတာ။ ဘုရားကြီးတက်တဲ့ စောင်းတန်းဦးက

BURMESE CLASSIC .com

www.burmeseclassic.com



ဘိုငါးဆင့်ပြသာဒ်ဆိုတာ သွပ်နဲ့ သစ်သားနဲ့ဆောက်ထားတော့ အဆင့်တိုင်းမှာ ခိုသိုက်ဖွဲ့ပြီးနေကြတာကိုး။ ခုထိလည်း နေကြဆဲပါလေ။ ညည်းညူသံဟာ လူတစ်ယောက်ရဲ့ ညည်းညူသံလည်း ဖြစ်နေပြန်၊ ပြီးတော့ လွန်ခဲ့တဲ့အပတ်ထဲကမှ ဂျပန်စစ်သားကြီးကို တွေ့တဲ့နေရာလည်း ဖြစ်ပြန်၊ အဲဒီဂျပန်စစ်သားကြီး သေထားတာကလည်း ရက်ပိုင်းပဲရှိသေးတယ်ဆိုတော့ ဘယ်ပြောကောင်းမလဲ။ ကိုရင်သောဏ ကြောက်လန့်ပြီးသင်းပိုင်ထဲချေးတွေ ပန်းချပါလေရော။ အဲဒီက စလို့ နောက်ကို ညပိုင်းဆိုရင် ဘယ်သူမှ ကျောင်းကြီးအောက်ကို မဆင်းဝံ့တော့ပါဘူး။ ဝါးရုံတောရှိတဲ့ ကုဋီ ဘက်သွားဖို့ဆိုတာတော့ ဝေလာဝေးရောပေါ့။

**အရိပ်အယောင်ပြ**

ကပ္ပိယကြီးကတော့ လူကြီးကိုး။ တော်ရုံတန်ရုံ ဘယ်ကြောက်တတ်လိမ့်မလဲ။ မကြောက်တတ်တဲ့ သတ္တိခဲမို့လို့လည်း စစ်မပြေးဘဲ ဘုန်းကြီးနဲ့အတူတူ ကျောင်းမှာ ကျန်ရစ်တာပေါ့လေ။ တစ်ညသူအိပ်မက်မြင်မက်ပါသတဲ့။ ဗိုက်မှာ ဒဏ်ရာရလို့ ကွယ်လွန်ရှာတဲ့ ဂျပန်စစ်သားကြီးဟာ ရွှေသွားတွေဖြဲရယ်ပြီး ကြံသကာပြားကိုစားနေတယ်တဲ့။ ကုဋီသွားတဲ့ တောလမ်း အဝင်ဝမှာရှိတဲ့ မွန်းသီးပင်ကြီးအောက်မှာ ဆောင့်ကြောင့်ထိုင်လို့တဲ့။ အိပ်ရာကနိုးလာတော့ စိတ်စွဲလို့မက်တာနေပါလိမ့်မယ်ပဲ ထင်ထားလိုက်တယ်။ ဂရုလည်းသိပ်မစိုက်ဘူးလေ။ နောက်သုံးလေးရက်ကြာတော့ မနက်စောစော၃-နာရီခွဲလောက် ဆွမ်းထချက်ဖို့ကျောင်းအောက်အဆင်းလှေကားရင်းမှာအဲဒီဂျပန်စစ်သားကိုအရိပ်အယောင်တွေ့ပါသတဲ့။

BURMESE CLASSIC .com

www.burmeseclassic.com



အိပ်မှုန်စုံမွှားမို့ ထင်ယောင်ထင်မှား လေလားလို့ မျက်စိကို ပွတ်သပ်ပြီး ကြည့်တော့ ရှိမနေပြန်ဘူးတဲ့။

တစ်ခါ၊ ရက်မခြားလိုက်ပြန်ဘူး။ ညဥ့်ဦးပိုင်းမှာပေါ့ (အခင်းလေး) သွားမယ်လို့ ကျောင်းအောက်ကို ကပ္ပိယကြီး ဆင်းပါလေရော။ ကံ့ကော် ညီနောင်ပင်အောက် ဝင်ပြီး ကျောင်းဝင်း စပ်ခြံစည်းရိုးနားမှာ ပဲသွားတော့ မယ်ပေါ့။ အလား--လား--ဒီတစ်ခါမှ တကယ်ကို၊ ကိုရွှေဂျပန်စစ်သား တစ္ဆေနဲ့ တည့်တည့်တိုးတော့တာကိုး။ သွားဖြဲပြီး ရယ်ပြနေပါသတဲ့။ လရောင်ကလည်း ဆန်းစရက်ပိုင်းမို့ ခပ်မှုန်မှုန်မွှားမွှားပေမယ့် ရွှေသွားတွေ ဝင်းခနဲ ပေါ်နေတာတဲ့။ ကပ္ပိယကြီး အခင်းလေး ဘယ်သွား ဖြစ်တော့မလဲ။ တချိုးထဲကျောင်းပေါ် တက်ပြေးရတော့တာပေါ့။ နောက်ပိုင်းမှာလည်း သရဖီပင်အောက်မှာ၊ ဝါးရုံတောစပ်နားမှာ၊ ကံ့ကော်ညီနောင်ပင်အောက်မှာ၊ သရက်ပင်ကြီးနားမှာ စသဖြင့် ပေါ့လေ။ ဦးဇင်းက တွေ့လိုက်၊ ကိုရင်ကတွေ့လိုက်၊ ကပ္ပိယကြီးက တွေ့လိုက်၊ ကျောင်းသားတွေထဲက တွေ့လိုက်နဲ့ တွေ့ဖန်များတော့ မဆန်းတော့ မကြောက်တော့ဘဲရိုးတောင်ရိုးသွားပါလေရော။

တွေ့တိုင်းလည်း သွားဖြဲပြီး ရယ်ပြနေတာချည်းပါပဲတဲ့။ ပြီးတော့ ရွှေသွား တွေဝင်းခနဲ ပြောင်လက်နေတာကလည်း အဲဒီဂျပန်စစ်သား တစ္ဆေရဲ့ သင်္ကေတလိုဖြစ်နေပြီ။ နောက်တောက်တောက် ကျောင်းသားတွေ၊ ကိုရင်တွေကတော့ ဂျပန်တစ္ဆေရေ ငါတို့ကိုမခြောက်နဲ့။ မင်းစားဖို့ရော့ ကြံသကာပြား ဆိုပြီးပစ်တောင်ကျွေး လိုက်ကြသေးဆိုပဲ။ ဘာပဲဖြစ်ဖြစ် ကြောက်လန့်စရာဖြစ်အောင် ခြောက်လှန့်တာမဟုတ်လို့ မကြောက်ကြ

www.burmeseclassic.com



ပေမယ့်၊ မောင်အောင်ကျော်ရေ--မင်းထပ်ပြီး အတင့်မရဲနဲ့နော်။ ကံညံ့ရင် လူစားလဲတာတို့ လိပ်ပြာနှုတ်တာတို့ ဖြစ်တတ်တယ်။ သိလား။ ဂုဏ်တော်တွေကို အမြဲရွတ်ပါ။ သမ္ဗုဒ္ဓေဂါထာကို များများရွတ်ပါ။ ငါကြားသိခဲ့ရသမျှအားလုံးမင်းကို ပြောပြပြီးပြီနော်။ သတိဝီရိယရှိပါစေ။ မပေါ့နဲ့ကွ။

## ကြောက်တတ်လား

ကိုကုလားကြီးက စိတ်ရှည်လက်ရှည် ပြောပြသည်ကိုနားထောင်၍လည်း ကောင်းလှသည့်အပြင်၊ သူ့အပြောကပဲ သရုပ်ပါလွန်း၍လားမသိပါ။ အခြောက်ခံရခြင်းသည် တကယ်ပဲကြောက်လန့်စရာ ကောင်းသည်ဟု ငယ်ရွယ်စိတ်ဖြင့် နှလုံးပိုက်မိလေသောကြောင့် ကျွန်တော့်ခမျာမှာတော့ ထိုအချိန်မှစ၍ အမှတ်ထင်ထင် တစ္ဆေဆိုသည့်အရာကြီးကို ကြောက်လန့်တတ် လာပါသည်။ သူရဲဘောကြောင်တတ်လာ၏။ ကျောင်းသားအဖြစ် ကျောင်းတွင် အိပ်စက်ရန် မဝံ့ရဲတော့ပါ။ ကလေးအရွယ်မို့ စူးစမ်းတတ်သည့် စိတ်ကလည်း ရှိနေပြန်သောအခါ၊ နေ့လယ်နေ့ခင်းဘက်ဆိုလျှင် ဝါးရုံတောဆီသို့ ခြေလှမ်းမိပါသေးသည်။ ဝါးရုံတောလေးဘက်တွင် လူသွားလမ်းငယ်လေးရှိ၏။ ဝါးရုံတောစပ်တွင် သရဖီပင်ပျိုတစ်ပင်ရှိသည်။ သရဖီပန်းများပွင့်ချိန်ဆိုလျှင် ပျားတွေကတဝီဝီနှင့် ပန်းဝန်ရည်စုတ်ကြပြီ။ သရဖီပန်းဆွတ်ရန် ရောက်ရှိသည့် အခိုက် ဝါးရုံတောသို့ မျက်စိကစားကြည့်လေ့ရှိသည်။ ဂျပန်စစ်သား တစ္ဆေကို တွေ့နိုင်မည်လားဟု ရည်ရွယ်သည်။ စိုးလည်းစိုးကြောက်၏။ တွေ့လည်း တွေ့ချင်နေ၏။ တုပ်လိုက်လျှင်အဆိပ်ကြောင့် ရောင်ကိုင်းလာတတ်သော

www.burmeseclassic.com



အန္တရာယ်ကောင် ပျားများကိုတော့ မကြောက်ရွံ့ဘဲ၊ အကောင်အထည် အသေအချာမမြင်ရသည့် တစ္ဆေကိုကား၊ ကြောက်တတ်လှသည်မှာ ရယ်ချင်စရာတော့ အကောင်းသားပင်။

ဝါးရုံတောဆို၍ ဝါးပိုးရုံကဲ့သို့ အကြီးစားများ မဟုတ်ပါပေ။ ထီးရိုးဝါးမို့ တောအသေးအစားလေး ဖြစ်ပါသည်။ ထီးရိုးလုပ်သော ဝါးဟူသည် ဖြောင့်စင်း၏။ ငါးမျှားတံလုပ်နိုင်သည့် အရွယ်၊ လူကြီး လက်တစ်ညှိုး လောက်သာရှိ၏။ အရွက်လေးတွေက ခပ်သေးသေး နုပ်နုပ်ရယ်ပါ။ ဝါးရုံတောထဲ၌ တောခြင်ရိုင်းကြီးတွေ ပေါလှ၏။ တစ်ခါက ခွေးနက်တစ်ကောင် ဝါးရုံတောထဲမှ တိုးပြီးထွက်လာသည်နှင့် ဆုံရာ၊ တစ္ဆေကြောက်စိတ်ရှိနေသော ကျွန်တော်တို့ ကျောင်းသားတစ်စုမှာ ကြက်သီးတွေဖြန်းဖြန်းထကာ ဖနောင့်နှင့်တင်ပါးတစ်သားတည်းကျအောင် ပြေးကြပါလေရော။ တစ်ယောက်က "ဟိုမှာ တစ္ဆေမည်းမည်းကြီး" ဟု လက်ညှိုးထိုးခြောက်လိုက်ရာ၊ ဘာရယ်မဟုတ် လန့်ဖျပ်ပြီး ရောယောင် ပြေးလိုက်ကြခြင်းပါ။ ပြီးမှ ကျောင်းကခွေးနက်အောင်တိုးကြီး ဖြစ်နေရာ ကြောက်အားထက် ရယ်အားသန်ကြရပါတော့သတည်း။

ကျွန်တော်တို့တောင်ကြီးမြို့တွင် တစ္ဆေခြောက်သည်ဟု နာမည်ကြီးသော နေရာအတော်များများရှိပါသည်။ စပ်စံထွန်းဆေးရုံကြီး မပေါ် ပေါက်မီတုန်းကပြည်သူ့ ဆေးရုံကြီးတစ်ရုံတည်းသာရှိ၏။ ယခုအမျိုးသမီး နှင့် ကလေးဆေးရုံဖြစ်ပါသည်။ ယခုအဆုပ်ရောဂါကုဆေးရုံသည် ရှေးတုန်းက သားဖွားရုံဖြစ်ပါသည်။ ဆေးရုံကြီးသည် ပြည်သူ့ အားကစား ကွင်း (ရှေးအခေါ် ဘောလုံးကွင်း) တောင်ဘက်၌ တည်ရှိ၏။ဆေးရုံဝင်း၏

www.burmeseclassic.com



အရှေ့မြောက်ထောင့်နေရာသည် ရင်ခွဲရုံဖြစ်ပြီး၊ ထင်းရှူးပင်ပျို ကြီးကြီးမားမား အုပ်အုပ်ဆိုင်းဆိုင်း၏ အောက်မှာရှိ၏။ ရင်ခွဲရုံနှင့် တွဲလျက်က အသုဘဇရပ်ဖြစ်သည်။ ထိုရင်ခွဲရုံ၏ ထင်းရှူးပင်ကြီးသည်လည်း တစ္ဆေအခြောက် ကြမ်းသည်ဟု အလွန်နာမည် ကြီးလှ၏။ ဆေးရုံဝင်း၏ အနောက်မြောက်ထောင့်ရှိ စန်ပန်းပင်အိုကြီးနှင့် ဝက်သစ်ချပင်ကြီး အောက်မှာ တစ္ဆေထွက်ခြောက်တတ်သည်ဟု လူပြောများပြန်သည်။ ထိုသို့တစ္ဆေခြောက်လှန့်တတ်ကြောင်းကို မကြားသိခင်က စိုးကြောက်ခြင်း မရှိဘဲ ကျွန်တော်တို့သည် ညအချိန်မတော်ပင် ဖြစ်လင့်ကစား၊ ရဲရဲဝံ့ဝံ့ သွားလာခဲ့ကြပါသည်။

လူအများစုသည်ဖြူခြောက်လျှင်ကြောက်တတ်သည့်သဘာဝတရား ရှိသောကြောင့် ဤဇရပ်၊ ဤကျောင်း၊ ဤသစ်ပင်၊ ဤတောအုပ်သည် တစ္ဆေအခြောက်ကြမ်းသည်ဟုအများပြောသတင်းစကားအရသိရှိရလျှင်ပင် အလိုလိုနေရင်း ကြောက်စိတ်ဝင်နေပါတော့သည်။ ကြောက်စိတ်ရှိ၍ သိုးသိုးသန့်သန့် ချိုးချိုးချွတ်ချွတ် အရိပ်အယောင်ကိုရိပ်ခနဲမြင်ရရုံ၊ စီခနဲ့ကြားရ ရုံမျှနှင့် ဆင်ခြင်သုံးသပ်မှုကင်းမဲ့စွာ လန့်ဖျပ်ပြေးလွှား ကြတော့သည်သာဖြစ်၏။ တစ္ဆေတကယ်ခြောက်ခြင်းထက်၊ စိတ်ခြောက်လှန့်၍ ချောက်ချားကြရ ခြင်းက အဖြစ်များနေတတ်ပါသည်။ စိတ်ကိုကြောက်အောင် ခြောက်လှန့်သောအရာဟူသမျှတို့ကိုပါငွေလိုအားဖြင့် "တဇ္ဇေ" ဟု သုံးစွဲရာမှ ကာလကြာရှည် လာသောအခါ "တစ္ဆေ" ဖြစ်လာသည်ဟူသော ယူဆချက်သည် အမှန်ပင်ဖြစ် လိမ့်မည်ဟု ကျွန်တော် ကောင်းစွာ ယုံကြည်မိပါတော့၏။

BURMESE CLASSIC .com

www.burmeseclassic.com



## မခြောက်လှန့်နှင့်

ကျွန်တော့်အဖြစ်ကို ပြန်လည်သုံးသပ်သောအခါဝယ်၊ဂျပန်စစ်သား တစ္ဆေအခြောက်ခံရသည်ကို တစ္ဆေခြောက်မှန်း မသိစဉ်က စိတ်ချောက်ချား ခြင်းလုံးဝမရှိသလို၊ ကြက်သီးမွေးညှင်းထခြင်း၊ ခေါင်းနပန်းကြီးခြင်းများ လုံးဝမရှိခဲ့ပါ။ ထူးဆန်းသောမြင်ကွင်း တစ်ရပ်ဟူ၍ သာအသိအမှတ်ပြုပြီး ရွှေသွားတွေ ဝင်းနေအောင်ရယ်ပြနေသူအား ကျွန်တော်ကပင်ပြန်လည်၍ ပြုံးရယ်ပြဖြစ်အောင်ပြုံးပြုံးကလေး တုံ့ပြန်လိုက်ချေသေး၏။ ကျောင်းသား ကြီး တစ်ဦးဖြစ်သူ ကိုကုလားကြီးက ဇာတ်စုံခင်းပြသောအခါမှ ကြောက်လန့် ရကောင်းမှန်း သိပါတော့သည်။ ကြောက်စိတ်ဝင်သွားပြီး သည့်နောက်၊ နေ့ခင်းကြီး ကြောင်တောင်မှာ ကျောင်းသားတစ်အုပ်လုံး ရှိပါလျက် ဝါးရုံတောထဲမှ မည်းမည်းအရိပ်လှုပ်ရှားနေသည်ကို တစ္ဆေဟု ထင်မှတ်ပြီး အသားကုန်ပြေးလွှား ကြတော့၏။ တကယ်တမ်းကျတော့ ကျောင်းမှ ခွေးနက်အောင်တိုးဖြစ်နေခဲ့သည် မဟုတ်ပါလား။ ထို့ကြောင့် ကြောက်စိတ်မဝင်သေးသူအဖို့ ကြောက်ရွံ့တတ်မည် မဟုတ်ဘဲ တစ္ဆေကို ကိုယ်တွေ့မမြင် တွေ့ဖူးသေးသော်လည်းကြောက်စိတ် ဝင်ထားပြီးသူအဖို့ အမြဲကြောက်လန့် စိုးထိတ်နေလိမ့်မည်ဟု ကျွန်တော့် ဉာဏ်လေးတစ်ထွာ တစ်မိုက်ကယ်နှင့် ကောက်ချက်ဆွဲလိုက်ရပါသည်။

ကလေးသူငယ်များကိုဆိုဆုံးမရာ၌ အကျိုးသင့် အကြောင်းသင့် နားလည်အောင် စိတ်ရှည်ရှည်ထားပြီး ရှင်းလင်းပြောပြသင့်၏။ နားဝင်အောင် ချိုသာစွာ ကြောင်းကျိုးပြောပြလျှင်နားလည်ကြပါသည်။ ငယ်စဉ်ဘဝသည် နုနယ်သောစိတ်၊ ဖြူစင်သော အသိဉာဏ်တွင်ကြောင်း

BURMESE CLASSIC .com

www.burmeseclassic.com



ကျိုးသင့်မြတ်သင့် ဆုံးမစကားများ တစ်သက်လုံး စွဲမြဲ သွားနိုင် ပါ၏။ ရှင်းပြရမည်ကို စိတ်မရှည်တတ်သော လူကြီးများသည် တစ္ဆေသရဲနှင့် ဖြဲခြောက်ခြင်း အမှောင်ကို ကြောက်ရွံ့အောင် ခြောက်လှန့်ခြင်းများ ပြုလုပ်ပြောဆိုတတ်ကြ၏။ စပ်စု တတ်လွန်းသော ကလေးငယ်များအား ဟန့်တားသောအားဖြင့် တမင်ဖြဲခြောက်သည်ဖြစ်စေ၊ သို့မဟုတ် ကျီစား လိုသောစိတ်ဖြင့် ပျော်စေပျက်စေကလက်စေသဘောမျိုးနှင့်ဖြဲခြောက်သည် ဖြစ်စေ၊ ကလေးသူငယ်များ၏ စိတ်မှာ တကယ်စွဲလမ်း သွားတတ်သည်။ အလကားနေရင်း အမှောင်ကို ကြောက်တတ်ခြင်းများ၊ တစ္ဆေသရဲများကို ကြောက်တတ်ခြင်းများ အရိုးစွဲသွားခဲ့သော်သူတို့လေးတွေ၏ဘဝရှေ့ရေးမှာ အနှောင့်အယှက်ကြီးစွာ ဖြစ်စေတတ်သည်။ ဘဝတက်လမ်း များကိုလည်း ထိုကြောက်စိတ်သည် ပိတ်ပင်တားဆီးစေနိုင်သည်။ ဤအချက်ကို လူကြီးများအထူးသတိထားပြီး ကလေးများကို ကြောက်လန့်အောင် တစ္ဆေဖြင့် ခြောက်လှန့်ခြင်းမှ ဆင်ခြင် ရှောင်ရှားသင့်ပါသည်။

ကျွန်တော်သည်၁၂-နှစ်သားကျော်ကျော်တွင်မင်္ဂလာရာမကျောင်း၌ ပင် ကိုရင်ဝတ်ဖြစ်ပါသည်။ ဥပဇ္ဈာယ်ဆရာတော်ကြီးမှာ ကျောင်းထိုင် ဘုန်းကြီးဦးဝိသုဒ္ဓဖြစ်၏။ ဂျပန်ခေတ်တုန်းက ဂျပန်စစ်သား၏ ဘက်နက်ဖြင့် ဘယ်ဘက်လက်မောင်းတွင် အထိုးခံခဲ့ရသော သတ္တိခဲ ဘုန်းကြီးပင်ဖြစ်ပါသည်။ ဘုန်းကြီးသည် ကျွန်တော့်အား သံယောဇဉ် ကြီးရှာပါသည်။ ရှင်လိင်ပြန်ပြီးသော်လည်း အတန်းကျောင်း၏ ကျောင်း ပိတ်ရက်တိုင်း ဘုန်းကြီးကျောင်းသို့ ကျွန်တော်အမြဲဆွမ်းပို့သွားလေ့ရှိသည်။ ဆွမ်းပို့ရင်း ကျောင်းဝေယျာဝစ္စများကို ကျွန်တော် ဆောင်ရွက်ပေးနေကျ ဖြစ်၏။ ရုံဖန်ရံခါကျောင်း၌ အိပ်စက်တတ်၏။ ခန်းနေ ဦးပဥ္စင်းမှာ

BURMESE CLASSIC .com

www.burmeseclassic.com



ဘွားအေကြီး သိက္ခာထပ်ထားသော ဦးပဥ္စင်းဖြစ်၍လည်း ပို၍ကျောင်း၌ ပျော်ပိုက်ခြင်းဖြစ်ပါလိမ့်မည်။ ကိုရင်ဝတ်ခဲ့သည်မှာ ယခုနှစ် နှစ်ပေါင်း လေးဆယ် ကျော်ခဲ့ပါပြီ။ ဆယ်နှစ်သား ကျော်ကျော်လောက်တုန်းက မြင်တွေ့ခဲ့ရသော ဂျပန်စစ်သားတစ္ဆေကို ထိုတစ်ကြိမ် တစ်ခါ တည်းသာ ကျွန်တော်မြင်တွေ့ ခဲ့ရခြင်းဖြစ်ပါသည်။ ကျွန်တော့်အနေနှင့်မူ ယနေ့အထိ ထိုဂျပန်စစ်သား တစ္ဆေကိုထပ်မံမြင်တွေ့ရခြင်း မရှိတော့ပါ။ အခြားသူများ မြင်တွေ့ရပါသည်ဟူသော သတင်း စကားကိုလည်းထပ်မံ၍မကြားသိရပါ။ နှစ်ပေါင်း လေးဆယ် ကျော်ခဲ့ပြီမို့ ကျွန်တော်တွေ့ခဲ့ဖူးသည့် ဂျပန်စစ်သား တစ္ဆေသည်လည်း ကျွတ်လွတ်သွားခဲ့ပြီဟု မျှော်လင့်ရပါသည်။

ကျောင်းတက်သွားတိုင်း၊ဘုရားကြီးဘက်ရောက်တိုင်း၊စောင်းတန်းမှ ဆင်းတိုင်းတက်တိုင်း၊ စောင်းတန်းဦးတွင် ကျွန်တော် ငယ်စဉ်ဘဝက တွေ့မြင်ခဲ့ရဖူးသည့် ဂျပန်စစ်သားတစ္ဆေ ရွှေသွားတွေ တဝင်းဝင်းနှင့် သွားဖြဲရယ်ပြနေသော ပုံရိပ်ကိုပြန်လည်မြင်ယောင် နေမိဆဲဖြစ်၏။ ဝါးရုံတောဆီသို့လည်း အမြဲစူးစမ်းလေ့လာ ကြည့်ရှုမြဲဖြစ်၏။ သို့သော် ဘာအရိပ်အယောင်မျှ မတွေ့ရတော့ပေ။ ကျောင်းကန်ဘုရား အနီးအနား မှာလာဖြစ်သော တစ္ဆေပြိတ္တာ တို့ဟူသည် ဘုရားသံတရားသံ အမျှဝေသံ၊ မေတ္တာပို့သသံတို့ကြောင့် မြန်မြန်ကြီး ကျွတ်လွတ်ကြသည် ဖြစ်မည်ဟု ကျွန်တော် တွေးမိပါ၏။ စာဖတ်သူတို့ကော မည်သို့ယူဆကြပါ မည်နည်း။ ကျွန်တော့်အဆိုကို ထောက်ခံကြမည်လား၊ ကန့်ကွက် ကြမည်လား။

V V V V V V V V V V V V V V

BURMESE CLASSIC .com

www.burmeseclassic.com

# ရာကြည့်မှန်ဆောင်ပြန်ရှုထောက်များ

**ပညာသည်များ**

"ကျွန်တော်ရှမ်းပြည်နယ်ဘက်ကို တာဝန်ကျတယ်ဆိုတော့ ကျွန်တော့်မိဘများက သေသေချာချာမှာတယ်ဆရာ။ စကားကို သူတစ်ပါးနစ်နာအောင်အရမ်းကာရောမပြောနဲ့။အစားအသောက်ကိုလည်း သူတစ်ပါးကျွေးတိုင်း မဆင်မခြင်မစားနဲ့။ သူများအိမ်လည်သွားရင် ခွင့်တောင်းပြီးမှပြန်တဲ့။ ဟုတ်သလားဆရာ"

"ဟား---ဟား--ကိုလှမြင့်ရောကြုံဖူးလို့လားဗျ။ ဆရာတို့လည်း ကြားသာကြားဖူးတာ။ တကယ်မမြင်ဖူးမကြုံဖူးသေးပါဘူးဗျာ။ ယုံတမ်းပြောကြသလား၊ ချဲ့ကားပြီးပြောကြသလားမှမသိတာ။ ဖျာကပ်ပြီးပါလာတယ်ဆိုတာ လူတိုင်းပြောနေကျ အကြောင်းအရာ တစ်ရပ်ပါပဲ။ ဆရာထင်တာတော့ရှမ်းပြည်နယ်က ကောက်ညှင်းက တအား စေးတာဗျ။ ရှမ်းလူမျိုးတွေ ကောက်ညှင်းကိုထမင်းလိုစားကြတာ။ ရှမ်းနှင့် ကောက်ညှင်း ခွဲခြားလို့မရဘူး။ ခေါပုပ်ဆိုတာကို၊ ကိုလှမြင့်မကြိုက်ဘူးလား"

BURMESE CLASSIC .com

www.burmeseclassic.com



"သိပ်ကြိုက်တာပေါ့ဆရာရယ်။ ခေါပုပ်ကြော်ကို သကြားနဲ့ တို့စားရတာ သိပ်အရသာရှိတာပဲ"

"ရှေးတုန်းကသိကြားအစား သကာရည်နဲ့တို့စားကြတာပေါ့။ ကောက်ညှင်းနဲ့ လုပ်တဲ့မုန့်တွေကလည်းမျိုးကိုစုံနေရောနော် အလွယ်ကူဆုံးကတော့ကောက်ညှင်းချက်၊ ကောက်ညှင်းပေါင်းပေါ့ဗျာ။နှမ်းထောင်းလေးနဲ့ ဘယ်လောက်ကောင်းသလဲဗျ။ ဖြစ်ပုံကဒီလိုနဲ့တူပါတယ်။ရှေးကလျှပ်စစ်မီး မရှိသေးဘူး။ ရေနံဆီမီးခွက်မှိန်မှိန်လေးကိုပဲ သုံးကြရတယ်ဗျာ။ အိမ်လည်သွားတော့အိမ်ရှင်တွေဝိုင်းဖွဲ့စားသောက်နေတာနဲ့တိုးပါလိမ့်မယ်။ ဧည့်သည်ကိုနေရာပေးဖို့ဝိုင်းချဲ့ရာမှာ ဖျာပေါ်ကျနေတဲ့ကောက်ညှင်းပေါ် ဧည့်သည်ကထိုင်မိရော။ ကောက်ညှင်းကလည်းစေးစေးနဲ့မို့ ထအပြန်မှာ ဖျာနဲ့တင်ပါး ခွာမရဖြစ်ရော။ အဲဒီကနေစကားဆိုတဲ့အတိုင်း စလိုက်တာနဲ့ ကားကား သွားလိုက်တာ ကနေ့ကိုလှမြင့်ပြောတဲ့ ယုံတမ်းပုံပြင် ဖြစ်လာတယ်နဲ့တူပါရဲ့ဗျာ။ ဆရာကတော့အဲဒီလိုပဲ တွေးမိတယ်"

"ဆရာပြောတာလည်း ယုတ္တိယုတ္တာတော့ ရှိပါတယ်။ ဒါပေမယ့် ဆရာရယ်။ ရှာတည်ရင်ပညာသည်ပါလာစမြဲလို့ ဆိုကြတယ်မဟုတ်လား။ လောကမှာဆန်းကြယ်တဲ့ပညာတွေရှိတယ်တဲ့။ နက်နဲခက်ခဲတဲ့ပညာကို ဂမ္ဘီရ လို့ခေါ်တယ်ဆိုဗျ"

"ခုတစ်လောတော့စာအုပ်စာပေစာစောင် မဂ္ဂဇင်းတွေမှာဂမ္ဘီရတွေ သိပ်ခေတ်စားနေတာပဲ။ ရေးသားဖော်ပြလို့သာဖတ်ရတယ်။ တကယ် ဟုတ် မဟုတ်တော့ အရမ်းလည်းမပြောတတ်ပါဘူး ကိုလှမြင့်ရာ"

"လျှို့ဝှက်ဆန်းကြယ်တဲ့ပညာရပ်တွေလောကမှာရှိတာတော့ အမှန်

www.burmeseclassic.com



ပါပဲဆရာ။ အစစ်မှန်ထက်အတုအယောင်တွေကပေါများလွန်းတော့လူတွေ အထင်သေးကြတဲ့ အပိုင်းကပိုများသွားတယ်လို့ ကျွန်တော်ထင်ပါတယ်"

"ဟုတ်လိမ့်မယ်။ ပညာသည်တွေပဲဗျာ။ ဈေးတော့မစားတန်ရာပါဘူး။ ဈေးစားစုန်းဆိုတာတွေ ကြားရတော့ အပြောင်အနောက်ပြောကြတာပဲ ဖြစ်မယ်လို့ ဆရာမှတ်ချက်ချမိတယ်ကိုလှမြင့်"

"တကယ့်ပညာသည်တွေကျတော့အပင်းသွင်းတာတို့ ဗူးသွင်းတာတို့ တောင်မကဘူး။ လူကိုတောင်စားသတဲ့ဆရာ"

"ကဝေခုနစ်ကြိုးတို့ ဆယ့်နှစ်ကြိုးတို့ဆိုတာတွေလည်း ကြားကြားနေပါရဲ့။ ဘုန်းကြီးကိုတောင်လုပ်ကြံပါသတဲ့။ဘုန်းကြီးတစ်ပါးကိုကြံစည်လို့ ပျံတော်မူရင် ကြိုးတစ်ချောင်းတက်တယ်။ ပညာတစ်ဆင့်မြင့်တယ်လို့ ဆိုကြပြန်ရော"

"ဘုန်းကြီးကိုတကယ်ကြံမကြံတော့ ကျွန်တော်မသိဘူးဆရာ။ ကျွန်တော်တို့မြို့မှာ နာမည်ကြီးသွားခဲ့တဲ့ ပညာပြခန်းကတော့ အတော့်ကိုဆန်းပါတယ်။ ဇာတ်လမ်းတစ်ပုဒ်လိုပါပဲ။ ကျွန်တော့်ဆွေမျိုးသားချင်းထဲက တစ်ဦးခံလိုက်ရတာမို့ဆရာ့ကိုတော့ သေသေချာချာအသေးစိတ်ကို ပြောပြမယ်။ ဆရာစိတ်ဝင်စားမယ်ဆိုရင် တစ်ဆင့် ရေးသားတင်ပြနိုင်တာပေါ့။ ဆရာ့ တစ္ဆေ စာဖတ်ပရိတ်တွေအတွက်တော့ ဇာတ်လမ်းဆန်းတစ်ပုဒ်မြည့်ကြည့်နိုင်ရအောင် ကျွန်တော်စေတနာထားတာပါ။ ဒါပေမယ့် ဆရာကတိ တစ်ခုတော့ပေးပါ။ နာမည်တွေနဲ့မြို့ရွာကို တော့လွှဲပြောင်းပြီး ရေးဖို့ပါ။ အဲဒီကဝေမဆိုတဲ့ အဘွားကြီးက ဒီနေ့အထိ အသက်ထင်ရှား ရှိဆဲမို့ပါ။ ကျွန်တော့ကို ဒုက္ခပေးမှာကိုလည်း စိုးကြောက် တာပေါ့ဗျာ"

www.burmeseclassic.com



"ကိုလှမြင့်ရဲ့ဇာတ်လမ်းကို စိတ်ဝင်စားသွားပြီ။ ပြောသာပြောပါ။ ဆရာ့လက်နဲ့ စာရေးသားတဲ့ပညာတို့ကို၊ ကိုလှမြင့်ယုံတယ်ဆိုရင်တော့ ကျေကျေနပ်နပ်ခွင့်ပြု ပေါ့ဗျာ။ ခင်ဗျားအတွက် အန္တရာယ်မဖြစ်စေရပါဘူး စိတ်ချပါ"

"ဆရာ့ကိုစိတ်ချပြီးသားပါ။ လျှို့ဝှက်ဆန်းကြယ်တဲ့ပညာတွေဟာ လောကကြီးထဲမှာ အများကြီးကိုရှိတယ်ဆိုတဲ့ အကြောင်းစာဖတ်သူတွေကို သိစေချင်တာပါပဲဆရာ။ ပြီးတော့ဒီအဖြစ်အပျက်ကလေးက တစ်ဆင့် စကားတစ်ဆင့်နားကြားခဲ့ရတဲ့ ယုံတမ်းပုံပြင် မဟုတ်ပါဘူး။ ကွယ်လွန် သွားခဲ့ရရှာတဲ့ ကျွန်တော့်အစ်ကို တော်စပ်သူ မောင်မောင် ညွန့်ရဲ့အသုဘကို ကျွန်တော်ကိုယ်တိုင်ပို့ဆောင်ခဲ့ရပါတယ်။ သူ့ဆန္ဒအရ သူ့ကိုရည်စူးအလှူ ပြုပေးတဲ့ သူ့သားတွေရဲ့ရှင်ပြုပွဲကိုလည်း ကျွန်တော်တို့တစ်မြို့လုံး ဝိုင်းဝန်းပြီး ဆောင်ရွက်ကြရတဲ့အထဲမှာ ကျွန်တော်ဟာလည်း တစ်ယောက်အပါအဝင်မို့ ပါဗျာ"

"ပြောမှာသာပြောပါတော့ ကိုလှမြင့်။ စကားအချီးတွေ ပလ္လင်တွေ နိဒါန်းတွေ သိပ်များနေပြီ။ ဆရာလည်း ကိုလှမြင့်ရဲ့ ကိုယ်တွေ့ ဇာတ်လမ်းလေးကို သိပ်ကြားချင်နေပါပြီ"

"သိပ်ကြားချင်နေရင် နားဆင်ပေတော့ ဆရာရေ့။ ဇာတ်လမ်း လေးက ဒီလိုပါတဲ့"

**ဖြစ်မှုဖြစ်ရပလေ**

ကိုလှမြင့်၏ ဇာတိချက်ကြွေမွေးရပ်မြေသည်ကား၊ ပင်လယ် ကမ်းခြေနှင့် မနီးမဝေးဒီရေအတက်အကျရှိသော မြို့ငယ်ကလေးတစ်မြို့

www.burmeseclassic.com



ဖြစ်သည်ဟု သာမန်အားဖြင့်သာ ဖော်ပြပါရစေ။ ပင်လယ်အတွင်းသို့ စီးဝင်သည့် မကြီးလွန်း မငယ်လွန်း၊ မကျယ်ပြန့်လွန်းသော မြစ်တစ်စင်း၏ ကမ်းနံဘေးဝယ်၊ မြစ်ကြောင်းတစ်လျှောက် အလျားလိုက် တောင်နှင့် မြောက်တန်းစီလျက် လူနေအိမ်ခြေများ တည်ဆောက်ထားကြပါသည်။ မြစ်ကမ်းပါးသည် အညာရပ်များမှာကဲ့သို့ ကမ်းပါးပြတ် စောက်နက်နက် ကြီးများ မဟုတ်ပေ။ ပုဂံညောင်ဦးလို အရပ်မျိုး မှာတော့ ရေစီးကြမ်းလျက် မြစ်ရေတိုက်စားမှုကလည်း နှစ်ပရိစ္ဆေဒကြာမြင့်လာခဲ့ပြီ ဖြစ်၍ ကမ်းပါးတို့ သည် အလွန်တရာမှ စောက်နက်လှသော နေရာတွေ အများအပြား ရှိသည်ကို စာဖတ်သူတို့ သိရှိပြီးသားပါ။ ယခု ကိုလှမြင့်တို့၏ ဇာတိမြို့ တည်ရှိရာ အကြေအရပ်များတွင်မူ ရေစီးညင်သာတည်ငြိမ်နေပေပြီ။ ဒီရေအတက်အကျရှိသောကြောင့်လည်းဒီရေတက်လာချိန်တွင်မြစ်ပြင်သည် ကျယ်ပြောနေတတ်ပြီး၊ ဒီရေကျသွားသည်နှင့် မြစ်ပြင်ဧရိယာသည်လည်း အထိုက်အလျောက် သေးငယ်ကျန်ရစ်စမြဲပါ။

ဆိုလိုရင်းကား၊ ဒီရေအတက်အကျကြောင့် မြစ်ရေအတိုးအဆုတ် အမြဲရှိရာ၊ မြစ်ကမ်းပါးနှစ်ဖက်တို့သည်လည်း ဆင်ခြေလျောပြေပြေလေးဖြစ် နေပါသည်။ အညာမြို့ရွာအများစုတို့သည် မြစ်ဆိပ်ရှိရာ မြစ်ပြင် ကျယ်ဘက်ကို မျက်နှာမူလျက် နေအိမ်များတည်ဆောက်ထား တတ်ကြ သော်လည်း၊ ကိုလှမြင့်တို့ ဇာတိနယ်မြေ အကြေရှိ မြို့ရွာတို့သည်ကား မြစ်ပြင်ကျယ်ဘက်ကို ကျောပေး တည်ဆောက်ထားကြပါသည်။ကမ်းပါးကို မှီ၍ တည်ဆောက်ထားကြသည့် အလျောက် ခြေတံရှည်အိမ်များ၏ အနေအထားတို့မှာ အိမ်ရှေ့မျက်နှာစာရှိ အိမ်တိုင်များက တိုလျက်

www.burmeseclassic.com



အိမ်နောက်ကျောရှိ အိမ်တိုင်များက ရှည်ပါသည်။ အညစ်အကြေးစွန့်ရာ ရေအိမ်များဆိုသည်ကလည်း အိမ်နောက်ဖေးမှာသာ ထားရှိကြစမြဲမို့ မြစ်ကမ်းပါးတစ်လျှောက် လူနေအိမ်တွေတန်းစီရှိနေကြသလိုပင် အိမ်တိုင်းစေ့ရှိ ရေအိမ်များသည်လည်း အပြိုင်အဆိုင် တန်းစီနေကြပြန်ပါရော။ မြို့သို့သင်္ဘော မဆိုက်မီမှာ အဝေးကပင်လျှင် ရေအိမ်တွေ တစ်စီတစ်တန်းကြီးကို မြင်တွေ့ရကြရမည်ဖြစ်ပါသည်။

မြို့ဆိုသည်ကား အဝေးကလှမ်းမြင်ရစဉ်မှာပင် စေတီနှင့်ဘုရားနှင့် ကျောင်းနှင့် ကန်နှင့်မှ ကျက်သရေရှိပါသည်။ ရေအိမ်တွေတန်းစီနေသော မြို့တန်းကြီးသည် အိမ်တွေနောက်ကျောပြနေပြန်ရာ အဘယ်မှာ လျှင်ကြည့်၍ ရှု၍ တင့်တယ်ပါမည်နည်း။ ပြီးတော့ ကိုလှမြင့်တို့ မြို့သို့သွားရောက်နိုင်ရန်ကလည်း ရေလမ်းတစ်ခုတည်းသာဆက်သွယ်ရေး လမ်းကြောင်းရှိ၏။ အခြားသော ကားလမ်း၊ မီးရထားလမ်းဆိုသည်များ လုံးဝမရှိပါပေ။ မြို့အဝင်အထွက် မြို့မျက်နှာစာ မြို့တံခါးပေါက်သည် ရေအိမ်များ တန်းစီလျက် မရှိသင့်ပါ။ မြို့အင်္ဂါနှင့် ညီညွတ်အောင်ပြန်လည် ပြုပြင်တည်ဆောက်ရေးစီမံကိန်းများကိုမဖြစ်မနေအရှိန်အဟုန်ဖြင့်လျှင်လျှင် မြန်မြန်ကြီး ဆောင်ရွက်ကြရသောကာလ၌ မြစ်ကမ်းပါးတစ်လျှောက်ရှိ အိမ်တန်းများအားလုံး ဖျက်ပြီး မြို့သစ်သို့ ရွှေ့စေဟူသော အမိန့်တစ်ရပ် ထွက်လာ၏။ ရှေးကတည်းက ရိုးရာမပျက် အေးအေး ဆေးဆေး နေလာခဲ့ကြသူတွေ မအေးဆေးနိုင်တော့ပါ။ အိမ်ဖျက်ကြ၊ ရွှေ့ကြ၊ ပြောင်းကြနှင့် အုန်းအုန်းကျွတ်ကျွတ် ဖြစ်ကြပါလေရော။ ဤတွင်မှ ရှေ့ တစ်နှစ်ကျော်ကျော်တုန်းကဟိုးလေးတကျော်ဖြစ်ခဲ့ဖူးသောမောင်မောင်ညွန့်

www.burmeseclassic.com



အမည်ရ ကိုလှမြင့်၏အစ်ကိုဝမ်းကွဲတော်သူ၏ ဇာတ်လမ်း ဒုတိယပိုင်းက တစ်စခန်းထလာခဲ့ရခြင်းဖြစ်ပါသည်။

ထိုသို့ ကမ်းနားတစ်လျှောက် နေအိမ်များဖျက်သိမ်း ပေးရသည့် အခါတွင် ကိုလှမြင့်တို့မြို့ငယ်လေး၌ ကဝေမဒေါ်အိုဇာဟုအများကသမုတ်ထားခြင်းခံရသူ၏ အိမ်သည်လည်းပါရှိသွားခဲ့၏။ အိမ်တွေ ရွှေ့ပြောင်းပြီးသည်နှင့်မြို့ငယ်လေးမှဒေါ်အိုဇာတစ်ယောက်ခဏပျောက်သွားပါသည်။ ယာယီခရီးထွက်ခြင်းပါ။ တစ်နေ့တွင် ကွယ်လွန်ပြီးသူမောင်မောင်ညွှန့်သည် နှမငယ် မယ်ထွေးထံဝင်ပူးပြီး ပြောပါတော့သည်။ မောင်မောင်ညွှန့်ဝင်ပူးသည်နှင့် မယ်ထွေး၏ အမျိုးသမီးဟန်ပန်တွေပျောက်၊ သွားလေသူအစ်ကိုမောင်မောင်ညွှန့်လေသံနှင့်ယောကျ်ားဟန်အမူအရာတွေရောက်လာသည်။ ဆန်းတော့အတော်ဆန်း၏။ သူဒုက္ခရောက်နေပုံတွေကို နတ်သံနှော၍ ငိုပြောပြောပါတော့သည်။ သူ့အဖြစ်ကလည်း ရင်နာစရာ အလွန်ကောင်းပါသည်။ လူ့ဘဝတုန်းက၊ ကဝေမဒေါ်အိုဇာ ၏ရက်ရက်စက်စက်ကြံစည်မှုကိုခံရပြီး၍ သေသွားသည့်တိုင်အောင် မပြီးပြတ်နိုင်သေးပေ။ တမလွန်ဘဝတိုင်အောင် အချုပ်အနှောင်ခံနေရဆဲ ရှိနေသေးသည် ဆိုကိုး။

"မယ်ထွေးရယ် နင့်တို့အစ်ကိုကြီး အဖြစ်ကိုဘာမှ မသိကြဘူးနော။ ငါ့မှာဒုက္ခရောက်နေရတယ်။ ဒေါ်အိုဇာကြီးက ငါ့ကိုချုပ်နှောင်ထားတယ်။ သူ့ အိမ်နောက်ဖေးနောက်ဖီက အိမ်တိုင်မှာကြိုးနဲ့ချည်ထားတယ်ကွ။ ဘယ်ကိုမှသွားလို့မရ၊ ဘာမှလည်းမစားရမသောက်ရ ဝဋ်ဒုက္ခကြီးမားလှတယ်။ အဆိုးဆုံးကတော့ ဒီရေတက်လာတဲ့အချိန်ပေါ့။ ဒီရေတဖြည်းဖြည်းတက်လာရင် ငါ့ကို တဖြည်းဖြည်းရေတွေ လွှမ်းလာရော။

BURMESE CLASSIC .com

www.burmeseclassic.com



ဒီရေအမြင့်ဆုံးအချိန်မှာ လည်ပင်းနစ်ရုံ တင်မကတော့ဘူး။ ပါးစပ်လည်း မြုပ်သွားတာပဲ။ ကြိုးစားပြီးပါးစပ်ပိတ်ထား ရတဲ့ကြားက ရေငန်တွေ ပါးစပ်ထဲ ဗိုက်ထဲဝင်ကုန်တယ်လေ။ နှာခေါင်းထဲမဝင်နိုင်အောင် ဖြေဖျား ထောက်ထားရတယ်။ ငါ့ကိုကယ်ပါဦး ဟ”

**သားတွေရှင်ပြုရန်**

သူဖြစ်ကြောင်းကို ငိုသံနှော၍ ပြောပြသောအခါ မိခင်ဖြစ်သူ ဒေါ်လှမေခမျာ ဘယ်လိုလုပ်ပြီး ဖြေဆည်နိုင်တော့ပါမည်နည်း။ သား မောင်မောင်ညွန့်၏ အသံကိုကြားရစဉ်ကပင် မျက်ရည်လည်နေခဲ့ရာသား၏ အဖြစ်ဆိုးကိုနားနှင့် ဆတ်ဆတ်ကြားသိရပြန်သော် ရင်ထဲ၌ မချိအောင် ဖြစ်ရတော့၏။ မျက်ရည် ထွေထွေကျလျက်ရှိသော မိခင်ဒေါ်လှမေက သားမောင်မောင်ညွန့်ဝင်ပူးနေသည့် သမီးမယ်ထွေးကို သားအမှတ်ပြု၍ ဤသို့မေးမြန်းရပါတော့သည်။

“အဖြစ်ဆိုးလှချည်လား သားကြီးရယ်။ မေမေ့မှာ မကြားဝံ့ပါဘူး။ အမေတို့သားကို ဘယ်လိုကယ်ရမှာလဲ”

“ကျွန်တော့်ကိုရည်စူးကုသိုလ်ပြုပေးပြီး အမျှအတန်းဝေပေးပါ။ မဝင်းတို့၊ ကိုကိုနဲ့ညီညီတို့ကိုလည်း မမြင်ပါလားအမေ”

“သားကြီးဆုံးလို့ တစ်လလောက်ကြာတော့ မဝင်းလည်းသူ့သားနှစ် ယောက်ကိုခေါ်ပြီး သူ့မိဘမြို့ရွာဆီ ပြန်သွားလေရဲ့။ ဟိုမယ် သူ့မိဘမောင် နှမများနဲ့ လုပ်ကိုင်စားသောက် နေကြပါတယ်ကွယ်”

“သားနှစ်ယောက်ကို ကျွန်တော်ရှင်မပြုပေးရသေးဘူး။ ကျွန်တော် သား တွေကို ရှင်ပြုပေးချင်တယ်အမေ”

BURMESE CLASSIC .com

www.burmeseclassic.com



"သားကြီးဆန္ဒအတိုင်းဖြစ်စေရမှာပေါ့ကွယ်။ ချွေးမ မဝင်းနဲ့မြေးနှစ်ယောက်တို့ကို အမေခေါ်ပြီး ဒီမှာ ရှင်ပြုပေးပါမယ်။ သားကြီးကိုရင်ဝတ်ခဲ့တဲ့မြို့ဦးကျောင်းမှာ အလှူလုပ်ပေးမယ်နော်"

"မဝင်းနဲ့ကျွန်တော့်သားနှစ်ယောက်ကို မြန်မြန်ခေါ်ပြီး မြန်မြန်ရှင်ပြုအလှူလုပ်ပေးပါအမေရယ်။ ကျွန်တော့်ကိုချုပ်ထားတဲ့ ဒေါ်အိုဇာကြီးခရီးထွက် နေတုန်း လုပ်မှဖြစ်မှာ။ ဒေါ်အိုဇာကကျွန်တော့်ကို ရွာအရှင်မထံမှာအပ်နှံထား ခဲ့ပါတယ်။ အခုကျွန်တော် ရွာအရှင်မထံက ခွင့်ပန်ပြီးအိမ်ခဏပြန်လာလို့ရတာပါ။ အမေရေ အလှူကိုအမြန်ဆုံးစီစဉ်ပေးပါဗျာ။ ဒေါ်အိုဇာကြီးပြန်လာရင် ကျွန်တော်ဒီလိုအပြင်ထွက်ဖို့ မလွယ်တော့ဘူးဗျ"

ထိုရက်ပိုင်း၌ ကိုလှမြင့်တို့မြို့သို့တိုက်ပုံအနက်၊ ရှမ်းဘောင်းဘီအနက် ဝတ်လျက် နှုတ်ခမ်းမွေးကားကားနှင့်အထက်လမ်း အကြမ်းဆရာဆိုသော ရှမ်းဆရာကြီးတစ်ယောက်ရောက်နေသည်နှင့် တိုက်ဆိုင်နေပါသည်။ သားချင်းထဲက တစ်ယောက်သည် မယ်ထွေးကို နတ်ပူးသလိုမြင်တွေ့ရသောအခါတွင် မဖြစ်ချေတော့ဘူးဟု စိုးရိမ်သည့်အလျောက်၊ ထိုဧည့်သည်ရှမ်းဆရာကြီးကို အားကိုးတကြီး သွားပင့်လာခဲ့ပါသည်။ နှမငယ်မယ်ထွေးထံ ဝင်ပူးနေသောကွယ်လွန်သူ မောင်မောင်ညွန့်နှင့်မိခင်ဒေါ်လှမေ တို့အပြန်အလှန်အချီအချစကားပြောဆို နေကြစဉ်မှာပင်ထိုရှမ်းဆရာကြီး ရောက်လာပါသည်။ ဆရာရောက်လာသည်နှင့်မောင်မောင်ညွန့်ဝင်ပူးနေသော မယ်ထွေးသည် လက်အုပ်တချီချီ ဦးတချချနှင့်သူ့အားကယ်ပါရန် တောင်းပန်နေပါတော့၏။

"ဆရာခင်ဗျား။ ကျွန်တော်ဆရာ့ကိုလေးစားပါတယ်။ အားလည်းကိုးပါတယ်။ ကျွန်တော့်ကိုကယ်ပါဆရာရယ်။ ဆရာကယ်ပါမှ ကျွန်တော်

BURMESE CLASSIC .com

www.burmeseclassic.com



ချမ်းသာရာရမှာပါ။ သားတွေရှင်ပြုပွဲမှာလည်း ဆရာပဲကြီးကြပ်စောင့်ရှောက်ပေးပါ။ ကျွန်တော်အနူးအညွတ် တောင်းပန်ပါတယ်” ဟုအားကိုးတကြီးအကူအညီ တောင်းခံလျက်ရှိ၏။ ဆရာကမေးမြန်းသောအခါ သူ့ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောင်းပြောပြသည်။ ရှင်ပြုအလှူကို အမြန်ဆုံးလုပ်ပေးပါရန် အခါခါအရေးဆိုနေပြန်ရာ၊ ရှမ်းဆရာကြီးသည် မောင်မောင်ညွှန့်မိခင်ဖြစ်သူ ဒေါ်လှမေနှင့် တိုင်ပင်ရတော့၏။ ပရိက္ခရာကို မြို့ပေါ်တက်ဝယ်ရန်နှင့် အလှူတွင် ကျွေးမွေးဧည့်ခံရန် ဝယ်ခြမ်း ပြင်ဆင်ရေးအပြင် ချွေးမနှင့်မြေးနှစ်ယောက်တို့ကိုလည်း မှာကြားခေါ်ယူရဦးမည်မို့ အနည်းဆုံးအချိန်တစ်လခန့်ပေးရန် သဘောတူညီကြပါသည်။

“အမေ ကျွန်တော်ပြောတဲ့အတိုင်း အမြန်ဆုံးလှူပေးပါနော်။ ဒေါ်အိုဇာကြီးပြန်ရောက်လာရင် လုပ်ရကိုင်ရ ခက်ခဲသွားပါလိမ့်မယ်။ ကျွန်တော့်မှာလည်း ဒီလိုလွတ်လွတ်လပ်လပ် ထွက်ဖို့ဖြစ်နိုင်မယ် မဟုတ်တော့လို့ပါ။ သားတွေရှင်ပြုအလှူပြီးလို့ သာခုခေါ် ဆိုရတော့မှ ကျွန်တော်ကျွတ်လွတ်ချမ်းသာမှာဗျ။ ကျွန်တော့ ဝဋ်ဒုက္ခကြီးလွန်းလို့သနားကြပါဗျာ။ ဒေါ်အိုဇာရဲ့ အချုပ်အနှောင်ကိုကြောက်လန့် လွန်း လို့ပါ။ ဒီရေတက်တဲ့ လဆန်းလပြည့်ရက် တွေကိုထိတ်လန့်ရပါတယ်။ လသာတဲ့ညတွေဟာ လူသားတွေအတွက်တော့ သာယာကြည်နူးစရာဖြစ်တာ အမှန်ပါ။ ကျွန်တော့်အတွက်တော့ ရေမွန်းတဲ့ဒုက္ခကြီးလွန်းလှပါတယ်။ ဒီရေကျသွားပြီဆိုမှဖြင့်ကျွန်တော်တစ်ကိုယ်လုံးပဲကြီးရေစိမ်လိုအသားအရေတွေ ဖြူပွပြီး ကျန်ရစ်ခဲ့စမြဲပါ။ အေးစက်ချမ်းတုန်တာကတော့ မေးခိုက်ခိုက်ရိုက်နေရောဗျ။ကြိုးနဲ့ချည်နှောင်ပြီးတိုင်မှာချည်ထားတာတစ်နှစ်ကျော်ကျော်

BURMESE CLASSIC .com

www.burmeseclassic.com



ကြာတယ်။ ဘယ်မှမသွားမလာနိုင် မလှုပ်မရှားနိုင်နဲ့ အချုပ်ကျတာထက် အဆပေါင်း ရာထောင် မကပိုဆိုးပါတယ်အမေရယ်။ ဒါကြောင့်ဖြစ်နိုင်ရင် အမြန်ဆုံးသားတွေကို ရှင်ပြုအလှူပေးပါနော်”

“ဆရာ။ ကိုကို ညီညီဆိုတဲ့ ကျွန်တော့်သားနှစ်ယောက် ရှင်ပြုအလှူမှာ ကျွန်တော်ကိုယ်တိုင် ရှင့်ဒါယကာအဖြစ် သပိတ်ကိုလွယ်၊ ယပ်ကိုကိုင်ပြီး ရွှေ့တန်းကပါဝင်ချင်ပါတယ်။ အဲဒီနေ့ကျရင် ကျွန်တော့်နှမမယ်ထွေးကို ကျွန်တော့် အဝတ်အစားတွေ ဆင်ယင်ပေးပါဆရာ။ ရှပ်အဖြူလည်ကတုံးနဲ့ တိုက်ပုံအကျီ နံ့သာရောင်၊ ပုဆိုးက ကျွန်တော်ကြိုက်လှတဲ့ ပိုးပုဆိုး အညိုရောင် မန်ကျည်းကွက်စိပ်တည်ထည်ကို ဝတ်ပါစေ။ ခေါင်းပေါင်းကတော့ ပန်းရောင်လေး ပဲကောင်းပါတယ်။ စိတ်ချပါရစေနော်။ အားကိုးပါတယ်ဆရာရယ်”

မောင်မောင်ညွန့်ဝင်ပူးနေသောမယ်ထွေးသည် မယ်ထွေးဟန်ပန်တွေ ပျောက်ကာ၊ မောင်မောင်ညွန့်မှတကယ့်မောင်မောင်ညွန့် ပုံစံဖြစ်နေပါ၏။ မိခင်ဒေါ်လှမေအား ကန်တော့သည်။ ရှမ်းဆရာကြီးအားကန်တော့သည်။ ပြီးတော့မိခင်ကိုနှုတ်ဆက်စကားပြောရာတွင် သူ့အလှူအတွက် အထပ်ထပ်အခါခါမှာကြားနေ၏။ မိခင်ကစိတ်ချပါရန်အတန်တန်ပြောရင်း ငိုပါသည်။ ပုထုဇဉ်စိတ်ဆိုသည်ကား အခက်သားပင်။

ဘဝတစ်ပါးသို့ပြောင်းသွားကွယ်လွန်သည်ဟုကျွန်တော်တို့လောက မမွှအရသုံးစွဲပြောဆိုကြ၏။ ပြောဆိုသုံးစွဲသည့်အတိုင်း ကျွန်တော်တို့ စိတ်ထဲမှာ အမှန်ပင် ဘဝတစ်ပါးသို့ရွှေ့ပြောင်းသွားသည်ဟု စွဲမြဲစွာ လက်ခံထားကြ၏။ အမှန်မှာ စုတိစိတ်ကျစဉ်ကတည်းကမောင်မောင်ညွန့် ဟုပညတ်သဘောခေါ်ဝေါ် သမုတ်သည့် ရုပ်နာမ်တို့သည်ပျက်ခဲ့ပါပြီ။

www.burmeseclassic.com



သူ၏မကောင်းမှုအကုသိုလ်တို့၏ ကံအကျိုးပေးကြောင့် မကျွတ်မလွတ်ရာ တစ္ဆေပြိတ္တာ ဘဝသို့ ကျရောက်ရသည်။ သားမယားတို့ကို စွဲလမ်းသော အတွယ်အတာစိတ်ကြောင့် မကျွတ်မလွတ်ဘဝဖြစ်ရခြင်းပါ။ သီးခြား ဘဝသစ်ဖြစ်၏။ မောင်မောင်ညွန့်က ဘဝသစ်သို့ ကူးပြောင်းခဲ့ခြင်းမဟုတ်။ ဘဝဟောင်းနှင့် ဘဝသစ်သည် သီးခြားစီဖြစ်၏။ သို့သော် ဘဝဟောင်းက အကုသိုလ်ကံကြောင့်၊ အစွဲအလမ်းတွေကြောင့် ဩဇာသက်ရောက်မှု ရလဒ်သည်ကား ဘဝသစ်၌အကျိုး ပေးမကောင်းခြင်းဖြစ်၏။ ဘဝဟောင်း အရှိန်အဝါ ဩဇာတွေကြောင့် ဘဝသစ်ဖြစ်ရခြင်းပါ။ ထိုဘဝသစ်သည် မောင်မောင်ညွန့်မဟုတ်ပါ။

ဤသို့ဓမ္မဓိဋ္ဌာန်ကျကျ မရှုတတ်မမြင်တတ်သော မိခင်ဒေါ်လှမေ သည် သားမောင်မောင်ညွန့်ဟန်ပန်နှင့် စကားသံကိုပြန်လည် တွေ့မြင် ကြားသိရစဉ်က စိတ်မကောင်း ဖြစ်ရသည်ဆိုသော်ငြားလည်း ဝမ်းထဲ၌ ကြိတ်ပြီးဝမ်းသာနေ၏။ သားသံယောဇဉ်ကရှိနေဆဲကိုး ယခုဝင်ပူးခြင်းမှ ပြန်လည်ထွက်ခွာသွားတော့ မည်ဆိုသောအခါ၊ မခွဲချင်မခွာရက်ဝမ်းနည်း ပက်လက်ဖြစ်ကာငိုကြွေးရပါ တော့သည်။ အတွယ် အတာများတို့ ဟူသည် ကား လူကိုရူးသွပ်စေနိုင်သည် မဟုတ်ပါလား။

"အမေ ကျွန်တော်စိတ်မကောင်းဖြစ်အောင် မငိုပါနဲ့ဗျာ။ ကျွန်တော် ရွာအရှင်မထံက ခွင့်ပန်ထားတာပြန်ချိန်တန်ပါပြီ။ ပြန်ရပါတော့မယ်။ သား တွေရှင်ပြုဖို့ကျွန်တော်စုထားတဲ့ ငွေနှစ်ထောင်ကျော်ကျော်ရှိတယ်ဗျ။ ဘုရားဆောင်ရဲ့နောက်ကျောမှာ ပလပ်စတစ်အိတ်နဲ့ထည့်ပြီး ဝှက်ထား ပါတယ်။ အဲဒီငွေကိုယူပြီးသင်္ကန်း ပရိက္ခရာဝယ်ရာမှာနည်းနည်း ထည့်သုံး

www.burmeseclassic.com



ပေးပါ။ သားတွေရှင်ပြုအလှူရက်ကို ကျွန်တော် စောင့်မျှော်နေမယ်နော် အမေ”

မောင်မောင်ညွန့်နှုတ်ဆက်ကန်တော့ပြီး ထွက်သွားသောအခါ အပူးခံရသူမယ်ထွေးသည်ပျော့ခွေမေ့မြောသွားခဲ့ပါပြီ။ခေတ္တအိပ်မောကျပြီးနောက် ပြန်လည်သတိရနိုးကြားလာသော် ဖြစ်ပျက်ခဲ့သမျှ တို့ကိုမယ်ထွေးခမျာ လုံးဝမမှတ်မိ မသိရှိတော့ပါ။

## နာကြည်းမှု

မောင်မောင်ညွန့်သည်လွန်ခဲ့သောတစ်နှစ်ကျော်ကျော်ကကွယ်လွန်ခဲ့ရပါသည်။ ဒေါ်အိုဇာ၏ နာကြည်းမှုတုံ့ပြန်ချက်ကြောင့် မောင်မောင်ညွန့်တစ်ယောက်ရေတိမ်မှာ နစ်ခဲ့ရခြင်းဖြစ်ကြောင်းကို၊ ကိုလှမြင့်တို့တစ်မြို့လုံးက သိထားကြပါသည်။ ဒေါ်အိုဇာကို မောင်မောင်ညွန့်ဘာများ ပြောဆိုပြုမူလိုက်၍ နာကြည်းသွားခဲ့ရပါသနည်း။မောင်မောင်ညွန့်လို ခေတ်လူငယ်လူရွယ် တစ်ယောက်အဖို့ သက်ကြီးရွယ်အိုဖြစ်သော ဒေါ်အိုဇာကို ရိုင်းရိုင်းပြပြကြီး ပြောဆိုပြုမူဆက်ဆံမည်တော့ မဟုတ်ပါ။ မည်ကဲ့သို့သောအဆင်မပြေမှုမျိုးဖြစ်ကြပါလိမ့်။ “ဝဋ်နှင့်ကြွမ္မာမလွတ်သာ၊ သံသရာရှည်လျားလျား” ဟုဆိုရိုးစကား ရှိသည့်အတိုင်း ရှေးအတိတ်ကံဆိုးကံမများရှိထားကြပြန်တူသည်။ အတိတ်ဝဋ်ကြွေးရှိက ဆပ်ကြရမည်သာ။ ဝဋ်ကြွေးကြောင့်လည်း ဤသို့လာဆုံကြခြင်းပါ။

ဒေါ်အိုဇာ၌တစ်ဦးတည်းသော သားဖြစ်သူ မောင်သန်းနိုင်ဆိုသူမှာ ရပ်ဝေးသို့ ရောက်နေ၏။ စစ်ထဲဝင်သွားပြီးကတည်းက စာမလာတစ်လှည့်

www.burmeseclassic.com



လာတစ်လှည့်ပါ။ ရှေ့တန်းသို့ထွက်နေရသည့်အခါ စာအဆက်အသွယ် ပိုပြတ်၏။ ယခုနှစ်ပိုင်းထဲ၌ ဘာကြောင့်မှန်းမသိ၊ မောင်သန်းနိုင်ထံမှ စာမလာ သတင်းမကြားရသည်မှာ အကြာမြင့်ကြီး ကြာမြင့်ခဲ့ပြီမို့ ဒေါ်အိုဇာ တစ်ယောက်နေ့စဉ်နှင့်အမျှ စာအလာကို မျှော်နေရှာပါသည်။ မျှော်သာမျှော်ရ စာကရောက်မလာပါပေ။ စာတိုက်သို့ လမ်းကြုံလျှင် ကြုံသလို ဝင်ရောက်စုံစမ်း၏။ ငွေလွှဲမန်နီအော်ဒါမလာသလို စာတစ်စောင် တစ်မြီးမှလည်း ရောက်မလာပါ။ လမ်းမကြုံလျှင်လည်း တမင်သက်သက် သွားရောက်မေးမြန်းတတ်၏။ မြို့က ငယ်ငယ်မို့ တစ်ဦးနှင့် တစ်ဦး မျက်နှာသိများချည်းမဟုတ်ပါလား။

ကိုလှမြင့်၏ အစ်ကိုတော်သူ မောင်မောင်ညွှန့်မှာ စာတိုက်ဝန်ထမ်းထဲက စာပို့လုလင်တစ်ဦးဖြစ်ပါသည်။ ဇနီးသည် မဝင်းနှင့် သားကြီး ကိုကို၊ သားငယ်ညီညီတို့အားလုံးအပါအဝင် မိသားဖသားလေးယောက် သားတို့သည် မိခင်ဒေါ်လှမေ၊ နှမလေးမယ်ထွေးတို့နှင့် အတူတူ တစ်အိမ်တည်းနေ တစ်အိုးတည်းစားကြသည်။ ကိုကိုနှင့် ညီညီတို့မှာ ငါးတန်းနှင့်လေးတန်း အသီးသီးရောက်ရှိနေကြပြီ။ နောင်နှစ်ခါဆိုလျှင် ရှင်ပြုရမည့်အရွယ်ရောက်လိမ့်မည်။ ထို့ကြောင့် မောင်မောင်ညွှန့်သည် သားနှစ်ယောက်ကိုရှင်ပြုအလှူပေးနိုင်ရန်စာတိုက်အလုပ်အပြင်အခြားအပို ငွေဝင်မည့် လုပ်ငန်းတိုတိုထွာထွာများကို တာဝန်ချိန်မှအပ ကြိုးစား လုပ်ကိုင်ကာ ငွေစုဆောင်းနေပါသည်။ ဇနီးမဝင်းသည်လည်း ငါးပိ ငါးခြောက် အရောင်းအဝယ် လေးများပြုလုပ်ရင်း အပိုဝင်ငွေ လေးများကို ရှာဖွေစုဆောင်းနေပါ၏။ ဗုဒ္ဓဘာသာဝင်မိဘတို့ဟူသည်မှာ သား

www.burmeseclassic.com



ယောကျ်ားလေးမွေးဖွားလာလျှင် သာသနာတော်အတွင်း သွတ်သွင်းချီးမြှောက်သော ရှင်ပြုအလှူအတွက် ရည်စူးပျော်မြူးကြရစမြဲ မဟုတ်ပါလား။

စာသင်ကျောင်းများ ပိတ်ပြီးစ နွေဦးရာသီ တစ်ရက်၌ ဖြစ်သည်။ သင်္ကြန်ဦးနီးကပ်လာသည့် တန်ခူးလ ချိန်ခါဖြစ်သည်။ စာဝေရန် တာဝန်ကျသော မောင်မောင်ညွှန့်သည် ခရီးလမ်းနှင့်သင့်အောင် စာများကို လိပ်စာဖတ်လျက် အစီအရီဆင့်နေစဉ် ထူးခြားစွာပင် ဒေါ်အိုဇာအတွက် စာတစ်စောင်ပါလာသည်ကို တွေ့ရ၏။ ပေးပို့သူအမည်က မောင်သန်းနိုင်ဆိုတော့ အဘွားကြီးမျှော်နေရှာသည့် သူ့သားမောင်စစ်သည်ထံက စာပေကိုးဟု မှတ်ချက်ပြုလိုက်သည်။ တံဆိပ်ခေါင်းကပ်မလာ၍ဒဏ်ထိ၏။ အင်း အဘွားကြီးတစ်ယောက်ကပ် စေးနှဲနှဲနဲ့ တံဆိပ်ခေါင်းဖိုး ငွေတောင်းရခက်ချေဦးတော့မည်ဟု တွေးလိုက်မိပါသေး၏။ စိုက်ပေး လိုက်လို့ကတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါ။ အဘွားကြီးက လက်ပေါက် ကပ်လွန်းသည်။ အမေ့ခံတတ်သည်။ တောင်းလျှင် စိတ်ဆိုးတတ်သေး၏။ ထို့ကြောင့် မောင်မောင်ညွှန့်သည် သူကိုယ်တိုင်မှာလည်း သားရှင်ပြုရန် ငွေကိုချွေတာနေရရာ တံဆိပ်ခေါင်းဖိုး မရလျှင် စာကို ကြိုတင်မပေးနိုင်ပါဟု စိတ်ထဲမှ ကြိမ်းဝါးထားလိုက်ပါသည်။

ဒေါ်အိုဇာအိမ်ရှေ့အရောက်မှာ ကြုံဖန်ပြီး ခလုတ်တိုက်မိသည်။ ခြေမကို ထိခိုက်မိ၏။ နိမိတ်သိပ်မကောင်း လှပဟု စိတ်ထဲ ထင့်ခနဲဖြစ်သွားရသည်။ ပစ်ပစပ်နိုင်လှသော အဘွားကြီး ဒေါ်အိုဇာနှင့် ပက်ပင်းပါတိုး၏။ စာရွေးယူရန်ပါသည့်အကြောင်း ပြောပြတော့ ငွေထွက်မည့်ကိစ္စမို့ သိပ်

www.burmeseclassic.com



စိတ်မဝင်စားလှပါ။ သူ့စာကို ကြည့်ပါရစေဆိုလာ၍ ပြလိုက်သောအခါ စာအိတ်၏ဘယ်ဘက်ထောင့်၌ မောင်သန်းနိုင်ဟူသောအမည်ကို တွေ့တွေ့ချင်း အဘွားကြီး မျက်နှာဝင်းပသွားပါတော့သည်။ သူ့သားထံမှ ပေးစာဖြစ်နေရာလိုချင်ဇောနှင့် သူရွေးရပါတော့သည်။ သူ့ဘော်လီအိတ်ထောင့်ထဲမှ နှိုက်ထွက်လာသော ငွေမှာ ဆယ်တန်နွမ်းနွမ်း တစ်ချပ်ဖြစ်နေပါ၏။ စာရွေးခမှာ ပြားငါးဆယ်သာ ဖြစ်ပါသည်။ မောင်မောင်ညွှန့်၌ လည်းပြန်အမ်းစရာကိုး ကျပ်ခွဲမပြည့်ပါ။ ထို့ကြောင့် အကြွေလဲပေးပါရန် ပြောရတော့သည်။

အဘွားကြီးသည် ကိုယ့်ဘက်ကိုယ်ယက်သည့် လိပ်မျိုးအနွယ်လား အောက်မေ့ရ၏။ စာကိုလည်း သူ့လက်ကမလွှတ်၊ ငွေတစ်ဆယ်တန်ကိုလည်း လမ်းထိပ်ကကွမ်းယာဆိုင်မှာ အကြွေသွားလဲပေးရန်စိတ်မကူး၊ ပြားငါးဆယ်လောက်ကို ဘေးဘီအနားမှ ချေးငှားပေးဖို့လည်း မကြံရွယ်၊ အချောင်ရချင်သည့် သဘောဖြင့် "အချင်းချင်းတွေပဲကွယ်။ မင်းနှယ်ငါ့ကို မသိတာကျလို့၊ နောက်နေ့မှ ယူပါတော့" ဟု ပြောဆိုရင်း သူ့ငွေစက္ကူကို ဘော်လီအိတ်ထောင့်ထဲ ပြန်ထိုးထည့်လိုက်သည်။

"ဒေါ်အိုဇာကလည်းဗျာ၊ ကျွန်တော့်မှာ စာတိုက်ကိုငွေပြန်အပ်ရမှာ။ ကျွန်တော်ဒေါ်အိုဇာအတွက် စိုက်ထားစရာမရှိဘူး" ဟု ပြောဆိုရှင်းပြရင်း စာကိုတောင်း၏။ "မင်းနှယ်ကွယ်၊ ကပ်စရာမရှိ ကပ်နေပြန်ပြီ။ ပြားငါးဆယ်ဆိုတာ မုန့်ဖိုးပဲဖိုးတောင်မရှိတဲ့ဟာများ" ဟု စီးစီးပိုးပိုး ပြောသည်။ ကောက်ညှင်းကမစေး၊ ဆန်ကြမ်းကစေးနေသည့် အဖြစ်မို့ပိုပြီး မခံချိမခံသာ မောင်မောင်ညွှန့်ခမျာ ဒေါသူပုန်ထသွားရတော့သည်။

www.burmeseclassic.com



"ရော့ပတ္တမြား၊ ရော့နဂါးပဲဒေါ်အိုရေ။ ခင်ဗျားငွေလေးပြားငါးဆယ်ကို မနက်ဖြန်မှပေးမယ်ဆိုရင် ဒီစာကိုလည်း မနက်ဖြန်မှပဲဖတ်ပေတော့ဗျို့" ဟု ပြောပြောဆိုဆို မောင်မောင်ညွှန့်သည် သူ့လက်တွင်းမှာရှိနှင့် နေသော သူ့သားထံမှစာကို ရုတ်တရက်ဆွဲယူလိုက်၏။ ဒေါ်အိုဇာလည်း အငိုက်မိကာစာကိုလက်လွှတ်သွားရတော့သည်မထင်မှတ်မိလေသောကြောင့် စာကို မြဲမြဲဆုပ်မကိုင်ထားမိခဲ့ခြင်းပါ။ သူ့အလွန်မတန်မှ လိုချင်လှသောစာ သူ့လက်တွင်းမှပြန်ပါသွားသည်ကို အဘယ်မှာကျေနပ်နိုင်ပါမည်နည်း။ "ကမြင်းမသား ခွေးကောင် မောင်မောင်ညွှန့်။ သေနာကြီး။ ငါ့အကြောင်း သင်းကောင်းကောင်း သိစေရမယ့်ဟော့ဟု နာနာကြည်းကြည်း ကြိမ်းဝါး လိုက်ချိန်၌ မောင်မောင်ညွှန့်သည် စာများဆက်လက်ဝေရန် စက်ဘီးကို အမြန်နင်းထွက်သွားခဲ့ပါပြီ။

## တုံ့ပြန်ချက်

ဒေါ်အိုဇာသည်ကြိတ်မနိုင်ခဲမရဖြစ်ရသည်သာမက၊သူအမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သောသားမောင်စစ်သည်ထံမှပေးစာကို ချက်ချင်း လက်ငင်းမရရှိလိုက်သောကြောင့် အလွန်နာကြည်းသွားခဲ့၏။ တစ်ညလုံး စဉ်းစားတွေးတောနေမိလေလေ၊ တနုံ့နုံ့ခံစားရလေလေ၊ မောင်မောင်ညွှန့် အပေါ် မကျေနမချမ်းနိုင်ဖြစ်လေလေ၊ တက်တ ခေါက်ခေါက် ဖြစ်လေလေ၊ ကျိမ်ဆဲမေတ္တပို့သ, လေလေဖြစ်နေတော့၏။ ဖြစ်နိုင်မည်ဆိုပါက ညတွင်းချင်းပင် မောင်မောင်ညွှန့်၏ အသက်ကို နုတ်ယူလိုက်ချင်ပါ၏။ သို့သော် ဒေါသကို ရှေ့ထား၍ မဖြစ်ချေသေးပါ။ သူ့လက်တွင်း၌

www.burmeseclassic.com



ရှိနေသော သားမောင်သန်းနိုင်၏ စာကို ဦးစွာ ရအောင်ယူ ထားရပါဦးမည်။ ပြီးမှသင်းကို ဒုက္ခလှလှပေးရမည်။ မချိမဆံ့ခံစားရပြီးမှ သေစေမည်။ သေပြီးသည်၏အခြားမဲ့၌ ပင်လျှင်သူ့အားချုပ်နှောင်နှိပ်စက်ထားရပါဦးမည် စသည်အားဖြင့် ရှေးရေးအစီအစဉ်များရေးဆွဲလျက်တစ်ညတာလွန်မြောက် စေလိုက် ပါသည်။

နောက်တစ်နေ့၌ စာဝေရန် ရောက်ရှိလာသော မောင်မောင်ညွှန့် ထံမှ တံဆိပ်ခေါင်းကပ်မထားသည့် သားမောင်သန်းနိုင်၏ပေးစာကို အကြွေပြားငါးဆယ်ဖြင့် ရွေးယူလိုက်ပါသည်။ ဒေါ်အိုဇာသည်မောင်မောင် ညွှန့်၏ မျက်လုံးကို စိန်းစိန်းကြီး ကြည့်လျက်အံကိုလည်း တင်းတင်း ကြိတ်လိုက်၏။ မောင်မောင်ညွှန့်၏ ညာပုခုံးကို ဒေါ်အိုဇာဘယ်လက်ဖြင့် ပြောင်းပြန်ရိုက်လိုက်သည်။ မောင်မောင်ညွှန့်ခမျာ စိမ့်ခနဲတစ်ချက် ကြက်သီးဖြန်းသွားခဲ့ရ၏။ စိတ်ထဲမှာ စနိုးစနောင့်နှင့် နေရထိုင်ရသည်မှာ ပုံမှန်မဟုတ်ကြောင်းကိုတော့မောင်မောင်ညွှန့်သိလိုက်ရသည်။ခေါင်းထဲကပဲ ဝေတေတေ ဖြစ်နေသလိုလို၊ စိတ်တွေကဂနာ မငြိမ်ပဲဟိုသည် ပျံ့လွင့်နေ သလိုလို၊ ဖျားချင်နာချင်သလိုလိုနှင့် နေ၍မကောင်းတော့ပါ။ ထို့ကြောင့် ထိုနေ့အဖို့ စာတွေကို အမြန်ပေးဝေပြီးနောက်အိမ်သို့ တန်းပြန်လာခဲ့သည်။ သောက်နေကျ လက်ဖက်ရည်ကိုသော်မှ သောက်ချင် စိတ်မရှိပါ၍ လက်ဖက်ရည်ဆိုင်ကိုတောင် မဝင်ဖြစ်တော့ပါ။ သူငယ်ချင်း တွေစောင့်နေကြပေရော့မည်။ ဒီနေ့အဖို့တော့ ရှိစေတော့။ နောက်နေ့များ မှပေါ့။

နွေရက်ကြီးမှာ ဘယ့်နှယ်လုပ်ပြီး တုပ်ပြီးကွေးသည့်တုပ်ကွေး ရောဂါက ဝင်လာပါလိမ့်နော်ဟု မောင်မောင်ညွှန့် တွေးတောမိကာ

BURMESE CLASSIC .com

www.burmeseclassic.com



မဝင်းဖျော်ပေးသည့် ကော်ဖီခါးခါးပူပူဖြင့် အပူကျဆေးပြားကိုသောက်လိုက်ပါသည်။ အိပ်ရာထဲဝင်ပြီး ကွေးလျက် ချွေးထုတ်၏။ချွေးကားထွက်မလာဘဲ နေရထိုင်ရဆိုးလာပါသည်။ ရင်ထဲကအောင့်သလိုလို၊ ဗိုက်ထဲက အောင့်သလိုလိုနှင့် ရောဂါကို တိတိပပရှာမရနိုင်ပါ။ တုတ်ကွေးဟုထင်ထားသည်မှာလည်း တုပ်ကွေးဟုတ်မနေပြန်ပါ။ အစာမကြေ၍များလား၊ လေထိုးလေအောင့်သလား။ မဟုတ်ပါ။ ညနေစာကို ထမင်းမစားနိုင်၍ ဆန်ပြုတ်ကျဲလေးကိုသာ သောက်ထားရသည်မို့လေနာ မဟုတ်နိုင်ပါ။ ဒါဆိုသန်ထိုးကော ဖြစ်နိုင်မလား။ အစာအိမ်နာကို ဖြစ်နိုင်မဖြစ်နိုင် စဉ်းစားရ၏။ တစ်ချက်တစ်ချက် ထိုးအောင့်လိုက်လျှင် အသက်ရှူဖို့ကိုတောင် မှားရပါသည်။ ခံရချက်မှာ မသက်သာလှပါ။ ဇောချွေးတွေမျက်နှာပေါ်မှာ ဇီးကင်းလောက်သီးလာတော့၏။

ထိုင်နေလျှင်လည်း မသက်သာ၍ လဲလျောင်းနေက သက်သာမလိုအောက်မေ့ရ၏။ ညာဘက်လဲလျောင်းတော့ ဘယ်ဘက်လဲလျောင်းလျှင်ကောင်းမလိုလို။ ဘယ်ဘက်လဲလျောင်းနေပြန်တော့ ပက်လက် အနေအထားက အသက်ရှူရလွယ်မယောင်ယောင်။ စန့်စန့်နေရတာ ဟန်မကျပြန်တော့ ပုဇွန်တုပ်ကွေးပုံစံကွေးနေရလျှင် ကောင်းလိမ့်နိုးနိုးကွေးလို့လည်း မသက်သာပြန်တော့မှောက်လျက်သားကပဲနေသာလေမလား။ ဘာတစ်ခုမှ ဟန်မကျ။ ဘာအနေအထားမျိုးမှ နေလို့မကောင်း။ ဒီတော့ခေါင်းအုံးတွေဆင့်၊ စောင်တွေထပ်ပြီး ခပ်စွေစွေခပ်စောင်းစောင်း လေးမှ နေရတာကပဲ ဟုတ်တုတ်တုတ်။ သားကြီးရောသားငယ်ပါ မအိပ်ရ၊ အဖေ့အနားမှာ ပျာပျာသလဲပြုစုကြရှာသည်။ ဇနီးသည် မဝင်းဆိုတာကတော့ မောင်မောင်ညွှန့်ကို ထူပေးလိုက်၊ လှဲချပေးလိုက်၊ ဘယ်စောင်းပေးလိုက်၊

BURMESE CLASSIC .com

www.burmeseclassic.com



ညာစောင်းပေးလိုက်၊ ချွေးသုတ်ပေးလိုက်၊ ယပ်ခပ်ပေးလိုက်၊ရေတိုက်လိုက်၊ ရှူးတည်ပေးလိုက်၊ အောင်သည်ထိုးသည် ဆိုသော နေရာမှန်သမျှကို နှိပ်ပေးနယ်ပေးလိုက်နှင့် တစ်ညလုံး ဖေးမပြုစုပေးရှာသည်။မိခင်ဒေါ်လှမေ ခမျာမှာလည်း သားမောင်မောင်ညွှန့် အခန်းထဲဝင်လိုက်၊ ဘုရားခန်းမှာ ဘုရားရှိခိုးလိုက်၊ ပရိတ်ရွတ်လိုက်နှင့် တမှေးမှမမှေးလိုက်ရရှာပါ။ ဤသို့နှင့် တစ်ညတာလွန်မြောက်၍ နံနက်မိုးသောက်ကာ အလင်းရောက်လာပါတော့၏။ မောင်မောင်ညွှန့်လည်း အိပ်မောကျသွားပါပြီလေ။

**မီးတွေငြိမ်းပါ**

မောင်မောင်ညွှန့်တစ်ယောက် ရှေးကအဖျားအနာကင်းရှင်းခဲ့လေသမျှ ဤတစ်ခေါက်တော့ အိပ်ရာထဲဗုန်းဗုန်းလဲပါတော့သည်။ လုပ်သက်ခွင့်ကို မဆိုထားနှင့်၊ ရှောင်တခင်ခွင့်ကိုသော်မှ ယူလေ့ယူထမရှိခဲ့သောမောင်မောင်ညွှန့်သည် ယခုလိုနာမကျန်းဖြစ်ချိန်တွင်မလွှဲသာမရှောင်သာ ခွင့်တစ်ရက်တင်လိုက်ရ၏။ သူ့အကြောင်းကို သူကြိုတင်၍ သိနေလေရော့သလားမပြောတတ်ပါ။ ရှောင်တခင်ခွင့် သုံးရက်ခန့် တင်၍အနားယူလိုက်ရန် ဇနီးသည် မဝင်းကအကြံပြုသော်လည်း “မလိုပါဘူးကွာဒီနေ့တစ်ရက်ဆိုပျောက်ပါပြီကွာ”ဟုဆိုကာခွင့်ကိုတစ်ရက်ဆိုမှတစ်ရက်တည်းတင်ခဲ့၏။ အမှန်တကယ်လည်း ပျောက်တော့ ပျောက်ပါသည်။ အနာရောဂါပျောက်ခြင်းမဟုတ် မူဘဲအသက်ဇီဝိန်ပါ ပျောက်သွားခဲ့ရခြင်းမို့ပါ။ ပါးစပ်နိမိတ်များ ဖတ်ခဲ့လေသလားဟု လုပ်ဖော်ကိုင်ဘက်များက မောင်မောင်ညွှန့်အတွက် စိတ်မကောင်းကြီးစွာဖြစ်ကြရပါတော့သည်။

www.burmeseclassic.com



အနားယူရင်း ဆန်ပြုတ်ကဲလေးကို ငါးရံ့ခြောက်မီးဖုတ်လေးနှင့် တစ်ပန်းကန်ဝင်သည်။ သက်သာသလိုလိုရှိနေသည်။ မနက်တစ်ပိုင်းလုံး နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်မောကျခဲ့သောကြောင့် အားအင်ပြည့်ဖြိုးကာ မျက်နှာလေးလန်းဆန်းနေခဲ့ပါသည်။ ညနေစောင်းတော့ လေးထိုးချင် သလိုလို၊ ဗိုက်နည်းနည်းအောင့်၏။ ထို့ကြောင့် ရပ်ကွက်ထဲက ဆေးခန်းကို ပြဖြစ်ပါ၏။ ဆရာဝန်ကလည်း ဆေးရုံမှာပါတာဝန်ကျသူမို့ အရေးကြီး ကကြီးသလို ဆေးရုံတင်နိုင်သည်မဟုတ်ပါလား။ ညမိုးချုပ်ချိန်မှစ၍ ရောဂါအရှိန်တဖြည်းဖြည်းတိုးလာပါတော့သည်။ ဆရာဝန်ကို အိမ်သို့ ပင့်ပါသေးသည်။ ဆေးတစ်လုံးထိုးပေး၏။ ခေတ္တခဏတော့ သက်သာ သလိုလိုရှိပြီး ဆရာဝန်လည်းပြန်သွားရော၊ ပိုလို့သာဆိုးလာပါတော့၏။ ဆေးရုံတင်ဖို့ထက် မကောင်းဆိုးဝါးပယောဂအပမှီသည်ဟု ယူဆပါ သောကြောင့် ရပ်ရွာအတွင်းရှိ နတ်ကတော်တစ်ဦးကိုခေါ်ပြဖို့ စိတ်အား ထက်သန်ကြ၏။ သားချင်းထဲမှ တစ်ဦးက နတ်ကတော်ကို ပြေးပင့် ပါတော့သည်။

ရင်တွေပူတယ်ပူတယ် တအားညည်းညူအော်ဟစ်နေရ၏။ နတ်ကတော် ရောက်လာသောအခါ ရေမန်းတစ်ခွက်တိုက်၏။ အထက် ပုဂ္ဂိုလ်များကို တိုင်တည်၍ပင့်ဖိတ်၏။ နတ်ကတော်သည် သူတတ်သမျှ မှတ်သမျှနှင့် ပြုစုကုသပေးပါသည်။ အစဦး၌ ငြိမ်သွား မယောင်ယောင် ရှိပါသော်လည်း ပညာစမ်းကာ၊ အားချင်းပြိုင်ကြည့်တော့ နတ်ကတော် ချွေးပြန်ရပြီ။ လူနာလည်းချွေးတွေချွဲချွဲနစ်နေပြီ။ နတ်ကတော်သည် မောင်မောင်ညွှန့်မိခင်ဒေါ်လှမေအားလက်တို့လျက် မြို့ပေါ်ရှိ ရွှေရင်ကျော်

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာကြီးအား အပင့်ခိုင်းပြန်သည်။ ညတွင်းချင်း သွားပင့်သော်မှ မနက်ဖြန်မနက်ပိုင်းမှ ဆရာကြီးရောက်ရှိလာနိုင်ပါလိမ့်မည်။ ဒီတစ်ညတော့ လွန်အောင်ထိန်းထားနိုင်ပါ့မလား ဟု နတ်ကတော်အားမေးမြန်းသောအခါ၊ သူ့အစွမ်းကုန်ကြိုးစားပေးပါမည်။ ကျော်နိုင် မကျော်နိုင်တော့ မပြောတတ်ပါ။ ဆရာကြီးကိုသာအမြန်သွားပင့်ချေ ပါဟု ညွှန်ကြားနေပြန်ရာ၊ လူလတ်ပိုင်းသုံးလေးဦး စုဝေးတိုင်ပင်ကာ ဆရာကြီးကို ပင့်ရန်ချက်ချင်း ထွက်ခွာကြပါသည်။ သူတို့လည်း အိမ်ဝင်းပြန်ရောက်ရော၊ လျှပ်စစ်မီးကလည်း ပျက်ရော။ ရပ်ရွာတစ်ခုလုံးမှောင်မည်းအတိဖြစ်သွားပါလေရော။ တိုက်ပဲတိုက်ဆိုင်လွန်းလှသည်ဟု ဆိုရမည်လားမသိ။

မီးခွက်ကိုမီးညှိသူကညှိ၊ ဖယောင်းတိုင်ထွန်းသူကထွန်းနှင့် လူမမာအိမ်မှာ အလုပ်တွေရှုပ်ယှက်ခတ်ကုန်ပါလေတော့၏။ မောင်မောင်ညွှန့်၏ ခေါင်းရင်းမှာ မီးခွက်ကြီးကထိန်ထိန်လင်းနေ၏။ မိခင်ဒေါ်လှမေသည် ဘုရားခန်းသို့ဝင်ကာ သားမောင်မောင်ညွှန့်အတွက် ရည်စူးလျက် ဖယောင်းတိုင်တွေသက်စေ့ထွန်းညှိ၏။ ဘုရားရှင်ကို ဆီမီးပူဇော်ရင်းမောင်မောင်ညွှန့်အတွက် ကျန်းမာချမ်းသာ၍ ဘေးအန္တရာယ်အပေါင်းမှ ကင်းရှင်းနိုင်ပါစေကြောင်းဆုတောင်း၏။ အန္တရာယ်ကင်း ပရိတ်တော်များကို ရွတ်ဆိုပူဇော်၏။ ဒေါ်လှမေက ဘုရားခန်းထဲ၌ ပရိတ်တော်ကိုပူဇော်သရဇ္ဈာယ်လေလေ၊ အိမ်ခန်းထဲ၌ မောင်မောင်ညွှန့်တစ်ယောက် ကြမ်းပြလေလေဖြစ်နေပါတော့၏။ ဒေါ်အိုဇာ၏ လက်စွမ်းပြလေလေ၊ မောင်မောင်ညွှန့် တစ်ယောက်တော့ဖြင့်ကျော ကော့အောင် ခံရလေလေဖြစ်နေပါပြီ။ အိပ်မရ လဲလျောင်း၍မရ၊ သွက်သွက်ခါ ဒေါင်ချာစိုင်းလေလေ၊ ဒေါ်အိုဇာကြီး အားရလေလေဖြစ်ပါလိမ့်မည်။

www.burmeseclassic.com



မနက်လေးနာရီခန့်ရှိလာသောအခါ၊ အရူဏ်တက်ပါတော့မည်။ နွေလဆိုသည်မှာ လေးနာရီခွဲခန့်တွင် အရုဏ်ကျင်းပါပြီ။ နေ့ဘက်သို့ မြန်မြန်ကူးပါမှ အပင့်ခိုင်းသော ဆရာကြီးရောက်လာနိုင်မည်မို့ဒေါ်လှမေတို့က မိုးမြန်မြန်လင်းစေချင်၏။ ဒေါ်အိုဇာကတော့မိုးမလင်းမီကိစ္စပြတ်အောင် ဖြတ်နိုင်မှ အနိုင်ရရှိမည်ဟု ရိပ်စားမိသည့်အတိုင်း အပြီးအပိုင်အနိုင်တွယ် ပါတော့သည်။ ဆရာကြီးရောက်လာလျှင် သူလက်လျှော့ရပေတော့မည်။ ဆရာကြီးရောက်မလာမီလေးမှာ အချိန်လုပြီး ကြံစည်ကြိုးပမ်းနိုင်ပါမှ သူ့အရေးအောင်မြင်ပါလိမ့်မည် မဟုတ်ပါလား။ မောင်မောင်ညွှန့်ခမျာမှာ အသက်လုပြီး ရှူနေရသည့် ရေနည်းငါးလို ဖုတ်လှိုက် ဖုတ်လှိုက်လေး ဖြစ်နေပါပြီ။ မျက်လုံးအစုံတို့မှာလည်း ပြူးထွက်သည်ထက်ပြူးထွက်လို့ သာလာနေရာ ကြက်တညင်ဥခန့် စူထွက်နေပါပြီ။ စကားတွေကလည်း မှုမမှန်တော့ပါ။

"ငါ့ကိုမလေးမစားလုပ်တယ်ပေါ့လေ။ သင်းငါ့အကြောင်းကို ကောင်းကောင်းကြီး သိစေရမယ်။ အခုပဲငါသွားတော့မယ်။ မီးတွေ ငြိမ်းပစ်ပါ။ ငါနေလို့မရတော့ဘူး။ သွားမှဖြစ်တော့မယ်။ မီးငြိမ်းပါ။ သွားတော့မယ်"

"မသွားပါနဲ့ဦး။ မနက်ဖြန်ကျရင် စိတ်ကျေနပ်အောင်ဆောင်ရွက် ပေးပါမယ်" ဟု မိခင်ဒေါ်လှမေက တောင်းတောင်းပန်ပန်ပြောပါသည်။ မောင်မောင်ညွှန့်၏ မူရင်းအသံမဟုတ်တော့သလို၊ စကားတွေမှာလည်း ကပေါက်တိကပေါက်ချာဖြစ်နေရာပူးပြောနေမှန်း သိသာလှပါ၏။ မီးကိုသာ တွင်တွင်ငြိမ်းသတ်ခိုင်းနေတော့၏။ မငြိမ်းပေးသောအခါ မောင်မောင်ညွှန့် ကိုယ်တိုင်အတင်းကုန်းရုန်းထပြီးသကာလ၊ ခေါင်းရင်းရှိမီးခွက်ကို မှုတ်၏။

www.burmeseclassic.com



ဘေးရှိဖယောင်းတိုင်များကို ငြိမ်းသတ်၏။ ထို့နောက်အိပ်ရာပေါ်ပက်လက်လဲကျကာ အသက်ထွက်သွားပါတော့သည်။

## လက်ဦးသွားပြီ

အရုဏ်မတက်မီမှာမီးတွေ ငြိမ်းသတ်ကာ ရုတ်တရက်ကြီးအသက်ထွက်သွားရရှာလေသူ မောင်မောင်ညွှန့်ခမျာမှာသူတစ်ပါးလက်ချက်ဦးသွားခဲ့ခြင်းပါဟု ပြောဆိုကြ၏။ ရွှေရင်ကျော်ဆရာကြီး ရောက်လာချိန်၌ အသက်မမီတော့ပေ။ အလောင်းတောင်မှ ပြင်ဆင်ပြီးနေပြီ။ သက်ပြတ်တရားနာကြားပြီးချိန်ကျမှ တစ်မြို့တစ်ရွာကအမောတကောပင့်၍လိုက်လာလေသူ ရွှေရင်ကျော်ဆရာကြီးခမျာမှာ အလာကောင်းပေ သော်ငြားလည်း၊ အခါကားနှောင်းခဲ့လေပြီ။ မောင်မောင်ညွှန့်ခမျာမှာ ကံမရှိရှာ၍ လက်မတင်လေး လွဲသွားရခြင်းပါ။ ဆရာကြီးမှာလည်း အသက်ကယ်တင်ပေးရဖို့ကံအကြောင်းမပါရှာဟုပြောရပါတော့မည်။ မကောင်းကြုံခြင်း တစ်ဖက်သူဖြစ်သော ဒေါ်အိုဇာအတွက် ကံကောင်း ခြင်းလော၊ ကံဆိုးခြင်းလော။ သူကြံစည်သည့်အတိုင်းအထမြောက်အောင်မြင်သည့်အတွက်လောကီရေးအရကံကောင်းသည်ဟု ယူဆမည် ဆိုပါကယူနိုင်ပါသည်။သို့သော်သံသရာဝဋ်ဒုက္ခရှည်လျားသည် ဟူသော သံဝေဂတရားသဘောနှင့် လောကုတ္တရာဘက်မှကြည့်ရှုသုံးသပ်ရလျှင်သော်ကား၊ ဒေါ်အိုဇာတစ်ယောက် ကံဆိုးလှတော့သည်။ အပြစ်တွေတိုးပွားပြီး ဝဋ်ငရဲကြီးမားလှရှာသည် မဟုတ်ပါလား။

မြို့ငယ်ကလေးမှာသတင်းထူးဆိုသည်ကား မောင်းကြေးနင်းခတ်နေရသည်တော့မဟုတ်ပါ။ ထူးဆန်းတာတွေ၊ မထူးဆန်းတာတွေပါ

www.burmeseclassic.com



တစ်ယောက်စကား တစ်ယောက်နားပေါက်ကြားကာဟိုးလေးတကျော် ဖြစ်ရစမြဲမို့ မောင်မောင်ညွန့်၏ ဆန်းဆန်းပြားပြားကြီး သေဆုံးရခြင်းကိုလည်း ထပ်ခါတလဲလဲ ပြောဆိုနေကြပါတော့၏။ မိုးလင်းမခံပဲ တစ်ညတည်းဖြင့် သေအောင်လက်စွမ်းပြလိုက်သောဖြစ်ရပ်ကြီးကိုတွေ့ကြုံကြရသောကြောင့် မယုံချင်သူရော၊ သိပ်ယုံလွန်းသူတွေပါ ဒေါ်အိုဇာကြီးကို ရွံ့မုန်းကြီးဖြစ်သွားကြပါတော့သည်။ တီးတိုးတီးတိုး သဖန်းပိုးဆိုသလို မောင်မောင်ညွန့်အကြောင်းကိုပြောသာပြောကြရသော်လည်း ဒေါ်အိုဇာက ပညာဖြင့်သိပြီး၊ ပညာဖြင့်ပြုစားခြင်းခံရမည်ကိုတော့ အားလုံးကစိုးရွံ့ကြောက်လန့်ကြပါ၏။ မပြောဘဲနှင့်လည်း မနေနိုင်ပါ။

ကြည့်ပါဦး။ အလောင်းစံထားသည့် မောင်မောင်ညွန့်၏ ရုပ်ကလာပ်မှာ ရုပ်ပျက်ဆင်းပျက်ရှိလှ၏။ မျက်လုံးပါးစပ်ပေါက်နှင့် နားတို့မှသွေးများ ပွက်ပွက်ဆူကာထွက်ကြနေ၏။ လက်ဦးသွားတော့လည်း ကံနည်းသူ မောင်မောင်ညွန့်ခံပေရော့ဟုသာပြောရပါတော့မည်။ ပါးစပ်မှ လျှာကြီး တစ်လစ်ပြူထွက်နေရုံမျှမက မျက်လုံးကြီးကလည်း ပြူးတူးကြောင်တောင် စူထွက်နေသည်မှာ မသေမီဝေဒနာမည်မျှခံစားခဲ့ရကြောင်းနှင့် သေပြီးသည့်နောက်တွင်သူ့လားရာ ဂတိမှာလည်း မကောင်းကြောင်းတို့ကို ဖော်ပြရာရောက်နေပါတော့သည်။ အသုဘရှုသွားကြသူတိုင်း စိတ်မကောင်းကြီးစွာဖြစ်ကြရသည်။ အလောင်းကိုကြည့်လည်း ကြည့်ချင်၊ ကြောက်လည်းကြောက်ကြနှင့်၊ ပွဲတစ်လုံး ဖြစ်နေပါလေရော။ မည်မျှထိတ်လန့်ဖွယ်ရာ ကောင်းပါသနည်း ဆိုသော်၊ မောင်မောင်ညွန့် အလောင်းကို အသုဘရှုပြီးသည့်နောက် မျက်စိထဲမှာစွဲနေ၍မစားနိုင်သူတွေ မအိပ်နိုင်သူတွေ ဒုနဲ့ဒေးပါတဲ့။

www.burmeseclassic.com



တစ်မြို့လုံးပွက်လောထအောင် မောင်မောင်ညွန့် အသေဆိုးပုံအကြောင်းပြောနေကြသည့်ကြားထဲမှာပင်မျက်နှာပြောင်တိုက်ကာဒေါ်အိုဇာတစ်ယောက်စာတိုက်သို့ သွားဖြစ်အောင်သွားလိုက်သေး၏။ "ဟဲ့-- မောင်မောင်ညွန့်တစ်ယောက်ကို မတွေ့ပါလားဟဲ့။ အလုပ်မဆင်းဘူးလားကွဲ့" ဟူ၍ ဝန်ထမ်းတွေကို တစ်ဦးပြီးတစ်ဦး ဒေါ်အိုဇာကလိုက်မေးပါသတဲ့။ ကွယ်လွန်ရှာပြီဖြစ်ကြောင်း ပြောပြတော့ သူ့ရင်ဘတ်ကိုလက်နှင့်ဖိရင်း "အလိုလေး-မနေ့ကပဲ သူ့ဆီကငါ့သားပေးစာကို ရွေးယူရသေးသဟဲ့။ အကောင်းကြီးပါ။ ဘယ်လိုဖြစ်တာတုံး။ အရွယ်ကကောင်းကောင်းနဲ့ သနားစရာဟယ်" ဟုသနားဂရုဏာ သက်လေဟန်စကားများကို ဟန်ဆောင်ပန်ဆောင်သဘော ပြောကြားသေးကြောင်းသိကြရပါသည်။ တတ်လည်းတတ်နိုင်လွန်းသည့် ဒေါ်အိုဇာကြီးပါတကား။

## မျက်ရည်ချူသည်

အလောင်းအခြေအနေမလှ၍ ရက်ကြာကြာထားရန် မဖြစ်ပြီ။ ကာလသားတွေဖဲကစားချင်ကြသော်လည်း မောင်မောင်ညွန့်၏အလောင်းမှာနောက်ထပ်တစ်ညမအိပ်ရမီမှာပင် ပုပ်ပွန်းစော်လာမည့်အရိပ်လက္ခဏာများပြသနေသဖြင့် နေ့ချင်းပြီးသင်္ဂြိုဟ်ရန်ဖန်လာတော့သည်။ ကတိုက်ကရိုက်စီစဉ်ကြရ၍ နေ့ခင်းနှစ်နာရီခွဲမှ အသုဘချနိုင်ပါတော့၏။ သားတွေကအော်ငိုလိုက်၊ ဇနီးသည်မဝင်းကတတက်လိုက်၊ အမေအိုဒေါ်လှမေကြီးခမျာ သားလူလှကြီးကို တမ်းတမ်းတတမြည်တမ်းငိုယိုလိုက်၊ နှမဖြစ်သူမယ်ထွေးခမျာမှာလည်း ငိုယိုရင်းမေ့လဲသွားလိုက်နှင့် အတော့်ကို

BURMESE CLASSIC .com

www.burmeseclassic.com



ပူဆွေးသောကဗျာပါပွေးလွန်းကာ အသုဘပို့ပရိသတ် အပေါင်းတို့အား မျက်ရည်များများချူယူသည့် အနေအထားမျိုး ဖြစ်သွားစေပါတော့သည်။

"သားရေ။ လူလေးရေ။ အမေ့ရင်တွေနာလွန်းလို့ကွယ်။ သား ရေတိမ်နစ်ရတာပါကွယ်။ ဆရာကြီးသွားပင့်တုန်းလေး မင့်အသက်ကို အောင့်မထားနိုင်ဘူးလား။ တော့လွဲလေးလွဲရတာပါသားရယ်။ သားမသေ သင့်သေးပါဘူး။ ကျုပ်သား လေးလုံးလေးဖက်ကြီးပါတော်။ တစ်နေ့နဲ့ တစ်ည ဖျားနာ တာနဲ့သေရရောလားကွယ်။ သေချင်းသေရင် ဟောဒီ အမေအိုကြီး ကသေရမှာပါကွယ်။ သေမင်းရယ်---အသုံးမကျတဲ့ ဟောဒီကအိုကြီးအိုမအရွယ် အဘွားကြီးကိုခေါ်ပါတော့လား။သားလေးက သူ့ကလေးတွေကိုတောင်ရှင်ပြုမပေးရသေးပါဘူး။ အလှူတောင်မပေးရ သေးတဲ့ သူတော်ကောင်းလေးကို ဘာပြုလို့အမြန်ကြီးခေါ်သွားရတာတုံး သေမင်းရယ်" စသည်အားဖြင့် ဖွဲ့နွဲ့မည်တမ်းငိုယိုနေသော ဒေါ်လှမေ အဖြစ်ကို မကြည့်ရက်၊ မကြားရက်ကြသောကြောင့် အသုဘပို့ပရိသတ်တို့ မှာလည်းမိခင်ဒေါ်လှမေငိုလျှင်လိုက်ငို၊ဒေါ်လှမေမျက်ရည်ကျလျှင်လိုက်ကျ၊ ဒေါ်လှမေရင်ဆို့လျှင်လို့ဆို့နှင့် တစ်မြို့လုံး အပူဖုံးကုန်ပါတော့သတည်း။

သုသာန်၌ သရဏဂုံတင်၊ သီလယူတရားနာကြားကာ မောင်မောင်ညွှန့်နှင့် တကွ ၃၁ဘုံသားသတ္တဝါအားလုံးတို့အားအမျှအတန်း ပေးဝေကြ၏။ မိသားစုများနောက်ဆုံး ကြည့်ခြင်းဖြင့် ကြည့်ကြ၏။ ပြီးတော့အလောင်းကိုထိုင်ကန်တော့ကြသည်။ တက်ချက်သွားသောမိခင် ဒေါ်လှမေရင်ဘတ်ကို ပဝါတစ်ထည်ဖြင့် စည်းနှောင်ပေးနေစဉ်မှာပင် ဇနီးသည်မဝင်းမေကမေ့ မြောသွားပြန်၍နှာနှပ်သူကနှပ်၊ ခြေမချိုးသူကချိုး

www.burmeseclassic.com



ကြရပြန်ပါသည်။ သောကပရိ ဒေဝဆိုသည်ကား ဆိုးဝါးလှပါတော့သည်။ တက်ချက်မေ့မြောသွားကြရသည်အထိ ပူလောင်ကြရသည်မဟုတ်ပါလား။ အတွယ်အတာဟူသည်ကား ဘာတစ်ခုမှကောင်းကျိုးမပေးပါ။ ဆင်းရဲဒုက္ခကိုသာပေးစမြဲဟု လူတို့မသိမမြင်ကြသောကြောင့် အသေအလဲစွဲလမ်းနေကြခြင်းဖြစ်ပါသည်။ ထိုအစွဲအလမ်း အတွယ်အတာတွေကသာ လူသားတို့၏ မျက်ရည်ကိုချူသည်။ လောဘကိုဖြစ်စေသည်။ ဒေါသကိုပွားများစေသည်။ အမှားအမှန်ကို မသိစေဘဲတွေဝေသောမောဟကိုဖြစ်ပွားစေပါသည်။ အသိအလိမ္မာဉာဏ်ပညာမရှိခြင်းကြောင့် မာန်မာနကိုတက်ကြွစေပြန်သည်။ ထိုထိုတို့၏ ရလဒ်သည်ကား အတ္တကိုအကောင်အထည်ပို၍ ကြီးမားခိုင်မြဲစေခြင်းဖြစ်သည်မဟုတ်ပါလား။

မြေချခါနီးသောအခါ ကာလသားတစ်သိုက်တို့က တစ်စခန်းထပြန်ပါသည်။ ကြံစည်သူကိုတိတိပပသိရှိနိုင်စေရန် မောင်မောင်ညွန့်၏ခြေမကိုဖြတ်ကာ သူ့ပါးစပ်တွင်းသို့ ခွံ့ထည့်ပေးပါမည် တကဲကဲဖြစ်နေ၏။ ဤသို့ပြုလျှင်ဘာအကျိုးထူးပါမည်နည်း။ ကြံစည်သူပညာသည်သည် မလွဲမသွေသုသာန်သို့ရောက်ရှိလာပါမည်တဲ့။ ဒေါ်အိုဇာကြီးကိုအသုဘအိမ်၌မတွေ့ကြရပါ။ အသုဘကိုလည်းမပို့ဆောင်ပါ။ သူ့အားစွပ်စွဲနေကြသူတွေကမကျေနပ်ကြပါ။ အထူးသဖြင့် ကာလသားများဆိုသည်ကလည်း လူငယ်တွေမို့ မူးမူးရူးရူး မိုက်မိုက်ကန်းကန်းတွေ မဟုတ်လား။ ပြောမည်ဆိုပြောရမှ၊ လုပ်မည်ဆိုလုပ်ရမှ။ ဒေါ်အိုဇာကြီး သုသာန်သို့ရောက်လာစေရမည်။ တောင်းပန်စေရမည်ဟု အားခဲထားကြ၏။ ခြေမကိုဖြတ်ပြီးထည့်ရမည်ဆိုတော့ဘယ်ခြေမလား၊ ညာခြေမလား။သေသေချာချာမပြောနိုင်ပြန်ပါ။ မထူးပါဘူး။ ခြေမနှစ်ချောင်းစလုံးဖြတ်ပြီး ထည့်မည်ဟု

www.burmeseclassic.com



ခေါးကြီးကို ရှယ်လျက်တစ်ယောက် "လွှနဲ့ ဖြတ်မယ်" ဟုလွှကြီး တကားကားနှင့် အလုအယက်ဖြစ်နေကြပြန်၏။

တစ်ယောက်ခြေမတစ်ချောင်းစီဖြတ်ကွဟုကာလသားခေါင်းကြီးက ပြောတော့ "ဟေ့-ဟေ့။ နေပါဦး။ ခြေမနှစ်ချောင်းစလုံး မောင်မောင်ညွန့် ပါးစပ်ထဲဆုံ့ပါ့မလားဟ" ဟုတစ်ယောက်က တွေးတွေးဆဆဆို၏။ "ရှိပါစေတော့" မထူးပါဘူးကွာ။ ကံဟောင်း ဝင့်ဟောင်းလို့ဘဲထားပါတော့။ မောင်မောင်ညွန့်ကံဆိုးရှာတယ်" ဟူ၍ ဖျောင်းဖျောင်းဖျဖျနားချသူ သားချင်း တစ်ယောက်၏စကားကိုပဲ နားထောင်ရတော့မလိုလို။ အချိန်တွေ ကုန်လွန်လာခဲ့ရာ၊ သုသာန်မှာကာလသားတစ်စုသာ ကျန်ရစ် ကြတော့ သည်။ နေလည်းအတော်စောင်းပြီ။ ညနေငါးနာရီတောင် ထိုးတော့မည်။ မောင်မောင်ညွန့်၏ ရုပ်အလောင်းကို ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်း အမှုက မပြီးစီးနိုင်သေးပါ။ မည်သူကသတင်းသွားပို့သည်မသိ။ ဘကြီးမြ တစ်ယောက် တုတ်ကောက်ကို အားကိုးပြုလျက် သင်္ချိုင်းသို့ရောက်ချ လာပါတော့သည်။ လူငယ်တွေလက်လွန်ခြေလွန်ဖြစ်ကုန်မည်စိုးရိမ် သောကြောင့်ပါ။

"မောင်ရင်တို့။ ပြုသူအသစ်ဖြစ်သူအဟောင်းတဲ့။ မင်းတို့ထင်တဲ့ အဖွားကြီးလည်းဟုတ်ချင်မှဟုတ်မှာပါကွာ။ မရှိ ခိုးနိုးနိုး မလှ စုန်းယိုးသတဲ့။ ဘာခြေမတွေကိုလည်းဖြတ်မနေနဲ့။ ဒီအချိန်ကျမှ မောင်မောင်ညွန့်ပါးစပ်က အံစေ့နေပြီမို့ ဘယ်လိုဖြဲဟဟ၊ ပါးစပ်ပွင့်လာ နိုင်မှာမဟုတ်တော့ဘူး။ လူငယ်တွေဆိုတော့စမ်း သပ်ကြည့်ချင် မှာပေါ့ကွာ။ အကြောင်းမထူးပါဘူး။ အသက်တစ်ချောင်းဆိုတာ ကံမဖြတ်ဘဲနဲ့ လွယ်လွယ်လေး သေရိုးထုံးစံ

BURMESE CLASSIC .com

www.burmeseclassic.com



မရှိပါဘူး။ မသင့်မြတ်တိုင်း၊ မျက်မုန်းကျိုးတိုင်း ကြံစည်လို့သေရ စမြဲဆိုရင်တော့ လောကကြီးထဲမှာလူသားတွေ ဘယ်ကျန်ရစ်တော့မှာလဲ။ ဒါကြောင့်နေမညိုခင် အသုဘ ကိစ္စပြီးစီးအောင် လုပ်ကြပါတော့။ ကဲ- ဘကြီးမြကပဲ ဦးဆောင်ပြီး မြေချမယ်။ အားလုံးဝိုင်းဝန်းကူညီကြပါ။ မောင်မောင်ညွန့်ကလည်း ကောင်းရာ သုဂတိလားပါစေကွယ်”

ဘကြီးမြအဟောအပြောကောင်း၍တော်ပေသေးတော့သည်။ ဘကြီးမြကိုတော့ ရပ်ရွာသားအားလုံးကြည်ညိုလေးစားကြရသည်။ ကာလသားခေါင်းဆောင်ကစ၍ ဘကြီးမြအစီအမံအတိုင်း နာခံကြရသည့် အတွက် ဘကြီးမြတစ်ခွန်းလျှင် တစ်ခွန်းတည်းသာ ပြီးစီးကြရ၏။ မည်သူကမျှစောဒကမတက်ဝံ့ကြတော့ပါ။ သို့နှင့်နေလုံးနီနီ မနစ်မြုပ်သွားမီ မှာပင်မောင်မောင်ညွန့်၏အသုဘကိစ္စပြီးပြတ်ပါပြီ။ သွားပြန်ပြီပေါ့ဘဝခရီး တစ်ခု။ အဆုံးသတ်ပြန်ပြီဇာတ်လမ်းတစ်ပုဒ်။ လူ့လောကသည်ဤသို့နှင့် နှင်သာတည်း။

## ငိုပွဲဆင်

ဤကားမကျွတ်မလွတ်သူ မောင်မောင်ညွန့်တစ်ယောက် နှမဖြစ်သူ မယ်ထွေးထံ၌ ဝင်မပူးမီတစ်နှစ်ကျော်ကျော်တုန်းက ကိုလှမြင့် တို့မြို့လေး၌ ဟိုးလေးတကြော်ဖြစ်ပွားခဲ့သောထူးဆန်းသည့် အဖြစ်အပျက်ကလေး တစ်ရပ်ဖြစ်ပါသည်။ ဒေါ်အိုဇာကလုပ်ကြံ၍ သေရပါကြောင်း၊ သူ့အား အိမ်နောက်ဖေးတိုင်တွင် ချည်နှောင်ထားပါကြောင်း၊ ဒီရေတက် လာတိုင်း နှာခေါင်းမြုပ်လုမြုပ်ခင်တစ်ကိုယ်လုံး ပင်လယ်ရေ လွှမ်းမိုးခြင်း ဒုက္ခကိုခံရ

www.burmeseclassic.com



ပါကြောင်း၊ မြစ်ရိုးတစ်လျှောက် နေအိမ်တန်း များကိုဖျက်၍ မြို့သစ်သို့ ရွှေ့ပြောင်းရစဉ်မှာ ဒေါ်အိုဇာ၏အိမ်ပါ ဖျက်ရသည့်အထဲပါသွားရာမှ မောင်မောင်ညွန့် တစ်ဖြစ်လဲ မကျွတ်မလွတ်သော ပြိတ္တာတစ္ဆေသည် ရွာအရှင်မထံ အပ်နှံထားခြင်းကို ခံရပါကြောင်း၊ ဒေါ်အိုဇာခရီးထွက်စဉ် ရက်ပိုင်းအတွင်းသာ အရှင်မထံအပ်ထားရာ၊ ပြန်ရောက်လျှင် သူ့အား ပြန်ခေါ်သွားပြီး ချုပ်နှောင်ထားပါလိမ့်မည် ဖြစ်ကြောင်း၊ ကျန်ရစ်သည့် သားနှစ်ယောက် ကိုကိုနှင့်ညီညီတို့အား ရှင်ပြုပေး ပြီးသူ့အား အမျှအတန်း ပေးဝေစေလိုကြောင်း စသည်တို့ကို နှမဖြစ်သူ မယ်ထွေးထံဝင်ပူးပြီး အကြောင်းကြားခဲ့ခြင်းကို ရှေ့ပိုင်းတစ်နေရာတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။

မိခင်ဒေါ်လှမေက မြေးများနှင့်ချွေးမကို ပြန်ခေါ်၍ သား မောင်မောင်ညွန့်အတွက် ရည်စူးသောမြေးရှင်ပြု အလှူကိုလုပ်ပေးပါ မည့်အကြောင်း ဝန်ခံကတိ စကားထားသည့်အတိုင်းပင် မြို့ကိုတက်၊ ပရိက္ခရာရှစ်ပါး စုံလင်စွာဝယ်ခြမ်းသည်။ မှာကြားသည့်ချွေးမနှင့်မြေး များလည်းရောက်လာကြပါပြီ။ ရွာဦးဆရာတော်ထံ အပ်နှံပြီးပြီ။ သင်္ကန်း တောင်းစာများကျက်မှတ်နေကြပါပြီ။ အလှူအတွက်ရက် သတ်မှတ်ပြီး ဖြစ်သည့်အားလျော်စွာ ဒေါ်လှမေ၏အိမ်ရှေ့မှာ မဏ္ဍပ်ကြီးဟည်းနေ အောင်ထိုးထားပြီးပြီ။ ကာလသား၊ ကာလသမီးတို့လည်း သူ့အုပ်စုနှင့်သူ တာဝန်ကျရာများကို စုပေါင်းလုပ်ကိုင်ဆောင်ရွက်နေကြပါပြီ။ အလှူပွဲ များတွင် တက်ညီလက်ညီ ရိုင်းပင်းကူညီနေကြဖြစ်သော်လည်း၊ ယခု ဒေါ်လှမေမြေး ရှင်ပြုပွဲကိုတော့အားလုံးက စိတ်အဝင်စားကြီး ဝင်စား နေကြသည်။ အလှူလှည့်သည့်နေ့၌ မောင်ရင်လောင်းများ၏ ဖခင်

www.burmeseclassic.com



မောင်မောင်ညွှန့်တစ်ယောက်နှမဖြစ်သူ မယ်ထွေးထံတွင်ပူးလျက် အလှူပွဲဆင်နွှဲပါမည်ဆိုသည့်အချက်ကို ဖြစ်နိုင်မဖြစ်နိုင် အငြင်းအခုံဖြစ်ကြ၏။ ကာလသားတို့အုပ်စု၌ လောင်းကြေးစားကြေးပင် ဖြစ်လိုက်သေး၏။ မဖြစ်နိုင်သောအုပ်စုက အားသာနေ၏။ နှစ်လေးတစ်လေး တောင်မှမဟုတ်။ သုံးလေးတစ်လေး၊ ငါးလေးတစ်လေးတောင်ဖြစ်သည်ဟုကြားသိရပါသည်။

ရှင်လောင်းလှည့်သည့်နေ့တွင် ရပ်ရွာတစ်ခုလုံး တကဲတက်ကြွကြွ ပါဝင်ဆင်နွှဲကြပါသည်။ ဖတစိုးသားများဖြစ်ကြသည့် မောင်ရင်လောင်းကိုကိုနှင့်ညီညီတို့ကို ကရုဏာသက်ကြ၍လည်းပါ၏။ မုဆိုးမလေး မဝင်းကိုသနားကြသည်လည်းပါ၏။ အလှူ့အမမိခင်ဒေါ်လှမေကိုအားပေးကူညီကြသည်လည်းပါသည်။ နေ့ခင်းတစ်နာရီတွင် အလှူလှည့်ကြမည်မို့ နေ့၁၂-နာရီခွဲတန်းစီ နေရာယူကြရပါပြီ။ ရှေ့ဆုံးမှ ပလုပ်ပလုပ်ဖြုန်းနှင့် အသံပေးနေသောဗျော အဖွဲ့ကဦးဆောင်သည်။ အိပ်ရာလိပ်ရွက်ကြသည့် အဒေါ်ကြီးနှစ်ဦးက ရှေ့၌ ကန်တော့ပွဲရွက်သည့် ဒေါ်ရွှေဝမှာနာမည်နှင့်လိုက်အောင် ဖြူဖြူဝဝကြီးပါ။ ပန်းပွင့်အကြီးကြီးတွေပါသည့် ထဘီနီညိုရောင်ကို ပဒုမ္မာအင်္ကျီအဖြူနှင့်တွဲဖက် ဝတ်ထား၍လိုက်ဖက်လှ၏။ စက္ကူပန်းအနီရဲရဲကြီးကို ပန်ဆင်ထားသဖြင့် ထင်းခနဲပေါ်လွင်လှပါသည်။

မောင်ရင်လောင်းတွေလည်း လှလှပပဖြီးလိမ်း ပြင်ဆင်ထား၍ မင်းသားလေးများလို ကြော့မော့သစ်လွင်နေကြသည်။ ကွမ်းတောင်ကိုင်ပန်းတောင်ကိုင် အပြောချိုသည့်အပျိုချောတွေလည်း ကြွကြွရွရွလှပမြူးရွှင်နေကြ၏။ ရှင်လောင်းလှည့်မည့်အလှူပွဲ တန်းစီနေသည်မှာ အားလုံးအရန်သင့်ဖြစ်နေပါပြီ။ ခက်သည်ကမောင်မောင်ညွှန့်၏ အဝတ် အစားများဝတ်ဆင်ထားသည့် နှမမယ်ထွေးထံ ရှင့်ဖခင်ဝင်မပူးသေးခြင်းပါ။

BURMESE CLASSIC .com

www.burmeseclassic.com



မယ်ထွေး၏အရပ်အမောင်းသည်သူ့အစ်ကိုမောင်မောင်ညွန့်ထက်အနည်းငယ်သာနိမ့်သော်လည်းရုပ်ချင်းဆင်ဆင်တူသောကြောင့်မောင်မောင်ညွန့်ဟုပင် ထင်မှတ်မှားရပါသည်။ ပိုးခေါင်းပေါင်းစပန်းရောင်၊တိုက်ပုံနံ့သာရောင်၊ ရှပ်လည်ကတုံးအဖြူ၊ ပိုးပုဆိုးအညိုရောင်မန်ကျည်းကွက်စိပ်နှင့် ခံ့ညားထည်ဝါနေပါသည်။ ရှမ်းဆရာကြီးကိုယ်တိုင် ဦးဆောင်စီမံပေးနေသော်လည်း မောင်မောင်ညွန့်တစ်ဖြစ်လဲ အကြောင်းမလှသူဘဝခြားမှ ကိုပြိတ္တာတစ္ဆေသည် မယ်ထွေးထံဝင်မပူးသေးပါ။ အရှေ့ကိုလျှောက်ပါလို့ အနောက်ကိုတဲ့ မျှော်လိုက်ရင်း . . . မျှော်လိုက်ရင်း . . . တံခွန် ကုက္ကားနဲ့ ဘုရားလေး . . ဘုရားလေးမြင် . . ဟူသောသီချင်းသံကပျံ့လွင့်လာပါသည်။

ရပ်ဆွေရပ်မျိုးနှင့် မောင်မောင်ညွန့်အပေါင်းအသင်းများကမယ်ထွေးကို ကြည့်ပြီးအဟောင်းတွေ အသစ်ပြန်ဖြစ်ကာ မောင်မောင်ညွန့်ကိုတမ်းတ လွမ်းဆွတ်မိကြပါတော့သည်။ ရှမ်းဆရာကြီးလည်း ဝင်ပူးရန်ခေါ်မရ၍ ချွေးပြန်ချင်နေပြီ။ရှင်လောင်းလှည့်မည့်အလှူတန်းကြီးလည်းတန်းစီရသည်မှာ ကြာပြီဖြစ်၍ ညောင်းညာကြပါပြီ။ မောင်မောင်ညွန့်ကိုခေါ်၍မရခြင်းမှာ ဒေါ်အိုဇာကြီးပြန်ရောက်ပြီးနောက် ရွာအရှင်မထံမှပြန်ခေါ်သွားကာ ပြန်လည်ချုပ်နှောင်ထားခြင်းကြောင့်ဖြစ်၏။ အနုနည်းဖြင့်ချော့ခေါ်၏။ ဂရုတောင်မစိုက်ပါ။ ထို့ကြောင့်ရှမ်းဆရာက အကြမ်းနည်းဖြင့်သုံးကာခေါ်တော့မှ မတတ်နိုင်သည့်ပုံပေါ်သည်။ မောင်မောင်ညွန့်သေ၍ဖြစ်သော ပြိတ္တာသည်မောင်မောင်ညွန့်အဝတ်အစားများကို ဝတ်ဆင်ထားပေးသည့် နှမမယ်ထွေးထံဝင်ပူးသည့်အခါ၊ တကယ့်မောင်မောင်ညွန့်

www.burmeseclassic.com



ဟန်ပန်တွေ ဖြစ်လာပါတော့သည်။ ရွှဲလိုက်သမားတွေလည်းမြိုင်ဆိုင်ပါပေ့။ ကျောင်းကြီးရယ်အို . . . လက်ရန်းငယ်ပျို . . . ရွှဲ ။

သပိတ်ကိုလွယ်၊ ယပ်ကိုထမ်းလျက် ရှေ့တန်းမှနေပြီး ကျေနပ်သော အပြုံးတွေတဝေဝေနှင့် ဂုဏ်ယူဝံ့ကြွားစွာ အလှူကိုဦးဆောင်ပြီးလှည့်ပါတော့သည်။ ဘုန်းကြီးကျောင်းရောက်တော့ မောင်ရင်လောင်းတွေကို ဆံချပါသည်။ မောင်မောင်ညွန့်ဝင်ပူးနေသည့် မယ်ထွေးက ပိတ်ဖြူအစွန်း တစ်ဖက်ကိုကိုင်၊ ဇနီးသည်မဝင်းက ပိတ်ဖြူအစွန်း တစ်ဖက်ကိုကိုင်၊ မောင်ရင်လောင်းခများမှာ ဦးဇင်းကြီးကသင်ဓုန်းဓားဖြင့် ရိတ်ပယ်ပေးသည့် ဆံပင်တွေအထွေးလိုက်အထွေးလိုက်ကျလာတော့မျက်ရည်တွေတစိမ့်စိမ့်စီးကျလာပြီ။ ဖခင်ကိုသတိရမိ၍ ဖြစ်သည်။ မိခင်မဝင်းမှာလည်း မျက်ရည်ရွှဲရွှဲ နှပ်ရွှဲရွှဲဖြစ်ပြီ။ မယ်ထွေးမှာတော့ မူလစိတ်မရှိဘဲ မောင်မောင်ညွန့် ဝင်ပူးနေတော့မချိတင်ကဲဆတ်ဆတ်တုန်၍ ငိုပွဲဆင်ပါပြီ။ ဆံချသည့်ပဝါပိတ်ဖြူလေးမှာလည်း တတုန်တုန်တခါခါ၊ ဘေးမှဝိုင်းရံကြည့်ရှုနေကြသော ပရိတ်သတ်များမှာလည်း ရင်တနင့်နင့်ဖြစ်လျက် မျက်ရည်လည်ရွှဲ ရွှဲရွှဲစိုကုန်ပါလေရော။ အပျော်ကြောင့်ရော၊ အဆွေးကြောင့်ရော၊ ကျသည့်မျက်ရည်များပါတကား။

## ကျွတ်ပါပြီ

ညဥ့်ဦးပိုင်းမှစ၍ နောက်နေ့ကျွေးမွေးရန် ချက်ပြုတ်ကြရသည်။ ကာလသားများ၏ အိုးစည်ဝိုင်းဒိုးပတ်ဝိုင်းများ မြိုင်မြိုင်ဆိုင်ဆိုင် ဧည့်ခံတီးနေကြ၏။မောင်မောင်ညွန့်ဝင်ပူးနေသောမယ်ထွေးတစ်ယောက်အပျော်

www.burmeseclassic.com



ကြီးပျော်ကာ မမောနိုင်မပန်းနိုင် ကွေးနေအောင်ကပါတော့သည်။လူကသာ မိန်းကလေး ဝတ်စားထားပေးတာက မောင်မောင်ညွှန့်အဝတ်အစားများ၊ ကနေသည်မှာလည်း ယောကျ်ားဟန်ပန်မို့ မောင်မောင်ညွှန့်များပြန် ရောက် လာလေရော့သလားဟု အောက်မေ့မိကြရသည်အထိ အားလုံးကအထင် အမြင်မှားကြရပါတော့၏။ ဝမ်းနည်းဝမ်းသာကြီး ဖြစ်နေကြရတော့သည်။ တစ်ညလုံးမအိပ်ကြပါ တီးလိုက်၊ ကလိုက်၊ ရယ်စရာပြောလိုက်၊ ဝိုင်းဟား လိုက်ကြ၊ လွမ်းဆွေးစရာပြောပြန်တော့လည်း အားလုံးကလိုက်ပြီးဝမ်းနည်း ကြေကွဲလိုက်၊ ငိုလိုက်ကြနှင့် မောင်မောင်ညွှန့်တစ်ယောက် တစ်နှစ်ကျော် ကျော်ဝေးကွာ ခဲ့ရသည်ကိုအတိုးချပြီး အပေါင်းအသင်းများနှင့် ပျော်လိုက် ငိုလိုက် လုပ်နေပါတော့သည်။

အရုဏ်ကျင်းပြီ။ အရုဏ်ဆွမ်းကပ်ပြီးသည့်နောက် ဧည့်ပရိသတ်များ ကိုဧည့်ခံကျွေးမွေးပါပြီ။ နေ့ဆွမ်းကပ်ပြီးချိန် တရားနာယူရန်ပြင်ဆင်ကြရ ပါပြီ။ မောင်ရင်လောင်းများလည်း ဘုန်းကြီးထံမှသင်္ကန်းတောင်းပြီးနောက် သင်္ကန်းစည်းပေးလိုက်ပြီ။ သုံးပါးသရဏဂုံနှင့်တကွ ရှင်သာမဏေသီလကိုခံ ယူဆောက်တည်လိုက်သည်နှင့် ဘုရားရှင့်သားတော် သံဃာအနွယ်ဝင် ကိုရင်လေးတွေ ဖြစ်ကုန်ကြပါပြီ။ ဘုန်းတော်ကြီး ဟောကြားအပ်သော တရားတော်ကို နာကြားကြသည်။

"စွဲလမ်းမှုကြောင့်သမုဒယ သံယောဇဉ်ဖြစ်ကြရ၏။ သမုဒယလည်း အကြောင်းတရားဖြစ်သည်။ သမုဒယ အကြောင်းတရားကြောင့် ဆင်းရဲမှု ဒုက္ခဖြစ်ကြရ၏။ အကြောင်းသမုဒယ၊ အကျိုးဒုက္ခပါတည်း။ သံသရာလည် စေသော သစ္စာတွဲဖြစ်၏။ ဒကာ မောင်မောင်ညွှန့်လည်း စွဲလမ်းမှုကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



မကျွတ်မလွတ်သည့် ဘ၀သို့ကျ ရောက်ရသည်။ မကျွတ်သည့်ဘ၀မှာ မည်မျှဒုက္ခကြီးမားပါသနည်း။ ဆင်ခြင်ကြောက်လန့်ရန်လို၏။ ချမ်းသာ အစစ် အမှန်ရှိရာ နိဗ္ဗာန်ကိုနိရောဓ သစ္စာဆိုသည်။ ထိုသန္တိသုခရှိရာ မြတ်နိဗ္ဗာန်သို့ မဂ္ဂင်ရှစ်ပါးတရားဖြင့် သွားရောက်ချီတက်မှရမည်။ အကြောင်းမဂ္ဂ၊ အကျိုးနိရောဓ၊ သံသရာမှထွက် မြောက်ရာသစ္စာတွဲ ဖြစ်၏”

ဤသို့အခြေခံ သစ္စာတရားလေးပါးကို ရှင်းလင်းဟောပြသည့်အဆုံး ပရိသတ်များ သာဓုသုံးကြိမ်မြိန်မြိန်ကြီးခေါ် ဆိုကြကာ၊မောင်မောင်ညွန့်အား ရည်စူးကုသိုလ်အမျှပေး ဝေငှလိုက်ကြပါတော့သည်။ မျက်ရည်မဆည်နိုင် ကြသူတွေအဖို့ကတော့မျက်ရည်တာရိုး ကျိုးကုန်ကြ၏။ မောင်မောင်ညွန့်၏ မိသားစုများနှင့်အတူတူ ပရိသတ်အားလုံးတို့သည် မျက်ရည်အထွေထွေ စီးကျလျက်ဝမ်းနည်းဝမ်းသာ ဖြစ်ကြရ တော့သည်။

သာဓု-သာဓု-သာဓု ဟူသော ပရိသတ်အပေါင်းတို့၏ သာဓုခေါ် ဆိုသံကို လွှမ်းမိုးလျက် မောင်မောင်ညွန့်၏အသံကြီးက အုပ်စိုးသွားပါ တော့သည်။ ကြေးစည်ရိုက်သံလည်းစဲ၊ မယ်ထွေးလည်းလဲကျသွားပါ တော့၏။ ဝင်ပူးနေသော မောင်မောင်ညွန့်မရှိတော့ပြီ။ သူကျွတ်လွတ်သွား ဟန်ရှိပါသည်။ သားညီနောင်၏ ရှင်ပြုပွဲကိုဦးဆောင်ခဲ့ရပြီ။ သားရှင်ပြုပွဲကို အကြောင်းပြု၍ ဆွေမျိုးမိတ်သင်္ဂဟများတို့ကို ကျွေးမွေးဧည့်ခံရပြီးပြီ။ ခေါင်းတုံးဦးပြည်းစိမ်းစိမ်း၊ သင်္ကန်းဝါဝါစည်းလျက်၊ လည်တွင်စိပ် ပုတီးကုံးဆွဲထားသော သားမောင်ညီနောင် ကိုရင်အသစ်ကျပ်ချွတ်နှစ်ပါး နှင့်တကွ၊ ဘုရားသားတော်သံဃာများကိုလည်း ဖူးမြင်ခွင့်ရခဲ့ပြီ။ ရင်၌

www.burmeseclassic.com



ဖြစ်သောသားတွေကို သာသနာဘောင်သို့ သွတ်သွင်းနိုင်ခဲ့၍ သာသနာ့ဒါယကာ စစ်စစ်ဖြစ်ခဲ့ရပါပြီ။ အကျေနပ်ပြီးကျေနပ်လှပါပြီ။ အတွယ်အတာမရှိတော့ပြီ။ ကျွတ်ကျွတ်လွတ်လွတ် ဝမ်းမြောက်ဝမ်းသာ၊ သာဓုအနုမောဒနာ ခေါ်ဆိုပြီးသည်နှင့်တပြိုင်နက်၊ မောင်မောင်ညွှန့်ဘဝမှလာသောယုတ်ညံ့သည့်ပြိတ္တာတစ္ဆေသည် ဝါဂွမ်းလိုပေါ့ပါးလွင့်စဉ်ကာ ကောင်းရာသုဂတိဘုံသို့ ရောက်သွားပြီဟု ယူဆရပါတော့သည်။ အကြောင်းမှာမယ်ထွေးမေ့မြောသွားပြီးနောက်၊ မူမှန်သတိပြန်လည်လာ၏။ ဝင်ပူးခြင်းလုံးဝ မရှိတော့သောကြောင့် ဖြစ်ပါသတည်း။

**ကြမ္မာဆိုး**

"ကိုလှမြင့်တို့ဇာတ်လမ်းလေးက အတော်စိတ်ဝင်စားဖို့ ကောင်းတယ်ဗျာ"

"ဆရာက တစ္ဆေအကြောင်းတွေ ရေးနေတော့ ကျွန်တော်ကိုယ်တိုင်ကြုံဖူးတဲ့ သားချင်းထဲက အဖြစ်အပျက်တစ်ခုကို ဖောက်သည်ချ ပြောပြတာပါ။ ကျွန်တော်ကအတိုချုပ်ပြောပြရုံနဲ့ ဆရာ့ကလောင်စွမ်းကြောင့်ပိုပြီးဖတ်လို့ ကောင်းလိမ့်မယ်လို့ ယုံကြည်ပါတယ်။"

"ကိုလှမြင့်က ဆရာ့ကို တယ်အထင်ကြီးတာကိုး။ ဆရာကဘယ်လောက်ပဲ ကောင်းအောင်ရေးဦးတော့၊ စာဖတ်သူတွေ စိတ်ဝင်စားမှုရှိဦးမှ ဖြစ်မှာပါဗျာ။ ကိုလှမြင့်ပြောပြတဲ့ ဇာတ်လမ်းထဲကနေ အဓိကအချက်ကိုဆွဲထုတ်ရရင်တော့နာကြည်းမှုလေးတစ်ခုကြောင့်ပညာသည်တွေတုံ့ပြန်လိုက်ရင် အသက်တစ်ချောင်းပေးဆပ်သွားရတယ်ဆိုတာ ထင်ရှားတယ်ဗျ"

BURMESE CLASSIC .com

www.burmeseclassic.com



"ကံတရားကိုပဲ ဖိပြောတဲ့ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ကံရှိသမျှ နေရတယ်။ ကံဖြတ်မှပြတ်တယ် သေတယ်ဆိုတဲ့ အယူအဆကိုလည်း လက်ခံယုံကြည်တယ်နော်ဆရာ"

"ဟုတ်တယ်လေ ကိုလှမြင့်"

"ဒါဆို မောင်မောင်ညွန့်ကို ပညာနဲ့ ကြံစည်လိုက်တာကြတော့ ဘယ်လို ယူရမလဲဆရာ"

"ကိုလှမြင့်မေးတာဟာ အဆင့်မြင့်တယ်ဗျို့။ ဆရာသဘောပေါက် သလိုရှင်းပြပေးပါ့မယ်။ ကိုလှမြင့် ကြိုက်မကြိုက်တော့ မပြောတတ် ဘူးပေါ့ဗျာ"

"ဆိုစမ်းပါဦး ဆရာ"

"အကြောင်းတရားတွေအများကြီး စုစုံလာတော့မှ အကျိုးတရား တစ်ခုဖြစ်ပေါ်တယ်ဆိုတဲ့ ယူဆချက်ကို ခင်ဗျား ဘယ်လိုသဘောရသလဲ"

"ဆရာ့အဆိုကို ကျွန်တော်လက်ခံပါတယ်။ ဥပမာ - စာမေးပွဲ ကျရှုံးခြင်းဟာ စာမကျက်လို့ပါရယ်လို့ တည့်တိုးကြီးပြောရင် အဓိက အချက်ဖြစ်နေတော့ လက်ခံရတာပေါ့။ တကယ်ဆိုရင် ဘာ့ကြောင့် စာမကျက် ဖြစ်တယ်။ စာကျက်ချိန် မရလောက်အောင်မိဘကို ကူနေ ရလို့လား။ အပိုဝင်ငွေအတွက် အလုပ်ကို ဖိလုပ်နေရလို့လား။ ဆရာမ သင်ပြတာနားမလည်လို့ မကျက်ဖြစ်တာလား။ ကျူရှင်မယူနိုင်တာလဲ တစ်ချက်ပါမယ်။ ကျောင်းကောင်းမနေနိုင်တာလည်းပါတာပါပဲ။ ကျန်းမာရေးမကောင်းလို့ စာကျက်ချင်ပေမယ့် မကျက်ဖြစ်တာဆိုရင် ကောဗျာ"

www.burmeseclassic.com



"ဟုတ်ပြီ။ ကိုလှမြင့် ပြောပြသွားသလိုပဲ။ ကံပြတ်လို့ သေတာတော့ မှန်တယ်။ သေတဲ့အထိရောက်သွားအောင် ကြုံဖန်ပြီး မောင်မောင်ညွန့်နဲ့ ဒေါ်အိုဇာတို့ တွေ့ဆုံကြရတာကိုက ကံဆိုးတွေ လွှမ်းမိုးနေပြီ ပြောနိုင်ပါတယ်။ စာအဆက်အသွယ်ပြတ်နေတာကြာပြီဖြစ်တဲ့ မောင်သန်းနိုင်ဆိုတဲ့ ဒေါ်အိုဇာ့သားထံက စာရောက်လာတာဟာ ဂြိုဟ်ဆိုး မွှေတာပါပဲ။ တံဆိပ်ခေါင်း မပါတာအဆိုးဆုံးပေါ့နော်။ တံဆိပ် ခေါင်းပါလာရင် ဒီအတိုင်းပေးခဲ့လို့ဖြစ်တယ်။ ပြဿနာမဟုတ်သေးဘူး။ အဲ-ဆယ်တန်ကိုလည်း မဖျက်ချင်။ အကြွေလည်း လုံးဝမရှိ။ စာကိုတော့ အရင်ယူထားချင်တဲ့ ဒေါ်အိုဇာ့ပုထုဇဉ်စိတ်က စနက်မီးစတော့တာ။ မောင်မောင်ညွန့်ကလည်း ပြားငါးဆယ်ကို ဂရုမစိုက်ဘူး ဆိုရင်လည်း ဒီအဖြစ်မျိုး ဖြစ်လာစရာမရှိဘူး။ ဒေါ်အိုဇာက စိတ်နည်းနည်းရှည်မယ်။ နာကြည်းစိတ်ကင်းရှင်းမယ်။ သူဟာပညာသည်မဟုတ်ဘူးဆိုရင်လည်း ဒီအဖြစ်မျိုးနဲ့ မတိုးနိုင်ဘူးဗျ။ ခုတော့အားလုံး လာဆုံပြီး ကြုံဖန်ဖြစ်ရတာ။ မောင်မောင်ညွန့်သာမဟုတ်၊ ဒေါ်အိုဇာရောပါ ကံဆိုးကြပါတယ်။ အစွယ်အပွားဖြစ်တဲ့ မောင်မောင်ညွန့်ဇနီး မဝင်းခမျာ မုဆိုးမဖြစ်လေရော။ သားနှစ်ယောက်မှာလည်း အဖေမဲ့သား ဖတဆိုးများဖြစ်ကြရရော။ မိခင်ဒေါ်လှမေမှာလည်း အိုကြီးအိုမရောက်မှ အားကိုးရတဲ့သားက တိမ်းပါး ပြန်ဆိုတော့ အားလုံး ကံဆိုးကြတယ် ပေါ့ဗျာ"

"ဟုတ်တယ်ဆရာ။ ကံဆိုးတဲ့သူတွေချည်း လာစုဆုံကြသလို ဖြစ်နေတယ်။ အံ့သြစရာပါပဲ"

"ကံတရားဉာဏ်များလို့မရဘူး။ ကံဇာတ်ဆရာ ဖန်တီးပေးလိုက်ရင် ဉာဏ်ဇာတ်ဆရာက လိုက်လို့မမီတော့ဘူး။ ကံရယ်၊ ဉာဏ်ရယ်၊ အသံရယ်၊

www.burmeseclassic.com



ဆံရယ်ကို ဘယ်သူမှ ပြိုင်လို့မရနိုင်ပါဘူးတဲ့။ မောင်မောင်ညွှန့်ရဲ့ အဖြစ်ဆိုးဟာ ဒေါ်အိုဇာရဲ့ နာကြည်းမှုက ပေါက်ဖွားလာတာဖြစ်တယ်။ နာကြည်းမှုရဲ့ တုံ့ပြန်မှုဟာ အင်မတန်မှ ကြောက်စရာကောင်းတယ်။ တရားလက်လွတ် ဖြစ်ကြရတဲ့သူတွေအဖို့မှာတော့ သံသရာဟာ ရှည်ပြီးရင်းရှည်ရင်း နေတော့မှာပါပဲ”။

“တစ်နှစ်ကျော်ကျော်အတွင်းမှာ မောင်မောင်ညွှန့်တစ်ယောက် ကျွတ်လွတ်ခွင့်ရတာ ကံကောင်းတယ်လို့ပြောရမလားပဲဆရာ”

“သိပ်ဟုတ်တာပေါ့ ကိုလှမြင့်ရာ။ တချို့ပြိတ္တာတွေများ နှစ်ပေါင်းကုဋေကုဋာမဟုတ်ဘူးနော်။ ကမ္ဘာနဲ့ချီပြီး ဝဋ်ဒုက္ခကိုခံစားကြရတာတဲ့။ မောင်မောင်ညွှန့် တစ်ယောက် စုတိစိတ်ကျချိန်မှာ သားတွေရှင်မပြုပေးရသေးဘူး ဆိုတဲ့ အချက်ကို စွဲလမ်းသွားပုံပေါ်တယ်။ ပညာနဲ့ချည်နှောင် ထိန်းချုပ်ထား တာဟုတ်မဟုတ် တစ်ပိုင်းထားလိုက်ပါတော့။ ကိုယ့်ရပ်ကိုယ့်ရွာအနီးမှာ ပြိတ္တာဖြစ်ရတာလည်း မောင်မောင်ညွှန့်အတွက် ကံကောင်းတယ်ဆိုရမယ်”

“မြစ်ကမ်းရိုးတစ်လျှောက်မှာရှိတဲ့ အိမ်တန်းတွေဖျက်ရတာလည်း မောင်မောင်ညွှန့်အဖို့ ကံကောင်းရပြန်ရောနော်”

“သူကျွတ်လွတ်ဖို့ ကံကောင်းကံမလေးတွေ ပါရှိလာတော့ မဖြစ်နိုင်တာတွေ ကြုံဖန်ဖြစ်လာရတယ်ပြောရမှာပဲ။ သူ့ကို ရွာအရှင်မထံ အပ်နှံခဲ့ရာက ခွင့်ပန်ပြီး အိမ်ကိုပြန်လာနိုင်တာ၊ သူ့နှမမယ်ထွေးထံမှာ ဝင်ပူးပြီး ဖြစ်ကြောင်းကုန်စင်ပြောပြနိုင်တာ၊ သားတွေရှင်ပြုပြီး သူ့ကိုရည်စူးကုသိုလ်အမျှအတန်းပေးဝေဖို့ အကြံပြုနိုင်တာ၊ သူ့မိခင်ဒေါ်လှမေကလည်း သူ့ဆန္ဒကိုပြည့်ဝအောင် ကြိုးစားဖြည့်ဆည်းပေးနိုင်ခဲ့တာ။ ဒါတွေ

www.burmeseclassic.com



အားလုံးဟာ မောင်မောင်ညွန့်အတွက် ကံကြမ္မာဆိုးထဲက ကံကောင်းတာလေးတွေ ရှိသေးလို့ မြန်မြန်ကြီး ကျွတ်လွတ်နိုင်တာပေါ့ဗျာ”

“အစ်ကိုတော်စပ်တဲ့ မောင်မောင်ညွန့်ဟာ စိတ်ကောင်းနှလုံးကောင်း အင်မတန်ရှိတဲ့သူပါဗျာ။ ဒီလိုအဖြစ်ဆိုးမျိုးနဲ့ ကြုံရတာကိုတော့ အံ့ဩလို့ မဆုံးပါဘူးဆရာ”

“ရှေးဝင်္ဋမှာကောင်းရှိရင်အကြွေးဆပ်ကြရတယ် ကိုလှမြင့်။ ဝဋ်မှာအမြဲငရဲမှာအပ လို့ဆိုကြတယ်မဟုတ်လားဗျ”

## စုန်းနှင့်ပတ်သက်၍

“ဆရာ့အနေနဲ့စုန်းကိုက်တယ်ဆိုတဲ့ အယူအဆကိုဘယ်လိုသဘောထားသလဲဗျာ”

“လောကီပညာဆိုတာတွေဟာ မရှိဘူး မဟုတ်ဘူးလို့ ဇွတ်ငြင်းရခက်လိမ့်မယ်ထင်ပါတယ်။ လောကမှာမဖြစ်နိုင်တာမရှိပါဘူး။ မဖြစ်သေးတာပဲ ရှိနိုင်မယ်။ သူ့ပညာနဲ့သူ စွမ်းကြတာပါပဲ။ ဆရာငယ်ငယ်တုန်းက မကြာခဏ စုန်းကိုက်တာခံရတယ်ဆိုတဲ့ အညိုအမည်းကွက်တွေ ရလေ့ရှိတယ်။ ဆော့ရင်း ပြေးရင်းလွှားရင်း တိုက်မိခိုက်မိရာက နောက်တစ်နေ့ကျတော့ ညိုမည်းတဲ့အမည်းကွက်တွေပေါ်လာတာဖြစ်မယ် ထင်ပါတယ်”

“တချို့တော့ တိုက်မိခိုက်မိခြင်းလည်းမရှိဘဲနဲ့ ညအိပ်ရာဝင်တုန်းက အကောင်းပကတိတဲ့။ မနက်လင်းတော့မှ ပေါင်တို့၊ ဒူးတို့၊ ခြေသလုံးတို့မှာ အညိုကွက်တွေ ဖြစ်နေတာတဲ့ဆရာ”

www.burmeseclassic.com



"စုန်းကိုက်ခံရတဲ့ညဟာ လကွယ်ညများ ဖြစ်နေတတ်တယ်ဆိုတာကို ကော မပြောဘူးလား"

"ဟုတ်တယ်ဆရာရေ့။ လကွယ်ညနဲ့ တိုက်ဆိုင်နေလေ့ရှိတယ်လို့ အမှတ်အသားကောင်းတဲ့လူတွေက ပြောတတ်ပါတယ်"

"အကိုက်ခံရမယ့်ညမျိုးမှာ သွေးလေးပြီး သိပ်အိပ်လို့ကောင်းတယ်။ အိပ်မောကျသွားတာ ဘာမှမသိဘူး။ တစ်ရေးမှလည်း မနိုးဘူးလို့လည်း ပြောတတ်ကြတယ်မဟုတ်လား"

"သိပ်ဟုတ်တာပေါ့ဆရာ။ တချို့အညိုကွက် မည်းပြာပြာအကွက်တွေမှာ သွားရာများတောင် ပါတယ်ဆိုပဲဗျာ"

"ဒီလိုပြောကြတာ ကိုလှမြင့်က ယုံသလားဗျာ"

"ယုံတယ်လို့တော့ မဟုတ်ပေမယ့် လူပြောတော့ အတော်များတာပဲဆရာ"

"အကိုက်ခံရတဲ့နေရာကို ငရုပ်သီးနဲ့ပွတ်ရင် ပညာသည်ခမျာ ပူလောင်လွန်း စပ်လွန်းလို့ ငရုပ်သီးလာတောင်းလေ့ရှိတယ်။ ဒါကြောင့် ငရုပ်သီးလာတောင်း သူကို ပညာသည်လို့ အတပ်သိနိုင်တယ်လို့ ပြောကြတယ် ကိုလှမြင့်"

"စုန်းကိုက်ထားတဲ့ အညိုကွက်ကို ငရုပ်သီးပွတ်တာတောင် မစပ်ဘူးတဲ့။ မစပ်ရင်စုန်းကိုက်ဒဏ်ရာ၊ စပ်ရင်ရိုးရိုးထိခိုက်ရာကရတဲ့ ဒဏ်ရာလို့ ခွဲခြား ပြန်တယ် ဆရာ"

"စုန်းတွေက ချစ်ရင်ခါးအထက် အပေါ်ပိုင်း လက်မောင်းတို့၊ ရင်ဘတ်တို့မှာ ကိုက်လေ့ရှိသတဲ့ဗျ။ မုန်းလို့ကိုက်ရင်တော့ ခါးအောက်ပိုင်း ဖြစ်လေ့ ရှိတယ်လို့ အယူအဆတစ်ရပ်ရှိတယ်။ ငရုတ်သီးနဲ့ပွတ်ပြီးရင်

BURMESE CLASSIC .com

www.burmeseclassic.com



လက်နောက်ပြန် ပစ်ရတာတာတဲ့။ ဟိုမှာပူစပ်ပူလောင်ဖြစ်ရတဲ့အတွက် မလုပ်ကောင်းဘူးလို့ ဘွားအေကြီးက ပြောဆိုဆုံးမလေ့ရှိတာကို ကောင်းကောင်းမှတ်မိနေပါသေးတယ်။ ဆရာတို့ဘွားအေကြီးဟာ ဘုရား တရား လိုက်စားပြီး မေတ္တာထားလေ့ရှိတတ်တဲ့အတွက် ဒီလိုဆုံးမလေ့ ရှိတယ်လေ။"

"ငရုတ်သီးနဲ့ပွတ်တဲ့အတွက် ပူလောင်စပ်တာတော့ သနားစရာ ပါဗျာ။ လက်နောက်ပြန်ပစ်တဲ့အတွက် ငရုတ်သီးလာတောင်းတယ်လို့ ကျွန်တော့် အိမ်ဘေးက ရှမ်းအဘွားကြီးတစ်ယောက်ပြောပြဖူးပါတယ်။ လူဆိုတာကလည်း သိချင်ဇောကပြင်းပြတော့ သူတစ်ပါးဒုက္ခရောက်တာ၊ ပူလောင်တာထက် ဘယ်သူ့လက်ချက်တုန်းဆိုတာကို ပိုပြီးသိချင်ကြတယ် မဟုတ်လားဆရာ"

"သိရတော့လည်း စိတ်ကွက်စရာပဲ ဖြစ်တော့မှာပေါ့ဗျာ။ ပြီးတော့ စုန်းမဟုတ်ဘဲနဲ့ ငရုတ်သီးလာတောင်းတာနဲ့ တိုက်ဆိုင်နေခဲ့ရင် သူတစ်ပါးကို အထင်မှားရာရောက်မယ်။ စွပ်စွဲပြောဆိုမိရင် အပြစ်ဖြစ်မယ်။ ဝဋ်လိုက် ဦးမယ်။ ဒါကြောင့် မသိချင်၊ မမြင်ချင်၊ မကြားချင်တာ အကောင်းဆုံး ပါပဲကိုလှမြင့်ရေ"

"တရားသဘောနဲ့ ပြောတာတော့ ဟုတ်တာပေါ့ဆရာ။ လူတိုင်း တရားလိုက်စားကြတာမှ မဟုတ်တော့ အခက်သားလား"

"ကိုလှမြင့်ပြောလို့ တစ်ခုသတိရမိသေးတယ်။ ဆရာတို့ ငယ်ငယ်တုန်းက ဘုန်းကြီးကျောင်း တက်သွားကြတဲ့အခါ တချို့ အမျိုးသမီးတွေဟာ ဘုန်းကြီးကို မကန်တော့ခင်မှာ နဖူးပြင်အထက်

BURMESE CLASSIC .com

www.burmeseclassic.com



ငယ်ထိပ်ဆံပင်ကို သုံးကြိမ်သပ်တင်လေ့ ရှိတတ်ကြတယ်။ အဲဒါ အမောက်ရှိတဲ့ကဝေမဗို့ အမောက်ကို ဘုန်းကြီးမမြင်ရအောင် သပ်တင်တာတဲ့ဗျ။ ဟုတ်မယ် မထင်ပါဘူး။ လူတစ်ကိုယ် အကျင့်တစ်မျိုးစီ ရှိကြတယ်မဟုတ်လား"

"ဆရာပြောမှပဲ ကြားဖူးပါတော့တယ်။ အဆန်းသားဗျာ"

"နောက်တစ်ချက်ရှိသေးတယ်။ စုန်းမီးတောက်တဲ့အချိန်မှာ ဆန်ကောနဲ့ ယပ်ခတ်သလို ခတ်ပြီးတဲ့နောက် ဆန်ကောကိုမှောက်ထားပါ။ နောက်နေ့ကျရင် အဲဒီ ဆန်ကောကို လက်ညှိုးထိုးပြီး လာငှားလိမ့်မယ်တဲ့။ လာငှားတဲ့သူဟာ ညကစုန်းမီးတောက်တဲ့သူ ဖြစ်ပါသတဲ့ဗျာ"

"ဟုတ်ရဲ့လားဆရာရယ်။ ဆရာ့စကားတွေက ယုံရခက်အောင် ဆန်းပြားနေပြီနော်"

"ကိုလှမြင့်ယုံချင်မှ ယုံပါ။ မယုံလည်းပုံပြင်လို့သာ မှတ်လိုက်ပေတော့။ ရှေးတုန်းက သာသနာသိပ်မထွန်းကားသေးတဲ့အတွက် ဒီလိုပညာသည်တွေ သိပ်ပေါများပါတယ်။ တစ်ဦးနဲ့တစ်ဦး ပညာစမ်းကြ ပြိုင်ကြတာတွေရှိတယ်။ ဇာတ်လမ်းတွေမှ အများကြီးပဲ။ နောင်ကြုံကြိုက်တဲ့အခါ ပြောပြပါဦးမယ်။ ကိုလှမြင့်ရောက်နေတာ ကြာလှပြီဆိုတော့ ခင်ဗျားအိမ်ရှင်မက ဘယ်သဝေထိုး နေပါလိမ့်လို့ မျှော်နေဦးမယ်ဗျာ"

"ဟား. . . ဟား. . . လက်စသတ်တော့ ဆရာက ကျွန်တော့်ကို ယဉ်ယဉ်ကျေးကျေးလေး နှင်နေတာကိုးဗျ"

"မနှင်ရပါဘူးဗျာ။ စေတနာနဲ့ပြောတာပါ။ အဓိကအချက်ကတော့ အာဃာတမထားနဲ့။ သံသရာကိုမရှည်စေနဲ့။ သည်းခံခွင့်လွှတ်တတ်ဖို့ ကြိုးစားပြင်ဆင်ပါ။ မေတ္တာထားတတ်ပါစေ။ သည်းခံဖို့မေတ္တာထားဖို့ဆိုတာ

BURMESE CLASSIC .com

www.burmeseclassic.com



လွယ်တဲ့ကိစ္စတော့မဟုတ်ပါဘူး။ နာကြည်းတဲ့စိတ်ကို ဖြေဖျောက်တတ်ဖို့ ပိုပြီးခက်ခဲပါတယ်။ ဝိပဿနာတရားအားထုတ်လို့ အထိုက်အလျောက် တရားတွေ့မြင်ခဲ့ရင်တော့ဒီခက်ခဲတဲ့အရာတွေဟူသမျှအားလုံးလွယ်ကူသွား တော့တာပါပဲ။ အရေးကြီးဆုံးအချက်ကတော့ ဘာမှမစွဲလမ်းနဲ့ဗျ။စွဲလမ်းရင် အသည်းကျွမ်းမယ်။ တွယ်တာရင် ပြိတ္တာဖြစ်မယ်။တရားဖက်ဖို့အရေး ပြောရ ဟောရတာမောလို့ပါပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ။ နောင်ကိုလည်း ဒီလိုပဲလာပြီး ဆွေးနွေး ပါဦးမယ်။ သွားပြီဆရာရေ့"

ꩻ ꩻ ꩻ ꩻ ꩻ ꩻ ꩻ ꩻ ꩻ

BURMESE CLASSIC .com

www.burmeseclassic.com

# ထူးအတွေ့ကြုံအဆန်း

## ကြည့်ချင်ပွဲ

သမရိုးကျမြင်တွေ့ရလေ့ရှိသော ကိစ္စရပ်များနှင့် ဖြစ်ရိုးဖြစ်စဉ် ကြုံတွေ့ကြရသော ဖြစ်ရပ်များတို့သည် ကျွန်တော်တို့အတွက် အထူးအဆန်းမဟုတ်ပါပေ။ ကြောင်များ၊ ခွေးများတို့သည်ခြေချောင်းလေးချောင်းရှိမြဲဖြစ်၏။ ခြေတစ်ချောင်း အပိုပါလာ၍ ခြေငါးချောင်းရှိသော ခွေး (သို့တည်းမဟုတ်) ခြေတစ်ချောင်းလျော့ကာ ခြေသုံးချောင်းတည်းပါလာသော ကြောင်ဆိုပါက ထူးဆန်းသွားခဲ့ပါပြီ။ အလားတူပင် ဦးခေါင်းနှစ်လုံးရှိသောမြွေ၊ အမြီးနှစ်ချောင်းရှိသောမြင်း၊ ချိုတစ်ချောင်းတည်းပေါက်သောသမင်၊ မျက်လုံးသုံးလုံးရှိသောလူ ဆိုပါလျှင် မြင်ဖူးချင်ကြည့်ဖူးချင်၊ ကြုံဖူးချင်သဖြင့် ဝိုင်းအုံကြည့်ရှုလေ့လာကြပါလိမ့်မည်။ ပြီးတော့ ဝေဖန်ပြောဆိုကြပါလိမ့်မည်။ အစစ်အမှန်ဖြစ်သည် သို့မဟုတ် လိမ်ညာထားခြင်းဖြစ်သည်ဟု အချင်းချင်း ငြင်းခုံကြမည်မှာ သေချာပါသည်။ လူ့သဘာဝ လူ့စရိုက်က ဤအတိုင်းပင် ဖြစ်သောကြောင့်ပါ။

www.burmeseclassic.com



ဤသို့အထူးအဆန်းများကိုမြင်တွေ့လိုကြသော လူ့စိတ်အတွင်းစိတ်သဘာဝကို သိရှိကြ၍လည်း ဘုန်းကြီးပျံပွဲများ၊ တောဘုရားပွဲများ၊ တပေါင်းပွဲများ စသည် အထင်ကရပွဲကြီး၊ လမ်းကြီးတို့၌ ကြည့်ချင်ပွဲများအဖြစ် ထူးပေ့၊ ဆန်းပေ့ ဆိုသည်များကို ရုံသွင်းလျက် အခကြေးငွေယူပြသကြ ခြင်းဖြစ်ပါသည်။ ဦးခေါင်းနှစ်လုံးနှင့် ရက်သားကလေးငယ်၏ရုပ်ကလာပ်ကို ပုလင်းကြီးထဲတွင် ဆေးစိမ်ကာ ပြသသည်များကိုပင် ကျွန်တော်ငယ်ငယ်က တောင်ကြီးမြို့ တစ်ခုသော လွတ်လပ်ရေးကျင်းပရာပွဲခင်းကြီး၌ မြင်တွေ့ခဲ့ရဖူးသည်ဟု မှတ်မိနေပါသေးသည်။ မြန်မာနိုင်ငံတွင်သာမက ကမ္ဘာအရပ်ရပ်ရှိ တိုင်းပြည်ကြီးငယ်တို့၏ မြို့ရွာအသီးသီးတို့၌လည်း အထူးအဆန်းပြပွဲများကို ရုံသွင်း ပြသလေ့ရှိကြောင်း ဓာတ်ပုံနှင့်တကွ ဝေဝေဆာဆာဖော်ပြသော ဆောင်းပါးများ ကို မဂ္ဂဇင်းများ၌တွေ့မြင်ဖတ်ရှုနိုင်သည်။

အစစ်အမှန်များရှိတတ်သလိုအကြံအဖန်များလည်းရှိ၏လူတွေ၏စိတ်ဝင်စားမှုကိုပိုမိုရရှိလေအောင်တစ်ဖွဲ့ထက်တစ်ဖွဲ့ပို၍ဆန်းအောင်ကြံဖန်ကြိုးပမ်းကြလေတော့သည်။ အကြံအဖန်ဆိုကတည်းကမမှန်မကန်တွေကပိုများပြားသည်မှာ သေချာပါတော့သည်။တစ်ခါတုန်းက အနောက်နိုင်ငံမှတင်သွင်းသော ကောင်းဘွိုင်ရုပ်ရှင်ဇာတ်ကားတစ်ကား၌ မင်းသားနှင့်မင်းသမီးတွေ့ဆုံခန်းကို ကြည့်ချင်ပွဲတွင် မတော်တဆ ကြုံတွေ့ရပုံအဖြစ်ဇာတ်လမ်းဆင်၍ ပြသသည်။ ရေသူမပြပွဲတစ်ခုသို့ မင်းသားကငွေပေး၍ဝင်ကြည့်၏။ ရေသူမဆိုသည်ကလည်း ခါးအထက်အပေါ်ပိုင်းသည်မိန်းမပျိုလေးဖြစ်ပြီး ခါးအောက်ပိုင်းသည် ငါးရံ့ကဲ့သို့သော ငါးသတ္တဝါခန္ဓာကိုယ်ဖြစ်နေသည်ဟု ဒဏ္ဍာရီပုံပြင်တို့၌လာရှိသည် မဟုတ်ပါလား။

BURMESE CLASSIC .com

www.burmeseclassic.com



ရေသူမကို လူတိုင်းစိတ်ဝင်စား၏။ အထူးသဖြင့် ယောကျ်ား ဘသားဘကြီးများတို့ ပို၍စိတ်ဝင်စားကြသည်။ မင်းသားတစ်ဦးတည်း ဝင်အကြည့်ရေသူမမှာလှလွန်းဆွေဖြစ်နေပြီးရေချိုးကြွေဇလုံရှည်ကြီးတွင်းဝယ် လဲလျောင်းနေ၏။ ခါးအထက်ပိုင်းက ခေါင်းရင်းနံရံမှာ ကိုယ်တစ်ဝက်ကျော် မီထိုင်လျက် စာအုပ်တစ်အုပ်ဖတ်နေ၏။ခါးအောက်ပိုင်းကတော့ ရေထဲမှာ မြုပ်နေသည်။ အင်မတန်ခေတ်မီသည့် ရေသူမပေပဲ။ ဝတ္ထုစာအုပ်များတောင် ဖတ်လို့လေ။ မင်းသားလည်း အကြံအဖန်ဆိုသည်ကို ရိပ်စား မိတော့ မင်းသမီးကို ချစ်စကားပြောကာ ဖက်နမ်းပါတော့သည်။ ခါးအောက်ပိုင်း ငါးခန္ဓာကိုယ် အတုတွင်းသို့ ခြေစုံသွင်း၍ ဝင်စွပ်နေခြင်းမျှသာတည်း။

စမ်းသပ်တွေ့ထိနိုင်သော ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာ အထူးအဆန်းများကို လူတို့ မြင်တွေ့လိုကြသေးသည်ဖြစ်ရာ စမ်းသပ်ကိုင်တွယ်၍လည်းမရ မြင်လည်းမမြင်ရသော ပရလောကသားများကိုကျွန်တော်တို့ပို၍ တွေ့ချင်၊ မြင်ချင်၊ စိတ်ဝင်စားချင်ကြသည်မှာ အဆန်းမဟုတ်တော့ပါ။ လူတစ်ရာ လုံးလုံးက တစ္ဆေသရဲများကို တွေ့မြင်ခွင့်ရမည်ဆိုပါက တွေ့မြင်ချင်စမ်းလှ သည်။ ယုတ်စွအဆုံး တစ္ဆေသရဲများအကြောင်းကို ရေးသားထားသော စာအုပ်စာတမ်း ဆောင်းပါးများဆိုလျှင် ဖတ်ရှုလေ့လာမြည်းစမ်းလိုကြ၏။ စစ်ကြိုခေတ်တုန်းက “ဒရက်ကျူလာ” ဆိုသော သွေးစုပ်ဖုတ်ကောင်ကြီး အကြောင်း ရိုက်ပြသော ရုပ်ရှင်ကားများကို ပရိသတ်တို့သည် ကြောက်ကြောက် လန့်လန့်ဖြင့်ပင် ကြည့်ရှုအားပေးခဲ့ကြသည်။ မျက်မှောက်ခေတ်တွင် ဗွီဒီယို ခေတ်ဖြစ်နေပြီ။ ခွေငှားပြီး အောက်စက်တွင် ထိုးကြည့်ရုံမျှသာမို့ အလွန် လွယ်ကူသွားပါပြီ။

**စဉ်းစားစရာ**

BURMESE CLASSIC .com

www.burmeseclassic.com



တစ်စုံတစ်ယောက်အကြောင်းကို စဉ်းစားတွေးတောနေစဉ် လမ်းမပေါ်တွင် ရုတ်တရက်လျှောက်သွားသော လူတစ်ယောက်ကို မိမိစဉ်းစားသတိရနေသော သူငယ်ချင်းဖြစ်ပါသည်ဟု သေချာပေါက်ထင်မိလိုက်၏။ ရုတ်ခြည်းထကာ လက်ခုပ်တီးလျက် "ဟေ့ - သူငယ်ချင်း" ဟု လှမ်းခေါ်လိုက်သည်။ ထိုသူက သူ့အားခေါ်နေမှန်းတောင်မသိ၍ လှည့်ကြည့်ဖို့ဝေးစွ၊ သူ့လမ်းသူ အရှိန်မပျက် ဆက်လျှောက်နေ၏။ မကျေမနပ်ဖြင့် သူ့နောက်သို့ အပြေးလေးလိုက်ကာ သူ့ပခုံးကို ဆွဲလှည့်လိုက်၏။ မိမိသေချာပေါက် ထင်ထားခဲ့သောသူငယ်ချင်းမဟုတ်ဘဲ သူစိမ်းတစ်ဦး ဖြစ်နေတော့သည်။ အားတုံ့ အားနာစွာဖြင့် တောင်းပန်လိုက်ရ၏။ မိမိကိုယ် မိမိတော့ မကျေနပ်ပါ။

အလားတူစွာပင် ဘာမှစဉ်းစားတွေးတော သတိရနေခြင်း မရှိပါဘဲ လျက်နှင့် မိမိအိမ်ရှေ့မှ ဖြတ်သန်းသွားသူ တစ်ယောက်သည် ပြုံးရယ်စွာ လက်ပြသွားခဲ့၏။ မိမိကိုနှုတ်ဆက်သည့်သဘောပေါ့။ "ဟ-သူငယ်ချင်း ဘယ်သူဘယ်ဝါပါလား။ သူတာဝန်ထမ်းဆောင်ရာမြို့က ခေတ္တပြန်လာသည် ထင်ပါရဲ့။ မတွေ့တာကြာပြီ။ အိမ်ထဲတောင်ဝင်ဖော်မရဘူး။ ခွေးကောင်" ဟု မြည်ဆိုရင်း သူ့အားခေါ်တွေ့ဖို့ ဝိုင်းခြံရှေ့လိုက်သွားတော့ ဘယ်သူ့ကိုမှ မတွေ့ရတော့ပါ။ မိမိသည် မျက်စိမှားခြင်းမဟုတ်။ သေချာလိုက်သမှ မိမိအသက်ရှူနေသလို သေချာခြင်းပါ။ ဘေးအိမ်ဘေးခြံထဲဝင်သွားခြင်းလည်း မဖြစ်နိုင်ပါ။ ဝင်ရောက်သွားနိုင်သည့် အတိုင်းအတာအချိန် မရှိနေပါ။ ချက်ချင်းတွေ့လိုက်ပြီး ခေါ်ခြင်းမို့ အရိပ်အယောင်ပြခြင်းလေလား။ နောက် တစ်ရက်မှ သတင်းရောက်လာသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုသူငယ်ချင်းသည် ရပ်ရွာအပြန် လမ်း၌ကားမှောက်၍ ရုတ်တရက် ကွယ်လွန်ရှာပြီဟူသတည်း။

အထက်ဖော်ပြပါ အတွေ့အကြုံနှစ်ခုအပေါ်၌ သုံးသပ်ဝေဖန်လျှင် ပထမအဖြစ်အပျက်သည် စိတ်စွဲလမ်း၍ဖြစ်ရသည်ဟု သာမန်အားဖြင့် ကောက်ချက်ချနိုင်ပါလိမ့်မည်။ သို့သော် ထိုမြင်ရပါသည်ဆိုသော သူငယ်ချင်းသည် ကွယ်လွန်သွားရှာပြီဖြစ်ကြောင်း နာရေးသတင်းကို နောက်တစ်ရက်၌ ကြားသိရသည်နှင့်တပြိုင်နက် သင်မည်သို့ ခံစားရပါမည်နည်း။ တိုက်ဆိုင် လွန်းစွာပင် ထိုသူငယ်ချင်း ကွယ်လွန်ချိန် သည်လည်း ယမန်နေ့ သင်မြင်လိုက် ရသည့်အချိန်နှင့် မရှေးမနှောင်းပင် ဖြစ်ကြောင်းထပ်ဆင့်သိလိုက်ရသော အခါ၌ကား သင်သည်အလွန်အံ့အား သင့်သွားပေလိမ့်မည်။ တုန်လှုပ် ချောက်ချား မှုလည်းဖြစ်သွားပါဦးမည်။ သင်မြင်လိုက်ရသည်က ကွယ်လွန်ရှာသော သူငယ်ချင်းပါဟု မိမိကိုယ်မိမိ သေချာခဲ့ပါသော်ငြားလည်း နောက်မှ အတင်း လိုက်၍ ပုခုံးကိုဆွဲလှည့် လိုက်သောအခါ အခြားသူစိမ်းတစ်ဦး ဖြစ်နေသည်ကို သင်မည်သို့ နားလည်ပါမည်နည်း။

ဒုတိယအဖြစ်အပျက်သည်ကား ပထမအဖြစ်အပျက်ထက် ထင်ရှား သည်ဟု ဆိုရပါမည်။ ကွယ်လွန်သူ မိတ်ဆွေသည် မိမိ၏အိမ်ရှေ့ ဖြတ်လျှောက် သွားခြင်းနှင့် လက်ပြနှုတ်ဆက်သွားခြင်းတို့ သေချာလွန်း လှ၏။ ချက်ချင်း နောက်မှလိုက်စဉ်တွင်မူ လုံးဝပျောက်ကွယ်သွားခဲ့ပြီ။ ဘယ်မှာမှလည်း စုံစမ်း၍မရခဲ့ပါ။ တစ်ညလွန်မြောက်ပြီးမှ ကွယ်လွန် ကြောင်းသတင်းကိုရခြင်းမို့ သေသူ အရိပ်အယောင် ပြခြင်းဖြစ်ကြောင်း သဘောပေါက်ရပါတော့သည်။ အရိပ်အယောင်ပြခြင်းကို တကယ်ဟု

BURMESE CLASSIC .com

www.burmeseclassic.com



ယုံကြည်ကြပါမည်လား။ မျက်စိမှားခြင်း ကောမဖြစ်နိုင်ပြီလော။ လက်ဆုပ်လက်ကိုင်မပြနိုင်ခြင်းမို့ သိပ္ပံနည်းကျဖြင့် စဉ်းစားသော် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိပေ။ သို့သော် မြင်လိုက်ရသူက သူ့မျက်စိကို ဘယ်လိုမှ မမှားနိုင်ပါ။ သေချာစွာအဟုတ်တကယ် မြင်လိုက်ရခြင်းပါ။ သူ့အားနှုတ်ဆက်သည့်သဘောဖြင့် လက်ထောင်ပြသွားပါသေးသည် ဟုခိုင်ခိုင်မာမာကြီး ပြောနေသောအခါဝယ် ကျန်ရှိသူတို့အပေါင်းမှာ တွေးရခက်ကြီး ဖြစ်ကြရတော့၏။ လောက၌ ပြောမယုံ ကြုံဖူးမှသိဟူသောဆိုရိုးစကားသည် အလိုလိုပေါ်လာခြင်းမဟုတ်တန်ရာဟူ၍သာ မှတ်ချက်ပြုရမလို ဖြစ်နေပါတော့သည်။

**မီးနေစောင့်သူ**

လွန်ခဲ့သောနှစ်ပေါင်း လေးဆယ်ကျော်ခန့်တုန်းက ကျွန်တော်တို့တောင်ကြီးမြို့သည် မျက်မှောက်ခေတ်လို လူနေအိမ်ခြေ မစိပ်သေးပါ။ ဝင်းခြံကျယ်ကြီးတွေနှင့်သစ်ပင်တွေအုပ်အုပ်ဆိုင်းဆိုင်းမြက်တောတွေထူထူ အိမ်ခြေကျဲကျဲဖြင့် အလွန်မတန်အေးချမ်းသော မြို့ကလေးဖြစ်ပါသည်။ မြို့တွင်းအနှံ့အပြားနှင့် လမ်းဘေးဝဲယာတစ်လျှောက် ပင်စောက်တွေ ပင်မြင့်တွေ ဖြစ်ကုန်သော ညောင်ဖြူပင်၊ ရေမဲပင်၊ ပိန္နဲပင်၊ သရက်ပင်၊ ချယ်ရီပင်ကြီးတွေ များပြားလွန်းလှစွာ ပေါက်ရောက်နေကြသောကြောင့် အရိပ်လည်းရ၊ လေကောင်းလေသန့်လဲရှူရ၊ ရာသီဥတုလည်း အေးမြလှပေသည်။ မည်မျှအေးစိမ့်ပါ သနည်းဆိုသော် ဆောင်းတွင်း၌ မြေပဲဆီ၊ နှမ်းဆီစစ်စစ်တို့ ခဲကုန်၏။ အိမ်ပြင်၌ထုတ်ထားသော ဘာလီရေဆွဲပုံး အတွင်းရှိရေများသည် ရေခဲတုန်းဖြစ်သွားတတ်၏။

BURMESE CLASSIC .com

www.burmeseclassic.com



ညကပျင်းပြီး မဆေးကြောဘဲ မြေအင်တုံ၌ ရေစိမ်ထားခဲ့မိသော အိုးခွက်ပန်းကန်တို့သည် ရေခဲတုံးထဲနစ်နေကြသဖြင့်ရေခဲများအရည်ပျော်ကျစေရန် မီးပြင်းပြန်တိုက်ရတော့သည်။

ဤသို့ အအေးလွန်ကဲလှသော နတ်တော်၊ပြာသို၊ဆောင်းလလယ်လိုရာသီမျိုး၌ ယခုဖော်ပြသည့် မီးနေစောင့်လေသည့် ကိုရင်သာအေးတစ္ဆေခြောက်သောအဖြစ်နှင့် ရင်ဆိုင်တိုးကြုံရခြင်းဖြစ်ပါ၏။ ကိုရင်သာအေး၏ချစ်ဇနီးသည်မှာ မနန်းဆာဆိုပါစို့။ အိမ်ထောင်ကျပြီး လများမကြာမီပင်ကိုယ်ဝန်စွဲခြင်းကြောင့် ကိုရင်သာအေးရော မနန်းဆာပါ ဝမ်းသာလုံးဆို့နေကြပါသည်။ အိမ်ထောင်တစ်ခုတည်ထောင်ခြင်း ဟူသည်ကား သားသမီးပွားစီးပါမှ အိမ့်ဆည်းလည်းတို့၊ အိမ့်ခြူတို့နှင့် ညံညံစီပြီး အိမ့်ကျက်သရေရှိမည်မဟုတ်ပါလော။ သားသမီးတွေဟောတစ်ယောက်၊ဟောတစ်ယောက်နှင့် လေးငါးခြောက်ယောက်ဖြစ်လာသောအခါ၊ အိမ့်ဆည်းလည်းတို့အိမ့်ခြူတို့ မဟုတ်မူဘဲ အိမ်ခလောက်ကြီးများ ဖြစ်သွားရသည်ကတော့တစ်ပိုင်းတစ်ကဏ္ဍ ပေါ့လေ။

စစ်ပြီးစခေတ်မှာ မီးနေသည်ဆိုရာ၌ခေတ်မီပြည့်သူ့ဆေးရုံကြီးပေါ်၌ခေတ်မီစွာတက်ရောက်မွေးဖွားလေ့ရှိသည် မဟုတ်ပါ။ ရှေးရိုးစဉ်လာအရအတိုင်း မီးနေသည် သွေးမတက်အောင် စမုံမျိုးငါးပါးစုရသည်နှင့်နံနွင်းမှုန့်ထောင်းရသည်နှင့် နနွင်းလုံးရသည်နှင့် မီးကပ်ပြင်ရသည်နှင့်ထင်းစုရသည်နှင့် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားကြရသည်။တက်တက်ကြွကြွရှိလှသော ကိုရင်သာအေးသည် အားလုံးကိုကြိုတင် ဆောင်ရွက်ထားရှာသည်။ ထင်း စုထားလိုက်သည်မှ ထင်းပုံကြီးဟီးထနေရာမီးနေဘယ်နှစ်ခါစာလဲဟု နောက်ပြောင်မေးယူရသည်အထိ ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ကံဆိုးချင်တော့ သူအလွန် ချီပိုးချင်သော သားဦးလေးမီးမဖွားခင် တစ်လခန့်အလိုမှာ ငှက်ဖျားရောဂါ ဦးနှောက်ထဲဝင်ပြီး သေရှာပါ၏။ အစွဲအလမ်းကြောင့် ကိုရင်သာအေး မကျွတ်ရှာဘဲ ထင်းပုံနားတွင် ထိုင်စောင့်နေသည်ကို မြင်တွေ့ကြရပါသည်ဟု ပြောသူများလှ၏။

**အသံပေး**

"ဗျို့ - အန်တီမိုး ထ-ထ။ နန်းဆာဝမ်းနာနေပြီ။ အမြန်လိုက်ခဲ့" ပြာသိုလ ချမ်းချမ်းအေးအေးမို့ နှစ်ပိသာခွဲ ဂွမ်းကပ်တွင်း၌ကွေးလျက် အိပ်ကောင်းနေတုန်း ဝမ်းဆွဲဆရာမဒေါ်မိုးအား လာနှိုးသည့်အသံကြောင့် လန့်နိုးလာပါသည်။ သေသေချာချာကြားလိုက်ရသည့်အသံက ကိုရင်သာအေး အသံမှ ကိုရင်သာအေးအသံအစစ်ပါ။ သူက တိမ်းပါးသွားခဲ့ပြီပဲ။ အိပ်မက်များလေလား။ အိပ်မက်မဟုတ်တာတော့ သေချာသည်။

"အန်တီမိုး အားကိုးပါတယ်ဗျာ။ အန်တီးမိုးလက်ထဲ အပ်ထားပါရစေ။ စောင့်ရှောက်ပါ" စသည်ဖြင့် သူ့မိန်းမကိုယ်ဝန်စွဲသည်နှင့် တဖွဖွပြောဆို အပ်နှံသော ကိုရင်သာအေး၏ မျက်နှာကို မြင်ယောင်မိသောအခါ ဆရာမဒေါ်မိုးတစ်ယောက် ဂွမ်းကပ်ထူထူထဲမှာ ဆက်ကွေး မနေအားတော့ဘဲ လောင်းကွတ် သက္ကလတ်အနွေးထည်ရှည်ကြီးကို ဝတ်ကာ တံခါးထဖွင့်၏။ဝှေကနဲတိုက်ခတ်လာသောဆောင်းလေအေးနှင့် အတူ ကြက်သီးထသွားခဲ့၏။ ဘာမှစဉ်းစားမနေနိုင်ပါ။ မွေးလူနာက အရေးကြီးနေပြီ မဟုတ်ပါလား။ ကြောက်စိတ်နည်းပါးသူမို့လည်း တစ်ကိုယ်တည်း ထထွက်လာခဲ့ခြင်းပါ။ ညဥ့်သန်းခေါင်ကျော်နေပြီ။

"ဟောဗျ - အန်တီမိုးကို ဘယ်သူက ဦးဆောင်ခေါ်လာပါလိမ့်။

www.burmeseclassic.com



ကျွန်တော်တို့မှာ အခုမှအိမ်က ထွက်လာကြတာ လမ်းထိပ်တင် ရောက်သေးတာ” ဟု အံ့ဩစွာပြောလိုက်သူမှာ မနန်းဆာ၏ အစ်ကိုကြီး ကိုစိုင်းလုံဖြစ်ပါသည်။ ဆရာမဒေါ်မိုးက မနန်းဆာအိမ်သို့အသွား ခရီးဆုံးရောက်ခါနီး၊ ကိုစိုင်းလုံတို့က ဆရာမကိုခေါ်ရန် အိမ်မှထွက်လာစ လမ်းထိပ်၌ ဆုံမိကြခြင်းဖြစ်၏။ ကိုရင် သာအေးကြီးလာခေါ်တာဟု ပြောလိုက်မိခါနီး သူတို့ ကြောက်လန့်ကုန်တာ အရေးမကြီး၊ မီးနေသည် မနန်းဆာသွေးလန့်သွားလို့ မဖြစ်ချေသေးဘူးဟု တွေးမိသော ဆရာမဒေါ်မိုးခမျာ ဘာစကားမှမတုန့်ပြန်တော့ဘဲ ဝမ်းနာအိမ်သို့ ခရီး ဆက်ခဲ့တော့သည်။ အိမ်ဝင်းထဲဝင်လိုက်သည်နှင့် သကြားသီးပင်အုပ်အုပ် အောက်မှာ ထင်းမီးဖိုကြီးဖိုကာ ရေနွေးအိုးတည်ထားနှင့်သည်ကို မြင်တွေ့ ရ၏။ ရေနွေးပူပူသည် မရှိမဖြစ်လိုအပ်လှပါတော့သည်။

အရွယ်ကောင်း၊ အရပ်အမောင်းကောင်းပြီး ကျန်းမာရေးဒေါင်ဒေါင် မြည်သော မနန်းဆာတို့အဖို့ သားဦးဖြစ်ပါသော်လည်းပဲ မွေးဖွားရသိပ်ကြီး မခက်ခဲလှပါ။ ဆရာမဒေါ်မိုးရောက်လာပြီးနောက် မီးနေခန်းကိုပြင်ဆင်၊ မီးဖွားစင်ပေါ်သို့ မနန်းဆာကိုတင်ပြီးဗိုက်အနေအထားကိုစမ်းသပ်ပါသည်။ ကလေးအနေအထားကို ပြုပြင်ပေးပြီးနောက်မကြာမီမှာကလေးကိုယ်ထည် လှည့်သွားပါပြီ။ဦးခေါင်းအောက်စိုက်လာပြီ။ ညှစ်အားပေးရန် ဆရာမ ဒေါ်မိုးက ဖေးမပေး၏။ ဘေးမှနေ၍ ဆရာမဒေါ်မိုးပါကူပြီးညှစ်သံပြုလျက် အားပေးနေရာ မနန်းဆာလည်း ဒေါ်မိုး၏လက်မောင်း တုတ်တုတ်ခိုင်ခိုင် ကြီးကိုအားပြုလျက် ကလေးကအတွန်း၊ဝမ်းကအနာ၊ဒေါ်မိုးအားပေးသံနှင့် အတူ တစ်အားကို အားစိုက်ညှစ်လိုက် သည့်အဆုံး၊ အူဝဲ-အူဝဲ-အူဝဲ

www.burmeseclassic.com



ဟူသော ကလေးငိုသံသည် လူ့လောကကြီးထဲသို့ချင်းနင်းဝင်ရောက် လာပါတော့၏။

**သားယောက်ျားလေး**

"ဟဲတော့ - ရွှေပန်းငေါက်တောက်နဲ့ သားယောက်ျားလေး၊ သားလေးဟ" ဟုဒေါ်မိုးတစ်ယောက်ကလေးကောက်ရင်းအချင်းဖြတ်စရာ ရှိ ဖြတ်၊ အချင်းထုံးစရာရှိထုံး၊ ကလေးကိုသန့်စင်ပေးပြီး အနှီးထုပ်ကို ကျကျ နန ထုတ်ပေးပါသည်လူကြီးကိုလည်းပြုစုအားပေးရင်း မကြာမီမှာ နောက်လိုက် (အချင်း) ကျလာပါပြီ။ အောင်အောင်မြင်မြင်မီးဖွားပြီးလေပြီ။ လူကြီးရော ကလေးပါ မီးကပ်ပေါ်ရွှေ့ပြောင်းပေးပြီး၊ စမုံထုပ်ကိုရှူခိုင်း ထားရ၏။ မီးနေသည် ဆိုသည့်အတိုင်း နနွင်းနေဝါထိန်နေအောင် တစ်ကိုယ်လုံး လိမ်းကျံပေးရ၏။ မီးသွေးမီးဖိုများကိုလည်း ပတ်လည်၌ ထားစေ၏။ ဆောင်းလလယ်လည်း ဖြစ်ပြန်၊ ညဥ့်နက်သန်းခေါင်ကနေ မနက်လင်းအားကြီးဘက်ကူးလာသူမို့ အအေးကပိုသည်းလာပြန်သည် မဟုတ်ပါလား။ ချွေးတစိုစိုနှင့် မနန်းဆာ တစ်ယောက်မောပန်းပြီး မှေးအိပ်နေပါပြီ။

**အရိပ်အယောင်ပြ**

မနန်းဆာတစ်ယောက် တစ်လလုံးလုံးမီးနေသည်ဖြစ်ရာ၊ ရပ်ဆွေ ရပ်မျိုးများ ဝိုင်းဝန်းပြုစုကြ၏။ ကာလသားများကလည်း ညအိပ်ညနေ စောင့်ရှောက်ပေးကြပါသည်။ မုဆိုးမလေး မနန်းဆာကို သနားကြင်နာ ကရုနာစိတ်ဖြင့် ပိုမို၍ ဂရုစိုက်စောင့်ရှောက်အားပေးကြခြင်းပါ။ ဤတွင်

BURMESE CLASSIC .com

www.burmeseclassic.com



ကိုရင်သာအေး၏ အမြဲတမ်းမီးနေစောင့်ပေးခြင်းကို တဖြည်းဖြည်း သိလာရခြင်းဖြစ်ပါသည်။ ဗွေဆော်ဦးမြင်တွေ့ရသူက ကာလသားခေါင်း ကိုအိုက်စံကြီး ဖြစ်သည်။ တစ်ည သူ့အလေးပေါ့ထသွားစဉ် သကြားသီးပင်အောက်ရှိ ထင်းမီးဖို၌ ကိုရင်သာအေးကို ဆောင့်ကြောင့် ထိုင်လျက်သား သူတွေ့လိုက်ရသည် တဲ့။ ထင်းမီးဖိုအရှိန်ဟပ်သော အလင်းရောင်ဖြင့် ညာဘက်ပါးပြင် ထက်က မွေးရာပါ ကျပ်ပြားဝိုင်းခန့် အမည်းမှတ်ကို ထင်ထင်ရှားရှား တွေ့လိုက်ရခြင်းကြောင့် ကိုရင် သာအေးမှ ကိုရင်သာအေးအစစ်ပါဟု တပ်အပ်သေချာပြောနိုင်ခြင်းပါတဲ့။ သတ္တိ ကောင်းသော သူပင်လျှင် သောက်ထားသော အရက်ရှိန်တွေ ပျောက်ပြီး ခေါင်းနားပန်းကြီးကာ ကြက်သီးမွေးညင်း ထသွားရပါသတဲ့။

သို့သော် ကိုအိုက်စံကြီးက သောက်တတ်စားသောက်သည်မို့ အရက်ကြောင်ပြီးမြင်တာများလားဟုကျန်ကာလသားတစ်သိုက်တို့ထင်မှတ် ကြကာ အယုံအကြည်သိပ်မရှိကြပါ။ ကိုအိုက်စံကြီးကလည်း လူငယ်တွေ တဝါးဝါး ပွဲကျလေအောင် ကာလခေါင်းပီပီ အညစ်အပတ် ဇာတ်လမ်း ပြောလားပြောတတ်ရဲ့။ ကြောက်လန့်တတ်သူတွေကို ပိုမိုသွေးကြောင် လေအောင် မဟုတ်တာရော၊ ဟုတ်တာရော ခြောက်လှန့်လား ခြောက်လှန့် တတ်ရဲ့။ ဒီတော့ သူ၏သုံးခွက်တစ်ခွက်တင်မျှမဟုတ်၊ ဆယ်ခွက်သော်မှ တစ်ခွက်မတင်တတ်သည့် သူ့စကားများကို သိပ်ပြီးမယုံကြည်ကြသည်မှာ အဆန်းမဟုတ်တော့ပါ။ ညစဉ်ညတိုင်း မဟုတ်သော်လည်း တစ်ညခြား တစ်ခါလို၊ နှစ်ညခြားတစ်ခါလို၊ အိမ်သားထဲကဖြစ်စေ၊ ဧည့်သည်ထဲက ဖြစ်စေ၊ တစ်စုံတစ်ယောက်မှာတော့ဖြင့် ထိုသကြားသီးပင်အောက်က ထင်းမီးဖိုဘေးမှာ ကိုရင်သာအေးတစ်ယောက် ဆောင့်ကြောင့်ထိုင်လျက်ကို

www.burmeseclassic.com



မြင်ကြ ရသည်ဟူသော အသံဗလံများ တိုးတိုး တိတ်တိတ် ထွက်လာပါတော့သည်။ ကြောက်လွန်း၍ အိမ်ပြင်ကို မထွက်ဝံ့ကြတော့ပါ။

လူပြော သူပြောများလာသောအခါဝယ် ကာလသားခေါင်းကိုအိုက်စံကြီး ဗွေဆော်ဦးပြောသည့် ကိုရင်သာအေးကိုမြင်ရသောအရိပ်အယောင်ဖြစ်ရပ်သည် ဟုတ်မှန်နိုင်လောက်သည်ဟု လက်ခံရတော့မလို ဖြစ်သွားခဲ့ပါပြီ။ တွေ့မြင်ဖူး ကြသည့်သူတိုင်း သေသေချာချာ မျက်စိပွတ်ပြီး ပြန်ကြည့်သောအခါ၌ကား ကိုရင်သာအေးကိုသာမဟုတ် ဘယ်သူတစ်စုံတစ်ယောက်ကိုမျှ မမြင်တွေ့ရခြင်းကလည်း ထူးဆန်းနေပြန်သည်။ ဆရာမဒေါ်မိုးသည်လည်း နေ့စဉ်နှင့်အမျှရောက်နေတတ်ပြီး၊ ကလေးလေထိုး၍ တအီအီငိုနေသောညများဆိုလျှင် သူ့အိမ်သို့ပင် ပြန်မအိပ်တော့ပါ။ ညအိပ်စောင့်ပြီး စောင့်ရှောက်တတ်၏။ ထိုသောအခါ ညညထပြီး အပြင်ထွက်ရသည့် အကြိမ်များလည်းရှိ၏။ ရှေးအိမ်များသည် အိမ်ထဲ၌အိမ်သာ၊ ရေချိုးခန်းထားလေ့မရှိသောကြောင့် အပေါ့အပါးကိစ္စ ဖြေရှင်းရန် အိမ်ပြင်သို့ထွက်ရစမြဲ မဟုတ်ပါလား။

**အန်တီမိုးအပြော**

ဆရာမဒေါ်မိုးသည် တစ်ကြိမ်တော့ ကိုရင်သာအေးအား သေချာပေါက် တွေ့လိုက်ရပါသည်။ အများပြောကြသည့်အတိုင်း သကြားသီးပင်အောက်ရှိ ထင်းမီးဖိုဘေးမှာ ဆောင့်ကြောင့်ထိုင်လျက်သားပါပဲ။ သို့သော်လူကောင်းတွေကြောက်မှာစိုးသည်ထက် မီးနေသည်အားငယ်ကြောက်လန့်မည်စိုး၍ ထုတ်ဖော်မပြောဝံ့ပါ။ မီးဖွားသည့်ညဥ့်နက်သန်းခေါင်တုန်းက သူ့အားကိုရင်သာအေး လာနှိုးခြင်းမှာလည်း အမှန်ဖြစ်ရမည်ဟု ဆရာမ

www.burmeseclassic.com



ဒေါ်မိုးကောက်ချက်ချပြီးပါပြီ။ အိမ်သားများနှင့် ဧည့်သည်များ၊ ကာလသားများတို့အား ဆရာမဒေါ်မိုးက ထိန်းထိန်းသိမ်းသိမ်း ပြောဆိုနားချထားရ၏။ ဟုတ်သည် မဟုတ်သည်ကိုတော့ သူတစ်လုံးတစ်ပါဒမျှပင် မပြောခဲ့ပါ။ လူကြီးကဟန့်တားလိုက်လျှင် လူငယ်တို့ နှုတ်ပိတ်သွားတတ်သော ရှေးခေတ် စရိုက်သည် ချစ်စရာကောင်းလှ၏။

တစ်လပြည့်၍ မီးထွက်သောနေ့တွင် ရှမ်းထုံးစံဓလေ့အတိုင်း မီးနေသည် ကိုရော၊ ကလေးငယ်ကိုပါ ရေမိုးချိုးပေးရ၏။ ကလေးငယ်၏ ဝမ်းတွင်းပါဆံကို ချရ၏။ လက်သည်ပဲခေါ်ခေါ်၊ ဝမ်းဆွဲသည်လို့ပဲခေါ်ခေါ်၊ ဆရာမ ဒေါ်မိုးအား လက်ဆေးသည်ဟုဆိုကာ ကန်တော့ရ၏။ အမှန်ကတော့ ဒေါ်မိုးမှာအရပ်လက်သည်မဟုတ်ပါ။ အစိုးရအောင်လက်မှတ်ရ သားဖွားဆရာမကြီးဖြစ်ပါသည်။ မီးထွက်ပြီး တစ်ပတ်၊ ဆယ်ရက်အကြာ၌ ကလေးကင်ပွန်းတပ် မင်္ဂလာကို ပြုကြစမြဲဖြစ်သည့်အတိုင်း မနန်းဆာတို့လည်းအဖမဲ့သား စိုင်းဆမ်လေးကို ဘုန်းကြီးငါးပါးပင့်ကာ၊ ကပ်ပွန်းတပ် အလှူလေးပြုလုပ်ပေးပါသည်။ ဆရာမဒေါ်မိုးက နားလည်မှုရှိသောကြောင့် မည်သူမျှအားမပြောကြားပဲ သူ့အစီအစဉ်နှင့်သူ ကိုရင်သာအေးအား ကျွတ်လွတ်စေရန် ရည်စူးလှူပေးပြီးနောက် သကြားသီးပင် အောက်သို့ သွားကာ အမျှအတန်း ဝေပေးခဲ့ ပါသတဲ့။

ထိုညမှာပင် "အန်တီမိုးကို ကျေးဇူးတင်လိုက်တာဗျာ၊ ကျွန်တော် စိတ်ချပါပြီ၊ ကုသိုလ်အမျှရလို့ အထက်ဘုံကိုသွားရပါတော့မယ်" ဟူ၍ ကိုရင်သာအေးသည် ဆရာမဒေါ်မိုးအား အိပ်မက်ပေးနှုတ်ဆက်ပါသည်။ နောက်ထပ်လည်း မီးနေစောင့်သော ကိုရင်သာအေး၏ အရိပ်အယောင်ကို မည်သူမျှ မတွေ့ကြရတော့ကြောင်း ကိုစိုင်းဆမ်လူပျိုပေါက်အရွယ်ရောက်မှ

www.burmeseclassic.com



ဆရာမဒေါ်မိုးက စီကာပတ်ကုံး ပြောပြပါကြောင်း ကျွန်တော်မှတ်သား ရသည့်အတိုင်း တင်ပြလိုက်ရပါတော့သည်။

**အသံဖြင့်ခြောက်**

သူပြောကိုယ်ပြောနှင့် တစ္ဆေပုံပြင်များတို့သည် အတော်ပင် များများ စားစားကြီးရှိပါသည်။ သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ် စေ့စေ့ ပေါက်ပေါက် လိုက်မေးပြီဆိုသောအခါဝယ် မရေမရာ ဟိုလိုလို သည်လို လိုနှင့် ပြီးသွားသည် ကများ၏။ ဟုတ်တိပတ်တိ ကျကျနန သက်သေ သက်ကာရနှင့် ပြောပြနိုင်သူ အလွန်ရှားပါးလှပါသည်။ ထို့ကြောင့် ခေတ်လူငယ်များတို့ ပရလောက အကြောင်းကို စိတ်ဝင်စားလေသမျှ မယုံသင်္ကာရှိတတ်ကြပါသည်။ ခေတ် လူငယ်များမဆိုထားဘိ။ အသက် ရှစ်ဆယ်ကျော်အရွယ် ဆရာကြီး ငွေဥဒေါင်း ပင်လျှင် တစ္ဆေဆိုသည် များနှင့် တိုက်တိုက်ဆိုင်ဆိုင် မိမိရရ မတွေ့ဆုံဖူး၍ လက်တွေ့အရ သိပ်ပြီးမယုံချင်လှပါ။ သို့သော် ကြေးမုံသတင်းစာတိုက်ရှိ အခန်းတစ်ခန်း သည် တစ္ဆေခြောက်ကြမ်းလှကြောင်းကိုကား ကျွန်တော့်အားပြောပြခဲ့ဖူး၏။ ဗုဒ္ဓစာပေကျမ်းဂန်အရမူ ဆရာကြီးသည် ချွင်းချက်မရှိ တစ္ဆေနှင့်တကွ ပရလောကသားများကို ယုံကြည်ပါသည်။ ယုံကြည်သင့်သည့် အလျောက် ကျွန်တော်၏ "တစ္ဆေတကယ်ရှိ-မရှိ" စာအုပ်အတွက် အမှာစာနိဒါန်းကို ဆရာကြီးသည် သူ၏နောက်ဆုံးလက်ရာအဖြစ် ကျွန်တော့်အား ရေးသားချီးမြှင့်ပေးခဲ့ပါသည်။

ဆရာကြီးနှင့် ကျွန်တော်သည် မကြာခဏ တစ္ဆေအကြောင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောဆိုတတ်ပေသည်။ တစ်ခါတော့ ဆရာကြီးသည်

www.burmeseclassic.com



"တစ္ဆေ ခြောက်တယ်ဆိုတာ ခြောက်လှန့်သံကို ခင်ဗျားနားနဲ့ တပ်အပ် သေချာကြီး ကြားဖူးသလား" ဟူ၍ ကျွန်တော့်အား ဆိုင်းမဆင့် ဗုံမဆင့် ရုတ်တရက် မေးခွန်းထုတ်ဖူးပါသည်။

"ကြားဖူးပါသော်ကော ဆရာကြီးရယ်။ ကျွန်တော်ရေးထားတဲ့ "တမလွန်ရောက် ကျွန်တော့်မိတ်ဆွေများ" ဆိုတဲ့ဆောင်းပါးရှည်ကြီး တစ်ပုဒ်ဆရာကြီးမေ့သွားပြီနဲ့တူတယ်။ ဒီ "တစ္ဆေတကယ်ရှိ-မရှိ" ဆိုတဲ့ စာအုပ်မှာ တော့မပါနိုင်ဘူးပေါ့။ သေခြင်းတရားဆောင်းပါးများစုစည်းမှု ဒုတိယတွဲ "တမလွန်ခရီး ပျော်ပျော်ကြီးသွားကြစို့" မှာ ထည့်ထား လိုက်တဲ့အတွက်ကြောင့် ပါပဲ။ နဂိုတုန်းကတော့ စာရေးဆရာ တိုးထက် တောင်းလို့ ရေးပေးခဲ့တာပါ။

"တိုးထက်ဆိုတာ ဦးရန်အောင်ကြီးရဲ့ သားမက်ကိုလှတိုးကို ပြောတာလား"

"ဟုတ်တယ်ဆရာကြီး၊ ဦးအေးမောင်(စာပေဗိမာန်) ရဲ့ သားလေ ဆရာကြီး။ သူကစာရေးဆရာကြီး ဦးရန်အောင်ရဲ့သမီး ချယ်ရီအောင်နဲ့ အိမ်ထောင်ကျတာကိုး။ ဦးရန်အောင်နဲ့ပဲ အတူတူလိုက်နေတာလေဗျာ"

"ခင်ဗျားရေးတဲ့ ဆောင်းပါးအကြောင်း နည်းနည်းပြန်ပြီးပြောပြ ပါဦး"

"ကိုလှတိုးထုတ်တဲ့ တမလွန်ဘဝနှင့် အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ ဆိုတဲ့ စာအုပ်ထဲမှာ စောစောက ကျွန်တော်ပြောတဲ့ "တမလွန်ရောက် ကျွန်တော့်မိတ်ဆွေများ" ဆောင်းပါးတစ်ပုဒ် ပါဝင်ခဲ့တာပေါ့ဆရာကြီး။ အဲဒီမှာ ကျွန်တော့်မိတ်ဆွေသုံးဦးအနက် ရိပ်သာကဒကာမကြီးကတော့ အိပ်မက်ပေးပါတယ်။ ကားတိုက်လို့ဆုံးရှာတဲ့ ဒေါက်တာကိုကိုလတ်

BURMESE CLASSIC .com

www.burmeseclassic.com



ကတော့ အသံရော အိပ်မက်ပါပေးပါတယ်။ ကျွန်တော်ဆေးခန်းကအပြန် လမ်းဆုံလမ်းခွအရောက် ည (၉)နာရီလောက်မှာ "ကိုအောင်ကျော်-ကိုအောင်ကျော်" လို့ ကျွန်တော့်နာမည်ကို နှစ်ခွန်း ဆင့်ခေါ်ခဲ့ပါတယ်။ အသံကအတော်တိုးပါတယ်။ နားနားကပ်ပြီး ခေါ်လိုက်သလိုပါပဲ။ မဲနယ်တောင်မှာ လေယာဉ်ပျက်ကျလို့ ကွယ်လွန်ရှာတဲ့ ဒေါက်တာမောင်သိန်းကတော့ "ကိုအောင်ကျော်" လို့ တစ်ခွန်းတည်း ထင်ထင်ရှားရှား ခေါ်ပါ တယ်။ သူက ကလောအင်းပြင်သားဗျ။ ခနုသံကြီးနဲ့ပါ။ ရင်ခေါင်းထဲက လာတဲ့အော်ခေါ်သံကြီးပါ။ အားကိုးတကြီး ခေါ်လိုက်တာလို့လည်း ကျွန်တော်နားလည်လိုက်ရပါတယ် ဆရာကြီး"

**ဆန်းသည့်ဖြစ်ရပ်**

တစ္ဆေခြောက်ရာ၌ အရိပ်အယောင်ပြခြင်းသည် အများဆုံးဖြစ်၏။ ထို့နောက်အပုပ်နံ့ပေးခြင်းက ဒုတိယလိုက်မည်ဟု ကျွန်တော်မှတ်ယူသည်။ အနည်းပါးဆုံးသည်ကား အသံဖြင့်ပေးပြီး ခြောက်ခြင်းပါ။ ထို့ကြောင့်လည်း ဆရာကြီးငွေဥဒေါင်းက အသံဖြင့် ခြောက်သည်ကို သေချာပေါက် ကြုံဖူးရဲ့လားဟု ကျွန်တော့်အား မေးမြန်းစုံစမ်းခြင်းဖြစ်ပါလိမ့်မည်။ အရိပ်အယောင်လည်းပြအသံလည်းပေးသောဖြစ်ရပ်တို့ဆိုသည်ကားအလွန်တရာမှရှားပါးသောကိစ္စ ဖြစ်ပါသည်။ ကိုရင်သာအေးဖြစ်ရပ်၌ အသံပေးခြင်းက တစ်ကြိမ်တည်းဖြစ်ပြီး၊ အရိပ်အယောင်ပြခြင်းက အကြိမ်များပါသည်။ သို့သော် အသံပေးခြင်းနှင့် အရိပ်အယောင်ပြခြင်းတို့သည် တစ်ချိန်တစ်ခါအတွင်းမှာ အပြိုင်ဖြစ်ပွားခြင်း မဟုတ်မူဘဲသီးခြားစီ ဖြစ်ပျက်ခြင်း ဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



ယခုဆက်လက်ဖော်ပြမည့် အရိပ်အယောင်လည်းပြ၊ ရေလည်း တောင်းသောက်သောဖြစ်ရပ်ဆန်းသည်အတော့်ကိုထူးခြားဆန်းကြယ်သော အတွေ့အကြုံတစ်ရပ်ဖြစ်ပါသည်။ ဤအကြောင်းကို ပြောသောသူမှာ ကျွန်တော့် စာအုပ်ထုတ်ဝေသူ ရန်အောင်စာပေမှ ကိုလှတိုးတို့ မိတ်ဆွေ ဦးနုဆိုသူဖြစ်သည်။ ကိုလှတိုးနှင့်ဆက်စပ်ပြီး တောင်ကြီးမြို့၌ နေထိုင်ကြသူ အချင်းချင်းဖြစ်သော ဦးနုနှင့်ကျွန်တော်တို့ ခင်မင်ရင်းနှီးခွင့်ကို ရရှိခဲ့ကြပါသည်။ တစ်ရက်တွင် ဦးနုသည် သားတစ်ယောက်ကို အဖော်ပြုလျက် ကျွန်တော့်ဆေးခန်းသို့ ရောက်လာ၏။ နေ့ခင်းပိုင်းလူနာရှင်းချိန်မို့ အတော်လေးအချိန်ပေးပြီး စကားလက်ဆုံ ကျလိုက်ရာမှ ပိုမို၍ ရင်းနှီးခွင့် ရရှိလိုက်ခြင်းပါ။ သူ့ကိုယ်တွေ့ တစ္ဆေခြောက်ခံရသောဖြစ်ရပ်ဆန်းကို စီကာပတ်ကုံး ပြောပြရှာသည်။ နောက်ထပ် တစ်လခန့် အကြာတွင်မူ လက်ရေးသေးသေးစိပ်စိပ်ဖြင့် ရေးသားထားသော စာမူရှည်ကြီးကို လာအပ်၏။ ဖျော်လှော်ကွာစာရွက်ဖြင့် ရှစ်မျက်နှာကျော် ရှိပါသည်။ ကျွန်တော်ကြိုက်သလို အသုံးပြုရန်ခွင့်ပြု၏။

ဦးနုသည် ငယ်စဉ်ကတည်းက စာပေဝါသနာပါ၏။ စာဖတ်ရုံ စာပေလိုက်စားရုံမျှမဟုတ်ပါ။ ကလောင်သွေးခဲ့ဖူးပါသည်။ စာစီစာကုံး ပြိုင်ပွဲတွေမှာ ကျောင်းသားဘဝတုန်းက အောင်မြင်မှုရရှိခဲ့ဖူး၏။ ဆုတွေ ဆွတ်ခူးခဲ့ဖူးပါသည်။ ဆောင်းပါးများရေး၍ မဂ္ဂဇင်းများ၌ ဖော်ပြခံရဖူးသည် ဟုဆိုပါသည်။ စိတ်ရှည်လက်ရှည်အသေးစိတ်ကိုရေးပြထားသဖြင့် ဤမျှ ရှည်လျားသောစာမူကြီးကို ကျွန်တော်သည် အပြန်ပြန်အလှန်လှန် ဖတ်ပြီးသည့်နောက် စာဖတ်သူတို့အတွက် အရသာမပျက်ရလေအောင်

www.burmeseclassic.com



အကျဉ်းချုံး၍ ဦးနုက ပြန်ပြောင်းပြောပြသည့် ပုံစံဖြင့် အောက်ပါအတိုင်း ဖော်ပြလိုက်ရပါသည်။

**တစ္ဆေကိုမယုံသူ**

ကျုပ်ဟာယခုအသက် (၇၅) နှစ်ရှိပါပြီ။ နာမည်ကတော့ဦးနုပါ။ ငယ်စဉ်တုန်းကတော့ မောင်နုပေါ့။ နောင်တော့ကိုနုဘဝကနေ ကိုကြီးနု၊ ဦးလေးနု၊ ဘကြီးနုဆိုပြီး အသက်အပိုင်းအခြား ကြီးရင့်လာလေလေ၊ နာမည်ရှေ့က ကိုကြီးတို့၊ ဦးလေးတို့ ဘကြီးတို့ဆိုတဲ့ ဂုဏ်ပုဒ်တဖြည်းဖြည်း မြင့်တက်လာလေလေပါပဲ။ ဒါလည်း လူ့လောကသဘာဝမို့ ငါအသက် အရွယ် မငယ်တော့ဘူး။ သံသရာခရီးကို ထွက်ခွာသွားရဖို့ တစ်နေ့ထက် တစ်နေ့ ရှေးကနဲ့ နှိုင်းစာရင် ပိုလို့နီးနီးလာပြီဆိုတဲ့ သံဝေဂမွေကို ဆင်ခြင်နေရပြီလေ။ မျက်မှောက်ခေတ် လူ့သက်တမ်းလည်း စေ့နေပြီ ဆိုတော့ နောက်ထပ် ဘယ်လောက်ထပ်ပြီး အသက်ရှင်နေရပါဦးမလဲ။ ကံတရားကပဲ သိနိုင်ပါလိမ့်မယ်။ ရှစ်ဆယ်လား၊ ကိုးဆယ်လား၊ တစ်ရာလား။ တစ်ခုခုဖြစ်မှာပေါ့။ ဇာတာထဲမှာတော့ အာယု (၁၂၀) ရှည်စေသောဝ်တဲ့လေ။ မြေးလေးတွေက "ဘိုးဘိုး" လို့ ခေါ်ကြတယ်။ သူတို့သံယောင်လိုက်ပြီး အခုကျုပ်ကို အဘိုးနုတဲ့လေ။ သူတို့က ရိုရို သေသေလေးလေးစားစား ခေါ်လေလေ၊ ကျုပ်မှာ "အချိန်နီးပြီဟ" လို့ သတိရလိုက်လေလေပေါ့ဗျာ။ ဒီတော့ တုန်လှုပ်ချင်လေလေပါပဲလို့ မရှက်တမ်း ဝန်ခံရပါတော့မယ်။

www.burmeseclassic.com



ကျုပ်ငယ်ငယ်တုန်းက တစ္ဆေသရဲဆိုတာ ယုံကြည်တာမဟုတ်ဘူး။ လူးကြီးတွေကဖြဲခြောက်တာနေမှာပါလို့ပဲ ယူမှတ်ထားခဲ့တယ်လေ။ မသေခင်မှာ ကျုပ်အသက်နှစ်ဆယ်တုန်းက ကိုယ်တွေ့ကြုံဖူးတဲ့ အကြောင်းလေးကို ပြောပြခဲ့ချင်တဲ့အတွက် ကျုပ်မိတ်ဆွေကိုလှတိုးရဲ့ အပေါင်းအသင်းစာရေးဆရာ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်) ဆိုသူကို ဆက်သွယ်မိတာပါပဲ။ သူ့ဆေးခန်းမှာ အတော်အတန်တော့ ပြောပြခဲ့ပါရဲ့။ သူ့မှာလည်း လူနာတွေက တစ်ဖက် ဧည့်သည်ကတစ်ဖက်နဲ့ အားရပါးရမဆွေးနွေးခဲ့ရပါဘူး။ ဒါနဲ့ ကျုပ်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းလေးကို စီကာပတ်ကုံး ရေးပေးလိုက်ရတော့တယ်။ သူကြိုက်သလို တည်းဖြတ် ပြင်ဆင်သုံးပါလို့လည်း ခွင့်ပြုလိုက်တာပေါ့ဗျာ။

တစ္ဆေဆိုတာကြီးကို ကျုပ်ယုံတဲ့သူမဟုတ်ဘူးဗျို့။ ဒါကြောင့်လည်း ဘဝအကြောင်းနဲ့ လူဝင်စားတွေအကြောင်းကို စိတ်ဝင်စားလွန်းလို့ အမြဲ လေ့လာမေးမြန်းခဲ့ပါတယ်။ ကျန်းမာရေးကိစ္စကိုလည်း စိတ်ဝင်စားတာ ကြောင့် ဆေးဝါးအကြောင်း၊ ခန္ဓာဗေဒအကြောင်း၊ လေ့ကျင့်ခန်းနဲ့ အားကစား အကြောင်းတွေကိုလည်း လေ့လာလိုက်စားခဲ့ပါတယ်။ ခုလို အသက် ခုနစ်ဆယ်ကျော်၊ ရှစ်ဆယ်အတွင်း ချဉ်းကပ်လာချိန်မှာတော့ လေ့လာထားသမျှတွေကို အနှစ်ချုပ်လိုက်မယ်ဆိုရင် “စိတ်” ဟာအဓိက အရင်းအမြစ်ဖြစ်ကြောင်းကို သဘောပေါက် ယုံကြည်လက်ခံလာပါပြီ။ ကျုပ်ကိုကျုပ်တော့ “ဘဝနှင့်ကျန်းမာရေးသုတေသီ” လို့ သတ်မှတ် ထားပါတယ်။ အမ်အင်န်အုတ်ထုတ်လုပ်ရေးလုပ်ငန်းကို အစပျိုးခဲ့ရာ အရှိန်ရနေပြီမို့ သားသမီးမြေးများနဲ့အတူ လက်ရေတပြင်တည်း စည်းစည်းလုံးလုံး လုပ်ကိုင်နေဆဲပါ။ စီးပွားရေးအတွက် မကြောင့်မကြရ

BURMESE CLASSIC .com

www.burmeseclassic.com



တော့ဘူးဆိုပါတော့။ ကဲ-ကိုယ့်အကြောင်းမိတ်ဆက်က အတော်မိုင်ရှည်သွားခဲ့ပြီ။ လိုရင်းဖြစ်တဲ့ ကျုပ်ကိုယ်တွေ့ဖြစ်ရပ်ဆန်းလေးကို ဆက်လိုက်ကြဦးစို့။

**ရေတောင်းသောက်သူ**

"ဗျို့ ကိုနု၊ ကျုပ်ကိုသောက်ရေတစ်ခွက်လောက်" ဟု ပြောလာသူမှာ မိတ်ဆွေဗိုလ်အောင်ဒင်ဖြစ်ပါသည်။ သူသည် ကျွန်တော်နှင့် ကိုသောင်းစိန် အတူတွဲအိပ်နေသောအခန်းရှိ မြောက်ဘက်ပေါက်မှ ဝင်လာဟန်ရှိသည်။ ညနေမှတွေ့ထားသော အဝတ်အစားအတိုင်း ဘောင်းဘီတိုနက်ပြာ၊ ကာကီဟာဝေယံရှပ်အင်္ကျီ၊ ဦးထုပ်မှာ ကောင်းဘွိုင်ဦးထုပ်တို့နှင့်ဖြစ်ပါသည်။ ကျွန်တော်နှင့်ကိုသောင်းစိန်တို့အိပ်သော ခုံတန်းလျားအရှေ့ဘက်တိုင် တစ်တိုင်တွယ်ကပ်လျက် ရေအိုးတစ်လုံး၊ အဖုံးနှင့်ကြေးဖလားတစ်လုံး၊ အဆင်သင့်ရှိရာသို့ ညွှန်ပြလျက် "အဲဒီမယ် ရေအိုးရှိသားပဲ၊ ခပ်သောက်" ဟု တုန့်ပြန်ပြောလိုက်ပါသည်။ ပြောနေစဉ်မှာပင် ဗိုလ်အောင်ဒင်၏ရုပ်လုံးကြီး ရုတ်တရက်ပျောက်ကွယ်သွားခဲ့၏။ သောက်ရေအိုးအဖုံးဖွင့်ပုံ၊ ကြေးဖလားမြောက်တက်လာပုံ၊ ရေအိုးထဲရေနှစ်ခပ်ပြီး ရေအိုးနှုတ်ခမ်းဝအပြင်ပေါ်သို့ ကြေးဖလားပြန်တက်လာပြီး ရေသောက်နေပုံမှာ လူကိုမမြင်ရဘဲ အတိုင်းသား ဖြစ်နေတော့၏။ တစ္ဆေကိုမယုံတတ်၊ မကြောက်တတ်သောကျွန်တော့်မှာ ကြက်သီးမွေးညင်းတွေထကာ၊ ခေါင်းနပန်းများကြီးလာတော့၏။ အတွေ့အကြုံက ထူးဆန်းအံ့ဩစရာကြီးဖြစ်နေသည်ကိုး။

www.burmeseclassic.com



ကျွန်တော်တုန်လှုပ်ချောက်ချားလာပြီး အော်လိုက်သည့်အသံကို ကိုသောင်းစိန်ကြားသွားသဖြင့် လန့်ဖျပ်ပြီး ကျွန်တော့်ကို သူထဖက်ပါတော့၏။ ပါးစပ်မှလည်း "ဘာဖြစ်တာလဲ - ဘာဖြစ်တာလဲ" ဟု တုန်တုန်ယင်ယင် မေးနေပါသည်။ ကိုသောင်းစိန်မှာ စကားစရှာပြီးမေးသာ မေးနေ၏။ အမှန်ကတော့ ဗိုလ်အောင်ဒင် ဝင်လာပုံ၊ ကျွန်တော့်အား ရေတစ်ခွက် တောင်း သောက်ပုံ၊ အခြင်းအရာများ အလုံးစုံတို့ကို သူမြင်ပြီးသား ကြားပြီးသား ဖြစ်ပါသည်။ ဗိုလ်အောင်ဒင်ရုပ်လုံး ပျောက်သွားပြီး ကြေးဖလားကြီး မြောက်တက် လာသည်ကိုလည်း ကိုသောင်းစိန်သည် ကျွန်တော်မြင်သလို သူမြင်ပါ၏။ သူတစ္ဆေကြောက်လွန်းတတ်သည့်အတွက် "အို ရေခွက်မြောက်တက်လာတာ ကြွက်တိုးလို့ ဖြစ်ပါလိမ့်မယ်ကွာ" ဟု လှီးလွှဲဖြေကြားနှစ်သိမ့်လိုက်ရပါတော့သည်။

တစ္ဆေကိုလုံးဝမယုံကြည်၊ ကြောက်လည်းမကြောက်သော ကျွန်တော်သည် ယခုလိုဗိုလ်အောင်ဒင်နှင့် တိုက်တိုင်ဆိုင်ဆိုင် ကြုံဆုံရစဉ် ဘာကြောင့် တုန်လှုပ် ချောက်ချားနေသည်ကို စဉ်းစား၍ မရနိုင်အောင် ဖြစ်နေရတော့၏။ တစ္ဆေ သရဲမှမဟုတ်။ တော်ရုံတန်ရုံဗလကောင်းသည့် လူအချင်းချင်းပင် မကြောက် တတ်သောကျွန်တော်သည် ခင်မင်ရင်းစွဲရှိသော မိတ်ဆွေကြီး ဗိုလ်အောင်ဒင်ကို ဘာကြောင့်ကြောက်ရွံ့တုန်လှုပ်ချောက်ချားနေရပါသနည်း။ ကျွန်တော် (၁၈) နှစ်သားအရွယ်တုန်းက တစ္ဆေသရဲအခြောက်ကြမ်းသည်ဟု လူပြောသူပြောများလှသည့် သင်္ချိုင်းအတွင်းသို့ ညဉ့်နက်သန်းခေါင်အချိန်မှာ တစ်ယောက်တည်းဝင်ရောက်လေ့လာဖူး၏။ ဓားမြှောင်တစ်လက်မှလွဲ၍ ဘာအဖော်မှမပါရှိခဲ့ပါ။ တွေ့လိုလှသည့် တစ္ဆေသရဲ၊ တွေ့စမ်းပါစေဟု တောင့်တကာလူခေါင်း

www.burmeseclassic.com



ရိုးခွံများကိုပင် တုတ်ဖြင့်ဖယ်ရှားလှန်လှော၍ကြည့်ခဲ့ဖူးပါသည်။ ဘာတစ်ခုမှ မတွေ့ မမြင်ခဲ့ရပါ။ လူငယ်ဘဝမို့ မိုက်ရူးရဲအရွယ်ဟု ဆိုရပေလိမ့်မည်။ ယခု အသက်နှစ်ဆယ်ကျော်တော့မှ ဗိုလ်အောင်ဒင် ကျွန်တော့်ကို သတ္တိနည်းသွားစေခဲ့ပြီလား။

## ဖြစ်ကြောင်းရယ်ကုန်စင်

ကျွန်တော်ရောက်ရှိနေသော နေရာကား "ခါးပြတ်ရွာ" အလွန် ကားလမ်းဘေးမြောက်ဘက်တွင် အလွန်ကျယ်ဝန်းသောဝင်းခြံကြီးအတွင်း ဝယ်ခိုင်ခိုင်ခံ့ခံ့ဆောက်ထားသော သွပ်မိုးကြံဖိုအဆောက်အဦး၌ ဖြစ်ပါသည်။ အဘယ့်ကြောင့် ဤကြံဖိုသို့ရောက်နေရပါသနည်း။ ကြံဖိုကိုအခြေစိုက် ထားသော ရှေးယခင်အခေါ် "ဂတ်တဲ"၊ ယခုအခေါ် ပြည်သူ့ရဲတပ်ဖွဲ့၏ ရဲဌာနစခန်းတွင်တာဝန်ကျနေသော ကျွန်တော့်ကျောင်းနေဘက်သူငယ်ချင်း ကိုသောင်းစိန်က အတူလာနေဖို့ ဖိတ်ခေါ်ထားသောကြောင့်ပါ။ ကိုသောင်းစိန် သည် ထိုစဉ်တုန်းက လက်ထောက်ဂတ်စာရေးတာဝန်ကို ထမ်းဆောင်နေချိန် ဖြစ်၏။ ကျွန်တော့်အတွက် လူရောငွေပါ ပိုမိုလုံခြုံမှုရှိစေနိုင်သဖြင့် ကြံဖိုအဆောက်အဦရဲစခန်းတွင် သုံးလေးရက်မှ ငါးရက်တစ်ပတ်ကြာခန့်အထိ ကိုသောင်းစိန်တို့ တည်းခိုလေ့ရှိတတ် ချိန်ဖြစ်ပါသည်။

ရေတောင်းသောက်သော ဗိုလ်အောင်ဒင်နှင့် ကြုံကြိုက်သည့် အချိန်ကား၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်းကဖြစ်ပါ၏။ တိတိကျကျဆိုရလျှင် ၁၉၄၄-ခုနှစ် နွေဦးပေါက်ရာသီဖြစ်သည်။ ထိုစဉ်ကကျွန်တော်သည် ပျော်ဘွယ်မြို့ "ခမ်းမန်းချော" ခေါ် ဆပ်ပလိုင်းတပ်ကြီးတွင် မြင်းစာနှင့်

BURMESE CLASSIC .com

www.burmeseclassic.com



အထွေထွေပစ္စည်းများကို ကန်ထရိုက်ပေးသွင်းနေသူဖြစ်၏။ လွန်ခဲ့သည့် ခြောက်လခန့် သီတင်းကျွတ်လ အတွင်းမှာ ကျွန်တော်သည် တပည့် ကိုစိန်နှင့်အတူ ပျဉ်းမနားသို့ ခရီးထွက်ခဲ့ကြသည်။ စစ်ကြီးအတွင်း ခရီး လမ်းပန်း ဆက်သွယ်ရေးကလည်းခက်၊ မိုးကလည်း သည်းထန်စွာရွာသွန်း နေပြန်သဖြင့် ပျဉ်းမနားမြို့ အရှေ့မြောက်ဘက်၊ ရန်ကုန်မန္တလေး ကားလမ်းမကြီးဘေးရှိ “ခါးပြတ်ရွာ” လမ်းဘေးတွင် ယာယီ ဈေးဆိုင် တည်ထားသော ဆိုင်တန်းများသို့ ညဆယ်နာရီခန့်၌ ရောက်ရှိသွား ကြပါ၏။ လက်ဖက်ရည်ဆိုင်တစ်ဆိုင်၌ စားသောက်ကြရင်း စတည်း ချရပါတော့သည်။ မနက်လင်းသောအခါကျမှပျဉ်းမနားမြို့သို့ ခြေကျင် လျှောက်ခဲ့ကြသည်။

ပျဉ်းမနားမြို့၊ ရွာကောက်ရပ်အရောက်တွင် ထိုစဉ်က မြို့အထွက် ကားလမ်းနှင့် မီးရထားလမ်းဂိတ်အကူးတွင် ဖျာကြမ်းလိပ်ကြီးများ ရွက်ပြီး သယ်လာကြသည်ကို မြင်တွေ့ရ၍ အလွန်ဝမ်းသာသွားရ၏။အကြောင်းမှာ ဂျပန်ရှေ့တန်း စစ်မျက်နှာစာများတွင် ယာယီတဲများဆောက်လုပ်ရန် ဖျာကြမ်းထည်အမြောက် အမြားရရှိရေးအတွက် ဖျာစနည်းနာထွက်လာ ကြခြင်း ကြောင့်ပါ။ စုံစမ်းမေးမြန်း သောအခါမှာ ပျဉ်းမနားမြို့မှ သုံးမိုင်အကွာ၊ ပြန်ကပြေးရွာ၊ ငါးလိုက်ချောင်း တစ်ဖက်ကမ်းရှိ စဉ့်ကြံတုံးရွာကြီးတွင် ရွာလုံးကျွတ်အိမ်စေ့ဖျာကြမ်းရက်ကြရာ၊ ငါးရက် တစ်ပတ်လျှင် ဖျာကြမ်းအထည်အချပ်ပေါင်းသုံးထောင်မှ လေးထောင် အထိထွက်လေ့ရှိကြောင်း၊ အော်ဒါပေးမှာကြားမည်ဆိုပါက ထို့ထက်မက ပိုမိုရရှိနိုင်ကြောင်းတို့ကို သိရှိလိုက်ရပါတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com



ထိုစဥ့်ကြံတုံးရွာကြီးသည် အိမ်ခြေတစ်ထောင်ခန့်ရှိ၏။ မန်ကျည်းပင်၊ ကုက္ကိုပင်နှင့်အခြားပင်မြင့်ပင်စောက်ကြီးများ အုပ်ဆိုင်းကာစည်ကားအေးချမ်းသော အရပ်ဖြစ်၏။ စစ်ပြေးဒုက္ခသည်များ၊ စစ်ဘေးဒဏ်မှခိုလှုံရာအရပ်လည်း ဖြစ်သည်။ ချောင်းတစ်ဖက်ကမ်းရှိပြန်ကပြေးရွာကြီးသည်လည်း ငါးရက် တစ်ဈေးဖြင့် စည်ကားနေရာ၊ စစ်အတွင်းဟုပင်မထင်မှတ်ရပေ။ ယင်း ပြန်ကပြေးရွာကြီးတွင် ဗိုလ်တောက်ထိန်၏ ဘီဒီအေတပ်ရင်းနှင့်ဗိုလ်တာရာ၏ တပ်ရင်းတို့လည်း တပ်စွဲထားသည်ဟုကြားသိရ၏။ စဥ့်ကြံတုံးရွာကြီးမှာ ကွယ်ပိုးကွယ်ဝသူများပြားသော်လည်း မိဘဘိုးဘွားအစဥ်အဆက်လုပ်ကိုင် လာကြသည့် ဖျာကြမ်းရက်လုပ်ငန်းကိုထုံးတမ်းစဥ်လာမပျက် အိမ်တိုင်း လိုလိုလုပ်ကိုင်နေကြပါသည်။ ထိုစဥ်တုန်းက ဖျာကြမ်းတစ်ထည်ကို ဂျပန်ငွေ သုံးကျပ်ခွဲဖြင့် ဈေးဖွင့်ခဲ့သည်ကိုယခုတိုင်ကျွန်တော်မှတ်မိနေဆဲပါ။

ငါးလိုက်ချောင်းကိုဖြတ်၍ စဥ့်ကြံတုန်းရွာနှင့် ပြန်ကပြေးရွာမှလူများ ကူးရန်ကြိုးတံတားအမြင့်ကြီးရှိ၏။ အလွန်မြင့်မားလွန်းသောကြောင့်မိုးတွင်း ရေလုံးအားကောင်းကောင်းဖြင့် ရေစီးသန်ချိန်တွင် ကြောက်စရာအလွန်ကောင်းလှသည်။ ကျွန်တော်ရောက်ရှိချိန်သည် မိုးကြီးရေကြီးချိန်ဖြစ်ရာ ဒလဟောစီးဆင်းလာသောမြေနီရေလုံးကြီးနှင့် အတူဝါးဖောင်များပါမျောပါလာကြကုန်သည်။ စဥ့်ကြံတုန်းဆိပ်ကမ်းတွင် ဝါးဖောင်များဆိုက်ကပ်၍ ရောင်းကြဝယ်ကြသည်မှာ ပွဲဈေးတန်းကြီးကဲ့သို့ ကြက်ပျံမကျစည်ကားလှ၏။ ဗိန္ဓောဆေးဆရာကြီးဦးညိုမှိုင်းအိမ်သို့ အဆက်အသွယ်ရရှိတည်းခိုကာ ထွက်သမျှဖျာများကို သိမ်းကျုံးဝယ်ယူသည့် လုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်၏။ ဆေးဆရာကြီး၏ ကျေးဇူးကား ကြီးမား

www.burmeseclassic.com



လှပါသည်။ အကြောင်းမှာ တစ်ကြိမ်လျှင် တစ်ပတ်ဆယ်ရက်ခန့်နေထိုင်၍ စီမံခန့်ခွဲကာ ဖျာကြမ်းဖိုးငွေများကို ပေးချေရသောကြောင့်ပါ။ ကျွန်တော့်ကို ရောလုပ်ငန်းကိုပါစောင့်ရှောက်သဖြင့် ကျေးဇူးအထူးတင်ရှိခဲ့ဖူးကြောင်းကို ထုတ်ဖော်တင်ပြရပါ၏။

ထိုဖျာများကို နွားလှည်းဖြင့်ပျဉ်းမနားမြို့ အနောက်ဘက် သချိုင်း။အနီးရှိ ရောက်စားဟင်းကျေးရွာပွဲရုံများသို့ တင်ပို့ရ၏။ တစ်ဖန်ပျဉ်းမနားဘူတာမှတစ်ဆင့် ပျော်ဘွယ်သို့ မီးရထားတွဲများဖြင့် ဖျာကြမ်းများကို ထပ်မံတင်ပို့ရပြန်ပါသည်။ သူငယ်ချင်း ကိုသောင်းစိန် တစ်ယောက် ကြံဖိုအဆောက်အဦတစ်ဖြစ်လဲ၊ ပျဉ်းမနားမြို့ဂုတ်တဲကြီး (မြို့မရဲစခန်းကြီး) ၌တာဝန်ကျနေခြင်းသည် ကျွန်တော့်အတွက်များစွာမှ အဆင်ပြေလွန်းလှပါသည်။ (ထိုစဉ်က အချုပ်သားများအား ပျဉ်းမနား မြို့ပေါ် မီးရထားဘူတာအနောက်ဘက် တို့ဟူးတောင်ကုန်း ပေါ်တွင် ရှိသောရဲစခန်းဟောင်း၌ ထားရှိကြောင်းကိုလည်းမှတ်မိနေပါသည်) အကြောင်းမှာ ကြံဖိုအဆောက်အဦရဲစခန်းတွင် ကိုသောင်းစိန်နှင့်အတူ အိပ်၍ သုံးရက်ခြား တစ်ခေါက်၊ ငါးရက်ခြားတစ်ခေါက် "ရောက်စားဟင်း" တွင်ရောက်ရှိသော ဖျာဂိုဒေါင်များကို သွားစစ်ဆေးနိုင်ခြင်း၊ ခါးပြတ်ရွာလမ်း တစ်ဖက်တစ်ချက် ရှိ ထမင်းဆိုင်လဖက်ရည်ဆိုင်များ၌ စားသောက် နိုင်ခြင်းတို့ကြောင့် အဆင်ပြေ လှပါကြောင်းကျွန်တော်ဆိုရခြင်းပါ။

**ခွေးတွေကအစ**

ကိုသောင်းစိန်သည် အလွန်ကြောက်တတ်သူဖြစ်ပါသည်။ ထို့ကြောင့် တန်းလျားခံများကို ဆက်၍လည်းကောင်း၊ ကွပ်ပျစ်ခုတင်

BURMESE CLASSIC .com

www.burmeseclassic.com



များကိုဆက်၍လည်းကောင်း၊ ကိုသောင်းစိန်နှင့် ကျွန်တော်တို့အတူတူ အိပ်ကြရသည်။ ကျွန်တော် ရောက်လာ၍ သူအလွန်မှဝမ်းသာနေ၏။ အဖော်ကောင်းရရှိခြင်းကြောင့်ပါ။ အစောင့်များတို့သည် တိတ်တဆိတ် လစ်ထွက်သွားတတ်ကြသဖြင့် ကိုသောင်းစိန်ခမျာ တစ်ကိုယ်ထည်းတည်း အမြဲနေရဟန်တူပါသည်။ တာဝန်အလွန်ကြီးသည့်တစ်ချက်ကားကျွန်တော် တို့အိပ်ခန်းအနောက်ဘက်ကပ်လျက်တွင် သေတ္တာ အကြီးကြီးတစ်လုံး အတွင်း၌ သေနတ်အလက်လေးဆယ်ခန့်ထည့်ထားပြီး သော့ခတ်ထား ခြင်းပါ။ပြီးတော့ဗိုလ်အောင်ဒင်ရေတောင်းသောက်သည့်ညတုန်းကဆိုလျှင် ထိုခြေရင်းအခန်းထဲ၌ လုပ်ကြံသတ်ဖြတ်ခြင်းကို ခံထားရသောသူ၏ သက်သေခံပစ္စည်းများ ရှိနေပြန်သည်။

ညကိုးနာရီခန့်တွင် ခွေးတွေမတရားအူလွန်းလှ၍ ကိုသောင်းစိန် တစ်ယောက် ကြောက်အားလန့်အားဖြင့် ကျွန်တော့်ကိုနှိုး၍ ခွေးတွေ အူကြောင်းပြောပြလေ၏။ ကျွန်တော်ကလည်း ခွေးအူတာ အဆန်း မဟုတ်ဟု ပြောကာရုံးခန်း တံခါးဖွင့်ပြီး ခွေးများကိုခဲဖြင့် ပစ်ပေါက် လိုက်တော့မှ ငြိမ်သွားခဲ့သည်။ ကျွန်တော်ပြန်လှဲအိပ်၍ နှစ်မိနစ်မရှိတရှိတွင် ဗိုလ်အောင်ဒင်သည် ရုံးခန်းမြောက် ဘက်အပေါက်မှ တစ်ဆင့်ဝင်ရောက် လာပြီး စောစောကပြောပြခဲ့သည့်အတိုင်း ရေတစ်ခွက်တောင်းသောက်ခြင်း ဖြစ်ပါ၏။ ပြောရင်းဆိုရင်းမတ်တတ်ကြီးမှာ သူ့ရုပ်လုံးရုပ်ခြည်း ပျောက်ကွယ်သွားပြီး ရေအိုးရှိကြေးဖလားကြီးမြောက် တက်လာပါသည်။ ကျွန်တော်တစ်ယောက်တည်းမြင်ရသည်ဆိုပါကကျွန်တော်အိမ်မူနှစ်စုံမွှားဖြင့် ကယောင်ကတမ်းမြင်မိထင်မိခြင်းဟု ပြောနိုင်ဦးမည်ဖြစ်သော်လည်း ကျွန်တော်နှင့်အတူတူသူငယ်ချင်းကိုသောင်းစိန်ပါ မြင်တွေ့ရသောကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



အတော့်ကို စဉ်းစားရခက်လှဘိတော့သည်။ ဗိုလ်အောင်ဒင်တစ်ယောက် မျက်လှည့်ပြနေခြင်းများလေလား။

## ဗိုလ်အောင်ဒင်

ပျော်ဘွယ်မြို့ တောင်ဘက်လေးမိုင်ခန့်အကွာတွင် ကားလမ်းဘေးရှိ တဘက္ကာရွာကြီးမှ သံရည်ကျိုဆရာထွန်း၏ သားတစ်ဦးမှာ ကိုအောင်ဒင် အမည် ရှိပါသည်။ သူသည်အသားဖြူလူချောလူခန့်တစ်ယောက်ဖြစ်၏။ အရပ်ခြောက် ပေခန့်မြင့်မားသဖြင့် သူ့ရုပ်သူ့ရည်နှင့် ကိုယ်လုံးကိုယ်ပေါက် အချိုးအဆက် ကျလိုက်ပုံများ မိန်းမသားများမဆိုထားနှင့်၊ ယောကျ်ား သားချင်းပင်လျှင်မနာလိုရလောက်အောင်ဖြောင့်ချောသောမင်းသားရုပ်ရည် မျိုးရှိသူဖြစ်ပါသည်။ စစ်ကြိုခေတ်တုန်းက မင်းသားကြီး ခင်မောင်ရင် တော်တော့ကို နာမည်ကြီး လူကြိုက်များ၍ ဟိုးဟိုးကျော်ခဲ့သော ဗိုလ် အောင်ဒင် ရုပ်ရှင်ကားထဲက ဂိုက်မျိုးဆိုက်မျိုးမို့ ကိုအောင်ဒင်အား နာမည်လည်းတူသော ဗိုလ်အောင်ဒင်ကိုယူ၍ ဗိုလ်အောင်ဒင်ဟူ၍ ကျွန်တော်ခေါ် လိုက်ရခြင်းပါ။

သူသည်စစ်ကြီးမဖြစ်မီက ပျော်ဘွယ်သို့ လာရာတွင်ရာလေး စက်ဘီးအသစ်ကိုစီးစီးလာတတ်၏။ ကြေးရေတက် သားသမီးမို့ သုံးနိုင် စွဲနိုင် ဝတ်နိုင်စားနိုင်၏။ ဝတ်ကောင်းစားလှဝတ်ဆင်ကာ ပျော်ဘွယ်မြို့ သို့လာတိုင်းလည်း ပျော်ဘွယ်မြို့နှင့် တစ်မိုင်ခန့်ကွာဝေးသော ကျွန်တော်တို့ နေထိုင်ရာ တိုက်အိမ်ကြီးနှင့် ခြံဝိုင်းသို့ဝင်လာလေ့ရှိပါသည်။ သူသည် အလွန်ဖော်ရွေတတ်ပြီး မျက်နှာပေးမှာလည်း အမြဲရွှင်ပြုံး နေတတ်ရာ မိန်းကလေးများကျလောက်သည့် ရုပ်ရည်၊ မက်မောလောက်သည့်

www.burmeseclassic.com



ဆွေဂုဏ်မျိုးဂုဏ်နှင့် ပြည့်စုံနေလေသူတစ်ဦးလည်း ဖြစ်ပေသည်။ ကျွန်တော့အသက် ၁၈-နှစ်တွင်ဗိုလ်အောင်ဒင်သည် အသက်၃၀ခန့်ရှိပါပြီ။ သူ့နဖူးပြင်တွင် နှစ်လက်မခန့်အရှည်ရှိသော ဓားဒဏ်ရာ အမာရွတ်ကြီးရှိ၏။ မိန်းမပွေတတ်သူဟုနာမည်ဆိုး သတင်းကြီးသူလည်း ဖြစ်၏။ စစ်ကြီးမဖြစ်မီတုန်းက ရန်ကုန်နှင့်ပြည် လမ်းကြောင်းတစ်လျှောက်တွင် ကျက်စားခဲ့သော မီးရထား ပုလိပ် (မီးရထားရဲ) ဟုဆိုသည်။ သူ့နဖူးပြင်ပေါ်မှဒဏ်ရာမှာ ထိုစဉ် တုန်းကမိန်းမ ပွေခဲ့မှုမှ ရရှိခဲ့သောသေရာပါ ဓားဒဏ်ရာအမာရွတ် ဖြစ်ပါသည်။ ၁၉၄၀ ပြည့်နှစ်တွင် သူ့ဖခင် ကွယ်လွန်ပြီးနောက် ပိုမိုသောက်စားပွေရှုပ်လျက် ရှိကြောင်းကိုလည်း လူတိုင်းသိဖြစ်၏။

သူ့အကြောင်းအတွင်းသိအဆင်းသိမို့ အူမချေးခါးမကျန် ကျွန်တော်သိရှိသလို ကျွန်တော့်အားလည်းသူက "မဟုတ်မခံသတ္တိရှိသည့်သူငေးသား"ဟုအသိအမှတ်ပြုထားပါသည်သူပွေရှုပ်စားသောက်သမျှတကယ်တမ်းရန်သူနှင့် တွေ့ကြုံရမည်ဆိုပါလျှင် သူရဲဘောကြောင်တတ်၊ သတ္တိနည်းပါးတတ်သူတစ်ယောက်အဖြစ် ကျွန်တော်သည် သူ့အားမှတ်ချက်ပြုထားပါ၏။ ရှေးယခင် ကပင်လျှင် သိကျွမ်းကြသူချင်းဖြစ်သော်လည်း၊ ယခုလို စစ်အတွင်း၌ လာဆုံကြသောအခါ သူသည်ဤစခန်းတွင် ရှေးအခေါ် ရာဇဝတ်အုပ်၊ ယခုအခေါ် ဒုလုံခြုံရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေ၍ လားမသိ။ ကျွန်တော့်ကိုမမြင်သလို ဟန်ဆောင်နေသဖြင့်၊ ကျွန်တော်ကလည်းသူ့နည်းတူ မသိလေသယောင် တုံ့ပြန်လိုက်ပါသည်။ သူ့နေအိမ်မှာ ကားလမ်းမကြီးအဝင် အရှေ့ဘက် ပေနှစ်ဆယ်ခန့် အကွာတွင်ရှိ၏။

BURMESE CLASSIC .com

www.burmeseclassic.com



**တစ်ကောင်တော့ကျန်သေး**

ကြံ့ဖိုတဲရဲစခန်းအတွင်းအဝင်ဂိတ်ကြီး၏ အနောက်ဘက်တွင် ရေတွင်းကြီးတစ်တွင်းရှိ၏။ အုတ်ခုံကို သမံတလင်းကိုင်ကာ အကျအန ဝန်းရံထားသောထိုရေတွင်းကြီးသည်ရေထွက်အားကောင်းလွန်းလှသည်။ ကျွန်တော်သည် မနက်အိပ်ရာထလျှင်ထချင်း ရေဆွဲပုံးကို ယူလျက် ရေတွင်းတွင် ရေငင်ချိုးလေ့ရှိ၏။ ပြီးမှကားလမ်းထွက်ကာ လက်ဖက်ရည် သောက်တတ်ပါသည်။ ပြီးတော့မှလမ်းလျှောက်တတ်စမြဲ ဖြစ်ပါသည်။ တစ်နေ့တွင်ထူးခြားစွာပင် ဗိုလ်အောင်ဒင်သည် အရပ်ဝတ် အရပ်စား ဖြစ်သော ရှပ်အင်္ကျီကာကီရောင် (ဟာဝေယံရှပ်) ကိုဝတ်၊ ဦးထုပ်မှာ ကောင်းဘွိုင်ဦးထုပ်ကိုဆောင်း၊ ခါးတွင် ခြောက်လုံးပြူးသေနတ်ကိုထိုး၊ ချိုင်းတွင်ဖိုင်တွဲကြီးကိုပွေ့လျက် လမ်းဘက်ထွက် လာလေသည်။ ကျွန်တော်နှင့်ကိုပက်ပင်းပါတိုးလေသည်။

ဗိုလ်အောင်ဒင်ကပင်စတင်၍ "သူငယ်ချင်း-ငါ့ကိုအပြင်လူတွေက ဘယ်လိုမြင်သလဲပြောပြစမ်းပါ။ ငါ့မှာအမှားရှိရင်လည်း ထောက်ပြစမ်းပါ" ဟုကျွန်တော့်ကိုနှုတ်ဆက်ရင်း စကားစမြည် ပြောလာပါသည်။ ပျဉ်းမနား မြို့နှင့် မြို့နယ်တစ်နယ်လုံးသည် ကိုလိုနီခေတ်ကပင်ပုလိပ် (ရဲ) အရာရှိ များကိုလည်းကောင်း၊ ပုလိပ်များကိုလည်းကောင်းအံ့တု တိုက်ခိုက်ရုံမျှမက ရန်ငြိုးရှိလျှင် သော်လည်းကောင်း၊ ကျေးရွာအတွင်း မိန်းကလေးများနှင့် ပတ်သက်လျှင် သော်လည်းကောင်း၊ အကြွမ်းဖက် သတ်ဖြတ်တတ်သည်ဟု မကြာမကြာ သတင်းများထွက်ပေါ်လေ့ရှိပါသည်။ ယခုတစ်ခေါက်တွင် ဗိုလ်အောင်ဒင်၏ မျက်နှာမှာ အထူးချိုပြုံးလျက် ရှိသော်လည်း အားငယ်

www.burmeseclassic.com



စိတ်မချသောအရိပ်အယောင်တို့ ယှက်သန်းနေကြောင်းကိုကား သိသာထင်ရှားလှ၏။

ကျွန်တော်သည်။ သူ့အား ရှေးကခင်မင်ခဲ့သောကြောင့် လက်ဖက်ရည်ဆိုင်နှင့်ထမင်းဆိုင်တို့တွင် ကြားသိခဲ့ရသော သတင်းအချက်အလက်များနှင့်အတူ ပျဉ်းမနားမြို့ဒေသခံလူများ၏ ကြမ်းတမ်းသောစရိုက်များ အကြောင်းတို့ ကိုပါ စုံစုံလင်လင်ကြီးပြောပြလိုက်ပါသည်။ ထို့ပြင်နာမည်မတပ်ဘဲ "တစ်ကောင် တော့ကျန်သေးတယ်။ မကြမ်းဖို့နဲ့ မရမ်းဖို့တို့ကို အထူးသတိထားပါသူငယ်ချင်း" ဟုစောင်းပါးရိပ်ခြည် သတိပေးစကားနောက်ဆုံးပြောကာ လမ်းခွဲလိုက်ကြပါတော့သည်။ ဗိုလ်အောင်ဒင်သည် ဖိုင်တွဲကို ပွေ့ပိုက်လျက် ယာခင်းကြားမှဖြတ်ပြီး ပျဉ်းမနားအရှေ့ဘက်၊ ယခုသကြားစက်သို့သွားသည့် လမ်းဘေးသုံးမိုင်ခန့်အကွာလောက်တွင်ရှိသော သနပ်ဆိပ်ရွာကြီးရှိရာသို့ ရှေးရှုသွားလေတော့သည်။ ထိုနေရာတွင် ခရိုင်ရုံးပေါင်းစုံတို့ကို စစ်အတွင်းဖြစ်သည့်အလျောက် ထရံကာ သက်ငယ်မိုးသော အဆောက်အဦတို့၌ ဖွင့်လှစ်ထားချိန်ဖြစ်၏။ ယာခင်းများကြားမှ ဖြတ်သွားလျှင် နှစ်မိုင်ခန့်သာ လျှောက်ရပြီး ပျဉ်းမနားမြို့မှ လှည့်ပတ်၍သွားလျှင်ကား၊ ခရီးခြောက်မိုင်ခန့်ကွာဝေးပါသည်။

"တကောင်တော့ ကျန်သေးတယ်" ဟု ဗိုလ်အောင်ဒင်အား ရည်ညွှန်းပြော လိုက်ခြင်းသည် နိမိတ်စကားဖြစ်သွားလေသလား မပြောတတ်ပါ။ တကယ်တော့လည်း စေတနာဖြင့် သတိပေးစကား ပြောကြားလိုက်သည်မှာ အမှန်ပါ။ လောလောလတ်လတ်ကြီး ဖြစ်ပျက်ထားသောကိစ္စကလည်း ရှိနေခဲ့ပါသည်။ ပျဉ်းမနားမြို့ အရှေ့မြောက်ဘက်

BURMESE CLASSIC .com

www.burmeseclassic.com



ကားလမ်းမကြီးဘေးရှိ ကျောက်ချက်ရွာအနီးတွင် ဂျပန်များမြေကြမ်းလေယာဉ်ကွင်းတစ်ခု တည်ဆောက်နေရာ လေယာဉ်ကွင်း ဂျပန်ဗိုလ်မှူးနှစ်ယောက်တို့သည် ကျောက်ချက်သူကြီး၏ သမီးနှစ်ယောက်ကိုယူထားလိုက်ကြသည်။ သူကြီးသည် ဂျပန်ဗိုလ်မှူးသမက်များအားကိုးနှင့်မူးရူးအနိုင်ကျင့်ဖန်များလာ၍ ဘီဒီအေတပ်မှ သူကြီးအား ခေါ်ယူပစ်သတ်လိုက်သည် ဟူသောသတင်းကြီးဖြစ်ပါသည်။

## နောက်ဆုံးစကားလက်ဆုံကျခြင်း

ထိုနေ့ခင်းပိုင်းရဲစခန်းအတွင်းမှာပင်ကိုသောင်းစိန်နှင့်ကျွန်တော်နှစ်ဦးသားစကားပြောနေစဉ်ဌာနအုပ် (စခန်းမှူး) ဦးလှမောင်၊ ဂတ်စာရေးကြီးနောက်တစ်ယောက်နှင့်ပြန်ကပြေးမှ စခန်းမှူးတစ်ယောက်၊ စုစုပေါင်းငါးယောက် တို့သည် ရုံးခန်းတွင်းကွပ်ပြစ်ကြီးပေါ်၌ အရက်ဝိုင်းဖွဲ့သောက်ကြပါသည်။ နာရီဝက်ခန့်အကြာညနေ သုံးနာရီကျော်ခန့်အချိန်၌ အရပ်ဝတ်အရပ်စားဖြင့် ဗိုလ်အောင်ဒင်တစ်ယောက် ရုံးမှပြန်လာပြီး အရက်ဝိုင်းတွင် ဝင်ထိုင်ပါ၏။ ကျွန်တော့်အား ဗိုလ်အောင်ဒင်က အရက်ဝင်သောက်ရန်ခေါ်သည်။ စခန်းမှူးက "အားနာပါတယ်။ သူမသောက် တတ်ဘူး" ဟုရှင်းပြရာ၊ ဗိုလ်အောင်ဒင်သည် ပြုံးပြီး "ဒီမောင်ရင်က သူဌေးသား၊ သောက်လည်းသောက်တတ်တယ်။ မဟုတ်ရင်လည်းမခံဘူး။ နာမည်ကြီးကွ" ဟုပြန်ပြော၏။ ကျွန်တော်အတန်တန်ငြင်းသဖြင့် မသောက်ဖြစ်ဘဲတပည့်ကိုစိန်နှင့်အတူကျောက်စားဟင်းဖျာတွေစစ်ဖို့ထွက်လာသည်။ ဗိုလ်အောင်ဒင်နှင့် ကျွန်တော်တို့နောက်ဆုံးစကားလက်ဆုံကျခြင်းဖြစ်မည်ဟု မထင်မှတ်မိခဲ့ပါပေ။

www.burmeseclassic.com



အခန့်သင့်ပျဉ်းမနားမြို့သို့ သွားမည့်အမိုးဖွင့်မြင်းလှည်းတစ်စီးကိုတွေ့၍ လှည်းပေါ်တက်လိုက်မိပါသည်။ ခါးမှာဘက်နက်ဓားကိုချိတ်ထားသည့် ဂျပန်စစ်သားတစ်ယောက်အပြင်၊ အလွန်တရာအရက်မူးနေသော ပြန်ကပြေးစခန်းမှူး၏ခါးတွင် သစ်သားရိုးနှင့် ပစ္စတိုချိတ်ထားသည်ကို တွေ့ရ၏။ စခန်းမှူးမှာကိုလိုနီခေတ်က ကာကီဘောင်းဘီတိုကိုဝတ်ဆင်ထားပါသည်ပုလိပ်အမှုထမ်းများ၏ယူနီဖောင်းများကိုဂျပန်အစိုးရကမပေးနိုင်သဖြင့်ကိုလိုနီလက်ကျန်ယူနီဖောင်းများကိုဖာထေးဝတ်ဆင်ရခြင်းပါမြင်းလှည်းအမိုးဖြုတ်ထားရခြင်းမှာလေယာဉ်ပျံကိုရုတ်တရက်ကြားနိုင်ပြီး၊ အလွယ်တကူမြင်တွေ့နိုင်စေရန်အတွက်ဖြစ်ပါသည်။ စခန်းမှူးသည် ဂျပန်စစ်သားအား "မာစတာ" ဟုအကြိမ်ကြိမ်ရိုပြီး ခေါ်နေလေရာ ဂျပန်သည်မျက်နှာထားဖြင့် "ခူရား-ဘက်ခဲထိုး" ဟုဟောက်လိုက်မှ ငြိမ်သွားတော့သည်။ ဒီကောင်တော့သေတော့မှာပဲ ဟု ကျွန်တော်မှတ်ချက်ချလိုက်မိ၏။

**အသက်ရှင်လျက်နောက်ဆုံးမြင်ခြင်း**

ရောက်စားဟင်းရွာသို့ရောက်သောအခါမြင်းလှည်းပေါ်မှဆင်းလိုက်ကြသည်။ အချိန်ရှိခိုက်ကလေးအတွင်းမှာ ဖျာများကို စစ်ဆေး၏။ ညနေ၅-နာရီကျော်လောက်တွင် မြေကျင်းပြန်လျှောက်လာခဲ့ရာ ဘီအိုစီဓာတ်ဆီအရောင်းဆိုင် (ယခုလည်းရှိသည်) အလွန်မြောက်မြောက်ဘက်သို့ဆင်းသောကားလမ်း အတိုင်း၊ ဗိုလ်အောင်ဒင်တို့အဖွဲ့ တက်လာကြသည်ကိုမြင်တွေ့လိုက်ရ၏။ ကုန်း၏အနောက်ဘက်လက်ကျန်နှစ်ထပ်တိုက်တွင်ဖွင့်လှစ်ထားသော သစ်တောဌာနရုံးကို တွေ့လိုက်ရ၏။ အပေါ်ထပ်

BURMESE CLASSIC .com

www.burmeseclassic.com



ဝရန်တာတွင် အင်္ဂလိပ်မြန်မာနှစ်ဘာသာဖြင့်ရေးထားသည့် ဘီဒီအေအရာရှိ ကလပ်ဟူသော ဆိုင်းဘုတ်ကြီးကို အထင်းသားမြင်လိုက်ရ၏။ ဗိုလ်အောင်ဒင်အား ဘောင်းဘီတိုနက်ပြာ၊နံနက်ကဝတ်ထားသောကာကီဟာဝေယံရှပ်၊ ကောင်းဘွိုင်ဦးထုပ်တို့ကို ဝတ်ဆင်လျက် ခါးတွင်လည်းခြောက်လုံးပြူးကို ချိတ်ထားလျက်တွေ့ရ၏။ သူ့နောက်လိုက် တပည့်နှစ်ဦးသုံးဦးပါသည်ဟု ခန့်မှန်းရသည်။ တစ်ယောက်၏ အမည်မှာ ကိုလှိုင်ကြီးဖြစ်၍ ကျန်တစ်ယောက်မှာသုံးရစ်နှင့် ဗိုလ်အောင်ဒင့်အမျိုးဟု ထင်သည်။ ထိုပုလိပ်များ၏ လက်ထဲဝယ်နှလုံးပြူး သေနတ်များကိုယ်စီကိုင်ထားကြသည်ကိုလည်းသတိပြုမိ၏။ထိုအဖွဲ့၏ခေါင်းဆောင်ဗိုလ်အောင်ဒင်အားအသက်ရှင်လျက် နောက်ဆုံးမြင်တွေ့ရခြင်း ဖြစ်လိမ့်မည်ဟု ထိုစဉ်တုန်းက ကျွန်တော်လုံးဝမစဉ်းစား မတွေးတောမိခဲ့ပါ။

ကျွန်တော့်ဆဋ္ဌအာရုံ၏ လှုံ့ဆော်မှုဟုပင် ဆိုရမည်လားမသိပါ။ ထိုဗိုလ်အောင်ဒင်တို့အဖွဲ့သားများ သေနတ်ကိုယ်စီပါသော အခြင်းအရာကို မြင်တွေ့လိုက်ရသည့်အခိုက် တို့များဆက်သွားရင် မုချရင်ဆိုင်တိုးလိမ့်မယ်။ ဒီကောင်တွေပြဿနာတက်မှာ မလွဲဘူး။ အရာရှိကလပ်ထဲဝင်ရင်လည်း ပြဿနာပေါ်လိမ့်ဦးမယ်။ အဲဒီတော့ငါးလိုက်ချောင်းကို ဖြတ်ကူးထားတဲ့ ကားလမ်းတံတားကြီးဆီကို ရောက်ဖို့ဘာမှ မလိုတော့ပေမယ့် ဆက်သွားလို့ မတော်ပေဘူး။ အရှေ့ဘက်တစ်ပတ်ကွေ့သွားရရင်တော့ တစ်မိုင်လောက် ထပ်လျှောက်ရဦးမယ်။ မတတ်နိုင်ဘူး။ အန္တရာယ်ကို ရှောင်တိမ်းဖို့လမ်းပို လျှောက်ရကာမှ လျှောက်ရ ရောပဲ” ဟုတွေးခေါ်ဆုံးဖြတ်လိုက်ရသည်။

မတတ်နိုင်တော့ပြီ။ မှောင်စလည်းပျိုး လာပြီ။ ထိုနေရာမှ “ခါးပြတ်ရွာ” သို့ရောက်ရန်သုံးမိုင်ခန့် ကွာဝေးသေးသောကြောင့်

BURMESE CLASSIC .com

www.burmeseclassic.com



ခပ်ပြင်းပြင်းသုတ်ချေတင်ခဲ့ ကြရတော့၏။ မကြာမီပွဲဈေးတန်းကဲ့သို့ စည်ကားသောမီးခွက်များ အစီအရီ ထွန်းညှိရောင်းချသည့် လမ်းဘေးဆိုင်တစ်ဆိုင်သို့ ဝင်ရောက်စားသောက်ကြသည်။ ကြံ့ဖိုဂတ်တဲသို့ ပြန်ရောက်သော် မောပန်းလှပြီဖြစ်၍ ကိုသောင်းစိန်နှင့်အတူ အိပ်ရာ - ဝင်တော့ရာ မကြာမီပင်အိပ်မောကျသွားခဲ့ရပါတော့သည်။ ခွေးတွေအူလွန်းသဖြင့် ကိုသောင်းစိန်က ကြောက်အားတကြီးဖြင့် ကျွန်တော့်အားနှိုးသောကြောင့် သူ့အားခွေးအူခြင်းသည် အဆန်းမဟုတ်ဟု နှစ်သိမ့်ပြောရင်းတံခါးဖွင့်ကာခဲဖြင့် ခွေးအုပ်အားပစ်ပေါက်လိုက်တော့မှ အအူရပ်သွားဖြင်းဖြစ်သည်။ ပြန်လှဲအိပ်၍မှ နှစ်မိနစ်ခန့်သာရှိဦးမည်။ ဗိုလ်အောင်ဒင်တစ်ယောက် ဝင်ရောက်လာပြီး နောက်ရေတစ်ခွက်တောင်းသောက်ခြင်းဖြစ်ပါတော့သတည်း။

## ဘိုးတင်အသတ်ခံရလို့

ကျွန်တော်လည်းဖြစ်ကြောင်းကုန်စင် ပြန်လည်တွေးတောရင်း ဗိုလ်အောင်ဒင်ကွယ်လွန်ခဲ့ပြီကို အပ်ကျမပ်ကျသေချာပေါက် မသိရသေးသော်လည်း ရင်ထဲမှာတော့တစ်မျိုးကြီးဖြစ်နေခဲ့၏။ စောစောကရေတောင်းသောက်သော ဗိုလ်အောင်ဒင်မှာအရိပ်အယောင်လာပြခြင်းလား၊တကယ်ပဲ သူကိုယ်တိုင်လား။ သူကိုယ်တိုင်ဆိုဘာ့ကြောင့် မျက်စိအောက်မှာရုတ်ခြည်း ပျောက်ကွယ်သွားရသလဲ။ ကြေးဖလားရေခွက်ကကိုင်သူမရှိဘဲ ဘာကြောင့်မြောက်တက်လာရပါသလဲ။ ခွေးတွေအူတယ်ဆိုတာ မကောင်းဆိုးဝါးတစ္ဆေသရဲလာလို့ အူတာရယ်လို့လူကြီးသူမများ ပြောတတ်ကြတာတကယ်ပဲလား။ တစ္ဆေသရဲကို အယုံအကြည်မရှိကြောက်လည်း

BURMESE CLASSIC .com

www.burmeseclassic.com



မကြောက်တတ်သောကျွန်တော်၊ လူလူချင်းတောင်မှတော်ရုံ ဗလတောင့်သူကိုဖြင့် တယ်မမှုဂရုမစိုက်မစိုးရွံ့တတ် သောကျွန်တော့်အဖို့ စောစောက အတွေ့အကြုံကို ဘာကြောင့်တုန်လှုပ်ချောက်ချားသွားရပါသလဲ-- စသည်စသည်ဖြင့် အတွေးမျှင်တန်းလျက်တော်တော်နှင့် ပြန်အိပ်၍ မပျော်တော့ပါ။ မျက်နှာပြုံးချိုသော်လည်း၊ အားငယ်ရိပ်သန်းနေသော ဗိုလ်အောင်ဒင့် ရုပ်ရည်သည်တပြန်ပြန်တလဲလဲ မျက်စိထဲမယ်ပေါ်လို့သာ နေပါတော့သည်။

ဘယ်ပြောင်းညာပြန်လျက်မိနစ်လေးဆယ်ခန့် ကြာလေသော် တောင်ဘက် တံခါးမကြီးဆီမှ "ဆရာ-ဆရာ" ဟုအသံကုန်ဟစ်အော်ခေါ်လိုက်သော အသံကို ကြားလိုက်ရာကိုသောင်းစိန်မှာ ပို၍ထိတ်လန့်တကြား ဖြစ်သွားခဲ့ရှာ၏။ ကျွန်တော်လည်း ရုံးခန်းအပြင်သို့ထွက်၍ ကြည့်ရာ၊ တံခါးမကြီးအပြင်ဘက်တွင် မီးမှန်အိမ်ကို တွေ့လိုက်ရ၍ "ဘာကိစ္စလဲကွ" ဟုလှမ်းမေးလိုက်သည်။ "စခန်းမှူးကိုတွေ့ချင်လို့ပါ။ ကျွန်တော်တို့ အချုပ်ခန်းကအစောင့်များပါ" ဟုပြန်လည်ဖြေကြားသံကြားရတော့မှ ကိုသောင်းစိန်သည် တံခါးမကြီးသော့ကို ဖွင့်ပေး၏။ ပုလိပ်သုံးလေးယောက်တို့သည်ကျယ်လောင်ကျယ်လောင်ဖြင့်ဦးအောင်ဒင် သေဆုံးသွားကြောင်းပြောဆိုကြ၏။ မကြာမီအပေါက်ဝ ရှေ့ဘက်ရှိ အိမ်တွင်းမှ ဖန်မီးအိမ်ကို ဆွဲကိုင်ထွက်လာသော ဗိုလ်အောင်ဒင့်ဇနီးက "အစ်ကိုတို့ဘာဖြစ်တာလဲ" ဟု မေးလိုက်သည်။ ပုလိပ်များချက်ချင်းနှုတ်ဆိတ် သွားကြသော်လည်း ထိုအမျိုးသမီးသည် စကားသံကိုကြားလိုက်သဖြင့် သိရှိပြီး ဖြစ်၍ ငိုကြွေးပါတော့သည်။ ဩော်--ဗိုလ်အောင်ဒင် ဆုံးရှာမှကိုး။ စောစောက အရိပ်အယောင်လာပြခြင်းကိုး။

**အမှုဖြစ်ပျက်ပုံ**

BURMESE CLASSIC .com

www.burmeseclassic.com



အမှုလာတိုင်ကြားသူတို့အား ရုံးခန်းအတွင်းသို့ခေါ်၍ ထိုင်စေ၏။ ဌာနအုပ် (စခန်းမှူး) နှင့်ဂတ်စာရေးကြီးတို့ကိုနှုတ်လျက်ချက်ချင်းပင်စစ်ဆေးချက်များကိုမေးယူလိုက်သည်။ ဖြစ်ပျက်ပုံအကျဉ်းချုပ်မှာကိုးခန်းကြီးဘုရားအရှေ့ဘက်စောင်း တန်းမှ ကိုအောင်ဒင်တို့အဖွဲ့ လိုက်တက်အလာ "ချိုးဘန်း" ဘီဒီအေတပ်မှ တပ်စိတ်ငယ်တွေကိုတွေ့၍ ဘုရားကုန်းပေါ်မှ သေနတ်ဖြင့် ပစ်သတ်လိုက်ကြောင်း သူ၏ ခြောက်လုံးပြူးမှာလည်း မရှိတော့ကြောင်း၊ကိုလှိုင်ကြီးဆိုသည်မှာလည်းသွေးအိုင်ထဲတွင်လဲနေကြောင်း၊ သေသည်ရှင်သည် မသိရပါကြောင်း၊ အခြား ပုလိပ်တချို့မှာလည်း ထွက်ပြေးလွတ်မြောက်သွားကြောင်း တို့ကိုပြောထွက် ဆိုသွားကြောင်း ကျွန်တော်မှတ်မိနေပါသည်။ ည ၁၂-နာရီ ကျော်မှ ပြန်လည်အိပ်စက်ကြရ၏။

မနက်အိပ်ရာထမှ ရေချိုးနေကျအကျင့်ရှိ၍ ကျွန်တော်သည် ရေချိုးထွက်ရန် ပြင်ဆင်နေစဉ်၊ ဘီဒီအေတပ်မှ စစ်ဗိုလ်တစ်ဦး ရောက်ရှိလာပြီး စခန်းမှူး ကိုလှမောင်အား ဤသို့တွေ့ဆုံပြောပြပါသည်။ သူသည် ဌာနအုပ်ဘဝမှ ဘီဒီအေတပ်ထဲဝင်၍ စစ်ဗိုလ်ဖြစ်နေကြောင်း၊ ယမန်နေ့ညတုန်းက ဦးအောင်ဒင်သေသည့်ကိစ္စနှင့် ပတ်သက်၍ သေနတ်နှင့်ပစ်သတ်သည့် ကင်းလှည့်တာဝန်ကျချိုးဘန်းအား ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူထာကြောင်း၊ ဦးအောင်ဒင်၏ ခြောက်လုံးပြူးကိုလည်း သက်သေခံအဖြစ်သိမ်းဆည်းထားကြောင်း၊ သူသည်ဌာနအုပ်ဖြစ်ခဲ့ဖူး၍ ယခုအမှုတွင်လည်း အက်ဖ်အိုင်အာရ်ဖွင့်၍ ဆက်လက်အရေးယူရန်မှာကြားလိုကြောင်းတို့ကို ပြောပြီးပြန်သွားတော့၏။

www.burmeseclassic.com



ကျွန်တော်ရေချိုးနေစဉ် စခန်းမှူးကိုယ်တိုင်အနားသို့ရောက်ရှိလာပြီး ကိုအောင်ဒင်နှင့်ကျွန်တော်တို့မှာရပ်ဆွေရပ်မျိုးများဖြစ်ကြသဖြင့် အားကိုးရာမဲ့ ကိုအောင်ဒင့်ဇနီးနှင့်သမီးတို့ကိုယ်စားပျော်ဘွယ်သို့နာရေးကိစ္စ အကြောင်းကြားပေးရန်အပြင်၊ အလောင်းကိုလည်း ကူညီဆောင်ရွက်လိုက်ပါရန်မေတ္တာ ရပ်ခံလာပါသည်။ အဝတ်အစားလဲပြီးနောက် ကျွန်တော်သည် ဗိုလ်အောင်ဒင်၏ဇနီး မလှတင်နှင့် သုံးနှစ်အရွယ်သမီးငယ်တို့ကိုခေါ်၍ မြင်းလှည်းတစ်စီးဖြင့် ကိုးခန်းကြီးဘုရား ဆီသို့ ရှေးရှုလာခဲ့၏။ မြင်းလှည်းပေါ်ရှိ အခြားခရီးသည် သုံးလေးယောက်တို့သည် ညတုန်းကဖြစ်ပျက်သွားခဲ့သော ဗိုလ်အောင်ဒင့်အကြောင်းကိုအချင်းချင်းပြောကြားလာကြသည်။ သူတို့ထံမှသိရသော သတင်းမှာ တိကျမှန်ကန်ဖို့ များပါသည်။

ထိုစဉ်တုန်းက နေ့ညမပြတ် အချိန်မရွေး လေကြောင်းရန်ကို ကြောက်နေရသည့်အတွက် မြင်းလှည်းစီး ကုန်သည်များသည်လေကြောင်းရန်မှ လွတ်မြောက်ရန် ကိုးခန်းကြီးဘုရားပေါ်တွင် အိပ်စက်နားနေလေ့ရှိကြသည်။ ရထားဝင်လာသည်နှင့် တစ်ချိန်တည်းရထားပေါ်သို့ ကုန်များနှင့်တက်ကြရန်ဖြစ်၏။ သူတို့အဆိုအရ ကိုအောင်ဒင်သည် တည်းခိုနေကြသည့် ခရီးသည်ငါးဆယ်ခန့် အတွင်းမှ အမျိုးသမီးတစ်ယောက်ကို ဆွဲခေါ်ကြောင်း၊ ထိုမတရားမှုကို ဖြေရှင်းနိုင်ရန် ခရီးသည်နှစ်ယောက်သုံးယောက်တို့ကဆင်းသွားကြပြီးကင်းလှည့်နေသော ချိုးဘန်း ဘီဒီအေတပ်စုကို သွားရောက်တိုင်တန်း ကြကြောင်း၊ ညာဘက်ပခုံးမှဘယ်ဘက်သို့အစိမ်း ပုပ်ရောင်လက်လေးလုံးခန့် အဝတ်ပြားကြီးကို သိုင်းချထားသောချိုးဘန်းတို့ ဘုရားကုန်းပေါ်သို့ အနောက်ဘက်

BURMESE CLASSIC .com

www.burmeseclassic.com



စောင်းတန်းမှ တက်လာကြပြီး နေရာယူကာ ကိုအောင်ဒင်အား အဖမ်းခံပါရန် ပြောဆိုအမိန့်ပေးကြောင်း၊ ကိုအောင်ဒင်သည် အဖမ်းမခံဘဲ ခြောက်လုံးပြူးသေနတ်ဖြင့် စတင်ပစ်ခတ်ရာ ချိုးဘန်းက ရိုင်ဖယ်ဖြင့် တစ်ချက်တည်းပစ်လိုက်ကြောင်း၊ ကိုအောင်ဒင်အား ထိမှန်သဖြင့် လဲကျအသွား လူအုပ်ကြီးကနောက်ပါ ပုလိပ်များကို ဝိုင်းရိုက်ကြကြောင်း၊ ချိုးဘန်းတို့ခြောက်လုံးပြူး သေနတ်ကိုသိမ်း၍ ပြန်သွားကြကြောင်း စသည့်အချက်များပါဝင်ပါသည်။

ခရီးသည်များမှာ မြင်းလှည်းပေါ်တွင် ကာယကံရှင်ဗိုလ်အောင်ဒင့် ဇနီးပါလာကြောင်း မသိရှိကြသောကြောင့် ပွင့်လင်းစွာပြောဆို နေကြရာ အသားဖြူဖြူရုပ်ရည်ချောမောသော အသက်နှစ်ဆယ်အရွယ်ခန့်ရှိ ဗိုလ်အောင်ဒင့် ဇနီးမလှတင်ခမျာမှာ မျက်ရည်အသွယ်သွယ်ကျနေရှာ၏။ သမီးငယ်ကလေးသည်လည်း ဖခင်သေသွားကြောင်းသိနေဟန်တူသည်။ မျက်ရည်စက်လက်နှင့်သနားစရာလေး ဖြစ်နေပါသည်။ ရှမ်းကန်ကြီး အရောက်တွင် မြင်းလှည်းပေါ်မှဆင်းသက် ကြ၏။ ဘူတာရုံကြီးမှ ရှမ်းကန်ကြီး၏ အရှေ့တောင်ထောင့်သစ်ပင်ကြီးအောက်တွင် တဲငယ်များထိုးပြီး ကြေးနန်းတယ်လီဖုန်းဆက်သွယ်ရေးကရိယာများ တပ်ဆင်ကာ ဂျပန်ရုံပိုင်နှင့်မြန်မာရုံပိုင်တို့ပူးတွဲ အလုပ်လုပ်ကြသည်။ ကျွန်တော်သည် မြန်မာရုံပိုင်ထံအဖြစ်အပျက်ကို တင်ပြပြီး ပျော်ဘွယ်ဘူတာရုံ လက်မှတ်စစ်အား ကိုချစ်ဉထံနာရေးသတင်းကို ပို့ပေးပါရန် မေတ္တာရပ်ခံလိုက်ရတော့သည်။

www.burmeseclassic.com



**အလောင်းကောက်**

ကိုးခန်းကြီးဘုရားပေါ်သို့ တက်ရန်ဟန်ပြင်နေစဉ်ဗိုလ်အောင်ဒင့် အလောင်းကို ပုလိပ်များထမ်းစင်ဖြင့် ထမ်းထုတ်လာကြပြီး ပျဉ်းမနားမြို့ ပြန်ကပြေးရွာသို့ အသွားတစ်မိုင်ခန့်အကွာလမ်းဘေးတွင် ရှိသောလက်ပံခ ရွာကြီး၌ ဖွင့်လှစ်ထားသည့် ဆေးရုံသို့ရွေးရှုယူဆောင်သွားကြ၏။ မြင်းလှည်း မရတော့သဖြင့် ဗိုလ်အောင်ဒင့်ဇနီးသမီးနှင့် ကျွန်တော်တို့ သုံးယောက်သား အလောင်း၏ နောက်မှ ခြေကျင်လျှောက်လိုက်ခဲ့ကြ ရသည်။ ရွာသူကြီးအိမ်တွင်စတည်းချ၍ အကူအညီပေးပါရန် တောင်းခံရာ၊ ခေါင်းစပ်ရန်ပျဉ်များ လက်သမားများစီစဉ်ပေးသည့်အပြင်၊ နေ့လည်စာ အတွက်ပါကြက်သားဟင်းဖြင့် ကျွေးမွေးဧည့်ခံပါသည်။ မလှတင်အား သူကြီးအိမ်တွင် နေရစ်စေပြီး ကျွန်တော်သည် ဆရာဝန်ကြီးနှင့်သွားတွေ့ရန် မနက် ၁၁-နာရီခန့်၌ ဆေးရုံသို့သွားရောက်ရသည်။ ဆေးရုံဆို၍ အထင်တော့သိပ်မကြီးလိုက်ပါနှင့်။ စစ်ကြီးအတွင်းမှ သက်ငယ်မိုးထရံကာ တဲသာလျှင် ဖြစ်ပါ၏။

ဆရာဝန်ကြီးက ဘယ်ဘက်ပခုံးရိုးမှ ကျည်ဆန်ထိုးဖောက်ဝင် ရောက်မှုကြောင့် အရိုးတစ်စသည် စလွယ်ဖြတ်ပြီး အသည်းကိုသွားစိုက်နေ သောကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ပြောပြ၏။ ညနေငါးနာရီကျော်မှ အလောင်းပေးမည်ဆိုသဖြင့် သူကြီးအိမ်မှာပင် စောင့်ဆိုင်းနေရသည်။ စိတ်ညစ်ညူးစရာတို့ကြောင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးသော်လည်း၊ ကောင်းစွာ မစားနိုင်ကြပါ။ မိတ်ဆွေဗိုလ်အောင်ဒင်အတွက် စိတ်ဆင်း ရဲကြီးစွာ ဖြစ်ရပါသည်။ အလောင်းကိုခေါင်းသွင်း၍ လှည်းတစ်စီးဖြင့် “ခါးပြတ်ရွာ” အရောက် ညကြီးမှောင်မှောင်မည်းမည်းတွင် သယ်ရပြန်၏။

www.burmeseclassic.com



အခေါင်းတင်လှည်း၏နောက်မှ ခြေကျင်လျှောက်ပြန်ခဲ့ရသည်မှာလည်း မသက်သာလှပေ။ သမီးငယ်လေးမှာလည်း ငိုကြွေးရင်းပင်ပါလာ၏။ တစ်နေကုန်ပင်ပန်းထားရှာပြီဖြစ်သော သမီးငယ်ကို ကျွန်တော်ကသာလျှင် ရဲစခန်းအရောက် ချီပိုးခေါ်ဆောင်လာခဲ့ရတော့သည်။

မမျှော်လင့်ဘဲခရီးသွားဟန်လွဲကြုံကြိုက်ရသည့်မိတ်ဆွေဗိုလ်အောင်ဒင်၏ အသုဘကိစ္စဆောင်ရွက်ခွင့်ရလိုက်ခြင်းကို တစ်သက်မမေ့နိုင်ပေ။ ပဋ္ဌာန်းဆက်ပါရှိခဲ့သောကြောင့် ကျွန်တော့်အား အရိပ်အယောင်ပြလေသလား ဟု တစ်ခါတစ်ရံ စဉ်းစားမိပါသည်။ တစ္ဆေသရဲ ပရလောကသားတို့ကို ကျွန်တော်အယုံအကြည်မရှိခြင်းကြောင့် တမင်လာပြီး ခြောက်ပြတာကောမဖြစ်နိုင်ဘူးလားဟု ယနေ့ထိ စဉ်းစားနေမိဆဲဖြစ်ပါသည်။ ဤအကြောင်း နှင့်ပတ်သက်၍ ကျွန်တော်ဘယ်သူ့ကိုမှ ပြောမပြခဲ့ပါ။ ကျွန်တော်ကိုယ်၌က အယုံအကြည်မရှိသောကိစ္စကို အခြားသူများကတော့ ယုံကြည်ကြပါမည်လား။ကိုယ်တွေ့အဖြစ်အပျက်ကို ပင်လျှင်ဟုတ်သလိုလို၊ မဟုတ်မသလိုလို၊ အိပ်မက်လိုလို၊ တကယ်လိုလို ဇဝေဇဝါဖြစ်နေပြန်သေးရာ၊ တစ္ဆေသရဲကိုလက်တွေ့မကြုံမမြင်ဖူးသူတို့အဖို့ လောက၌ တစ္ဆေတကယ်ရှိ-မရှိ များစွာသံသယဖြစ်ပွားဖွယ်ရာ ဖြစ်ချိမ့်ပေတော့မည်။

## သုဂတိရောက်ဖို့

အသက်အရွယ်ရ၍ တရားဓမ္မလိုက်စားလာချိန်တွင် စိတ်၏ဆန်းကြယ်မှုတွေ၊ စိတ်ကြောင့်ပင်လျှင် ကောင်းကျိုးချမ်းသာရရှိနိုင်သလို၊ စိတ်ကြောင့်ပင်လျှင် ဆိုးကျိုးဒုက္ခပင်လယ်ဝေကြရမှုတွေ၊ ရှည်လျားထွေပြား

www.burmeseclassic.com



လှသောသံသရာကြီးကို ကြောက်ရွံ့ဖို့ကောင်းပုံတွေ၊ သုံးဆယ့်တစ်ဘုံအတွင်း၌ ပါဝင်သောအပါယ်လေးဘုံများအနက်တစ္ဆေသရဲဆိုသည်တို့ကား ပြိတ္တာဘုံသားများ ဖြစ်ကြကြောင်းတွေ၊ ကောင်းမှုကုသိုလ်တွေကိုမည်မျှလုပ်လုပ် စုတိစိတ်ကျစဉ် အယူတစ်ချက်မှားရုံဖြင့် အပါယ်ဘုံသို့ကျရောက်သွားနိုင် ကြပုံတွေ၊ အပါယ်သို့ ကျရောက်ပြီးသူတို့မှာတော်တော်နှင့်ကောင်းရာ သုဂတိဘုံသို့ ပြန်မတက်ရောက် နိုင်ပုံတွေကို လေ့လာသိရှိယုံကြည်လာပြီဖြစ်၍ထို့ကြောင့်လည်းအများအကျိုးရှိစိမ့်သောငှာရည်သန်ပြီးကျွန်တော်၏ဘဝတစ်ကွေ့အတွေ့အကြုံဆန်းကိုစီကာပတ်ကုံးဖောက်သည် ချမိလိုက်ခြင်းပါ။ သေလွန်သည်နှင့် ကောင်းရာသုဂတိဘုံသို့ချက်ချင်း ရောက်သူ အလွန်ရှားပါးလှပါတော့သည်တကား။

ကျွန်တော့် သားသမီးများကိုပင် တစ်ခါမှ ပြောမပြဖူးသောဗိုလ်အောင်ဒင့်အကြောင်းကို ယခုလိုမှတ်တမ်းတင်နိုင်စေရန် ဖွင့်ဟရခြင်းအခြားအကြောင်း တစ်ချက်မှာ ယခုခေတ်လူငယ်တို့သည် စစ်ကြီးဘေးဒဏ်ကို မတွေ့မကြုံမခံစားဖူး သဖြင့် စစ်၏အနိဋ္ဌာရုံများကို မသိရှိကြ၊ မတွေးကြောက်တတ်ကြပါ။ ကျွန်တော်ဖြတ်သန်းခဲ့ရသော ဒုတိယကမ္ဘာစစ်ကြီးအတွင်းက အတွေ့အကြုံတစ်ကွက်ကို စေ့စေ့စပ်စပ်မှတ်မိသရွေ့ပြောပြခြင်းအားဖြင့် ထိုခေတ်ထိုစနစ်တုန်းကပုံရိပ်တို့ကို အနည်းအကျဉ်းဖမ်းမိတန်ကောင်းသည်ဟု ယူဆမိခြင်းကြောင့်လည်း ဖြစ်ပါသည်။ ခေတ်ပျက်ကြီးထဲမှာ ဘာမှလုံခြုံမှုမရှိနိုင်ပါ။ အားနွဲ့သောအမျိုးသမီးများအဖို့မဆိုထားနှင့်။ သူတစ်လူငါတစ်မင်းဖြစ်နေ ချိန်ဝယ်ပုလိပ်အရာရှိရာဇဝတ်အုပ် တစ်ဦးဖြစ်နေသူ ဗိုလ်အောင်ဒင် အတွက်ပင်လျှင်အသက်

www.burmeseclassic.com



လုံခြုံမှုမရှိနိုင်ကြောင်းကိုလည်းထောက်ပြချင်၍၊ (သိစေချင်၍)တစ်ကြောင်း ပါဝင်ပါသည်။

၁၉၅၅-ခုနှစ် ဇူလိုင်လအတွင်း တဘက္ကာရွာသို့ရောက်ခိုက်၊ မလှတင်ကိုတွေ့လိုလှ၍ စုံစမ်းလေလျှင် တောင်ဘက်တစ်မိုင်ခန့်အကွာရှိ ဝက်မစွပ်ချောင်းကွေ့အနီး၌ ဥယျာဉ်စိုက်ပျိုးနေထိုင်ကြောင်း၊ နောက်အိမ်ထောင်မှာ ကိုစောမောင်ဖြစ်ကြောင်းစသည်ဖြင့် မိတ်ဆွေများလမ်းညွှန်ကြ၍သွားတွေ့ပါသည်။ ကျွန်တော့်ကိုမှတ်မိပါသလားမေးရာ ကောင်းစွာမှတ်မိပြီး ကူညီခဲ့သမျှကို ကျေးဇူးအထူးတင်ကြောင်းပြောကာ ကောင်းစွာကြိုဆိုဧည့်ခံခဲ့ပါသည်။

ကျွန်တော်ကဥယျာဉ်ခြံစိုက်ပျိုးလိုသည်ဟု ဖွင့်ဟသောအခါ သစ်ပင်ပေါက်မျိုးစုံစုံလင်လင်ကို နွားလှည်းတစ်စီးတိုက်စာ လက်ဆောင်ပေးလိုက်၏။ သမီးငယ်ခင်ခင်မှာ တဘက္ကာရွာတွင် ကိုချစ်လှိုင်နှင့်အိမ်ထောင်ကျပြီး ကြီးပွားချမ်းသာနေကြောင်း သတင်းပေးသည့်အပြင် ဝင်ရောက်တွေ့ဆုံရန် အတန်တန်မှာကြားသဖြင့် ဝင်လည်ပါသည်။ အကျိုးအကြောင်းကို ပြောပြသောအခါ များစွာစိတ်ဝင်စားပါသည်။ သူတို့တိုက်သို့ အကြိမ်ပေါင်းများစွာ ရောက်ရှိတိုင်းအထူးဧည့်ခံကြိုဆိုပါသည်။ ကိုချစ်လှိုင်အားလည်း ယခုထိရင်းနှီးဆဲပါ။ အကြောင်းမှာ သံရည်ကျိုကရိယာများ မှာကြားနေရသည့် ကျွန်တော့်ဖောက်သည်ရင်းဖြစ်သော ကြောင့်ပါ။ ခင်ခင်မှာ ယခုအခါမြေးများပင်ရရှိ၍ အသက် ၅၈-နှစ် ခန့်ရှိနေပါပြီ။

BURMESE CLASSIC .com

www.burmeseclassic.com



**အလားတူဖြစ်ရပ်**

အထက်ဖော်ပြပါအကြောင်းအရာလေးသည် ကျွန်တော့်ရင်ထဲ၌ စွဲငြိနေခဲ့သည်မှာ နှစ်ပေါင်းလေးဆယ်နီးပါးရှိခဲ့ပါပြီ။ မူလဝတ္ထုစာအုပ်ကို ပြန်ရှာ၍ မရနိုင်တော့သောကြောင့် ကျွန်တော်မှတ်မိသရွေ့ ပြန်လည်ဖောက်သည်ချရခြင်းမျှသာဖြစ်ပါ၏။ တိတိကျကျ တသဝေမတိမ်း ဖြစ်ပါသည်ဟုတော့အာမမခံဝံ့သည်ကို ခွင့်လွှတ်စေချင်ပါသည်။ သဘောတရားတော့တူပါလိမ့်မည်။ ဆိုလိုရင်းမှာ စုတိစိတ်ကျစဉ် စိတ်အာရုံရောက်ရာစွဲရာသို့ကိုယ်ထင်ပြနိုင်ခြင်း၊အစွဲအလမ်းကြောင့်ဘဝကူးမကောင်းဘဲ တစ္ဆေပြိတ္တာဘဝသို့ ကျရောက်နိုင်ခြင်း တို့ကို ဖော်ပြလို၍ဤဇာတ်ကွက်လေးကိုတင်ပြရခြင်းပါ။ နိုင်ငံခြားမှစာရေး ဆရာမကြီးတစ်ဦး၏ လက်ရာတွင် သူ၏ကိုယ်တွေ့ဟုတ်မဟုတ်မသေချာသည့် တိုင်အောင် အရှေ့တိုင်းအတွေးအခေါ် အယူအဆများကို လှပစွာဇာတ်အိမ်ဖွဲ့၍ အကွက်ကျအောင်အသုံးပြုခဲ့ကြောင်းမျှလောက်တော့ထောက်ပြလိုပါသည်။ စာရှုသူ တို့ယုတ္တိရှိသည်ဟုယူဆပါမည်လား။ စိတ်ကူးယဉ်ပဲဟု ဆုံးဖြတ်ပါမည်လား။

အလားတူဖြစ်ရပ်မျိုးကို ကျွန်တော်တို့မြန်မာနိုင်ငံမှ စာရေးဆရာမကြီး ဒေါ်ရီရီကြိန်၏ စာတစ်ပိုဒ်တွင် ဖော်ပြထားသည်ကို ဖတ်ရှုရ၍ ကျွန်တော့်ရင်ထဲ၌ လိပ်ခဲတည်းလည်းဖြစ်နေသော အချက်ကြီးတစ်ချက် ပြေလည် သွားခဲ့ရပါသည်။ ကျေလည်းကျေနပ်ပါသည်။ စာအုပ်မှာ ၁၉၇၇-ခုနှစ်၊ နှစ်ကုန်ပိုင်း၌ ထွက်ပေါ်လာခဲ့ရသော နိုင်ငံကျော်စာရေးဆရာမကြီး ဒေါ်ရီရီကြိန်၏ ကိုယ်ရေးအတ္ထုပတ္တိ “သံသရာခရီးသည်” ဖြစ်ပါသည်။ ယခင်တုန်းက မိုးဂျာနယ်တွင် လစဉ်အခန်းဆက်ရေးသား

BURMESE CLASSIC .com

www.burmeseclassic.com



လာခဲ့သော ဆောင်းပါးရှည်ကြီးကို စာအုပ်အဖြစ်ထုတ်ဝေလိုက်ခြင်းပါ။ ဆရာမကြီး၏ ဘဝတစ်လျှောက်လုံး ဖြတ်သန်းကျော်လွှားခဲ့ရသော ဖြစ်စဉ်နှင့် ဘဝအတွေ့အကြုံတို့ကို စာပန်းချီချယ်မှုန်းထားသောကြောင့် ဖတ်ရှုရမငြီးနိုင်ပါ။ ကမ္ဘာကျော်စာရေးဆရာမကြီး ပါးလာအက်(စ်) ဘတ်(ခ်)နှင့်သွားတူသည့် အချက်တစ်ချက်မှာ ကွယ်လွန်ပြီးသူက ကိုယ်ယောင်ပြကာ အိပ်မက်သတင်းပေး ဆက်သွယ်လာ ခြင်းကိစ္စပါ။

ဆောင်းအကုန်နွေဦးပေါက် ၁၉၈၅-ခုနှစ်ခန့်က ဖြစ်သည်။ ကိုလံဘိုစီမံကိန်းအရ ကနေဒါနိုင်ငံသို့ သက်ကြီးပညာရေးလုပ်ငန်းများကို လေ့လာရန်လူနှစ်ဦးစေလွှတ်နိုင်ကြောင်း မြန်မာနိုင်ငံ လူထုပညာရေး ဌာနသို့ သက်ဆိုင်ရာက အကြောင်းကြားလာပါသည်။ အစိုးရဝန်ထမ်း တစ်ဦးနှင့် စေတနာ့ဝန်ထမ်းတစ်ဦး၊ ပေါင်းနှစ်ဦးရွေးချယ်စေရာ အစိုးရ ဝန်ထမ်းဖြစ်သူ ဒေါ်ရီကြိန်နှင့်စေတနာ ဝန်ထမ်းဖြစ်သူမော်လမြိုင်မှယခင် ပြည်သူ့လွှတ်တော် အမတ်ဟောင်း ဒေါ်နှင်းလှတို့ကို အပြီးသတ် ရွေးလိုက်ကြ၏။ စာရေးဆရာမကြီး ဒေါ်ရီကြိန်၏ မိခင်မှာ အသက် ၈၅-နှစ်ရှိပါပြီ။ ဆရာမကြီးအစ်မများက နိုင်ငံခြားသွားရန်ကိစ္စကို လက်ခံ လိုက်ရန်တိုက်တွန်းကြ၏။ ဆရာမကြီးက သိပ်စိတ်မပါလှ။ အကြောင်းမှာ မိခင်အိုကြီးခမျာ အသက်ကြီးပြီမို့ ခြောက်လခန့်ခရီးကိုပင် စိတ်မချချင်ခဲ့ပါ။

ဆရာမကြီးတို့ အိမ်ပြန်မလာမီ လန်ဒန်တွင်လူထုဦးလှနှင့် တွေ့သောအခါ “မရီကြိန်၊ ကျွန်တော်အဘွားကြီးကိစ္စနဲ့ စစ်ကိုင်း တောင်ရောက်ခဲ့သေးတယ်” ဟု သူပြောလိုက်ပြီးမှ အဘွားကြီး နေမကောင်းလို့ ကိုရွှေဆင့်နှင့်လိုက်သွားတာဟု ပြန်ဖုံးလိုက်ရှာသည်။ သို့သော်ဆရာမကြီး၏ နှလုံးခုန်သံတော့ နည်းနည်းမြန်သွားရတော့၏။

www.burmeseclassic.com



အန်တီရိုးနစ်မြို့တွင် နေစဉ်တစ်ညဆရာမကြီး အိပ်မက်တစ်ခု မြင်မက်သည်။ အမေဆုံးပြီး အမေ့လောင်းကို အစ်ကိုဝမ်းကွဲကပြင်ဆင်နေပုံ မြင်ရပါသည်ဆိုကိုး။ အမေက "အမေ ၈၆-နှစ်ရှိမှ သမီးက နိုင်ငံခြားထွက်သွားရတာကိုး။ အမေကသေခါနီးပြီလေ" ဟုပြောသော စကားနှင့်မမကြီးကလည်း "အမေက ငါသေခါနီးမှညည်းညီမက နိုင်ငံခြားသွားရသလား" ဟုစိတ်မကောင်း စကားကို မေမေဆိုကြောင်း ပြောပြသောစကားတို့ကြောင့်၊ ဆရာမကြီးမှာ စိတ်တထင့်ထင့်ရှိခဲ့ပြီးသား ဖြစ်၏။

အပြန်လေယာဉ်ပေါ်တွင် ဆရာမကြီးသည် အိပ်မက်တစ်ခုကို ထပ်မြင်မက်ပြန်ပါသည်။ ကွယ်လွန်ပြီးသော ဆရာမကြီး၏ အစ်ကို ဦးရွှေလင့်သည်ပိုးလုံးချည် အဝါကလေးနှင့်ပေါ်လာပြီး"မရီ့နှင့်ကိုသနားလို့ မပြောကြတာ။ အမေဆုံးပြီ" ဟုလာပြောပြပြီး ပျောက်ကွယ်သွားပါသည် ဟူသတတ်။ မေမေမရှိတော့ပြီဟု ဆရာမကြီးအတပ်သိနေခဲ့ပါပြီ။ အကြောင်းမှာဆရာမကြီးသည် အိပ်မက်မြင်မက်လိုက်ပါလျှင်တိုက်ရိုက်ကြီး မှန်နေကျဟုဆိုသည်။ တကယ်လည်းဟုတ်နေပါသည်။ ရန်ကုန်သို့ ပြန်ရောက်သောအခါ ခင်ပွန်းသည်ဒေါက်တာလှကျော်လာကြို၍ မျက်နှာ မရွှင်မပြဖြစ်နေသည်အကြောင်းကိုမေးသော်မေမေကွယ်လွန်ပြီဖြစ်ကြောင်း သတင်းဆိုးကို ပေးလေတော့သည်ဟု ဆရာမကြီး၏ သံသရာခရီးသည် စာအုပ်နောက်ပိုင်း၌ ဖော်ပြထားပါသည်။

**တစ္ဆေကိုယုံသလား**

လူသေပြီးနောက်ကောင်းသော သူတော်စင်သူတော်မြတ်တို့အဖို့ အထက်ကောင်းကင်သို့ တက်ရောက်ခံစားကြရသော ဆုလာဘ်ကြီးကို

BURMESE CLASSIC .com

www.burmeseclassic.com



ရရှိစေပြီး မကောင်းသောသူယုတ်မာလူဆိုးသူခိုးတို့အဖို့ အောက်ငရဲဘုံသို့ ကျရောက် ခံစားကြရသည့် အပြစ်ဒဏ်ကို ရရှိစေသည်ဟု အယူရှိသော အနောက်တိုင်းသားတို့သည် တစ္ဆေဆိုသောပရလောကသားကို ရှိသည်ဟုလည်းမယူ၊ ယုံလည်းမယုံကြည်ကြပါပေ။ သို့ဖြစ်လင့်ကစား၊ သူတို့ခေတ်ပေါ်နာမည်ကြီး ဂျာနယ်မဂ္ဂဇင်းများ ဖြစ်ကြသောတိုင်း၊ နယူးဝိစ် စသည့်စာစောင်များ၌ ရံဖန်ရံခါ ထူးဆန်းအံ့ဖွယ်ရာ တစ္ဆေသရဲ၊ စုန်းကဝေတို့အကြောင်းကို စာမျက်နှာအတော်များများပေးကာ ရေးသား ဖော်ပြကြ၏။ ဓာတ်ပုံများဝေဝေဆာဆာဖြင့် သက်သေထူကြ၏။ ထိုထိုစာစောင်တို့သည် ကလည်း စောင်ရေကိုသန်းချီထုတ်ဝေရပြီး ကမ္ဘာအနှံ့ အပြားတွင်အလွန်တွင်ကျယ်စွာ ဖြန့်ချီရောင်းချရသော လူကြိုက်များလှသည့် စူပါတန်းဝင်စာစောင်များ ဖြစ်ကြပါသည်။

ဘာ့ကြောင့် ဤပရလောကသားတစ္ဆေသရဲများအကြောင်းကို စာစောင်တွင် အသားပေးဖော်ပြကြပါသနည်း။ ရုပ်ရှင်အဖြစ်ရိုက်ပြကြပါသနည်း။ အဖြေမှာ ရှင်းနေပါသည်။ လူမျိုးကွဲသည်ဖြစ်စေ၊ ဘာသာခြားသည်ဖြစ်စေ၊ တိုင်းပြည်၏လက်ကိုင်မူဝါဒကွဲပြားသည်ဖြစ်စေ၊ ခွင့်ပြုချက်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ၊ လူသားတိုင်းမည်သည်မှာ ပုထုဇဉ်သားချည်းသာဖြစ်ရကား၊ တစ္ဆေသရဲများ အကြောင်းကို အထူး စိတ်ဝင်စားမှု၌ အတူတူပင်ဖြစ်သောကြောင့်ပါ။ တစ္ဆေပုံပြင်စာအုပ်များမှာ ခေတ်အဆက်ဆက်၌ အရောင်းစွံလှသည့် ရောင်းပန်းလှစာအုပ်စာပေများ ဖြစ်ကြပါ၏။ တစ္ဆေအလွန်အင်မတန်ကြောက်တတ်ပါသည် ဆိုသော ရုပ်ရှင်ကြည့်ပရိသတ်ပင်လျှင် အရဲစွန့်ကာသရဲကားကိုကြည့် ဖြစ်အောင် ကြည့်တတ်ကြသည်။ကြောက်ရသည့်အရသာကလည်း နာမည်သာဆိုး၏။ သည်းထိတ်ရင်ဖို အရသာက အထူးသားကိုး။

www.burmeseclassic.com



သိပ္ပံပညာရပ်လွန်စွာမှ ထွန်းကားဖွံ့ဖြိုးနေပြီဖြစ်သော မျက်မှောက်ခေတ်လောကကြီး၌ပင်လျှင် တစ္ဆေသရဲအကြောင်း ရေးသားထားသည့် စာအုပ်များရောင်း မလောက်၊ ရိုက်နှိပ်၍ မလောက်နိုင်အောင် ဖြစ်နေသလို၊ တစ္ဆေသရဲဇာတ်လမ်း ရုပ်ရှင်များမှာလည်းဝင်ငွေသောက်သောက်လဲ ရရှိနေကြသည်ကိုထောက်ရှုခြင်းအားဖြင့် ပညာတတ်ခေတ်သစ် လူသားတို့သည်လည်းတစ္ဆေသရဲနှင့် ပရလောကသားများ အကြောင်းအရာ အပေါ်မှာ အထူးစိတ်ဝင်စားနေကြဆဲဆိုသော အချက်ကားပေါ်လွင်ထင်ရှားနေပါသည်။ ကျွန်တော့် "တစ္ဆေတကယ်ရှိ-မရှိ" စာအုပ်သည် အထူးလူကြိုက်များလှပြီး အငှားစာအုပ်ဆိုင်များ၌ လက်မလည်အောင် ငှားကြရသည့်အပြင်၊ စာအုပ်ကိုလိုချင်လွန်းကြ၍ အပျောက် ရိုက်သွားတတ်ကြသည်ဟု ကြားသိရသော ကျွန်တော့်ငယ်ပေါင်း သူငယ်ချင်းတစ်ဦးက "ဟေ့-အောင်ကျော်၊ မင်းစာအုပ်ပေါက်တယ်။ လူတွေက ဒါတွေကိုပဲ ကြိုက်ကြတာဆိုတော့ မင်းလည်းတစ္ဆေအကြောင်းတွေကိုသာ များများဆက်ရေးပေတော့" ဟုအားပေးစကား ပြောကြားခဲ့ပါသည်။

တကယ်တမ်းဆိုလျှင် ဒေါက်တာဘွဲ့ခံခေတ်ပညာတတ် သိပ္ပံဆရာဝန်တစ်ဦးက ဤကဲ့သို့သောအရေမရ၊ အဖတ်မရ လူအထင်သေးခံရမည့် တစ္ဆေ သရဲအကြောင်းများကို ကလောင်နာမည်သိက္ခာအကျခံပြီး ရေးသားရပါမည်လားဟု ကျွန်တော့် "တစ္ဆေတကယ်ရှိ-မရှိ" စာအုပ်ထွက်စဦးက အပေါင်းအသင်းများကဲ့ရဲ့ရှုတ်ချကြပါသည်။ ဓမ္မမိတ်ဆွေတစ်ဦးဆိုလျှင်သူ့သားသမီးများအငှားစာအုပ်ဆိုင်မှ ငှား၍မရသော ကျွန်တော့်စာအုပ်အကြောင်းကို ပြောဆိုနေကြစဉ် "ဩော်---ငါ့မိတ်ဆွေကြီးကလည်း မျက်စိလည်ကုန်ပြီလားမသိ။ တစ္ဆေအကြောင်း စာအုပ်ထုတ်သတဲ့။

www.burmeseclassic.com



ကလေးကြိုက်ပေါ့။ ငါနဲ့တော့မဆိုင်ပါဘူး” ဟုတွေးမိပါသည်ဟု မရှက်တမ်းဝန်ခံ၏။ ကလေးတွေဖတ်ပြီး၍ စားပွဲပေါ်၌တင်ထားသော စာအုပ်ကိုကောက်ကိုင်မြည်းကြည့်လိုက်သောအခါဆုံးသည်အထိလက်က မချနိုင်တော့သည့်အပြင် ပစ္စည်းဥစ္စာစွဲလမ်း သေပါက၊ ပြိတ္တာဖြစ်လိမ့် မည်ဆိုသောအချက်ကိုလည်း သတိပြုဖတ်မိရော “အဟဲ---အခုတော့ ငါနဲ့လည်းဆိုင်လာပြီ” ဟု လက်ခံကာရှက်သွေးဖြာရပါသည်ဟု ဆိုလာ၏။ ပုထုဇဉ်လူသားတိုင်း စွဲမိစွဲရာစွဲလမ်းတတ်ကြသည်ချည်း မဟုတ်ပါလား။

**တစ္ဆေသုတေသန**

တစ္ဆေအကြောင်းအရာကို ရှေးဦးပထမသိပ္ပံနည်းကျ စူးစမ်းလေ့လာခဲ့ကြသော ပုဂ္ဂိုလ်များကို ကျွန်တော်တို့ကျေးဇူးတင်ရပါမည်။ ၁၈၈၂-ခုနှစ်ကတည်းက ဗြိတိန်နိုင်ငံမြို့တော်၊လန်ဒန်မြို့၌စတင်တည်ထောင်သော စိတ်ဝိညာဉ်သုတေသနအသင်းကြီး၏ အဖွဲ့ဝင်ပညာရှင်များ၏ စိတ်ကူး စိတ်သန်းကိုလည်း အထူးချီးကျူးရပါသည်။ အသင်းကြီး၏ မူလရည်ရွယ်ချက်မှာတစ္ဆေတကယ်ရှိ-မရှိဟူသောပြဿနာကို အဖြေရှာရန်တည်ခုတည်း မဟုတ်မူဘဲလူတို့၏စိတ်ဝိညာဉ်ဆိုင်ရာယုံကြည်မှုများကိုလည်းသမ္မာသမတ် “ဓမ္မဓိဋ္ဌာန်သိပ္ပံနည်းကျကျ နှိုက်နှိုက်ချွတ်ချွတ် လေ့လာရန်လည်း ပါရှိခဲ့၏။ ထိုအသင်းကြီးကိုစတင်တည်ထောင်သူများနှင့် စူးစမ်းလေ့လာကြသူများမှာ နှယ်နှယ်ရရပုဂ္ဂိုလ်များမဟုတ်။ သူတို့ထဲတွင် ထိုခေတ်ထိုအခါတုန်းက လူ့အဖွဲ့အစည်းမျက်နှာဖုံးထိပ်တန်းပုဂ္ဂိုလ် အကျော်အမော်ကြီးများ ဖြစ်ကြသည့် ဆေးသိပ္ပံပညာရှင်ကြီးများ ဒဿနိက အတွေးအခေါ်

BURMESE CLASSIC .com

www.burmeseclassic.com



ပညာရှင်ကြီးများနှင့် အခြားသိပ္ပံပညာရပ်ဆိုင်ရာ ပညာရှင်ကြီးများ တို့ပါဝင်ကြလေသည်။

သုတေသီတို့သည် တစ္ဆေကို တွေ့မြင်ဖူးသည်မှာ သူတို့ကို စုံစမ်းမေးမြန်းကြခြင်း၊ အထူးသဖြင့်သံသယဖြစ်ဖွယ်ရှိသော ထိုသူများ၏ ပြောစကားများကို အထပ်ထပ်အခါခါကြိမ်ဖန်များစွာ စီစစ်ကြခြင်း၊ တစ္ဆေအခြောက် ကြမ်းလှပါသည်ဟု နာမည်ကြီးသောအိမ်များသို့ ကိုယ်တိုင်သွား၍ လေ့လာကြခြင်း၊ ယင်းသို့လေ့လာရာ၌လည်း အသံဖမ်း စက်များ ဓာတ်ပုံရိုက်ကင်မရာများနှင့်အခြားသိပ္ပံကိရိယာများတို့ကို သုံးကြခြင်း စသည်အားဖြင့် များစွာအချိန်ပေးပြီး ကြိုးကြိုးစားစား ဖွဲ့သန်သန်သတိဝီရိယဖြင့် လေ့လာမှတ်တမ်းတင်ကြခြင်း ဖြစ်ကြ၏။ လေ့လာတွေ့ရှိချက်များကိုလည်း မှတ်တမ်းတင်ရာ၌ လူစွဲဒေသစွဲ မထားသည့်အပြင်၊ အခြားအစွဲဥပါဒါန်များကင်းရှင်းစေရန် အလို့ငှာ လူတို့ရှေးရိုးစဉ်လာသမရိုးကျသုံးစွဲမြဲသုံးစွဲလာခဲ့ကြသောဝေါဟာရများကို ရှောင်ကွင်း၍ ဓမ္မဓိဋ္ဌာန်ကျပြီး တိကျမှန်ကန်နိုင်မည့် ဝေါဟာရများကို အစားထိုးအသုံးပြုခဲ့ကြသည်။ ဥပမာအားဖြင့် “တစ္ဆေ” ဆိုသော ဝေါဟာရအစား “သဏ္ဌာန်ပုံရိပ်” ဟူသော စကားလုံးကို သုံးစွဲခဲ့ကြပါသည်။

လူတို့အစဉ်အလာအားဖြင့် ခံယူခဲ့ကြသည့် ‘တစ္ဆေ’ ဟူသော အနက်အဓိပ္ပါယ်မှာ သေသူ၏ သဏ္ဌာန်ပုံရိပ်ဖြစ်၏။ စိတ်ဝိညာဉ် သုတေသီတို့၏ ထူးခြားသော တွေ့ရှိချက်မှာ အသက်ထင်ရှားရှိသော ပုဂ္ဂိုလ်တို့၏ သဏ္ဌာန်ပုံရိပ်ကိုအခြားသောသူများကတွေ့မြင်လိုက်ရဖူးသော သာဓကများဖြစ်ပါသည်။ ဤသည်မှာ ရှေးရှေးပဝေသဏီတုန်းက

BURMESE CLASSIC .com

www.burmeseclassic.com



လက်ခံခဲ့ကြသော အချို့တန်ခိုးရှင် ဣဒ္ဓိရှင်ကြီးများ မိမိတို့ကိုယ်ကို နှစ်ကိုယ်သုံးကိုယ်မှသည်ကိုယ်ပွားမြောက်မြားစွာဖြစ်အောင်ဖန်တီးနိုင်သည် ဆိုသည့်ဘာသာရေးကျမ်းစာအုပ်လာ ရေးသားချက်များနှင့် ကိုက်ညီလျက်ရှိသည်ကိုတွေ့ရှိရခြင်းပါ။ ဗြိတိသျှစိတ်ပိညာဉ်သုတေသီတို့သည် သက်ရှိပုဂ္ဂိုလ်ခုနစ်ရာကျော်တို့၏ သဏ္ဍာန်ပုံရိပ်များတွေ့မြင်ရမှု အကြောင်းကို စူးစမ်းလေ့လာခဲ့ရ၏။ ထိုသို့လေ့လာမှုများအနက် သေချာစွာ ဆန်းစစ်ထားခဲ့သဖြင့် အထောက်အထားခိုင်လုံလှသော သာဓကများမှ အချို့တို့ကို အောက်ပါအတိုင်း ဖောက်သည်ချလိုက်ရပါသည်။

**ဓာတ်ပုံလာရွေးသူ**

အချိန်ကာလအားဖြင့် ၁၉-ရာစုခုနစ်ကုန်ခါနီး ၁၉၈၁-ခုနှစ်၊ နှစ်ဆန်းစ ဇန်နဝါရီလ သုံးရက်နေ့တုန်းကဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံသားဖြစ်သူ ဂျိမ်း(စ်) သွန်မဆင်၏ ဆန်းကြယ်သောဖြစ်ရပ်ကို လူတိုင်း အံ့ဩကြရ၏။ ဖြစ်ပုံမှာ ထိုဂျိမ်း(စ်) သွန်မဆင် ဆိုသူသည် ဓာတ်ပုံဆိုင်၌ ဓာတ်ပုံများကူးပေးရန် အပ်နှံထားခဲ့၏။ ထိုဓာတ်ပုံများကို သူအလွန်စွဲလမ်းနေရှာသည်။ တစ်နေ့တွင် ဂျိမ်း(စ်)သွန်မဆင် သည် သူအပ်ထားသောဓာတ်ပုံများရပါပြီလားဟု ဓာတ်ပုံဆိုင်သို့သွားရောက်ကာ မေးမြန်းစုံစမ်းပါသည်။ ဆိုင်ရှင်ကဓာတ်ပုံများကို ကူး၍မပြီးသေးပါကြောင်း ပြောကြားလိုက်၏။

'ကျွန်တော့်မှာ အချိန်သိပ်နည်းနေပါပြီ။ အပ်ထားသော ဓာတ်ပုံများကို ရွေးယူနိုင်ရန် နောက်တစ်ခေါက်ထပ်လာဖို့ ဖြစ်နိုင်တော့မည် မဟုတ်ပါ' ဟု ညှိုးငယ်သော မျက်နှာဖြင့် ဆိုင်ရှင်အားပြောပြ၏။

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုင်ရှင် မှာလည်း အဓိပ္ပါယ်ကောက်ရခက်သော စကားကိုနားထောင်ရင်း 'ဘယ်လိုကြီးပါလိမ့်' ဟု တွေးနေမိစဉ်ပင် ဂျိမ်း(စ်)သွန်မဆင်တစ်ယောက် ကွယ်လွန်ရှာပြီဟူသော သတင်းစကားကို ခတ်ပုံဆိုင်ရှင်ကြားရလေလျှင် စိတ်မကောင်းကြီးစွာဖြင့် အသုဘအိမ်သို့သွား၏။ ကျန်ရစ်သူမိသားစုအား သတင်းသွားရောက်မေးလျက်'စောသောကပဲခတ်ပုံလာရွေးသေးတယ်ဗျာ' ဟုပြောမိတော့မှ ဖြစ်ရပ်ဆန်းကြီးကို သိလိုက်ရကာ အံ့သြခြင်းမကအထူးတအံ့တသြ ပြောဆိုကြရတော့၏။

ဖြစ်ပုံကား ဂျိမ်း(စ်)သွန်မဆင်တစ်ယောက်ခမျာ ခတ်ပုံလာရွေးပါသည်ဆိုသောအချိန်တွင် သူ့နေအိမ်သူ့အိပ်ခန်းအတွင်းရှိ သူ့အိပ်ရာထဲ၌ ရှိနေခဲ့ပါသည်။ အသည်းအသန်ဖျားနေ၍ အိမ်ပြင်သို့မဆိုထားဘိ၊ အခန်းအပြင်သို့လည်း မထွက်နိုင်သလို အိပ်ရာထဲမှာလည်း မထူနိုင်မထောင်နိုင်မထနိုင်ခဲ့ပါ။ သေလုမျောပါးနာမကျန်း ကြီးစွာဖြစ်နေ၍ သူနာပြုဆရာမတစ်ဦးက အချိန်ပြည့်အမြဲစောင့်ကြပ်ပြုစု ကြည့်ရှုနေရသည်ဆိုကိုး။ ပြီးတော့သူနာပြုဆရာမ၏ ပြောပြချက်အရ လူနာဖြစ်သူ ဂျိမ်း(စ်)သွန်မဆင်သည် ခတ်ပုံများအကြောင်းကို ကယောင်ကတမ်း တတွတ်တွတ်ပြောဆိုရင်း မေ့မျောသွားခဲ့၏။ ထိုအချိန်လေးအတွင်းမှာ ခတ်ပုံဆိုင်သို့ ဂျိမ်း(စ်)သွန်မဆင်၏ ပုံရိပ်သို့မဟုတ်ကိုယ်ခွဲက ထွက်ခွာသွားဟန်ရှိသည်ဟုကောက်ချက်ဆွဲရပါသည်။ မေ့မြောပြီးနာရီအနည်းငယ်အကြာတွင် ဂျိမ်း(စ်)သွန်မဆင် တစ်ယောက် လူ့လောကကြီးထဲမှ တကယ်အပြီးအပိုင် ထွက်ခွာသွား ရှာလေပြီ။

www.burmeseclassic.com



**စည်းဝေးတက်ရောက်သူ**

ခာတ်ပုံလာရွှေးသောဖြစ်ရပ်ဆန်းထက်၂-နှစ်ကျော်ကျော် စောသော အဖြစ်အပျက်ထူးတစ်ရပ်မှာလည်း ခာတ်ပုံမှတ်တမ်းတင်ထားသလိုဖြစ်၍ အတော့်ကိုခိုင်ခိုင်မာမာရှိ၏။ နှစ်အားဖြင့် ၁၉၀၈-ခုနှစ် အတွင်းက ဖြစ်ပါသည်။ နိုင်ငံမှာဗြိတိန်နိုင်ငံဖြစ်၍ ကာယကံရှင်မှာလည်း သာမန် လက်လုပ်လက်စား ရိုးရိုးအရပ်သားထဲကမဟုတ်သည့်မှာ ပို၍ထူးခြား နေပြန်သည်။ ဗြိတိသျှပါလီမန်အမတ်ဆိုသည်ကား မဲဆန္ဒနယ်၏ လူထုတစ်ရပ်လုံးက ရွေးချယ်ထောက်ခံ မဲပေးခဲ့၍သာ ပါလီမန်အမတ် တစ်ဦးဖြစ်လာရခြင်း မဟုတ်ပါလား။

ဗြိတိသျှပါလီမန်အမတ်တစ်ဦးဖြစ်သူ ချားဂွတ်သည်ပါလီမန် အစည်းအဝေးကို တက်ရောက်ရန်ရှိနေပါသည်ထိုအစည်းအဝေးကလည်း အရေးကြီး၏။ ပါလီမန်အမတ်ချားဂွတ်အတွက် အခြားသောပါလီမန် အမတ်တို့ထက်အရေးကြီးသော အစည်းအဝေးအဖြစ် သူကိုယ်တိုင်က သတ်မှတ်ထားလေသည်။ အကြောင်းမှာ ထိုပါလီမန်အစည်းအဝေးတွင် သူ့သူငယ်ချင်း ပါလီမန်အမတ်တစ်ဦးတင်သွင်းမည့်အဆိုပြုချက်တစ်ရပ်ကို ပါလီမန်အမတ် ချားဂွတ်က လေးလေးနက်နက်ထောက်ခံရန်ရှိနေ၍ ဖြစ်ပါသည်။ ထို့ကြောင့် လာမည့်ရက်ပိုင်းတွင် ကျင်းပမည်ဖြစ်သော ပါလီမန်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် သူသည် စိတ်ဆန္ဒ ပြင်းပြင်းပြပြဖြစ်နေခဲ့၏။

ချားဂွတ်အတွက် ကံဆိုးချင်တော့ ပါလီမန်အစည်းအဝေးကျင်းပရန် ရက်ပိုင်းမျှအလိုတွင်သူသည်မမျှော်လင့်ဘဲ ကောက်ကာငင်ကာရုတ်တရက်

BURMESE CLASSIC .com

www.burmeseclassic.com



ဖျားနာခဲ့သဖြင့် ခဲလေသမျှသဲရေကျဆိုဘိသကဲ့သို့ အစည်းအဝေးသို့ မတက်ရောက်နိုင်ရှာတော့ပေ။ သူဖြစ်သည့်နည်းဖြင့်တော့ တက်ရောက်ဖြစ်အောင်ကို တက်ရောက်လိုက်ပါသည်။ အစည်းအဝေး၌ ထောက်ခံစရာရှိသည့် အဆိုပြုချက် ကိုလည်း သူနားထောင်နေသည်မှာ သိပ်သေချာလှ၏။ စည်းဝေးအပြီးတွင် လှေကားမှအဆင်း ပါလီမန်အမတ်များ လှေကားထစ်အနိမ့်အမြင့်အတိုင်းတတန်းစီ ဓာတ်ပုံအရိုက်ခံလိုက်ပါသည်။ ထိုဓာတ်ပုံကြောင့်လည်း ခိုင်မာသက်သေခံဖြစ်သွားရ၍ စိတ်ဝိညာဉ်သုတေသနအသင်းအတွက် အလွန်ကံကောင်းသွားခဲ့၏ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ချားဝွတ်တစ်ယောက် ပါလီမန်အစည်းအဝေးသို့ တကယ်ကိုယ်တိုင်တက်ရောက်ခဲ့ခြင်း မဟုတ်သောကြောင့်ပါ။

ရုတ်တရက်အပြင်းဖျားနာနေ၍ စည်းဝေးသို့တကယ့်လူက မတက်ရောက်နိုင်ခဲ့ပါသော်လည်း ဆန်းကြယ်သောစိတ်စွမ်းအင်ကြောင့် သူ့ပုံရိပ်သဏ္ဍာန်သည် စည်းဝေးခန်းမတွင်းသို့ ရောက်နေခဲ့ပါသည်။ သူထိုင်နေကျခုံ၌ ထိုင်နေသည်ကို အခြားပါလီမန်အမတ်သုံးဦးတို့က အသေအချာမြင်လိုက်ရပါသည်ဟု ဆို၏။ ထို့နောက်စည်းဝေးကျင်းပ၍ အပြီးစည်းဝေးခန်းမမှအထွက် လှေကားအဆင်း တွင် ရိုက်ထားသော မှတ်တမ်းတင်ဓာတ်ပုံ၌လည်း ချားဝွတ်၏ ပုံရိပ်သည်အထင်းသားကြီး ထင်ပေါ်နေခဲ့ပါသတည်း

## ပကတိဦးခေါင်းအရိုးစုကိုယ်

အထက်ဖော်ပြပါ ဓာတ်ပုံလာရွေးသူ ဂျိမ်း(စ်)သွန်မဆင်နှင့် ပါလီမန်အမတ်ချားဝွတ်တို့သည် အသက်ရှင်လျက်ပုံရိပ်သဏ္ဍာန်လာပြခြင်း၊

www.burmeseclassic.com



စကားပြောခြင်းနှင့် စည်းဝေးတက်ရောက်ခြင်း၊ ဓာတ်ပုံမှတ်တမ်းအရိုက်ခံခြင်းတို့ကြောင့် ထူးအတွေ့အကြုံဆန်းကိစ္စရပ်များ ဖြစ်ကြပါသည်။ ယခုဆက်လက်ဖော်ပြမည့် ဆန်းကြယ်သောဖြစ်ရပ်နှစ်ခုတို့မှာ ကွယ်လွန်ပြီးနောက်မှ သဏ္ဍာန်ပုံရိပ် လာပြကြခြင်း ဖြစ်ကြ၏။ ထိုသို့အရိပ်အယောင်လာပြသည်ကို မြင်တွေ့ကြရသော သက်ဆိုင်ရာပုဂ္ဂိုလ်တို့သည် ပုံရိပ်သဏ္ဍာန် ပိုင်ရှင်ခမျာများမှာကွယ်လွန်ကြပြီး ဖြစ်ကြောင်းကို ကြိုတင်သိရှိထားခြင်းမဟုတ်ပါ။ထူးပေဆန်းပေသည်ဟုမိမိတို့ကိုယ်မိမိအံ့သြလျက်ရှိကြ၏။ နောင်သောအခါမှ အရိပ်အယောင်လာပြသူမှာ ကွယ်လွန်ရှာပြီဖြစ်ကြောင်းနှင့်ကွယ်လွန်ပြီးချိန်မှာ လာရောက် ပြသခြင်းဖြစ်ကြောင်းတို့ကို သိရှိကြရပါတော့သည်။

၁၂၅၀-ပြည့်နှစ်တုန်းက ဖြစ်ပါသည်။ အင်္ဂလန်နိုင်ငံရှိလကော့သီလရှင် ကွန်ဗင့်ကျောင်းမှ ကျောင်းအုပ်သီလရှင်ကြီး၏ ကိုယ်တွေ့ဖြစ်ရပ်မှာလည်း အတော့်ကိုထူးဆန်းလှပေ၏။ တစ်ညနေတွင် ဖြစ်သည်။ ကျောင်းလုပ်ငန်းများကြောင့် မောပန်းနွမ်းနယ်လျက်ရှိသော ကျောင်းအုပ်သီလရှင်ကြီးမှာ နှစ်ခြိုက်စွာ အိပ်မောကျနေ၏။ ခရူးဆိတ်ဘာသာရေးစစ်ပွဲကြီးကို ဆင်နွှဲလျက်ရှိသဖြင့် ဝေးရပ်မြေတစ်နေရာရှိ စစ်တလင်းပြင်သို့စစ်မှုထမ်းအဖြစ်ရောက်ရှိနေသော ကျောင်းအုပ်သီလရှင်ကြီး၏သားသည် သူ့ကွန်ဗင့်ကျောင်းတွင်းတစ်နေရာရှိ သူ့အိပ်ခန်းအတွင်းသို့ဝင်ရောက်လာသည်ဟု သိလိုက်ရ၏။ သူ့အနီးသို့ရောက်လာစဉ်သူ့သားအား သူမျက်စိဖွင့်ကြည့်လိုက်ပါသည်။

သီလရှင်ကြီး၏ သားတော်မောင် စစ်သည်တော်ကြီးသည် စစ်ဝတ်စုံဖြင့် သေသေသပ်သပ် ဝတ်ဆင်ထားပါသည်။ ဦးခေါင်းကလည်း

BURMESE CLASSIC .com

www.burmeseclassic.com



ပကတိလူသားဦးခေါင်းပင်ဖြစ်၏။ သို့သော်ခန္ဓာကိုယ်မှာကား ထူးခြားစွာ အရိုးစုကြီးဖြစ်နေသည်ဟုမိခင်သီလရှင်ကျောင်းအုပ်ကြီးသတိပြုမိပါသည်။ ဤမြင်ကွင်းမှာ ထင်ထင်ရှားရှားကျကျနနကြီးပေမို့ သူ၏တွေ့ရှိချက်ကို သီတင်းသုံးဖော်များနှင့်တကွ ဧည့်သည်များအား ပြောပြလိုက်၏။ နောက်ခြောက်လခန့်ကြာမြင့်ပြီး တော့မှ အဆိုပါကိုယ်ထင်ပြသော နေ့ရက်အချိန်၌ သူ၏သားသည် ဘာသာရေးစစ်ပွဲရှေ့တန်း တစ်နေရာတွင် ကျဆုံးသွားခဲ့ပြီး ဖြစ်ကြောင်းကိုသတင်းရရှိပါတော့သည်။

## လာတောင်းပန်သူ

စိတ်ဆိုသောစိတ်သည်ကား အတော့်ကို ဆန်းကြယ်လှပါသည်။ သူ့သားတစ်ဦးသည် သေလုနီးပါး အချိန်ဝယ်သူစိတ်စွဲလမ်းရာရာ၊သို့မဟုတ် သူ့စိတ်အာရုံကျရောက်ကျက်စားရာသို့ ဆန္ဒပြင်းပြစွာစူးစူးစိုက်စိုက်တည့်တည့်မတ်မတ်ကြီး ဦးတည်လျက်ရှိချေ၏။ ထိုစိတ်အစဉ်စိတ်သဘောသဘာဝကြောင့်လည်း လားရာဂတိမကောင်းနိုင်ကြခြင်း ဖြစ်ပါသည်။ အကြောင်းမှာ တရားအားထုတ်ဖူး၍ အထိုက်အလျောက်ခန္ဓာဉာဏ်ရောက်တရားအမြင်ပေါက်ခဲ့ဖူး သူတို့သာလျှင်သေရာညောင်စောင်းလျောင်းလျက်ရှိစဉ် ဘယ်အတွယ်အတာမှမရှိဘဲ ကျွတ်ကျွတ်လွတ်လွတ်ကြီးတရားကို ရှုမှတ်ဆင်ခြင်နိုင်စွမ်းရှိ၏။ သို့ဆိုလျှင် ကောင်းရာသုဂတိသို့ လားရောက်ရမည်မှာသေချာပါပြီ။သို့သော်လူတစ်ရာတွင်ကိုးဆယ့်ကိုးတို့မှာ တရားအားမထုတ်ဖူးကြပါ။ တစ်ယောက်တလေ တရားအားထုတ်ဖူးပါသော်ငြားလည်း တရားကို မိမိရရ မရရှိခဲ့ဖူး၍ အာရုံထွေပြားအပါယ်ဘုံသို့ သေသေချင်းရောက်ရန်ခဲယဉ်းဖြင်းဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



သေပြီးမှကတိမတည်နိုင်သောကြောင့် သူငယ်ချင်းအား လာရောက်တောင်းပန်သူ သေပြီးသူ၏ပုံရိပ်သဏ္ဍာန်နှင့် နှုတ်ဆက်ပုံဖြစ်ရပ်ထူး အတွေ့ အကြုံဆန်းကို ဆက်လက်ဖော်ပြပါရစေ။ လေလီတန်နှင့် ပီတာအင်ဒရူးတို့သည် မိတ်ဆွေအရင်းအချာကြီးများ ဖြစ်ကြ၏။ နှစ်ဦးစလုံးအင်္ဂလန်နိုင်ငံမှ လွှတ်တော်အမတ်များဖြစ်ကြပါသည်။ တစ်နေ့သ၌ ညချမ်းချိန်ခါမှာ အတူတွေ့ဆုံစကားပြောကြားဖို့ကို ချိန်းထားကြ၏။ ချိန်းဆိုသည့်နေရာ၊ ချိန်းဆိုထားကြသည့် နာရီအတိအကျ၊ လွှတ်တော်အမတ်ပီတာအင်ဒရူးသည် ရောက်ရှိသွားပါသည်။ သူ့မိတ်ဆွေ လေလီတန်ကတော့ဖြင့် ပေါ်မလာသေးပါ။ အကြောင်းတစ်ခုခုကြောင့် ကြန့်ကြာနှောင့်နှေးနေရခြင်း ဖြစ်ပါလိမ့်မည်။ သည်မောင် ကတိတည်တတ်သူမို့ နည်းနည်းပါးပါးနောက်ကျကာမှကျရော၊ အမှန်ကိုရောက်လာပါလိမ့်မည်ဟု စိတ်ကိုဖြေသိမ့်ကာ ချိန်းဆိုထားသည့်နေရာ၌ ပီတာအင်ဒရူးသည် ဆက်စောင့်နေခဲ့ပါသည်။

စက္ကန့်မိနစ်တို့မှသည်နာရီသို့ကူးခဲ့ပြီ။ လေလီတန်၏ အရိပ်အယောင်သော်မှပေါ်မလာသေးပါ။ စိတ်ရှည်ရှည်ဖွဲ့ကောင်းကောင်းသစ္စာရှိရှိဖြင့် စောင့်စား နေရသူပီတာအင်ဒရူးပင်လျှင် စိတ်ထွက်ချင်လာပြီ။ စိတ်မရှည်ချင်တော့ပါ။ပေါ်လာခဲ့သောမိတ်ဆွေလေလီတန်အားစိတ်မဆိုးသော်လည်း ကျွဲမြီးတိုချင်လာပြီ။ သို့နှင့်ညဆယ်နာရီကျော်လွန်သွားခဲ့သည်အထိ လေလီတန်ကတော့ ပေါ်မလာခဲ့ပါပေ။ ဟုတ်ပြီ ဟုတ်ရဲ့အတည်ပေါက်ချိန်းဆိုထားပြီးမှ ကတိပျက်ကွက်ခဲ့လေသောသူ လေလီတန်အား ပီတာအင်ဒရူးအကြီးအကျယ်စိတ်ဆိုးရလေပြီ။ စိတ်ဆိုးမာန်ဆိုးဖြင့်

www.burmeseclassic.com



အိမ်သို့တစ်ယောက်တည်းပြန်ခဲ့ရသည်။ ပြောချင်သည့် စကားများနှင့် မိတ်ဆွေအားမကျေနပ်ချက်တို့က ရင်ထဲ၌ပြည့်နှက်နေပါပြီ။ သို့သော် မတတ်နိုင်ပြီ။ ညဉ့်နက်ပြီဖြစ်၍ အိပ်ယာထဲဝင်လိုက်ရုံမှ တစ်ပါးအခြား မရှိတော့ပြီ။

ညဆယ့်တစ်နာရီလောက်တွင်ပီတာအင်ဒရူးလန့်နိုးလာခဲ့၏။ ခုတင် ခေါင်းရင်းရှိ မီးခလုတ်ကိုဖွင့်ကြည့်လိုက်သောအခါ လေလီတန် တစ်ယောက် အိပ်ရာဝင်သည့် ညအိပ်ဝတ်စုံဖြင့် ကတိမတည်မိသည့် အတွက်သူ့အားခွင့်လွှတ်ဖို့ လာတောင်းပန်နေသည်ကို တွေ့ရ၏။ သူဘယ်လိုဝင်လာခဲ့ပါလိမ့်။ အိပ်ခန်းတံခါးက ဂျက်ချထားခဲ့သည်ပဲလေ။ ပြန်ထွက်သွားတာလည်းသေချာသည်။ ပီတာအင်ဒရူးကိုယ်တိုင် အိပ်ခန်း တံခါးကို ဖွင့်ပေးလိုက်သည် မဟုတ်ပါလား။ တွေးရခက်ကြီးဖြစ်နေ တော့၏။နောက်တစ်နေ့နံနက်ကျတော့လေလီတန် ရုတ်တရက်လေဖြတ်ပြီး သေဆုံးသွားခဲ့ပြီဖြစ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိတော့သည်။ အချိန်ကတိတိကျကျ ယမန်နေ့ည ၁၁-နာရီတိတိမှာ ကွယ်လွန်ခဲ့သည် ဟူ၏။ ကဲ-မဆန်းပေဘူးလား။

## ရုပ်ရှင်ကြော်ငြာကဗျာ

"တစ္ဆေတကယ်ရှိ-မရှိ" ဟူသော ကျွန်တော့်စာအုပ်ကို ဖတ်ရှု ပြီးနောက်ကျွန်တော့်ဆေးခန်းသို့လာရောက်ဆွေးနွေးကြ၊ ဝေဖန်ပြောဆိုကြ ချီးကျူးကြ၊ ရှုတ်ချကြသူတွေ အတော်လေးများပါသည်။ အကောင်း ပြောသည်ဖြစ်စေ၊ မကောင်းဆိုသည်ဖြစ်စေ ကျွန်တော်ကတော့ အကျေနပ်

BURMESE CLASSIC .com

www.burmeseclassic.com



ကြီးကျေနပ်ပါသည်။ အကြောင်းမှာ ကျွန်တော့်စာဖတ်ပရိသတ်ထံမှ တုံ့ပြန်မှု တစ်စုံတစ်ခုကို ရရှိလိုက်သောကြောင့်ပါ။ တုံ့ပြန်သည် ဆိုကတည်းက ကျွန်တော့စာအပေါ်မှာ ရှုမြင်သုံးသပ်ပေးခြင်းကြောင့် ကျွန်တော်ကျေနပ်ပါသည်ဟုဆိုရခြင်းဖြစ်ပါသည်။ ထိုသို့တုံ့ပြန်မှုပေးသော တောင်ကြီးမြို့ပေါ် စာဖတ်ပရိသတ်များအနက်မှ စီးပွားရေးလုပ်ငန်းတွေ အကြီးအကျယ်လုပ်ပြီး လုပ်သရွေ့လည်း အောင်မြင်ကာ ယခုနောက်ဆုံး မြို့မြောက်ပိုင်း အစွန်ကျကျရပ်ကွက်ကြီး၏ ကျယ်ဝန်းသောဝန်းခြံအတွင်း ဆေးရုံကို ဦးစီးဖွင့်လှစ်အောင်မြင်နေသူ ပအိုဝ့်အမျိုးသားလူလတ် ပိုင်း ဒေါက်တာတစ်ဦးသည် သူ့သမီးလေး၏ သွားရောဂါကို လာပြသရင်း ဤသို့စတင်မေးမြန်းပါတော့သည်။

"ဆရာကျော်လည်း ဒေါက်တာ၊ ကျွန်တော်လည်းဒေါက်တာ။ ဆရာဝန်ချင်းအတူတူဆရာက ဘာကြောင့်များ တစ္ဆေတွေနဲ့ခဏခဏ တွေ့ပြီး ကျွန်တော်ကဘာကြောင့်တစ်ခါမှ တစ္ဆေအတွေ့အကြုံမရှိခဲ့ပါ လိမ့်ဗျာ"

"ဆရာခွန်တကယ်ပဲတစ္ဆေကို တစ်ခါမှ မတွေ့ဖူးသေးဘူးလား"

"တစ်ခါဆို ဘာတစ်ခါမှမတွေ့ဖူးဘူးပေါ့။ ဆေးရုံတွေမှာလည်း မကြုံ ဖူးသေးပါဘူး"

သူ့သမီးလေး၏သွားပိုးပေါက်ကိုပိုးသတ်ဆေးထည့်ပေးရန်အတွက် ပြင်ဆင်ရင်း ဆရာခွန်အားမည်သို့ရှင်းပြရလျှင် ကောင်းမည်နည်းဟု ခဏတာမျှ စဉ်းစားနေလိုက်ပါသည်။ ထိုအခါလွန်ခဲ့သောလေးနှစ်ခန့်က အလွန်မတန်ရေပန်း စားနာမည်ကြီးခဲ့သည့် ရုပ်ရှင်ကြော်ငြာတစ်ကွက်ကို

www.burmeseclassic.com



ပြေးသတိရမိ၏။ ကဗျာကို ဝါသနာထုံသော ကျွန်တော့်အဖို့ ကဗျာကလေး ဖြင့်ကြော်ငြာထားသော ထိုရုပ်ရှင်ကြော်ငြာခေါင်းထဲ ပေါ်လာရတော့ သည်မှာ အဆန်းတော့မဟုတ်ပါပေ။

**"ဝိညာဉ်ချစ်သူ"**

၀ တမလွန်ဘဝ၊ ရောက်ခဲ့ရလည်း၊
ကိုယ်ကတော့မမေ့နိုင်။
၀ ချစ်သူ့မျက်ဝန်း၊ မျက်ရည်စွန်းလည်း၊
ချစ်လွန်းသူကသုတ်မပေးနိုင်။
၀ ဒါပေမယ့်လေ ---
ချစ်သူသွားရာ၊ ကောက်ကောက်ပါလို့
ဘယ်မှာနေနေ၊ ဘယ်တွေသွားသွား၊
ချစ်နားမှာပဲ၊ တဝဲလည်လည်။
၀ မင်းကလူသား၊ ကိုယ်ကားဝိညာဉ်၊
မင်းမမြင်လည်း၊ ကြင်နာနေဆဲ၊
ချစ်နေဆဲမို့၊ အမြဲအနားမှာ၊
ရှိနေတာကို၊ မင်းလေးသိစေချင်လိုက်တာ။

**ဘာ့ကြောင့်အတွေ့များ**

"ဆရာခွန် "သည်ဂိုစ်" ဆိုတဲ့ရုပ်ရှင်ကို ကြည့်လိုက်ရတယ် မဟုတ်လား"

BURMESE CLASSIC .com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကြည့်လိုက်ရပါတယ်ဆရာကျော်။ ဒါပေမယ့်ကျွန်တော် မေးခွန်းနဲ့ဘာဆိုင်လို့လည်းဗျ"

"ဟာဗျာ။ သိပ်ကိုဆိုင်တာပေါ့ ဆရာခွန်ရာ။ အဲဒီကားထဲမှာ နီဂရိုးဇာတ် ပို့မင်းသမီး "ဝီပီဂိုးဘတ်" ကိုသိတယ်နော်"

"အဲဒီကားနဲ့သူအော်စကာဆုရသွားတာပဲဗျာ။ သိပ်သိတာပေါ့။ ကျွန်တော်တို့ကမင်းသမီးဒမ်မီမိုးကိုဂရုဏာသက်နေကြတာ။ ဆုချိတ်တော့ နီဂရိုးမကြီး ဖြစ်နေရောဗျာ"

"ဟုတ်တယ်။ ဇာတ်ပို့ပေမယ့် သရုပ်ဆောင်သိပ်ပီပြင်လို့ သဘာဝ ကျလွန်းလို့ပေါ့ဆရာခွန်ရေ။ နီဂရိုဝီပီဟာအဲဒီကားထဲမှာ နတ်ဝင် သည်နော်။ သူတို့စကားနဲ့တော့ မီဒီယာ၊ ကြားခံဆက်သွယ်ပေးသူ၊ မြန်မာလိုတော့ နတ်ကတော်ဆိုပါစို့ဗျာ။ သူ့အသက်မွေးဝမ်းကျောင်းရှာမှုက နတ်ကတော်မို့ မင်းသမီးကို သူ့ချစ်သူဝိညာဉ်က ဆက်သွယ်လို့မရပေမယ့်၊ သူ့ကိုတော့ဆက်သွယ်နိုင်တယ်လေ၊ ဒီတော့ မင်းသမီးကိုသာမန်အရပ်သား များနဲ့နှိုင်းစာရင် နတ်ကတော်က ပရလောကသား တွေနဲ့နေ့တိုင်း တွေ့ထိဆက်ဆံ နေနိုင်တယ်နော်။ သဘောပေါက်ရဲ့လား"

"ဆရာကျော်ကနတ်ကတော်မှ မဟုတ်တာပဲ"

"ဟား---ဟား---သိပ်သဘောကျသွားပြီဗျာ။ ကဲ-ဆရာခွန်နဲ့ ကျွန်တော်ဘယ်သူက သွားလူနာနဲ့ပိုတွေ့မလဲ"

"ကျွန်တော်နဲ့သွားလူနာနဲ့မှမဆိုင်ဘဲ။ ဆရာကျော်ပဲ သွားလူနာနဲ့ တွေ့မှာပေါ့ဗျ"

"ဟုတ်တယ်။ ကျွန်တော်က သွားဆရာဝန်ဖြစ်နေလို့ပါပဲ။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာခွန်က ဒေါက်တာဘွဲ့ရဆရာဝန်တော့ဟုတ်တယ်။ ရိုးရိုးအထွေထွေ ရောဂါကုဆရာဝန်ဖြစ်နေတာကြောင့် သွားလူနာနဲ့ အတွေ့အထိမရှိနိုင်တာ သဘာဝပါပဲ။ ဒီလိုပဲဗျ။ နီဂရိုးဇာတ်ပို့ကြီး ဝီပီဟာ "သည်ဂိုဒ့်စ်' ရုပ်ရှင်ကားထဲမှာ နတ်ကတော်မို့ ပရလောကသားနဲ့ ဆက်သွယ်ထိတွေ့ နိုင်တဲ့သူများ လောကမှာရှိတယ် ဆရာခွန်ရေ့။ လူနည်းစုပေါ့လေ။ အဲဒီလူနည်းစုထဲမှာ ကျွန်တော်ပါနေတယ်လို့ပြောရရင် ဆရာခွန် အံ့သြ နေမလားပဲ"

"ဘယ်လို--ဘယ်လိုလဲဆရာကျော်ရ။ ကျွန်တော်နားရှုပ်သွားခဲ့ပြီ"

"ကဲ--စီးပွားရေးသမားဆိုတော့ ဆရာခွန်ကိုငွေကြေးနဲ့ပဲ ဥပမာ ပေးတော့မယ်။ ဆရာခွန်နဲ့ကျွန်တော်ဆိုရင် ငွေရင်းကြေးရေး အရ ဆရာခွန်က အဆပေါင်းများစွာပိုမိုချမ်းသာတယ်။ ကျွန်တော်ကတော့ ရရစားစား လှူလှူ အခြေအနေနော်။ အဲဒီမှာမိတ်ဆွေတစ်ယောက်က ငွေအကျပ်အတည်းရှိလို့ ငွေနည်းနည်းချေးချင်တယ်ဆိုပါစို့။ ဘယ်သူ့ကို ဦးစားပေးပြီး သူ့အကူအညီတောင်းခံမလဲ"

"မလုပ်ပါနဲ့ဗျာ။ ငွေဆိုတာချေးမိလိုက်ရင် ပြန်ရတတ်တဲ့ အမျိုး မဟုတ်ဘူးဗျ။ ဆရာကျော့်ထံပဲချေးပါစေတော့"

"ဟဲ--ဟဲ--အဖြေကပေါ်နေပြီနော်။ ဥပမာပေးရုံရှိသေးတယ်။ ဆရာခွန်ကလန့်နေပြီဟုတ်။ ကျွန်တော်က ဆရာခွန်လောက်ငွေမချမ်းသာ ပေမယ့် စေတနာနည်းနည်းပိုရှိလိမ့်မယ်။ ကြွားတာတော့ မဟုတ်ဘူးနော်။ လိုချင်သလောက်မရနိုင်ပေမယ့် အချို့တစ်ဝက်လောက်တော့ ကူညီနိုင်လိမ့်

www.burmeseclassic.com



မယ်လို့သူက မျှော်လင့်ထားလေတော့၊ ဟုတ်တယ်--ကျွန်တော့်ထံမှာပဲ အကူအညီတောင်းခံမှာပေါ့ဗျာ။ ဒီလိုပါပဲလေ။ ကုသိုလ်အလှူအတန်းကို လိုချင်တဲ့မကျွတ်မလွတ်တဲ့သူများဟာ ကျွန်တော့်မှာအလှူဒါနအားရှိတယ်။ သီလအားရှိတယ်၊ ဘာဝနာ စရဏအားရှိတယ်ဆိုတာကိုသိရှိထားပြီးပြီ။ အကူအညီတောင်းခံရင်လည်း အမျှပေးဝေချင်တဲ့စေတနာရှိပြီးသား ဆိုတာလည်း သိထားကြတယ်ပေါ့ဗျာ။ ဒီတော့ကျွန်တော့်ထံမှာပဲ အရိပ်အယောင်ပြကြ၊ ဆက်သွယ်ကြ အကူအညီတောင်းကြနဲ့ ဆရာခွန်နဲ့ စာရင် ကျွန်တော်က တစ္ဆေတွေနဲ့ အတွေ့အကြုံပိုများ နေရတော့တာ ပေါ့ဗျာ"

"ဆရာကျော် ရှင်းပြတော့လည်း ဟုတ်သလိုလိုပါပဲ"

"ဟုတ်ကိုဟုတ်တာပါ။ ကျွန်တော်ဟာနတ်ကတော်မဟုတ်တော့ နေ့စဉ်နဲ့အမျှတော့သူတို့ကို တွေ့ထိမနေနိုင်ဘူးပေါ့ဗျာ။ ကျွန်တော့်အလုပ်မှ မဟုတ်ဘဲကိုး။ တစ်နှစ်ခြားတစ်ကြိမ်လို၊ နှစ်တွေခြားပြီးမှတစ်ကြိမ်လို၊ ကြုံကြားကြုံကြားတော့မကြာခဏအတွေ့အကြုံအထူးအဆန်းတွေ့ရတတ် ပါတယ်။ နှစ်ကြာလာတော့လည်း များလာတာပေါ့။ အသက် ၅၂-နှစ် ရပြီကိုး။ထူးဆန်းတော့လည်းတော်ရုံတန်ရုံမမေ့ဘူးပေါ့။ ကလောင်ကိုင်လာ တော့လည်း ရေးသားဖော်ပြဖြစ်ရာက ဆရာကျော်တစ်ယောက်တည်း တစ္ဆေခဏခဏတွေ့လွန်းလှပါကလားလို့ မယုံသလိုလို ယုံသလိုလို၊ ချီးကျူးသလိုလို ကဲ့ရဲ့သလိုလို မှတ်ချက်ချတာတွေ ကျွန်တော်ခံရတော့ တာပေါ့ ဆရာခွန်ရာ"

www.burmeseclassic.com



**ဆရာမဒေါ်အုံးကြည်အပြော**

ဆရာခွန်ကသာလျှင် ဆရာဝန်ဖြစ်ပါလျက် တစ္ဆေနှင့် တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးကြောင်း မကျေနမနပ်ဖွင့်ဟပေမယ့်၊ ဆေးရုံတွင် လုပ်သက်သုံးဆယ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သောအထက်တန်းသူနာပြုဆရာမ ဒေါ်အုံးကြည်၏ ကိုယ်တွေ့တစ္ဆေ ကိစ္စရပ်များကို ကျွန်တော့်အား ဆရာမကိုယ်တိုင် ကျကျနနပြောပြဖူးပါသည်။ ထိုအကြောင်းအရာများကို ဆရာခွန်အား ကျွန်တော်ပြန်လည်၍ ဖောက်သည်ချသောအခါ ဆရာခွန်ကသူသည် အလုပ်သင်ဆရာဝန်ပြီးကတည်းက ပြင်ပစီးပွားရေး လုပ်ငန်းများကိုသာ ဖောက်ချလုပ်ကိုင်ခဲ့သူမို့ ဆေးရုံအတွေ့အကြုံနှင့် ဆရာဝန်လုပ်သက် လွန်စွာနည်းပါးလွန်းသဖြင့် တစ္ဆေဆိုသည့် ပရလောကသားများနှင့် တွေ့ကြုံခွင့်မရလိုက်ခြင်းဖြစ်ပါလိမ့်မည်ဟု ဝန်ခံစကားပြောပါသည်။ ဆရာခွန်အား ကျွန်တော်ပြောပြလိုက်သည့် ဆရာမ ဒေါ်အုံးကြည်၏ ဘဝတစ်ကွေ့တစ္ဆေအတွေ့အကြုံကို ဆရာမကိုယ်တိုင် ပြောပြသည့်အတိုင်း စာဖတ်သူတို့အတွက် တင်ဆက်လိုက်ရပါသည်။ ဖတ်ကြည့်ပါဦး။

"ကျွန်မလုပ်သက်သုံးဆယ်နီးပါးရှိနေပါပြီဆရာ။ အသက်လည်း မငယ်တော့ပါဘူး။ နောက်လေးငါးနှစ်ဆိုရင် အလုပ်ကအနားယူရ ပါတော့မယ်။ သက်ပြည့်ပင်စင်ပေါ့ရှင်။ ခုတစ်လောလုပ်သက်ပြည့် နှစ်သုံးဆယ်နဲ့ပင်စင်မပေးတော့ဘူးတဲ့လေ။ ဒီတော့အသက်ခြောက်ဆယ် ပြည့်တဲ့အထိ တိုင်းပြည်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရင်း ပြည်သူတွေကို အလုပ်အကျွေးပြုလိုက်ပါဦးမယ်။ ဆရာကမေးလို့ ကျွန်မ

BURMESE CLASSIC .com

www.burmeseclassic.com



ပြန်စဉ်းစားကြည့်တဲ့အခါ လုပ်ငန်းခွင်အတွင်းတစ္ဆေအခြောက်ခံရတာဆိုလို့ ဟုတ်ဟုတ်ငြားငြားနှစ်ခါလားပဲရှိတယ်။ သေချာတာကိုပြောတာနော်။ သေချာလို့လည်း မှတ်မှတ်ရရဖြစ်ကျန်ရစ်တာကို အထူးပြောစရာ မလိုတော့ဘူးပေါ့ဆရာ။ ကျန်တာတွေက မထင်မရှားမသိသာတဲ့ အတွက် ဝကွက်ပြီး ချန်လိုက်ပါတော့မယ်။

ပထမအတွေ့အကြုံကတော့ ကျွန်မနဲ့ အတူတူလုပ်ဖော်ကိုင်ဘက် ဆရာမကြီး ဒေါ်နော်ဂျင်းနီဆိုပါစို့။ သူကခရစ်ယာန်ဘာသာ ကိုးကွယ် ပါတယ်။ လူမျိုးကတော့ ကရင်ပေါ့ရှင်။ ဘွင်းဘွင်း ရှင်းရှင်းကြီးရှင့်။ စိတ်ကောင်းသဘောကောင်းအလွန်ရှိတဲ့ ဆရာမကြီးပါပဲ။ အလုပ် မှာလည်း ကျွမ်းကျင်တယ်။ စေ့စပ်သေချာလွန်းတယ်။ တိကျမှန်ကန်တယ်။ တာဝန်ကျေပွန်သလလားမမေးနဲ့ဂျူတီကိုအစောဆုံးရောက်ပြီး အချိန်လွန်မှ ပြန်လေ့ရှိတယ်။ အလုပ်မှာသံယောဇဉ်အလွန်ကြီးတယ်လို့ပဲ ပြောရမယ် ထင်ပါတယ်။ လုပ်ဖော်ကိုင်ဖက်နဲ့ လက်အောက်ငယ်သားတွေကိုလည်း သူ့စည်းကမ်းသူ့ဇယား သူ့စနစ် အတိုင်းတသဝေမတိမ်း ဖြစ်စေချင် တာဟာ သူ့ဆန္ဒစေတနာအရိုးခံပါ။ လူနာတွေပေါ်မှာလည်း ဆင်းရဲ ချမ်းသာမရွေး တန်းတူရည်တူဆက်ဆံပါတယ်။ သူကအပျိုကြီးဆိုတော့ သူ့ကိုယ်ပိုင်အချိန်တွေ ပိုနေတာပေါ့လေ။ ကျွန်မတို့လို အိမ်ထောင်ရှင်တွေ အဖို့တော့ သူ့ပုံစံခွက်ထဲဘယ်ဝင်ပါ့မလဲနော်။ အလုပ်ဝင်ချိန် နောက်ကျ တတ်ပြီး အိမ်ပြန်ချိန်စောလေ့ရှိစာမြဲမစဟုတ်လား။

ခွင့်ယူခဲလှတဲ့ နော်ဂျင်းနီကြီး ဆောင်းလယ်ခရစ္စမတ်နာတာလူး ပွဲတော်ရက်အတွင်း၊ ကလောမြို့မှာရှိတဲ့ သူ့အန်တီဆီ အလည်သွားဦးမယ်

BURMESE CLASSIC .com

www.burmeseclassic.com



ဆိုပြီး ရှောင်တခင်ခွင့်သုံးရက်တင်ပါတယ်။ သူခွင့်ယူတယ်ဆိုတော့ ကျွန်မတို့ဆေးရုံမှာ အထူးအဆန်းကြီးကို ဖြစ်လို့ပေါ့လေ။ သူ့ကိုမြင်တွေ့နေကျ မမြင်တွေ့ရတော့ မျက်စိထဲမှာ တစ်ခုခုလိုနေသလိုပါပဲရှင်။ ရှမ်းပြည်နယ်စကားနဲ့ပြောရမယ်ဆိုရင် မျက်စိရှာတယ်ပေါ့နော်။ သူညဂျူတီကျရင် အိပ်စက်နားနေတဲ့ အခန်းထဲမှာရှိတဲ့ ဗီရိုထဲမှာ ကျွန်မရဲ့အဝတ်အစားတွေလည်း ထားလေ့ရှိပါတယ်။ အဲဒီအခန်းဟာ သူတစ်ဦးတည်းသုံးတဲ့ အခန်းမဟုတ်ဘဲ အားလုံးမျှဝေသုံးနိုင်တဲ့ အခန်းလေးပါ။ ဒါပေမယ့် ကျွန်မတို့အသုံးပြုခဲ့ပါတယ်။

**ဆရာမတစ္ဆေ**

သူအလုပ်ပြန်ဝင်မယ့်မနက်မှာဘဲ ကျွန်မကလည်း ညဂျူတီပြီးလို့ အိမ်ပြန်ရပါမယ်။ အခန်းသော့ကိုသူခတ်ခဲ့တဲ့အတွက် သုံးရက်လုံးလုံး ကျွန်မတို့ဝင်ခွင့်မရှိခဲ့ဘူးပေါ့။ ဒီနေ့မနက်သူအလုပ်ပြန်ဆင်းတော့မှ ကျွန်မရဲ့အဝတ်အစားတွေကို အိမ်ပြန်ယူပြီးလျှော်ဖွတ်မယ်လို့ စိတ်ကူးထားပါတယ်။ သူကတော့ ဝီရိယကောင်းတာတင်မက၊ ဝီရိယလွန်တယ်လို့ တောင်ပြောနိုင်တာမို့ အချိန်မီရောက်လိမ့်မယ်လို့ ကျွန်မစိတ်ချထားပြီးသား။ ဟုတ်တယ်။ ကျွန်မဂျူတီချိန်ကုန်လို့ အိမ်ပြန်ဖို့ အဲဒီအခန်းဘက် လျှောက်သွားတဲ့အခါ ဆရာမကြီးနော်ဂျင်းနီကို ရိပ်ခနဲမြင်လိုက်ပါတယ်။ သူပြန်ရောက်လာပြီပေါ့။ အခန်းသော့လည်းပွင့်နေတယ်။ အခန်းထဲဝင်လိုက်တော့ အေးခနဲစိမ့်ပြီး တစ်ချက်ချမ်းစိမ့်စိမ့် ကြီးဖြစ်သွားပါတယ်။ ဆောင်းတွင်းကြီးဆိုတော့ ဘာမှသိပ်ထူးခြားတယ်လို့လည်း မထင်လိုက်

www.burmeseclassic.com



ပါဘူး။ နော်ဂျင်းနီကိုတော့ ရှာလို့မတွေ့တော့ပါဘူး။ “အခုလေးတင်ပဲ ငါ့မျက်စိရှေ့မှာမြင်လိုက်သေးတာ” လို့တွေးပြီး ဆန်းတော့ဆန်းနေတာ ပေါ့ရှင်။

ကျွန်မလည်း အိမ်မြန်မြန်ပြန်ရောက်ချင်ဇောနဲ့ လျှော်ဖို့အဝတ် အစားဟောင်းတွေယူပြီး အိမ်ကိုပြန်လာခဲ့တာပေါ့။ နေ့ခင်းကျတော့သတင်း ကရောက်လာခဲ့ပါပြီ။ နော်ဂျင်းနီတစ်ယောက် မနက်စောစောအိမ်သာ ထအသွားမှာမူးလဲပြီး လေဖြတ်သွားတာဆုံးရှာပြီတဲ့။ ဒါဆိုမနက်က ကျွန်မတွေ့လိုက်တဲ့ရိပ်ခနဲဟာလူအစစ်မဟုတ်ဘူးပေါ့အရိပ်အယောင်ပြတဲ့ တစ္ဆေနော်ဂျင်းနီပေါ့။ ဒီတော့မှနေ့ခင်းကြီးကြောင်တောင် ကျွန်မမှာ တကယ်ပဲအေးခနဲစိမ့်ပြီးကျောချမ်းသွားရပါတော့တယ်။ နောက်ပိုင်း မှာလည်းဟိုလူပြောသည်လူပြောနှင့် နော်ဂျင်းနီခမျာမကျွတ်ရှာပါဘူး။ ဆေးရုံမှာအလုပ်မှာ စွဲလမ်းပြီးသေလို့ ချောက်လှန့်နေပါသတဲ့။ အရိပ်အယောင်ထင်ထင် ရှားရှားကြီးပြပါသတဲ့။ ဖြစ်နိုင်ပါတယ်။ သူကတာဝန်သိပ်ကျေပွန်ချင်သူဆိုတော့ အလုပ်ပြန်ဝင်ရမယ့် မနက်မှာ လေဖြတ်ပြီးသေရှာတာကိုး။ အလုပ်ကိုစွဲလမ်းသွားခဲ့ပါလိမ့်မယ်။

တခြားလုပ်ဖော်ကိုင်ဖက်တွေကဆိုကြောက်လွန်းလို့တဲ့ဆရာ။ကျွန်မ ကတော့ဘုရားတရားသမားမဟုတ်လား။ ဂျူတီဝင်တာနဲ့ “နော်ဂျင်းနီ ရေ ငါ့တာဝန်အချိန်မှာတော့ နင်မနှောင့်ယှက်နဲ့နော်။ ငါ့အလုပ်ငါလုပ်မယ်။ နင့်ဟာနင်နေပါ အေးအေးဆေးဆေးပိ(စ်) ပေါ့နော်” လို့ချစ်ကြည်ရေး လုပ်ထားလိုက်ပါတယ်။ ကျွန်မကိုတော့သူဒုက္ခမပေးပါဘူး။ တခြားသူတွေ ကတော့သူ့အရိပ်အယောင်ကိုသေသေချာချာမြင်ပါသတဲ့။ စာရင်းစာအုပ်

BURMESE CLASSIC .com

www.burmeseclassic.com



တွေလှန်၊ ဆေးဘီရိုတွေပိတ်လိုက်ဖွင့်လိုက်၊ သော့တွဲကြီးတန်းလန်းနဲ့ ဆိုတာတွေကို အမျိုးစုံပြန်ကြားရပါတယ်။

**မွေးလူနာတစ္ဆေ**

နောက်တစ်ခုကတော့သားဖွားရုံမှာတာဝန်ကျစဉ်တုန်းကကြုံခဲ့ရတဲ့အဖြစ်အပျက်ကလေးပါပဲကျွန်မအတွေ့အကြုံအရတော့ကြောက်လန့်စရာဖြစ်အောင် မခြောက်လှန့်ကြပါဘူး။ ဖြစ်ရိုးဖြစ်စဉ်ထက် ဘာမှပိုပြီး မထူးခြားပါဘူးဆရာ။ ညသန်းခေါင်ကျော်အချိန်မှာပေါ့ရှင်။ ကျွန်မဟာ အပေါ့စွန့်ဖို့ဆိုပြီးတာဝန်ခန်းထဲကနေ အိမ်သာဘက်ဆီကိုကူးသွားပါတယ်။ မွေးခန်းရှေ့မှာသွားတွေမည်းနက်နေအောင် ကွမ်းတွေရှားဆေးတွေ များများစားထားတဲ့ပလောင်မမွေးလူနာတစ်ယောက် ဗိုက်ကြီးတစ်ပြည့်နဲ့ လက်နောက်ပစ်ပြီး လမ်းလျှောက်နေလေရဲ့ရှင်။ ကျွန်မကိုတွေ့တော့ သွားမည်းမည်းတွေပေါ်အောင်ပြုံးရယ်ပြတယ်လေ။ ကျွန်မလည်းဆီးသွားချင်နေတာကြောင့် အမှုမဲ့အမှတ်မဲ့ပဲ။ အသွားရောအပြန်ပါတွေ့တာပါ။ တာဝန်ခန်းထဲပြန်ရောက်တော့မှ "ဟဲ့--မဟုတ်သေးပါဘူး။မွေးဖွားခါနီးလူနာကိုပဲ အပေါ်ထပ်မှာရှိတဲ့ မွေးခန်းဆီကို ဝင်စေနေကျပါ။ ညီမလေးတို့ရေ မွေးလူနာတစ်ယောက်ရှိတာ ဘာဖြစ်လို့မပြောကြတာတုန်းဟ" လို့မေးမိတော့မှပြဿနာပေါ်တော့တာကိုး ဆရာ။

ညီမငယ်သားဖွားဆရာမလေးတွေက "မမရယ်။ ဘာမွေးလူနာမှ မရှိပါဘူးနော်"တဲ့ ပြန်ဖြေကြတယ်။ "သေချာရဲ့လား။ ငါခုလေးတင်ပဲတွေ့ခဲ့တာ။ ငါ့ကိုပြုံးတောင်ပြလိုက်သေးတယ်နော်"

www.burmeseclassic.com



"ကြည့်လုပ်ဦးနော်မမ။ ဘယ်မွေးလူနာကသွားဖြဲပြမှာတုန်း။ ဝမ်းနာနေတဲ့ဥစ္စာကို"

"အေးဟုတ်သားပဲ။ ဒါပေမယ့်ငါ့မျက်စိနဲ့ သေချာတပ်အပ်ကြီးမြင်ခဲ့တာဟ။ ငါအိပ်မက်မက်နေတာမဟုတ်ဘူးလေ။ ပလောင်အမျိုးသမီးသွားတွေမည်းနက်လို့"

ပြောပြောဆိုဆိုနဲ့ မကျေနပ်နိုင်တဲ့ကျွန်မဟာ တာဝန်ခန်းကနေမွေးခန်း ဘက်ဆီကို အဖော်တစ်ယောက်ခေါ်ပြီး တစ်ကျော့ပြန်သွားကြည့်ပါတယ်။ ဘယ်သူမှရှိမနေပါဘူး။ အံ့ကိုသြရောဆရာရယ်။ အဲဒီမီးဖွားဆောင်ကလည်း နာမည်ကြီးပါပဲ။ ည ၁၂-နာရီလောက်ဆိုရင် လှေကားကတက်လာတဲ့ခြေသံ တဖျပ်ဖျပ်ကိုကြားရသတဲ့။ အရေးတကြီး လူနာတက်လာတဲ့အတိုင်းပဲတဲ့။ အရိပ်အယောင်ကိုမြင်တွေ့ရလေ့မရှိပေမယ့် အေးအေးကြီး ရေခဲတုန်းကြီးဖြတ်သွားသလို ခံစားကြရသတဲ့ဆရာ။ ကျွန်မကျမှ ထူးပြီးပလောင်မွေးလူနာကြီး သွားမည်းမည်းဖြဲပြတာနဲ့ကြုံရတော့ တာကိုး။ ထူးဆန်းတဲ့အတွေ့အကြုံပေါ့ရှင်။

**အာရုံငါးပါး**

တစ္ဆေခြောက်ခြင်းပါပဲဟု ယူဆယူဆ၊ အဆက်သွယ်ပြုခြင်းပါပဲဟုဆိုဆို အမှုအတန်းတောင်းခံခြင်းပါပဲဟုပြောပြော၊တစ်နည်းနည်းဖြင့် သူတို့ မကျွတ်မလွတ်ပါကြောင်းကို အသံဖြင့်ဖြစ်စေ၊ အနံ့ဖြင့်ဖြစ်စေ၊ အရိပ်အယောင်ဖြင့်ဖြစ်စေ၊ အိပ်မက်ဖြင့်ဖြစ်စေ၊ အချက်ပြတတ်ကြောင်းကို ဆောင်းပါးရှေ့ပိုင်းတွင် တင်ပြခဲ့ပါသည်။ အသံရောအရိပ်အယောင်ပါ

www.burmeseclassic.com



အချက်ပြသခဲ့သည့်မီးနေစောင့်ကိုရင်သာအေးအဖြစ်က အတော် သာကေ ကောင်းသလို၊ ရေတောင်းသောက်ပြီး ကိုယ်ယောင်ပြခဲ့သည့်ဗိုလ်အောင်ဒင့် ဖြစ်ရပ်မှာလည်း တော်တော်ထူးခြားဆန်းကြယ်လှပါသည်။ စာမျက်နှာကို ငဲ့သောအားဖြင့် အနံ့ချည်းဖြင့်ပြ သဆက်သွယ်သည့် အဖြစ်ဆန်းကို ဤတစ်ပုဒ်၌မဖော်ပြနိုင်တော့ပါ။ သို့သော်ဆောင်းပါးအဆုံးသတ်အစာပိတ် သဘောမျိုး ဖြင့်အသံနှင့်အရိပ်အယောင်တို့အပြင် အနံ့ကိုရောပေးသော အဆန်းဆုံး ကိစ္စရပ်တစ်ခုကို ဆက်လက်ဖော်ပြပါဦးမည်။

အာရုံငါးပါး (ဂန္ဓာရုံကိုပါ ထည့်ပေါင်းလျှင်ခြောက်ပါး) အနက် ကျွန်တော်တို့လူသားအဖို့ အာရုံခံအညံ့ဖျင်းဆုံးသည် ဂန္ဓာရုံဖြစ်ပါလိမ့်မည်။ တိရိစ္ဆာန်များအဖို့မူ အနံ့အသက်ခံအလွန်ကောင်းကြ၏။ အယ်လ်ဇေးရှင်း သမင်ခွေးများသည် တရားခံဖမ်းရန်စုံထောက်နှင့် ရဲအဖွဲ့ အစည်းတို့က အသုံးပြုကြရသည်အထိ အားကိုးကြရ၏။ လူသားများ ဘာကြောင့် အနံ့ခံညံ့ဖျင်းကြပါသနည်း။ မျက်စိ၊ နား၊ လျှာ အတွေ့ အထိနှင့် အတွေးအခေါ်တို့ကို အလွန်ဖွံ့ဖြိုးလာကြသောအခါ နှာခေါင်းသည် အညံ့ဖျင်းဆုံးဖြစ်သွားရသည်ဟု ကျွန်တော်ယူဆပါသည်။ သို့သော် အာရုံ တစ်ခုခုချွတ်ယွင်း အားနည်းသွားခဲ့ပါလျှင် ကျန်အာရုံများ ပိုမိုဖွံ့ဖြိုး လာတတ်၏။ ဥပမာအားဖြင့် မျက်စိကွယ်သွားသောသူများကို အထင်သေး၍မရပါ။ သူတို့အဖို့ အကြားနှင့်အနံ့ခံပိုပြီး ကောင်းလာ တတ်ပါသည်။

ကျွန်တော့်အနေနှင့်မူ သူငယ်ချင်းများနှင့် နှိုင်းယှဉ်ရလျှင် အနံ့ခံပို ကောင်းသည်ကိုတွေ့ရသည်။ ကျွန်တော့်မျက်စိအားသည် သိပ်မကောင်း

BURMESE CLASSIC .com

www.burmeseclassic.com



လှပါ။ အထက်တန်းကျောင်းသားဘဝကပင် မျက်မှန်တပ်နေရပါပြီ။ အဝေးမှုန်ခြင်းမို့ ကျေးဇူးတင်ရပါသည်။ အနီးမြင်အားကောင်းပါသည်။ ထို့ကြောင့်ယနေ့တိုင် စာရေးစာဖတ်ကို ကြိုက်သလိုလုပ်နိုင်ပါသေးသည်။ ကျွန်တော့်လက်ရေးမှာသေးကွေးလွန်းသလို ကွန်ပျူတာစာလုံးအသေးဆုံးကိုပင် မျက်မှန်မပါပဲမြင်နိုင်စွမ်းရှိပါသည်။ အဝေးမှုန်ကတော့ အတော်ဆိုး၏။ ဝါးနှစ်ပြန်ဆိုပါလျှင် ဆိုင်းဘုတ်စာလုံးများကိုပင် ခပ်ဝါးဝါးဖြစ်နေပေပြီ။ နှာခေါင်းကတော့ ကောင်းသလားမပြောနှင့်။ လေပြည်ထဲ၌ သင်းရုံလေးပါလာတတ်သော ပန်းရနံ့ကို ခွဲခြားပြောနိုင်သည်။ ဟင်းနံ့နည်းနည်းရရုံမျှဖြင့် ဘာဟင်းဟုခန့်မှန်းနိုင်သည်။ ကျွန်တော် ဆေးလိပ်မသောက်သောကြောင့် သူငယ်ချင်းကိုယ်၌ စွဲနေသော ဆေးလိပ်နံ့ကို ဘာဆေးလိပ်ဟုသိလိုက်ပါပြီ။ ရင်းနှီးသောလူကို မမြင်ရသေးခင် ကိုယ်နံ့ရရုံမျှဖြင့် ဘယ်သူဘယ်ဝါလာနေပြီဟု တိကျမှန်ကန်စွာပြောနိုင်သည်။ ထို့ကြောင့် ကျွန်တော်အား သူငယ်ချင်းများက အယ်လ်ဇေးရှင်းဟုနာမည်ပြောင် ပေးကြ၏။

**အသေစောလေသူ**

"... အငဲတစ်ယောက်ဆုံးရှာပြီတဲ့" ဤသတင်းဆိုးကြီးကိုကြားသိလိုက်ရသောအခါ ကျွန်တော်သည်မှင်သက်မိသလို ကြောင်အမ်းအမ်းကြီးဖြစ်သွား၏။ ပြီးမှယူကြုံးမရဖြစ်ကာ တုန်လှုပ်ချောက်ချားမိပါတော့သည်။ ဆေးကျောင်းမှအောင်ပြီးစ အလုပ်သင် ဆရာဝန်ဆင်းပြီးစ ဆေးခန်းထိုင်ကာမိဘများကို လုပ်ကျွေးနေရှာသော လူငယ်ဆရာဝန်တစ်ဦးဖြစ်သူ

BURMESE CLASSIC .com

www.burmeseclassic.com



အငဲသည်ယခုလိုသေခြင်းတရားနှင့်ဆက်စပ်မှုရှိလျက် လျင်လျင်မြန်မြန်ကြီး ဖြစ်ပျက်သွားရလိမ့်မည်ဟု ကျွန်တော်ဘယ်တုန်းကမှ မတွေးထင်ခဲ့ဖူးပေ။ သေခြင်းတရားဆောင်းပါးတွဲများ ရေးကာစာဖတ်သူတို့အား သံဝေဂ တရားပေးဝေနေသော ကျွန်တော်သည်ပင်လျှင် အငဲကွယ်လွန်ခြင်းကိစ္စနှင့် ပတ်သက်ပြီး တသသနှမြောနေခဲ့ပါသေးလျှင် သူ့အပေါင်းအသင်း သူ့သူငယ်ချင်းများအဖို့ ပိုလို့သာတုန်လှုပ်ချောက်ချားကြပါလိမ့်မည်။ ကျွန်တော့်ထက်ပိုပြီး သူ့ဆွေမျိုးသားချင်းများနှင့် လူနာများက ပိုလို့ ဝမ်းနည်းကြေကွဲကြပါလိမ့်မည်။ သူ့ မိဘနှစ်ပါးတို့ဆိုလျှင် ပို၍ဆိုးပေ လိမ့်မည်။ အလိမ္မာဆုံးသားထွေးမို့ အချစ်ဆုံးဖြစ်သလို သူ့ကိုအား အကိုးဆုံးမို့ နှမြောတသယူကျုံးမရ ပို၍ဖြစ်ကြရပါလိမ့်မည်။

လူတိုင်းတစ်နေ့သေကြရမည်မို့ မတတ်နိုင်တော့ပြီ။ သို့သော် မှန်ရာကိုဝန်ခံရလျှင် အငဲအားမသေစေချင်သေးပါ။ လောကအကျိုး၊ လူသားအကျိုးတို့ကို သူအများကြီး ဆောင်ရွက်နိုင်ပါသေးသည်။ သူ့မှာဆောင်ရွက်နိုင်စွမ်းအားလည်းရှိသည်။ စေတနာမေတ္တာလည်း အပြည့်ရှိပါသည်။ တိုင်းပြည်နှင့်လူမျိုးအတွက် အညွန့်တလူလူနှင့်နေသော အဖိုးတန်လူငယ်တစ်ဦးမို့ အလွန်နှမြောရခြင်းပါ။ အချိန်တန် အရွယ် ရောက်ပြီမို့ သားလိမ္မာလေးအား အိမ်ထောင်ရက်သားချထားပေးချင်သည်။ သင့်တော်မည့်မိန်းကလေးနှင့် ဖူးစာဆုံသွားခဲ့လျှင် မိဘများအဖို့ စိတ်ချ နိုင်ပါပြီ။ ထို့ကြောင့် အိမ်ထောင်ပြုနိုင်ရန် တိုက်တွန်းလေတိုင်း ဖေဖေတို့ မေမေတို့ကို လုပ်ကျွေးပါရစေဦး။ ငါးနှစ်လောက် အားရပါးရ ကျေးဇူး ဆပ်ပြီးမှပဲကျွန်တော့်အိမ်ထောင်ရေးကို စဉ်းစားပါရစေဟု တောင်းပန်

BURMESE CLASSIC .com

www.burmeseclassic.com



ပြောဆိုမြဲဖြစ်သည်။ ကဲ အခုတော့ လူပျိုလူလွတ်ဘဝဖြင့် တမလွန်ခရီးကို အပြီးထွက်သွားခဲ့ပြီ။ လိမ္မာသည့်လူငယ်များကို လောကကြီးထဲက ဘာကြောင့်မြန်မြန်ကြီး ဆွဲထုတ်သွားပါလိမ့်။

ကျွန်တော်အသုဘရှုရောက်သွားချိန်တွင် အငဲတို့ခြံဝန်းကျယ်ကြီး၌ ယာယီဖျင်တဲထိုး၊ စားပွဲကုလားထိုင်တွေချလျက် ပရိသတ်များစည်ကား နေပါပြီ။ အငဲအစ်ကိုကြီးကလည်း ဆရာဝန်ဖြစ်၏။ ဖခင်ကြီးကလည်း ဆေးမင်းကြီး(ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး) ဘဝမှ အငြိမ်းစားယူထား သော ရှေးခေတ်ဆရာဝန်ကြီးဖြစ်ပါသည်။ မိခင်ကြီးမှာ သွက်လက် ချက်ချာကာ အပေါင်းအသင်း ဆံ့လှ၏။ နှစ်ဘက် ဘိုးဘွားများတို့မှာ သူ့ခေတ်နှင့်သူ ရှေး အရာရှိကြီးတွေမို့ ဆွေကြီးမျိုးကြီးအသိုင်းအဝိုင်း ကြီးကာအုပ်စုတောင့်တောင့် သိက္ခာရှိရှိ နေထိုင်လာခဲ့ကြသော ဂုဏ်သရေရှိ လူကြီးလူကောင်းများဖြစ်ကြပါသည်။ မိခင်ဘက်မှ အဘိုးဆောက်ခဲ့သော နှစ်ထပ်အိမ်ကြီးမှာ သူ့ခေတ်သူ့အခါမှာတော့ ခေတ်အမီဆုံးဖြစ်ပါသည်။ အိမ်ပေါ်ထပ်၌ အလောင်းစင်ကို စံထား၍ (အလောင်းပြင်ဆင်ထား၍) ကျွန်တော်လည်း အသုဘရှုရန် အပေါ်ထပ်သို့တက်ရောက်ခဲ့ပါသည်။

**မရှိးဘူးတဲ့**

"ဆရာ့ညီအဖြစ်ကို ကြည့်ပါဦးရှင်" ဟု အငဲမိခင်ဒေါ်မြိုင်က မချိတင်ကဲ ဆီးပြောရှာသည်။ ကျွန်တော်ကတော့ မိသားစုအလိုက် ရင်းနှီးသည်မို့ အမေမြိုင်ဟုခေါ်သည်။ အငဲဖခင် ဒေါက်တာဦးဝင်းကိုမူ ကျွန်တော့ဆရာကြီးဖြစ်ခဲ့ဖူး၍ "ဆရာကြီး"ဟုသာ ခေါ်၏။ အမေမြိုင်

BURMESE CLASSIC .com

www.burmeseclassic.com



ခများမှာ တရားသမားမို့ စိတ်ကိုထိန်းကာ တရားဖြင့် ဖြေဆည်၍ ငြိမ်ခံနေပါသည်။ မျက်လုံးအစုံမှာတော့ မျက်ရည်က ဝေ့လည်နေရှာ၏။ ဆရာကြီးကတော့ ငူငူငိုင်ငိုင်ကြီး အုတ်နံရံကိုမှီကာ ထိုင်နေပါသည်။ ဆို့နင့် နေသည်မှာ သေချာပါသည်။ နဂိုကမှစကားနည်းရသည့် အထဲ ခုတော့ ဘာတစ်ခွန်းမှ မဖွင့်ဟတော့ပါ။ မျက်ရည်ကျရဖန်များ၍ နီရဲနေသည့်မျက်လုံးအစုံဖြင့်သာ ရင်တွင်းဖြစ်ဝေဒနာကို ဖော်ပြနေရှာ၏။ သားတစ်ယောက်လုံးဆုံးရှုံးရခြင်းသည် ကြီးမားလှသည်။ အစားပြန်မရနိုင်တော့သော လက်လွတ်လိုက်ရခြင်းမျိုး မဟုတ်ပါလား။ ပြီးတော့သည် သားထွေးက အခြားသော သားလိမ္မာများထက် ပိုပြီးလိမ္မာကာ မိဘကို လုပ်ကျွေးပြုစုနေသော အညွန့်တလူလူနှင့် ဆရာဝန်ပေါက်စလေးပါ။

“ဘယ်လိုဖြစ်တာလဲ အမေမြိုင်ရာ၊ ရုတ်တရက်ကြီးနော်။ ကြားစတုန်းက ကျွန်တော်ဖြင့် ကိုယ့်နားကိုယ်တောင် ကိုယ်မယုံနိုင်အောင်ပါပဲဗျာ”

“အမေမြိုင်တို့လည်း အငဲဒီလိုကြီးဖြစ်သွားလိမ့်မယ်လို့ ထင်ကိုမထင်ပါဘူး။ မြန်လိုက်တာဆရာရယ်။ ဆေးရုံမှာ ဘာကြာလိုက်လို့လဲ။ ဆေးရုံကဆရာဝန်တွေ ဆရာမတွေလည်း ဂရုစိုက်ကြပါတယ်။ စပ်စံထွန်း ဆေးရုံပေါ်မှာပဲ မနေ့ည ရှစ်နာရီလောက်မှာ ဆုံးရှာတာပါ။

“ဘာရောဂါတဲ့လဲ အမေမြိုင်”

“အပြာရအခက်သား ဆရာရယ်။ ဗိုက်နာတယ်၊ ရင်တုန်တယ်၊ အသက်ရှူရခက်တယ်ဆိုလို့ ဆေးရုံတင်လိုက်ရတာ။ ချွေးစေးတွေပြန်ပြီး တကယ့်ကိုခံစားနေရတာကိုး။ သေရေးရှင်ရေးအကျပ်အတည်းကို ဆိုင်းမဆင့်ဗုံမဆင့်ဘဲပေါ်ပေါက်လာတာပါဆရာ”

BURMESE CLASSIC .com

www.burmeseclassic.com



"စိတ်မကောင်းလိုက်တာအမေမြိုင်ရာ"

"ဆီးချိုရှိနေသတဲ့။ ဒါလည်းဆေးရုံရောက်မှ ရောဂါရှာဖွေရင်း တွေ့တာပါ။ အသက်ငယ်ငယ် လူကပြည့်ဖြိုးကျန်းမာနေတော့ ဘယ်ထင်ပါ့မလဲဆရာ။ အနာနဲ့ ဆေးနဲ့ကလည်း မတွေ့ဘူး။ မသက်သာရှာပါဘူး။ ဆရာဝန်တွေကလည်း မရိုးဘူးထင်တယ်။ အကြမ်းဆရာတွေနဲ့ ပြချင်ပြကြည့်ပါဦးလို့ အချင်းချင်းမို့ ပွင့်ပွင့်လင်းလင်းပဲပြောပါတယ်။ ဆရာ့ကိုလည်း လူရင်းမို့ အမေမြိုင်ပြောတာပါ။ သူ့ဗိုက်ထဲကဂလူး-ဂလူး-ကွကွ-ကွိကွိ မြည်သံတွေဟာ ဆေးသိပ္ပံပညာနဲ့ အဖြေရှာလို့ မရဘူးတဲ့ဆရာ"

"ဒီခေတ်ကြီးထဲမှာ ဟုတ်ပါ့မလား"

"ဆန်းတော့ဆန်းတယ်ဆရာ။ ရေမဝင်၊ အစာမဝင် ဘာမဝင်နဲ့ သူမှိန်းသွားလိုက်တာ တစ်နေ့လည်ခင်းလုံးပါပဲ။ သူ့အထက်အစ်ကိုက လက္ခဏာဗေဒင်တွေ လိုက်စားတယ်။ယတြာတွေ အင်းတွေဆေးဖယောင်းတိုင်တွေ ပါလာတော့တာပေါ့။ အထက်ဂိုဏ်းကဆရာတစ်ယောက်ကို သွားပင့် လာပါတယ်။ လှေကားကဆရာတက်လာရုံရှိသေးတယ်။ အငဲက "ဟော လာပြီ၊ လာပြီ" လို့ လူကောင်းပကတိလို လက်ညှိုးထိုးပြီး ပြောတယ်။ သူလည်းပြောပြီးရော ဆရာလည်းအခန်းဝကနေ ဝင်လာတော့တာ။ သူ့ခြေရင်းကနေ ခုတင်ညာဘက်ကိုလည်း ဆရာလျှောက်လာရော၊ အိပ်ရာပေါ်က အငဲထပြီး ဆရာ့ကို ရန်မူတော့တာပဲ။ ကြမ်းသလားမပြောနဲ့ဆရာရယ်။ ဘီလူးသဘက်စီးသလို မျက်လုံးကြီးကလည်း ပြူးထွက်လို့ရှင့်။ ဆရာက သူ့ခေါင်းရင်းကနေ ပတ်ပြီး

www.burmeseclassic.com



ခုတင်ဘယ်ဘက်ကိုကူးလာတယ်။ အမေမြိုင်တို့က ဘယ်ဘက်မှာရှိနေတာ အကြမ်းဆေးတိုက်ဖို့ဟာ ဆရာ့လက်ထဲက ဆေးခွက်ကို အငဲလုတာ၊ သူ့အထက်အစ်ကိုနဲ့ သူငယ်ချင်းတွေက သူ့ကိုချုပ်၊ ဆရာကလည်း သူ့ပါးစပ်ထဲဝင်အောင်ဆေးတိုက်၊ ဖိတ်တာဖိတ်၊ ဝင်တာဝင်ပေါ့လေ။ ဆေးဝင်သွားတာနဲ့ သူငြိမ်သွားတာပါပဲ။ ဆရာလာတာညနေပိုင်း။ သူဆုံးတာ ညဉ့်ဦးပိုင်းမှာပါ။"

## ညမှာမီးလောင်

ရှမ်းပြည်နယ်ထုံးစံအတိုင်း သွေးသောက်ဝတ်ဟုခေါ်သော အသုဘ အကူငွေ ထည့်လှူပါသည်။ အငဲ၏အလောင်းကို သေသပ်စွာ ပြင်ဆင် ထား၏။ တိုက်ပုံအင်္ကျီမီးခိုးအပြာရောင်၊ ပုဆိုးကရခိုင်ပုဆိုးခိုပြာရောင်၊ ရုပ်အဖြူလည်ကတုံးဖြင့်အေးချမ်းစွာ အိပ်စက်လဲလျောင်းနေသည်ဟု ထင်မှတ်မှားရပါ၏။ လွှမ်းထားသောဇာပဝါအဖြူလေးကို လှစ်ကာ အသုဘရှုလိုက်သောအခါ မည်းနက်ထူထဲသော မျက်ခုံးမွေးတန်းတန်း အောက်က ရွှမ်းကော့နေသော မျက်တောင်မွေးများရှိသည့် မျက်ခွံသည် အိပ်နေသလိုအသာအယာပိတ်ထားဟန်ရှိသည်။နှုတ်ခမ်းလွှာအစုံမှာလည်း သက်တောင့်သက်သာစေ့နေသည့်ပုံစံဖြင့်ပင်ဖြစ်၏။ အမေမြိုင်ပြောပြသလို၊ ဘီလူးသရဲသဘက်စီးသည့်ပုံ၊ ကြမ်းတမ်းခက်ထရော်သည့်ပုံ အလျင်းမျှ မရှိဘဲငြိမ်းချမ်းစိတ်ချစွာ အနားယူနေသည့်အလား ထင်မြင်စေပါသည်။ အငဲတစ်ယောက် ကောင်းရာသုဂတိလားပါစေဟု ဆုတောင်းနေမိ၏။

နောက်တစ်နေ့မနက်စောစောတွင် ကျွန်တော်သည်အသုဘအိမ်သို့ ရောက်သွား၏။ သင်္ဂြိုဟ်မည့်နေ့မနက်ပိုင်းဖြစ်၏။ တစ်ခါတစ်ရံ ရပ်ဝေးမှ

BURMESE CLASSIC .com

www.burmeseclassic.com



လူနာများကျွန်တော့ဆေးခန်းသို့ ရောက်လာတတ်၍ ကျွန်တော့်မှာလည်း သာမှုနာမှုကိစ္စဖြင့် အပြင်သွားရန် ပျက်ကွက်ရလေ့ရှိတတ်ပါသည်။ လူနာတွေကလည်း မိတ်ရင်းဆွေရင်းဆိုတော့ ငြင်းပယ်၍မရနိုင်ပါ။ ပိုဆိုးသည်က ပြန်ချိန်း၍လည်းမဖြစ်နိုင်ပါ။ ကားလက်မှတ်ကဖြတ်ထားပြီးသားများ၏။ နေ့ခင်းတစ်နာရီမှာထွက်မည်၊ တစ်နာရီခွဲမှာထွက်မည်၊ နှစ်နာရီမှာထွက်မည်စသော ကလောမြို့၊ အောင်ပန်းမြို့၊ ပင်းတယမြို့၊ ပင်လောင်းမြို့မှ နေ့ချင်းပြန်လူနာများဖြစ်နေတတ်သောကြောင့်ပါ။ အငဲကိုလူရင်းမို့ မပို့ဖြစ်ခဲ့သော် ဟူသောအတွေးဖြင့် သင်္ဂြိုဟ်မည့်နေ့ မနက်စောစောတစ်ခေါက်ထပ်မံ၍ကျွန်တော်ရောက်ရှိသွားခြင်းဖြစ်ပါသည်။

အသုဘအိမ်ရောက်သည်နှင့် အလောင်းကောင်ကြီး ညကမီး ထလောင်လို့တဲ့ ဟူသော သတင်းထူး သတင်းဆန်းကြီး ကိုကြားရပါတော့၏။ အလောင်းစင်အနီး၌ ဖယောင်းတိုင်မီး သို့မဟုတ် ဆီမီးခွက်ကို ထွန်းညှိ ထားလေ့ရှိတတ်ရာ ထိုမှတစ်ဆင့် လောင်တာလေလားဟု တွေးမိ၏။ ကျွန်တော့်အောက်ညီငယ်မောင်သန်းထွန်း တိမ်းပါးစဉ်က မီးလောင်ဖူး၏။ ဖြစ်ပုံမှာ ဖယောင်းတိုင်မီးမှတစ်ဆင့် မီးစွဲခြင်းပါ။ လေတိုက်ရာ ဟိုသည်လွင့်နေသော အလောင်းထက်မှာ အုပ်ထားသည့် “ရိပ်” မှ ဇာကို မီးကူးပြီး မီးစွဲလောင်ဖူးပါသည်။ သေသေချာချာ မေးကြည့်သောအခါ အငဲကိစ္စတွင် ဖယောင်းတိုင်မီးမှ မီးစွဲလောင်ခြင်း မဟုတ်ပါတဲ့။ အသုဘစောင့်ကာလသားများတို့သည် ရှေ့တစ်ညကပင်ပန်းထားကြပြီဖြစ်၍ အိပ်မောကျနေသူတို့ရှိသလို၊ အောက်ထပ်ဖဲဝိုင်းတွင် ဇောကပ်နေသူတို့လည်း ရှိကြသည်။ မီးအားနည်း၍ မီးအားမြှင့်စက်

www.burmeseclassic.com



သုံးထားသည်။ ညဥ့်ဦးပိုင်းမှာ မြှင့်ထားသောမီးခလုပ်ကို ညဥ့်သန်းခေါင် ရောက်လျှင် ပြန်ချရပါမည်။ တစ်မြို့လုံးနီးပါး အိပ်စက်ကုန်၍ မီးအား ပြန်တက်လာခြင်းကြောင့်ပါ။ ခလုတ်ပြန်ချရန်မေ့နေကြ၏။

မီးအားအလွန်မြင့်၍ ဖန်သီးများကွဲကုန်၏။ အောက်ထပ်၌ ဦးစွာ ကွဲ၏။ အပေါ်ထပ်မှာလည်း တစ်လုံးပြီးတစ်လုံး ကွဲပါတော့၏။ ထို့ကြောင့် အောက်ထပ်မှတစ်ယောက်အပေါ်ထပ်သို့တက်ကြည့်စဉ် အလောင်းမှာမီးစွဲ နေပါပြီ။ ခေါင်းအုံးမှမီးခိုးများထွက်နေ၏ အလောင်းကိုလွှမ်းထားသော ဇာပဝါမှာစလိုက်မီးဖွင့်ချည်မှိတ်ချည်လို မီးဖွားလေးများ တလက်လက်နှင့်မို့ ကြည့်လို့ပင်ကောင်းသေးတော့၏။ ဖြစ်စဉ်အရမူ ဖန်သီးကွဲ၍ လွင့်စဉ် လာသော ဖန်ကွဲစများ ခေါင်းအုံးတွင်းသို့စိုက်ဝင်ကာ လဲမှို့ကို တဖြည်း ဖြည်းချင်း လောင်ကျွမ်းခြင်းဖြစ်ပါလိမ့်မည်။ ဇာပဝါပေါ် စဉ်ကျသော ဖန်သီးကွဲစများမှ တစ်ဆင့်ဇာပဝါမီးစွဲခြင်းဖြစ်၏။ ဤသည်ကိုလူတွေက ခေါင်းအုံးသာမီးလောင်သည်။ အလောင်းဦးခေါင်းကို မီးမလောင်သည်မှာ ဆန်းသည်။ ဇာပဝါသာမီးလောင်ပြီး တိုက်ပုံနှင့်ပုဆိုးများ မလောင်သည် ကိုလည်း ထူးခြားသည်ဟု အမျိုးမျိုးပြောကြပါတော့သည်။

## ရပ်ကွက်မီးလောင်

အငဲကိုသင်္ဂြိုဟ်သည့်နေ့ အလောင်းပြာကျချိန်လောက်မှာ မြို့တည် စက လေးအိမ်ကုန်းဟုခေါ်သော ရပ်ကွက်၌ မီးလောင်မှုကြီး ဖြစ်ပွား သည်မှာလည်း ထူးဆန်းသော တိုက်ဆိုင်မှုကြီးဖြစ်ပါသည်။ မီးစတင် လောင်သော အိမ်သည် အငဲအစ်ကိုတို့နှင့် ဆက်စပ်မှုရှိသော နတ်ကတော်

www.burmeseclassic.com



အိမ်ဖြစ်နေပြန်သည်။ တောင်ကြီးမြို့သည် မီးအကြီးအကျယ်လောင်လေ့ လောင်ထမရှိခဲ့ဖူးပါ။ ရှေးတုန်းကများ တစ်နှစ်မှာ တစ်ကြိမ်မဆိုထားနှင့် သုံးလေးနှစ်ကြာမှ မီးလောင်မှု တစ်မှုတစ်လေလောက်သာ ပေါ်ပေါက်တတ်၏။ လောင် သော်မှလောင်ရော၊ အိမ်တစ်ခြမ်းအိမ်တစ်လုံးဆိုလျှင် မီးကိုဝိုင်းသတ်နိုင်ပါပြီ။ အိမ်ခြောက်လုံး မီးထဲပါသွားလို့တဲ့ဟူသော သတင်းသည်အကြီးမားဆုံးမီးလောင်မှုကြီး ဖြစ်နေပေပြီယခုလေးအိမ်ကုန်း မီးကြီးမှာ အိမ် (၂၄) လုံးတောင် မီးထဲပါသွားခြင်းမို့ တောင်ကြီးမြို့ သက်တမ်းနှစ်တစ်ရာကျော်မှာ စံချိန်တင်သောအကြီးမားဆုံး မီးဘေးကြီး ဖြစ်ပါတော့သည်။

ထိုသောအခါတွင် လူတွေ၏ပါးစပ်သဘာဝအတိုင်း စကားတွေက စပြောသည်နှင့် ကားပြီးရင်းကားလိုက်သည်မှာ နားထောင်လို့တော့ ကောင်းသားပေ့။ ဟုတ်သည်မဟုတ်သည်တော့ အပထားလိုက်ပါဟု ဆိုရပေလိမ့်မည်။ ကျောင်းတော်ကရန်စ၊ ဗောင်းတော်ကိုလှုံခသလို အချင်းချင်းမသင့်မမြတ်ဖြစ်ရာက ရန်ငြိုးကြီးစွာဖြင့် တစ်ဖက်က အောက်လမ်းဆရာနှင့် ပူပေါင်းကြံစည်တိုက်ခိုက်ပါသတဲ့။ ခံရတဲ့ ဖက်မှာတော့ မသက်သာလှပါ။ စီးပွားပျက်သည့်အပြင် ရောဂါပါ စွဲကပ်လာတော့၏။ သွေးရိုးသားရိုး ရောဂါမဟုတ်သည့်အတွက် ဆေးခန်းလည်းစုံပြီ။ ဆရာဝန်ပေါင်းလည်းနှံ့ခဲ့ပြီ။

နောက်ဆုံး ဒေါက်တာအငဲ၏ အထက်အစ်ကိုထံသို့ ဆိုက်ဆိုက် မြိုက်မြိုက်ကြီး ရောက်လာတော့၏။ ဟိုစပ်စပ် သည်စပ်စပ်လိုက်စားတတ် သောအစ်ကိုက ဆေးကြမ်းရောဆေးနုပါ သုံး၍ကုသပေးလိုက်ရာ ရောဂါမှ

BURMESE CLASSIC .com

www.burmeseclassic.com



ချမ်းသာရာ ရရှိသွားပါတော့သည်တဲ့။ ဟိုဆရာက မကျေနပ်၍ ပြန်ဆော်လိုက်ရာ လူမှားပြီး အငဲသေရပါလေရောဆိုကိုး။ အငဲရောဂါ ဖောက်ပြန်နေစဉ် သူ့အတွက် ထွန်းပေးသည့် ဖယောင်းတိုင်မှာ အငဲမီးသင်္ဂြိုဟ်သည့်နေ့ အထိ မကုန်သေးပါတဲ့။ ထိုဖယောင်းတိုင်မီးမှစ၍ လောင်ရာ တောင်ကြီးမြို့သမိုင်းတွင် အကြီးကျယ်ဆုံးသောမီးလောင်မှု ကြီးဖြစ်ရပါတော့သည်တဲ့။ ဤသည်ကား အခြေအမြစ်မရှိသော ကောလ ဟာလသတင်းမို့ ယုံသင့်မှယုံပါလေ။

## ဖြေကြားသုံးသပ်ကြားရ

ဤအဖြစ်မှာ လွန်ခဲ့သောလေးနှစ်ကျော်ကာလတုန်းက တောင်ကြီး မြို့၌ ရေပန်းစားသွားခဲ့သည့် သတင်းထူးတစ်ပုဒ်ဖြစ်ပါသည်။ အခြေအမြစ် မရှိသော်ငြားလည်း ဆန်းဆန်းပြားပြားဆိုလျှင် လူတို့စိတ်ဝင်စားကြသည့် အလျောက် မဟုတ်တာရောဟုတ်တာရော အဆာတွေဖြည့်စွက်ကာ အဆင့်ဆင့်ပြောကြရင်း နားထောင်ချင့်စဖွယ် ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွား ရတော့သည်ဟု ကျွန်တော်ကောက်ချက်ချမိပါသည်။ အငဲဆုံးပြီး တစ်နှစ်ခွဲခန့်အကြာတွင်သူ့ဖခင်ဒေါက်တာဝင်းကွယ်လွန်ရှာပါသည် အမေမြိုင်ခမျာသားရောခင်ပွန်းပါဆက်တိုက်ကွယ်လွန်ကုန်ပါ၍စိတ်ထိခိုက် ရရှာသည်။ ရန်ကုန်တွင်နေထိုင်သောသားများက သူတို့နှင့်လိုက်နေရန် ခေါ်လေရာစိတ်ပြေလက်ပျောက်သဘောမျိုးဖြင့် သားများနောက် လိုက်ရပါတော့မည်။ မိဘလက်ထက်ကပင် နေထိုင်ခဲ့သောအိမ်ကို အငှားတင်ခဲ့၏။ အောက်ထပ်ကိုသာလျှင်ငှားခြင်းပါ။

BURMESE CLASSIC .com

www.burmeseclassic.com



ဆရာကြီးတို့အမေမြိုင်တို့နေထိုင်စဉ်က ဘာအခြောက်အလှန့်မှမရှိဖူးပါ။ အိမ်ငှားများလာနေကြသောအခါတွင် ညညဌအိမ်အပေါ်ထပ်တွင် လူလမ်းလျှောက်သည့်ခြေသံများကို သဲသဲကွဲကွဲ သေသေချာချာကြီး ကြားရသည်ဟုဆို၏။ လကွယ်ညများ၌ ပို၍ပြင်းပြင်းထန်ထန်ရှိသည်။ အစပိုင်း၌ အိပ်မက်လိုလိုဘာလိုလိုနှင့် မသေချာလှပါ။ လူတွေကလည်း အိပ်မောကျသည့် ညဉ့်နက်သန်းခေါင်အချိန်ဖြစ်နေခဲ့သည် မဟုတ်ပါလား။ ခြောက်လှန့်သည်ဟုမထင်ခဲ့ပါ။ အိမ်မှာမနေနိုင်အောင် ခြောက်လှန့်သည်လည်းမဟုတ်ပါပေ။ အပေါ်ထပ်၌ သူ့ဘာသာသူ အေးအေးဆေးဆေးနေခြင်းမို့ အိမ်ငှားများအဖို့ ကြောက်လန့်ခြင်းမရှိပါ။ လအတော်အတန်ကြာပြီးနောက်မှ သေချာပါတော့သည်။ ကလေးငယ်ခမျာ နေမကောင်းဖြစ်၏။ သွေးရိုးသားရိုးပါ။ ကလေးငယ်အဖျားကြောင့် မအိပ်နိုင်ဘဲအီအီ-အီအီနှင့် ငိုနေသဖြင့် လူကြီးများလည်း မအိပ်စက်နိုင်ကြပါ။ တိုင်ကပ်နာရီမှ ၁၂-ချက်လည်းထိုးပြီး ရော၊ ခြေသံပြင်းပြင်း လျှောက်သံကို စတင်ကြားရရောဟုဆို၏။

အပေါ်ထပ်၌အိမ်ရှင်၏ ပစ္စည်းများ ထားရစ်ခဲ့ရာ အိမ်ငှားတို့အား စောင့်ရှောက်လိုက်ပါရန် အပ်နှံထားသည်ဖြစ်ရာ၊ သူခိုးများကပ်လေသလားဟုထင်လိုက်မိ၏။ အိမ်ပြင်ထွက်ကာလက်နှိပ်ဓာတ်မီးဖြင့် လှည့်ပတ်ထိုးကြည့်သည်။ ပြတင်းပေါက်များ တံခါးပေါက်များ အိမ်ခေါင်မိုးများ ဘာမှလက်ရာမပျက်ပါ။ ခြံဝန်းကလည်းလုံခြုံနေပါ၏။ ထိုနေ့မှစ၍ အထူးသတိပြုပြီး နားထောင်ကြည့်၏။ အကဲခတ်လေ့လာကြည့်ပါသည်။ အသံဗလံကိုသာကြားရ၏။ အရိပ်အယောင်ကိုမူ မတွေ့ရပါ။ အနံ့အသက်

BURMESE CLASSIC .com

www.burmeseclassic.com



များကိုလည်း မရရှိကြပါ။ အသံဆိုရာ၌ ခြေသံကိုသာကြားရခြင်းပါ။ တစ်ခါတစ်ရံ အကြာကြီးကြာအောင် လခြားပြီးမှသာ လိုက်သံပြေးသံ ကြမ်းကြမ်းရမ်းရမ်းကို ကြားရတတ်၏။ အိမ်ရှင်၏ဒေါ်လေးကိုတော့ အကျိုးအကြောင်းပြောပြထားလိုက်ပါသည်။

## တကယ်ပြောင်းပြီ

ဆရာကြီးနှင့်အမေမြိုင်တို့မှာ ကျွန်တော့်ကျေးဇူးရှင်များဖြစ်ကြ၍ အစိုးရဝန်ထမ်းဘဝမှ ကျွန်တော်အလုပ်ထွက်လိုက်ပြီးသည့် နောက်ပိုင်းမှာလည်း အဆက်အသွယ်မပြတ်ပါ။ ဆရာကြီးတို့ဇနီးမောင်နှံ မြို့ထဲလမ်းလျှောက်ထွက်ရင်း၊ ဈေးဝယ်ဈေးလည်ထွက်ရင်း ကျွန်တော့်ဆေးခန်း၌ တစ်ထောက်ဝင်နား တတ်သလို ကျွန်တော်ကလည်း မနက်စောစောမှာ ဟင်းထုပ်လေး၊ မုန့်ပြားသလပ်လေး၊ အကြော်စုံလေး၊ ပဲပြုတ်နှင့်နံပြားလေး စသည်ဖြင့်တစ်မျိုးမျိုးဝယ်ကာ ဆရာကြီးတို့အိမ်သို့ အလည်အပတ် ရောက်လေ့ရှိတတ်ပါသည်။ ရောက်တိုင်းလည်းအမေမြိုင်တစ်ယောက်ဖြင့် ကော်ဖီဖျော်ချိန်မို့ ကော်ဖီ တစ်ခွက်တော့ ဖျော်တိုက်ရမှကျေနပ်နိုင်ပါသည်။ တစ်ခါတစ်ရံမှာကျွန်တော်သည် နေ့ခင်းပိုင်း သို့မဟုတ် ညနေပိုင်း၌ ရောက်သွားတတ်သေးရာ ဖျော်ရည်တစ်မျိုးမျိုးဖြင့် ဧည့်ဝတ်ပြုတတ်ပါ၏။ အဓိကမှာ စကားတွေ ဖောင်ဖွဲ့ရယ်မောပြောဆိုခြင်းပါ။ စကားထဲ၌ တရားများကိုတော့ ကြားညှပ် ထည့်စေမြဲပါ။ ကျွန်တော့်ကို တူသား တပည့်ရင်းသဖွယ် ခင်မင်ရင်းနှီးကြပါသည်။ ဝါဝင်ဝါထွက် နှစ်ဆန်း ရက်များ၌လည်း ကျွန်တော် သွားကန်တော့နေကျဖြစ်ပါသည်။

BURMESE CLASSIC .com

www.burmeseclassic.com



အမေမြိုင်တစ်ယောက် ရန်ကုန်သို့စိတ်ပြေလက်ပျောက် လိုက်နေတော့ ကျွန်တော့်မှာသွားနေကျဝတ္တရားတစ်ခုကို မဆောင်ရွက်နိုင်တော့ပေ။ အမေမြိုင်၏ဒေါ်လေးတစ်ယောက်သွားပြဿနာဖြင့် ကျွန်တော့်ဆေးခန်းသို့ ရောက်လာလေလျှင်အမေမြိုင်သတင်းကို အမြဲမေးရ၏။ တရားစာအုပ်များ လက်ဆောင်ထည့်ပေးရပါသည်။ ရန်ကုန်မှာ အမေမြိုင်တစ်ယောက် မပျော်နိုင်ရှာပါပေ။ ကျွန်တော်လည်းစိတ်မကောင်းဖြစ်မိပါသည်။ ဒေါ်လေးအား အမေမြိုင်ကို မခေါ်ထားရကောင်းလားဟု ကျွန်တော် ပြောသောအခါ "ဒေါ်လေးက ခေါ်ပါတယ်။ မြိုင်ကသူ့သားတွေကို ငဲ့ညှာတယ်။ ပတ်ဝန်းကျင်က သားတွေအမေကိုပစ်ထားကြတယ်လို့ ကဲ့ရဲ့မှာစိုးသတဲ့လေမြိုင်ကလည်းဒေါ်လေးကိုသိပ်ချစ်တော့ဒေါ်လေးဆီမှာ နေချင်ရှာပါတယ်။" ဟူ၍ ရှင်းပြ၏။ လူ့ဘဝဆိုသည်မှာ၍သို့ပင် ဖြစ်တတ်စမြဲပါ။ ပျော်ရာမှာမနေရ၊ တော်ရာမှာနေရ၊ ကံပစ်ချသည့်အတိုင်း ပါပဲလားဟု ကျွန်တော်သံဝေဂရမိလိုက်ပါသည်။

ရွှေပုဇွန်ကိတ်ထုပ်ဖြင့်အမေမြိုင်တစ်ယောက် ကျွန်တော့်ဆေးခန်းသို့ ရုတ်တရက်ပေါက်ချလာသောအခါအလွန်အံ့ဩသွားရသလိုအလွန်အမင်း လည်းဝမ်းသာသွားရပါသည်။ "ဆရာရေ၊ ဆရာ့ကိုအမြဲသတိရတယ်နော်။ အမေမြိုင် ကိစ္စနဲ့လာခဲ့တာ။ ကားနဲ့တောင်ကြီးကို အခုရောက် အခုပဲဆရာ့ ဆေးခန်းဝင်တာ။ မုန့်က အဖိုးမတန်ပေမယ့် စားစေချင်လို့ပါ။ နောက်မှ စကားတွေပြောကြတာပေါ့" ဟုမုန့်ထုပ်ကိုကမ်းပေးရင်းစကားလည်းပြော၊ နှုတ်လည်းဆက်၊ ပြန်လည်းထွက်ခွာသွားပါတော့တယ်။ အိမ်ရောင်း ဖို့လာကြောင်း၊ အဆင်ပြေလိမ့်မည်ထင်ကြောင်း၊ သားတွေကို ခွဲတန်

www.burmeseclassic.com



သရွှေ့ခွဲပေးပြီး ရန်ကုန်မှာ တိုက်ခန်းဝယ်ကာ အခြေချနေထိုင်ပါတော့မည်ဖြစ်ကြောင်း စသည်ဖြင့် နောက်တစ်ရက်ခြားမှာ သတင်းစကားကို သိရပါတော့သည်။ ပြီးတော့နောက်တစ်ရက်မှာ အဆင်ပြေသွားပြီဟု ပြောကာချက်ချင်းကြီး ရန်ကုန်ထပြန်သွားတော့၏။ သြော် အမေမြိုင် တကယ်ပြောင်းသွားပြီကိုး။

**ကူပါဦးဆရာ**

"ဟော အမေမြိုင်ကြီး ဘယ်လိုကဘယ်လို တောင်ကြီးပြန်ရောက်လာတာလဲဗျ"

"ဆရာနဲ့တွေ့ဖို့ပေါ့နော်။ ဆရာမနက်ဖြန်မနက် (၉) နာရီဆွမ်းကပ် တရားနာအတွက် ကူပါဦး"

"ဘယ်အိမ်မှာလဲ အမေမြိုင်"

"ရောင်းခဲ့တဲ့အိမ်မှာပါပဲ။ ဝယ်တဲ့သူတွေကအိမ်မပြောင်းကြသေးဘူးသော့ခတ်ထားဆဲပါဒါကြောင့်ပိုပြီးအဆင်ပြေသွားတယ်သူတို့ဆီက သော့ဝင်ယူခဲ့ပြီးပြီကြည်ကြည်ဖြူဖြူသဘောတူခွင့်ပြုပါတယ်ဆရာ။"

"ဘာအတွက် ဆွမ်းကပ်မှာတုံး အမေမြိုင်"

"လိုအပ်နေလို့ပါ။ ရန်ကုန်မှာတွက်ချက်ကြည့်တော့ အမေမြိုင်မှာ ဆောင်ရွက်ပေးစရာ တာဝန်တွေ ကျန်နေတယ်။ ရှက်လည်းမရှက်ပါဘူး။ အိမ်ပေါ်ထပ်မှာ ခြေသံကြားတယ်လို့ အိမ်ငှားတွေကပြောသတဲ့။ အစကတော့အမေမြိုင်မယုံဘူး။ ရည်စူးကုသိုလ်အလှူတွေအမြဲလုပ်ပေးနေတာ မကျွတ်ဘူးဆိုတာ မဖြစ်နိုင်ဘူးပေါ့။ ဒါ့ကြောင့် အရင်တစ်ခေါက်

www.burmeseclassic.com



အိမ်ပစ္စည်းတွေလာသိမ်းတုန်းက ဒေါ်လေးအကြံပြုတာတောင် အမေမြိုင် ဘာမှ မဆောင်ရွက်ခဲ့တာပေါ့။ ခုတော့ မေးမြန်းကြည့်တော့လည်း ဟုတ်တယ်တဲ့။ ဒီတော့ အမေမြိုင်ဘာမှ လုပ်မပေးခဲ့ရင် သေတဲ့အထိ တစ်သက်လုံး စိတ်ဖြောင့်မှာ မဟုတ်ဘူးဆရာ”

ဟုတ်ပါသည်။ ယခုတစ်ခေါက်သည် တောင်ကြီးသို့ အမေမြိုင် တတိယအကြိမ် ရောက်ရှိလာခဲ့ခြင်းပါ။ ဒုတိယအကြိမ်မှာ အိမ်အရောင်း အဝယ်ကိစ္စပြီးပြတ်ပြီမို့ အိမ်တွင်ချန်ထားရစ်ခဲ့သော ပစ္စည်းပစ္စယများကို လာသိမ်းခြင်းဖြစ်၏။ မိဘလက်ထက်မှစ၍ နှစ်ပေါင်းလေးဆယ်ကျော် ငါးဆယ်နီးပါးနေထိုင်လာခဲ့သည့် အမွေအိမ်မို့ ပစ္စည်းတွေက တစ်ပုံတစ်ပင် ကြီး ဖြစ်နေပါသည်။ ပေးတန်ပေး၊ လှူတန်လှူ ရောင်းတန်ရောင်းချရ၏။ သုံးရက်ဖြင့်ရှင်းလင်းလည်းမပြီးနိုင် မကုန်နိုင်ပါ။

အထူးသဖြင့် စာအုပ်ပုံမှာ နှမြောစရာကောင်းလှ၏။ အထပ်ထပ်မှာ စီကာစဉ်ကာ ထားရစ်ခဲ့သော စာအုပ်အများစုမှာ ကြွက်ကိုက်ခြင်း၊ ခြစားခြင်းတို့ကြောင့် အများအပြားပျက်စီးကုန်ပါပြီ။ စာချစ်သော ကျွန်တော့်အဖို့ စာအုပ်သိုက်ကြီးတစ်ခု ပျက်စီးခြင်းမို့ စုတ်တသတ်သတ် ဖြစ်ရတော့၏အဟောင်းဈေးပိဿာချိန်ဈေးဖြင့်ရောင်းချပေးလိုက်ရသည်ကို ရင်နာလှပါသည်။ လူတောင်သေရသေး၊ ပြောင်းရွှေ့ရလေသေးဖြစ်ရာ ကျန်တာတွေလည်း သင်္ချိုင်းရပါပဲဟု ထားလိုက်ရသည့်နောက် စာအုပ်များ လည်း သင်္ချိုင်းရပါပဲ မဟုတ်ပါလား။ မတတ်နိုင်တော့ပြီ။

အမေမြိုင်တစ်ယောက်အိမ်ရှင်းလင်းကာ ပစ္စည်းသိမ်းနေစဉ်တုန်းက နေ့ခင်းပိုင်းမှာ အဆာပြေစားနိုင်အောင် အမေမြိုင်ကြိုက်တတ်လှသည့်

BURMESE CLASSIC .com

www.burmeseclassic.com



ဂျုလဗီမုန့်များ၊ ပဲပေါက်စီများ၊ လိမ္မော်သီးများ သွားပို့ပေးပါသည်။ ပစ္စည်းဟောင်းပုံကြီးထဲမှာ နစ်မြုပ်နေသော အမေမြိုင်နှင့် တပည့်များ အမောပြေစားသောက်နိုင်အောင်လို့ပါ။ အမေမြိုင်က ဆရာကြိုက်တာရှိရင် ယူနော်ဟု ခွင့်ပြုပါသည်။ ကျွန်တော်သည် ဟိုယခင်တုန်းက စာအုပ်အမွေတော့ လိုချင်တယ်ဟု မကြာခဏပြောခဲ့ဖူးပါ၏။ ဤကဲ့သို့ အသိုက်ဖျက်ကာ ပြောင်းရွှေ့သွားရလိမ့်မည်ဟု ဘယ်လိုမှမထင်မှတ်ထားခဲ့ဖူးပါ။ အခုလို လာတွေ့ရတော့ စိတ်မကောင်းကြီးစွာဖြစ်ရ၏။ သံဝေဂတွေအများကြီး ရလိုက်သည်။ စာအုပ်ပုံကို ဖွကြည့်ဖို့တောင် စိတ်မဝင်စားတော့ပါ။

ပြန်ခါနီး စားပွဲပေါ်၌ လိပ်၍ထောင်ထားသော မိုးကုတ်ဆရာတော်ဘုရားကြီး၏ နာမည်ကြီး ပဋ္ဌိစ္စသမုပ္ပါဒ်စက်ဝိုင်းကားလိပ်ကြီးကိုမူ အလှူခံခဲ့ပါသည်။ အဘိုးတင်၏ အမွေကို အမေမြိုင်သည် အားရကျေနပ်စွာပင် ကျွန်တော့်အားပေးအပ်ခဲ့ပါ၏။ စိတ်အစဉ်ဆိုသည်ကား မြန်လွန်းလှသည်။ အမေမြိုင်နှင့်ပြန်တွေ့သည့်တစ်ခဏမှာ အားလုံးပြန်ပေါ်လာကြသည်။

"ကျွန်တော် ဘာကူညီရမလဲ အမေမြိုင်"

"ကူညီရမှာပေါ့ ဆရာရယ်။ ဆရာကတောင်တန်းဆရာတော်ကြီးရဲ့ တပည့်ကြီးမဟုတ်လား။ အဝေရာခရီးစဉ် စာအုပ်တွဲထဲမှာ မကျွတ်မလွတ်သူကို ရည်စူးဆွမ်းသွပ်နည်း ပါတယ်နော်။ အမေမြိုင်ကို လုပ်ထုံးလုပ်နည်းပြန်ပြောပါဦး။ လိုအပ်တာတွေလည်း ပြောပါဆရာ။ ပြီးတော့ ဆရာကိုယ်တိုင်အရောက်လာပြီး ကြီးကြပ်စီမံပေးဖို့ကိုပါ အကူအညီတောင်းပါတယ်။ ကြွပါဦးဆရာ"

**ရည်စူးဆွမ်းသွပ်**

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်တော့်စာအုပ်ကိုအသေအချာပြန်ဖတ်ပြီးမှ တောင်ကြီးသို့ ထွက်လာသော အမေမြိုင်ကို ထွေထွေထူးထူးကြီး သိပ်မပြောရတော့ပေ။ တောင်တန်းဆရာတော်ကြီး၏ မကျွတ်မလွတ်သူတို့အတွက် ရည်စူး ဆွမ်းသွပ်ပြင်ဆင်မှုတွင် ကွယ်လွန်သူ၏ ပုဆိုးတစ်ထည်လိုပါသည်။ ပန်းခက်ဖြစ်စေ၊ သစ်ခက်ဖြစ်စေ တစ်ခက်လိုပါသည်။ ဆွမ်း၊ ဆွမ်းဟင်း သုံးမျိုး၊ သစ်သီးနှင့် သောက်ရေတစ်ခွက်ဆိုလျှင် လုံလောက်ပါပြီ။ မုန့်တစ်မျိုးမျိုးထည့်လိုလျှင် ထည့်နိုင်ပါသေး၏။ ပိုကောင်းပါသည်။ ကွယ်လွန်သူအတွက် ရည်စူးပေးလှူမည့် သင်္ကန်း၊ ထီး၊ ဖိနပ်စသော လှူဖွယ်ဝတ္ထုများကို သဒ္ဓါတရားရှိသလို တတ်နိုင်သလိုပေးလှူနိုင်၏။ ထိုထိုသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ပင့်ဖိတ်ထားသော သံဃာတော် ရှေ့မှောက်၌ ပြင်ဆင်ထားရမည်။ ဆွမ်း၊ ဆွမ်းဟင်း၊ သစ်သီး၊ မုန့်နှင့် သောက်ရေတို့ကိုလည်း စားပွဲဖြင့်ပြင်ဆင်ထားရမည်။

ဘုန်းကြီးများ ကြွလာပြီးသည်နှင့်အိမ်တံစက်မြိတ်အလွန်သို့ ထွက်ကာ ညာလက်ဖြင့်သစ်ခက်ကိုကိုင်လျက် ကွယ်လွန်သူဘယ်သူ ဘယ်ဝါကျွတ်လွတ်ရန် စောင့်မျှော်နေပါက သင့်အတွက်ရည်စူးကုသိုလ်ပြု လုပ်ပေးပါမည်။ တရားတော်နာယူပြီး သာဓုခေါ်ဆိုနိုင်ရန် ဤသစ်ခက်တွင် လိုက်ပါခဲ့ပါ။ အိမ်ထဲသို့တရားနာရန် ကြွပါဟုနှုတ်မှ ဖွင့်ဟပြောဆိုပြီး သေပြီးသူကိုခေါ်ပါ။ ဘုန်းကြီးကြွပြီးမှ ကန်တော့ပွဲရှေ့တွင် ကွယ်လွန်သူ၏ ပုဆိုးကိုဖြန့်ခင်းထားသော သတ်မှတ်နေရာပေါ်တွင် သစ်ခက်ကိုတင်ပါ။ သံဃာကိုကန်တော့ပြီး ငါးပါးသီလကို ခံယူဆောက်တည်ပါ။ ပြီးတော့

BURMESE CLASSIC .com

www.burmeseclassic.com



လှူဖွယ်ပစ္စည်းများကပ်လှူပါ။ ဆွမ်းစားပွဲကို ဘုန်းကြီးအား ဆက်ကပ်ပါ။ တရားတိုတိုဟောပြီး ရေစက်ချအမျှဝေပါ။ သစ်ခက်ကို ကျောင်းကန်ဘုရားသို့ ပို့ဆောင်ပါ။ အစီအစဉ်အတိုချုပ်မှာ ဤမျှသာ ဖြစ်၏။

အမေမြိုင်လည်း ကျွန်တော်ပြောပြသည်တို့ကို အသေအချာ မှတ်သားနေပါသည်။ စာအုပ်ကိုဖတ်ခဲ့ပြီး၍လည်း အထူးရှင်းပြစရာ သိပ်မလိုပါ။ အစီအစဉ် ရှေ့နောက်မလွဲမှားစေရန်ကို သတိပြုဖို့သာ လိုပါတော့သည်။ထိုအိမ်ကြီးပေါ်၌ နှစ်ငါးဆယ်အတွင်းမှာအိမ်သားလေးဦး ပျက်စီးပါသည်။ ခြေသံကိုမည်သူ့ခြေသံမှန်း မသိရှိ မမှန်းဆနိုင်ပါ။ လူကြီးတွေတော့မဖြစ်နိုင်။ အငဲသာဖြစ်လေမလားဟု စိတ်စွဲထင်မိကြ၏။ မသေချာပါ။ ထို့ကြောင့် ကျန်ရစ်သူမရှိရလေအောင် သွားရှာခဲ့လေသူ လေးဦးစလုံးကိုရည်စူး၍ အလှူပေးပါမည်။ အမျှအတန်းဝေကြပါမည်ဟု အမေမြိုင်က သူ့အစီအစဉ်ကို တိုင်ပင်ပါသည်။ ကောင်းလှပါ၏။ မလိုသော်ရှိ၊ လိုသော်ရှိ အားလုံးကိုရည်စူးခြင်းက အကြွင်းအကျန် မရှိနိုင်တော့ပြီ မဟုတ်ပါလား။

## အုတ်ဂူပဲ့တာပြင်ပါ

တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရပါမည်။ အမေမြိုင်တို့ တောင်ကြီး မရောက်မီ သုံးရက်အလိုမှာ သျှားစာပေစာအုပ်ဆိုင်ရှေ့၌ အငဲ၏ သူငယ်ချင်းတစ်ဦးဖြစ်သူ ကိုကိုမြင့်က ဆရာရေ၊ တစ္ဆေတကယ်ရှိ မရှိစာအုပ်ထဲကအတိုင်းပဲ။ အငဲအကြောင်းကိုပြောပြရဦးမယ်ကျွန်တော်က

BURMESE CLASSIC .com

www.burmeseclassic.com



တစ္ဆေသရဲတွေကို သိပ်ယုံကြည်တာမဟုတ်ဘူးဗျ။ “ငါ့အုတ်ဂူပွဲသွားတာ မင်းတို့သွားလည်းမကြည့်ကြ၊ ပြင်လည်းမပြင်ကြဘူးကွာ” လို့အငဲ လာပြောတာ တကယ်ဟုတ်နေတယ်။ အုတ်ဂူပေါ်က မဆလာအချော ကိုင်ထား တာသိပ်မခြောက်ခင် တစ်ယောက်ယောက်နဲ့ တိုက်မိပုံပေါ်တယ်။ ကွာကျသွားတာ လက်ဝါးတစ်မအုပ်စာရှိလိမ့်မယ်”

ကိုကိုမြင့် ကိုကိုဇော်တို့ဆိုသည်မှာ အငဲနှင့်ငယ်ပေါင်းကြီးဖော် များဖြစ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာ ညီအစ်ကိုရင်းကဲ့သို့ အလွန်မတန်ရင်းနှီးကြသူများဖြစ်ကြပါသည်။ တစ်ယောက် အတွင်းစိတ်ကို တစ်ယောက်ကမပြောဘဲနှင့် သိကြသူများပါပေ။ အငဲ တစ်ယောက် သည်လောက်မြန်မြန်ကြီး သူ့ကိုစွန့်ခွာသွားလိမ့်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားမတွေးတော မိခဲ့ကြသူများပါပေ။ နေမကောင်း၍ ဆေးရုံတင်ရတော့လည်း သူ့စိတ်ထဲမှာ ခပ်ပေါ့ပေါ့ပင်။ ဆရာဝန်အသိုင်း အဝိုင်းဖြစ်ပြီး သူ့ကိုယ်၌က ဆရာဝန်ဆိုတော့ သေမင်းနှင့်အဝေးကြီးဟု ထင်ကြသည်မှာလည်းသူတို့အဆိုးမဟုတ်ပါပေ။တကယ်တမ်းမရတော့ဘူး၊ အခြေအနေကဆိုးနေပြီ၊ သေမင်းနှင့်သူနိုင်ငါနိုင် အပြိုင်လုနေကြရပြီ ဆိုတော့မှ သူတို့တစ်တွေမျက်နှာငယ်လေးများနှင့် ရင်မောကြရတော့သည်။ အငဲကွယ်လွန်ပြီဆိုတော့လည်း မျက်ရည်တွေကျရင်းက လုပ်ကိုင်စရာ ရှိသည်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရတော့သည်။

မီးသင်္ဂြိုဟ်ရာ၌ ကြီးကြပ်နေရ၍ အုတ်ဂူတည်ရာလေးမိုင်သုသာန်သို့ ကိုကိုမြင့်တစ်ခေါက်မှ မရောက်နိုင်ခဲ့ပါ။ အရိုးပြာကျသည်နှင့် အရိုးအိုးကို ဂူသွင်းကြမည့် အဖွဲ့လက်ထဲအပ်နှံပြီးနောက် ကိုကိုမြင့်လည်း ရေမိုးချိုးရန်

BURMESE CLASSIC .com

www.burmeseclassic.com



အိမ်သို့တန်းပြန် ခဲ့၏။ မီးသဂြိုဟ်ပြီးပြီပဲ။ ကိစ္စပြီးပြီ။ နောက်ပိုင်းဘာမှ မလိုတော့ဟုအထင် ရှိခဲ့ပါကြောင်းကို သူအမှန်အတိုင်း ကျွန်တော့်အား ဝန်ခံခဲ့ပါသည်။ ဆွမ်းပြင်ပြီးသည့်ညဉ့် ကိုကိုမြင့်လည်း အရက်မူးမူးနှင့် အိပ်ပျော်သွားခဲ့၏။ အငဲအတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကျန်ရစ်သူ အပေါင်းအသင်းတို့ ဝိုင်းဖွဲ့စားသောက်ကြခြင်းမို့ လူစုံတက်စုံစကားတွေ ဆိုကာလူတိုင်းရေချိန်လွန်ကုန်တော့၏။ အရက်လေးနည်းနည်းဝင်လျှင် အူရှင်သည့်သူက အူရှင်၍ ဝမ်းနည်းကြေကွဲတတ်သူက လွမ်းဆွေးကာ ငိုကြွေးပါတော့သည်။ ဤကားအရက်သမားသဘာဝ။ ညတုန်းကတော့ ခွဲခွာသွားလေသူ သူငယ်ချင်းအငဲအတွက်ဝမ်းနည်းပက်လက် ဖြစ်ကာ အရက်ကိုပို၍ သောက်ခဲ့ကြသည်မို့လူတိုင်းစေ့ ရေချိန်ကိုက်ရုံမျှမဟုတ် တော့ဘဲ ရေချိန်တွေလွန်ကုန်ကြခြင်းဖြစ်ပါသတည်း။

"ညဉ့် ၂ နာရီခန့်မှာဖြစ်ပါလိမ့်မယ်။ ကျွန်တော်အိပ်မောကျနေတယ် လို့ထင်တာပဲ၊ ကျွန်တော့်ခုတင်ဘေးမှာ အငဲရယ်လေ။ ပြုံးပြုံးရွှင်ရွှင်ပါပဲ။ ဟေ့-ကိုမြင့်မင်းကငါ့အုတ်ဂူကိုလည်း သွားကြည့်ဖော်မရဘူး။ ငါ့ဂူ ပွဲကျနေတာကိုလည်း မင်းမသိဘူး။ သွားကြည့်ပြီးပြင်လိုက်ပါဦးကွာလို့ ခါတိုင်းလိုရင်းရင်းနှီးနှီးကြီးပြောပြီး ကျွန်တော့်အပါးက ထွက်ခွာ သွားပါတယ်။ သူကျွန်တော့်အခန်းထဲကို ဘယ်လိုဝင်ရောက်လာတယ်တော့ မသိဘူးပေါ့ဆရာ။ ပြန်ထွက်သွားတော့ တံခါးအပိတ်လိုက်ကြီးကို သူ့ဒီအတိုင်းပဲ ဖြတ်ထွက်သွားတယ်ဗျ။ ပြီးတော့ ကျွန်တော်လန့်နိုး လာပါတယ်။ အိပ်မက်လား၊ တကယ်လား ဇဝေဇဝါဖြစ်နေတယ်။ အိပ်မက်လို့ပြောရအောင် ပကတိအတိုင်းသား မြင်လိုက်ရသလိုလိုရှိပြီး

www.burmeseclassic.com



တကယ်ကိုတွေ့မြင်တာလေလားလို့စဉ်းစားလိုက်တဲ့အခါမှာ အိပ်မက်ထဲမှာ လိုလိုဖြစ်နေပြန်ရောအမှန်ကတော့နိုးတစ်ဝက်အိပ်တစ်ဝက်အခြေအနေမှာ အငဲကျွန်တော့်ကိုဆက်သွယ်လာတာ ဖြစ်လိမ့်မယ်။ အိပ်မောလည်း ကျမနေဘူး။ တကယ်လည်းနိုးမနေဘူး။ ဒါတော့သေချာတယ်။

ဒါနဲ့ကျွန်တော်ဘယ်ပြန်အိပ်တော့မှာလည်းဆရာ။ သူနဲ့ ကျွန်တော် ငယ်ငယ်လေးကတည်းက ပေါင်းသင်းလာကြပုံတွေ၊ ကျောင်းလစ်ကြ၊ ရုပ်ရှင်ခိုးကြည့်ကြ၊ ပေကြတေကြတာတွေ၊ ဆေးလိပ်ခိုးသောက်ကြ၊ အရက်ခိုးသောက်ကြတာတွေ၊ ဖဲခိုးရိုက်ကြတာတွေတောင်ပါသေးတယ်။ မိန်းကလေးပိုးပန်းကြတာလည်း ပါတာပေါ့ဗျာ။ ကျွန်တော်ကသာ အိမ်ထောင်စောစောကျသွားတာ။ သူကတော့ဖြင့် လူပျိုကြီးဘဝနဲ့ပဲ သေရာ ပိုင်ပိုင်ပါပဲ။ သူ့မိဘတွေကို သိပ်ငဲ့တာ။ ချွေးမကြီးငယ်တွေနဲ့ သိပ်ကြီး အဆင်မပြေအစေးမကပ်တာသူသိထားတော့သူ့အမေနဲ့ မတည့်မှာသူတွေး ပူရှာတယ်။ ယောက္ခမနဲ့ချွေးမဆိုတာ တည့်နိုင်ခဲပါတယ်။ အပြင်ပန်းက ကြည့်တော့ ပြေလည်တယ်လို့အများက ထင်ကြပေမယ့် တကယ့် အတွင်းရေးမှာတော့ အထစ်အငေါ့တွေရှိတတ်ကြတာကိုး။ သူ့မိသား စုထက်ကျွန်တော်က သူ့ကိုပိုပြီးနားလည်ပါသတဲ့။ ကျွန်တော်နဲ့ကျတော့ ပွင့်ပွင့်လင်းလင်းပါပဲ။ အရက်သောက်ဖော်ကောင်းဆိုတော့ ပိုပြီးချစ်ခင် ရင်းနှီးတာပေါ့ဗျာ။

အရက်ဆိုလို့တစ်ခါတစ်ရံကျွန်တော်ဆီလိုက်အိပ်ပြီးအရက်ကိုလွတ် အောင်အားရပါးရကြီး သူသောက်တတ်တယ်။ အရက်ကိုတော့သူအတော်

www.burmeseclassic.com



ကြိုက်တယ်။ သူ့အိမ်မှာဆို လူကြီးတွေကို သူအားနာနေရတယ်လေ။ သိသာသိစေ/မမြင်စေနဲ့ ဆိုတဲ့စကားလည်းရှိတော့ သူထိန်းနေရတာ သိပ်မလွပ်လပ်ဘူးပေါ့။ သူဆုံးပြီးတဲ့နောက်ပိုင်းမှာလည်း ကျွန်တော်တို့ ငယ်ပေါင်းတစ်စု မကြာခဏ အရက်ဝိုင်းဖွဲ့သောက်ဖြစ်တယ်။ ကျွန်တော် သူ့ကို သတိရလွန်းလို့ "အငဲရေ၊ ဟောဒီမှာ မင်းအတွက်တစ်ခွက်" ဆိုပြီး အရက်တစ်ဖန်ခွက်ငှဲ့ပြီး သူ့အတွက်သပ်သပ် စားပွဲပေါ်တင်ထား ပေးလိုက်တယ်။ ရေချိန်ကိုက်လာတဲ့အချိန်မှာ တစ်ယောက်ကသူ့ခွက်ကို ယူသောက်လိုက်တော့ အရက်အာနိသင် အရက်အရသာမရှိတော့ဘူးတဲ့။ ရေလိုဖြစ်နေတယ်ဆိုကိုး။ မူးမူးရူးရူးနဲ့ပြောတာဖြစ်မယ်လို့ ကျွန်တော်ထင်မိခဲ့တယ်။ ဒါမှမဟုတ်တစ်ယောက်ယောက်က ခိုးသောက်ပြီး ရေဖြည့်ထားခဲ့လေသလားပေါ့လေ။

ဒါနဲ့ တစ်ခေါက်ကျတော့ ကျွန်တော် အသေအချာ စောင့်ကြည့်တယ်။ ဘယ်သူမှအကြံအဖန်မလုပ်နိုင်အောင်။ ပွဲသိမ်းခါနီးမှ အငဲအတွက်သီးခြားငှဲ့ထားတဲ့ အရက်ဖန်ခွက်ကို ကျွန်တော် ယူမော့ လိုက်တယ်။ ကျွန်တော်သိပ်အံ့သြတယ်။ ကျွန်တော်မူးနေလို့မဟုတ်ရပါဘူး။ ကျွန်တော်ဟာအရက်အရသာ အတော့်ကိုမြည်းစမ်းခွဲခြားနိုင်စွမ်း ရှိတဲ့ သူပါ။ ကြွားပြောတာမဟုတ်ရပါဘူး။ ပင်လောင်းအရက်ဖိုကဆိုရင် ကျွန်တော့်ကိုအရက်မြည်းပေးဖို့ အကူအညီတောင်းခံစမြဲပါ။ သူငယ်ချင်း တွေအားလုံးသိကြပါတယ်။ အရက်အရသာကို သူများတွေ ထက်ခံစား သိရှိနိုင်စွမ်းရှိတဲ့ ကျွန်တော့်လျှာကို အငဲတစ်ယောက်မျက်လှည့်ပြလိုက်တာ များလား။ အတော်စဉ်းစားရကျပ်သွားရတယ်။ အုတ်ဂူပဲ့တာ လည်းတကယ်ဟုတ်နေတယ်တဲ့။ ပြင်လိုက်ပြီးပါပြီတဲ့။ ဒါကြောင့်ပဲ

BURMESE CLASSIC .com

www.burmeseclassic.com



မကျွတ်မလွတ်တဲ့ဘဝ၊ တဏှာဘဝ၊ ပြိတ္တာဘဝဆိုတာ တကယ်အရှိတရားပါကလား လို့ကျွန်တော်ကောင်းကောင်းကြီးယုံသွားပါပြီဆရာ"

**အနံ့ပေးသည်**

မနက်ရှစ်နာရီခွဲသာသာမှာ ကျွန်တော်ရောက်ရှိသွား၏။ ဒေါ်လေးတို့အုပ်စုဆွမ်းကိစ္စပြင်ဆင်နေပါပြီ။ ဒံပေါက်ကိုဆိုင်မှမှာယူသည်။ ခဲဖွယ်၊ ဖျော်ရည်နှင့် ကော်ဖီတို့ကို အိမ်မှာစီစဉ်ယူသည်။ လှူဖွယ်ရာများတွင် သက်န်းထီးဖိနပ်အပြင်ကန်တော့ပွဲသီးခြားပါရှိသေး၏။ စားပွဲဖြင့်ခင်းကျင်းပြင်ဆင်ပေးလိုက်သည်။ ဆွမ်းပွဲကို ပြင်ဆင်နေစဉ်မှာ ဘုန်းကြီးပင့်သည့်ကား ကျောင်းသို့အကြိုထွက်ခွာသွား၏။ ခြံဝိုင်းထဲက နှင်းဆီပန်းခက်နှင့်ကျောက်ထင်း ရှူးခက်တို့ကိုခူးထားလိုက်သည်။ သပြေညွန့်ကဈေးမှဝယ်လာသည်။ မာလကာညွန့်ကိုလည်း ခြံထဲကပင် ခူးထားရပါသည်။ ခဲဖွယ်ကသစ်သီးကိတ်နှင့်ပလိန်းကိတ်အပြင် လိမ္မော်သီး၊ စပျစ်သီးနှင့်စတော်ဘယ်ရီသီးများပါသည်။ မလိုင်မုန့်လည်းမကျန်ပါ။ ကွမ်းယာ၊ ဆေးလိပ်၊ လက်ဖက်အုပ်အားလုံး ပြည့်ပြည့်စုံစုံပါ၏။ စားပွဲဖြင့်ပြင်ဆင်ထားလိုက်ပြီးပြီ။ ဘုန်းကြီးကြွလာချိန်တွင်မှ ဟင်းရည်ပူပူကိုခူးခပ်စေရ၏။

အဘိုးတင်၏ဗန်ကောက်ပုဆိုး၊ ဆရာကြီး၏ တက်ထရွန်ပုဆိုးနှင့်အငဲ၏ရခိုင်ပုဆိုးတို့ကို အစဉ်အတိုင်းခင်းပါသည်။ မေဘွား၏ ပိုးဘရိုကိတ်ကိုအစွန်ဆုံးမှာထား၏။ ဘုန်းကြီးကြွရောက်ပြီးသည်နှင့် ကျွန်တော်လည်း အဆင်သင့်ခူးထားသော ပန်းခက်များကို ကိုင်ဆောင်ကာအောက်ထပ်သို့ဆင်းသည်။ တံစက်မြိတ်အလွန်မှာ "ရည်စူးကုသိုလ်

BURMESE CLASSIC .com

www.burmeseclassic.com



ကောင်းမှုပြုပေးပါမည်။ တရားတော်မြတ်ကို နာယူပြီးနောက် သာဓုခေါ်ဆိုနိုင်ရန် ဟောဒီကျောက်ထင်းရှူးခက်မှာ အဘိုးတင်၊ ဟောဒီမာလကာညွန့်မှာ ဆရာကြီးဒေါက်တာဝင်း၊ ဟောဒီသပြေညွန့်မှာ ဒေါက်တာအငဲ၊ ဟောဒီနှင်းဆီပန်းခက်မှာမေဘွားတို့လိုက်ပါလာကြပါ။ အိမ်စောင့် နတ်ကလည်း ခွင့်ပြုပေးပါ။ တရားနာဖို့ကြွရောက်ကြပါ" ဟုဖိတ်မန္တကပြုပြီးသူ့ပုဆိုးပေါ်၌ သူ့ပန်းခက်တို့ကိုအသီးသီးချထားပေးလိုက်ပါသည်။ ထူးခြားစွာပြရန်လည်း အဓိဋ္ဌာန်လိုက်၏။

ကြွရောက်တော်မူသောဘုန်းတော်ကြီးမှာအမေမြိုင်ကိုးကွယ်သောငယ်ဆရာတော်ဖြစ်၍၊ ပွင့်လင်းစွာပင်ကွယ်လွန်သွားသော လေးဦးထဲမှမကျွတ် မလွတ်သူရှိက ချမ်းသာစေရန်ရည်စူး အလှူဖြစ်ကြောင်းလျှောက်ထားသည်။ ထုံစံအတိုင်း ဘုန်းကြီးကန်တော့၊ ငါးပါးသီလခံယူ၊ ပြီးတော့မေတ္တာပရိတ်တော်ကို ချီးမြှင့်သည်။ လှူဖွယ်များကိုကပ်လှူသည်။ တရားတိုတိုတစ်ပုဒ်ဟောပြီးနောက် ရေစက်ချအမျှဝေ၏။ ထူးခြားပါသည်။ အိမ်မှာအနောက်အရပ်သို့ မျက်နှာလှည့်ဆောက်ထားရာ အနောက်တောင်လေကတဖြူးဖြူးတိုက်ခတ်နေ၏။တံခါးရွက်ကိုဖွင့်ထား၍ လေကောင်းလေသန့်ကောင်းကောင်းရနေပါသည်။ တရားဟောကြားနာနေစဉ်မှာကျွန်တော့်အားလူသေပုပ်နံ့ကိုထင်ထင်ရှားရှားပေးပါသည်။ ပထမတွင်အနံ့ကို နည်းနည်းလေးသာရလိုက်၏။ ဒုတိယနှင့်တတိယတို့၌ ထင်ထင်ရှားရှားကြီးရသည်။ ပြီးတော့လုံးလုံးပျောက်ကွယ်သွား၏။ ကျွန်တော်ဝမ်းသာသွားပါသည်။ ကျွန်တော့်ညာဘက်၌ အငဲ၏သူငယ်ချင်းဇော်ဇော်ရှိသည်။ကျွန်တော့်ဘယ်ဘက်နောက်နားတွင် အမေမြိုင်ရှိပါသည်။ သူတို့ကတော့ မထူးခြားဟုသိရ၏။

www.burmeseclassic.com



**ကျောင်းမှာနေရစ်ခဲ့တော့**

ရေစက်ချအမျှအတန်းပေးဝေသောအခါတွင် ကျွန်တော့်မှာ ကြက်သီးမွေးညင်း ထသွားရပါတော့သည်။ ထူးခြားသည်ဟု ယူနိုင်ပါလိမ့်မည်။ ကုသိုလ်အတွက်ပီတိလှိုင်းကြောင့် ကြက်သီးထခြင်းဟုလည်း ဆိုနိုင်ပါသည်။ ဘုန်းကြီးကို ဆွမ်းကပ်ပြီးနောက် ကျောင်းသို့ပြန်ပို့ပေးရန် ဖော်ဖော့်ကားဖြင့်စီစဉ်၏။ဘုန်းကြီးပင့်စဉ်ကလည်း ဖော်ဖော့်ကားဖြင့်ပင်ပင့်ခဲ့ခြင်းပါ။ ဘုန်းကြီးပြန်အကြွတွင် ကျွန်တော်နှင့်အမေမြိုင်တို့ လိုက်ပါသွားကြသည်။ လှူဖွယ်များ၊ ပုဆိုးများနှင့်ပန်းခက်များကိုပါ ကျောင်းသို့သယ်ယူစဉ်လိုက်ပါခဲ့ရန်ခေါ်ဆောင်သွား၏။ကျောင်းရိပ်မှာနေရစ်ခဲ့တော့ ဟုအမေမြိုင်ကသားတို့အားဘုန်းကြီးထံအပ်နှံထားခဲ့ကြောင်းပြောကြားပြီးမချိတင်ကဲထားရစ်ရတော့၏။

ကျွန်တော်တို့ပြန်လာချိန်အထိ ဖော်ဖော့်ကားမှာအကောင်းပကတိပါ။ အိမ်ရှေ့ကိုလည်းကားဆိုက်ရော၊ ကားကဗွေဖောက်လာပါလေရော။ ကားပျက်နေ၍ ကားပြင်ဆရာကို ခေါ်ပြင်ရပါသည်။ ရည်စူးအလှူတွင် ကိုကိုမြင့်ကိုရှိနေစေချင်ပေမယ့်အကြောင်းမတိုင်ဆိုင်သောကြောင့်ကိုကိုမြင့် တစ်ယောက်တော့ဖြင့်ရောက်မလာနိုင်ပေ။ ၁၂-နာရီကျော်တွင် ကျွန်တော် ပြန်လာခဲ့၏။ ကားကိုပြင်၍ကောင်းတုန်းရှိသေး၏။ နေ့ခင်း ၂-နာရီခွဲခန့်၌ အမေမြိုင်တို့အတွက် ရန်ကုန်ပြန်လက်ဆောင်သွားပေးချိန်တွင် ဒေါ်လေးတို့ပစ္စည်းများ သိမ်းဆည်းပြီးနေပါပြီ။ အငှားကားတစ်စီးငှားကာ အုတ်ဂူများကိုသန့်ရှင်းရန် သွားကြဖို့ပြင်ဆင်နေ၍ ကျွန်တော်နှုတ်ဆက်

www.burmeseclassic.com



ပြန်ခဲ့သည်။ ဝင်ဝနားအရောက်တွင် "ဟေ့-ဇော်ဇော်။ ဧကန္တတော့ အငဲကမင်းကိုချစ်လွန်းလို့ ဆွဲထားတယ်နဲ့တူပါတယ်။ ကားကပြင်လို့မှ ရပါဦးမလားကွ" ဟုလှမ်းနောက်လိုက်ရာ "အမေလေး-ကြောက်ပါတယ်ဗျ။ ဒီလိုတော့မကျီစားပါနဲ့ဆရာရယ်။ တောင်းပန်ပါတယ်" ဟုမျက်နှာငယ်လေးဖြင့် ပြောရှာပါသည်။ ကားပျက်ကိုပြင်၍ မရနိုင်ခြင်းမှာ ရိုးကောရိုးပါရဲ့လား၊ အငဲအချိန်ဆွဲခြင်းလားဟု ကျွန်တော်ထင်မိသည်မှာ အဆိုးမဟုတ်တန်ရာပါ။

## ဝိုင်းသံကြားရ

နောက်တစ်ရက်မနက်ပိုင်း၌ အမေမြိုင်သည် ကျွန်တော့်အားနှုတ်ဆက်ဖို့ ဆေးခန်းသို့ရောက်လာပါသည်။ ချွေးမငယ်တစ်ယောက်နှင့် အတူလာရောက်ခြင်းပါ။ ကျွန်တော်ကူညီဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးအထူးတင်ကြောင်း နှင့်ရန်ကုန်မြို့သို့ရောက်လျှင် သူ့တိုက်ခန်းဝင်လည်နိုင်ရန်လိပ်စာယူထားစေလိုကြောင်းတို့ကို ပြောလျက် ကျွန်တော့်လိပ်စာ-စာအုပ်ငယ်တွင် သူ့ချွေးမအား သူ့လိပ်စာကို ရေးသားစေပါသည်။ ဆွမ်းရည်စူးအလှူမပြုလုပ်မီတုန်းက ကွယ်လွန်သူများအား အကျိုးထူးလျှင် ထင်ရှားအောင်ပြပါ အိပ်မက်ကောင်းများပေးပါဟု ဓိဋ္ဌာန်ရန် အမေမြိုင်အားသင်ပေးလိုက်သေးသည်။ကျွန်တော်ကမြင်မက်၍အမေမြိုင်အားဘာမှ မပြောပြလိုက်နိုင်ပါ။ တရားနာစဉ်တုန်းက အနံ့ပေးကြောင်းကို သာပြောဖြစ်၏။ ရည်စူးအလှူအတွက် တရားလာနာဖော်ရလျှင် ကုသိုလ်ကောင်းမှု

BURMESE CLASSIC .com

www.burmeseclassic.com



အတွက်သာစုခေါ် မည်မှာမုချဟုတွက်ဆနိုင်၍ ဆောင်ရွက် ရကျိုးနပ်ပါကြောင်း အားပေးစကားပြောကြားရပေသည်။

ကျွန်တော်အိပ်မက်ကိုတော့မြင်မက်၏။ အမေမြိုင်ရန်ကုန်ပြန်သွားသည့် ညဌ်ဖြစ်သည်။ အိပ်မက်တွင်း၌ ကျွန်တော်သည် ညစျေး (လဟာပြင်စျေး) မှ တစ်ဆင့် ရွှေကိန္နရီဘက်သို့တည့်တည့် လျှောက်စဉ်မှာ မျက်စောင်းထိုးဖြစ်သော ပန်းသေးလမ်းထောင့်ဘက်ဆီ၌ ငါးနှစ်အရွယ်ခန့် ကလေးမလေးတစ်ဦးနှင့် ခြောက်နှစ်အရွယ်ခန့် လူငယ်လေးတစ်ဦးတို့ ခွက်လက်စွဲကာ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်တောင်းနေသည်ကို တွေ့ရ၏။ ကျွန်တော်ကြည့်နေစဉ်မှာပင် နန်ကင်းဆိုင်ထဲဝင်ပြီးနောက် ပြန်ထွက်လာသည်။ ဖြူဖြူချောချောလှလှ မျက်လုံးတောက်တောက်လေးတွေဖြစ်ပြီး အကျီအဖြူကျောင်းစိမ်းရောင် ဂါဝန်ရှည်ရှည်ကို ကလေးမလေးဝတ်လျက်၊ ကျောင်းစိမ်းဘောင်းဘီရှည်ကို လူငယ်လေးဝတ်ထားကြောင်းသတိပြုမိ၏။ "ရုပ်ရည်သန့်သန့်လေးတွေမို့ မွေးမြူစောင့်ရှောက်လိုက်လျှင် ဆရာဝန်ကြီး၊ အင်ဂျင်နီယာကြီးစသည့် ပညာတတ်ကြီးတွေဖြစ်လာနိုင်မှာပဲ။ သူတို့မိဘများခွင့်ပြုရင်တော့ မွေးချင်စမ်းပါဘိ" ဟု တွေးမိစဉ်မှာ အိပ်ရာမှလန့်နိုးပါသည်။

ဤအိပ်မက်အကြောင်းကို ဒေါ်လေးသွားလာပြစဉ်က ဖွင့်ဟပြောမိပါသည်။ လူမမယ်ကလေးငယ်အရွယ်လိုပြသဖြင့် နှစ်ယောက်တော့ ကျွတ်သွားဟန်ရှိကြောင်း၊ အဝတ်အစားအနေအထိုင် နည်းနည်းဆင်းရဲ နွမ်းပါးနိုင်သည်ဟု ကျွန်တော်အဓိပ္ပာယ်ကောက်မိကြောင်း ပြောပြတော့

BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လေးလည်း ကျွန်တော့်နည်းတူထင်မြင်မိကြောင်း ဝန်ခံသဘော တူပါသည်။ အမေမြိုင်ဘာမှ မပြောဘူးလားဟု ကျွန်တော့်အားမေးရင်း အုတ်ဂူများသို့ သန့်ရှင်းရေးသွားစဉ် အမျှအတန်းဝေသောအခါ ငိုသံသဲ့သဲ့မှပေးကြောင်း၊ အငဲဖြစ်မည်သေချာကြောင်း၊ ဘုန်းကြီးကျောင်းသို့ သွားကာဆရာတော်အား နှုတ်ဆက်ကန်တော့စဉ်မှာလည်း ငိုသံပေးပြန်ပါသည်ဟု အမေမြိုင်ပြောပြခဲ့ကြောင်းတို့ကို ကျွန်တော့်အားပြန်ပြော ပြပါသည်။ "သနားစရာပါဆရာရယ်။ မြေးအငဲလေးခမျာ မကျွတ်ရှာ သေးဘူးနဲ့တူတယ်။ မြိုင်လည်းစိတ်မကောင်းဖြစ်ရှာပါတယ်။ ဆရာလည်း အငဲကို အမျှအတန်းဝေပေးပါဦးနော်" ဟု ဒေါ်လေးပြောပြသည့်စကားများ ကျွန်တော့်နားဝမှာ ကြားယောင်နေမိပါသေးသည်။ အငဲ တစ်ယောက် တမလွန်ဘဝမှာတောင်အချုပ်အနှောင်ခံနေရဆဲဟုယူဆသောအမေမြိုင်၏ အတွက်အချက် အဟောထွက်ပုံမှာ မှန်ကန်နေသည်လား မပြောတတ်ပါ။

## တွယ်သမျှဒုက္ခ

ကျွန်တော်တို့သည် မွေးဖွားလာခဲ့ပြီးသည့်နောက် တစ်နေ့ထက် တစ်နေ့ သေဘက်သို့သာနီးကပ်နီးကပ်၍ လာနေပါသည်။ ကြီးမှအိုမှနာမှ သေကြရသည်မဟုတ်ပါ။ သေမင်းနှင့်ကျွန်တော်တို့ ဘယ်နေ့ဘယ်ရက် ဘယ်အချိန်အခါဟု အချိန်းအချက်ရှိကြသည် မဟုတ်ပါ။ ကံပြတ်သည်နှင့် ကြီးသည်အိုသည်ဖြစ်စေ၊ ငယ်သည်နုသည်ဖြစ်စေ သေမင်းနောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားကြရမည့် သူချည်းဖြစ်ပါသည်။

www.burmeseclassic.com



မအိုမီ၊ မနာမီ၊ မသေမီ ချိန်ခါရှိခိုက် လုံ့လစိုက်၍ ဒါန၊ သီလ၊ ဘာဝနာ အမှုကို ပြုစုဆောင်ရွက်ထားကြရပါမည်။ သို့မှသာ စုတိစိတ်ကျသည့် တစ်ချိန်၌ ဘာအတွယ်အတာမှမရှိဘဲ တရားနှလုံးသွင်းဖြင့် ဘဝနိဂုံးကို အဆုံးသတ်နိုင်ပါလိမ့်မည်။တရားဖြင့်ဖက်ပြီး သေပါမှ ကောင်းရာသုဂတိသို့ လားရောက်နိုင်ကြပါလိမ့်မည်။ ကောင်းရာ သုဂတိသို့ ရောက်နိုင်ဖို့ ဆိုသည်ကား အလွန်မတန်မှ ခက်ခဲဘိခြင်းဖြစ်၏။ အကြောင်းမှာ လူသားတိုင်းသည် ပုထုဇဉ်များသာဖြစ်ကြ၍ တစ်ခုမဟုတ် တစ်ခုခုကို တော့ တွယ်တာစွဲလမ်းကြပါသည်။ အစွဲနှင့်သေတော့မှ ပြိတ္တာပြည်သို့ ကျရောက်မှာ သေချာနေပါပြီ။

မကျွတ်မလွတ်သည့်ဘဝသို့ ရောက်ရှိနေကြသူများ၏ ဖြစ်စဉ်ကို စစ်ဆေးကြည့်လိုက်မည်ဆိုပါက အလှူဒါနအားနည်းပါးခဲ့ကြသည်။ ကိုယ်ကျင့်သီလပိုင်းဆိုသည်ကား ပို၍ဆိုးသွားခဲ့ပါပြီ။ ကိုယ်ကျင့်သီလ တရားကို တန်ဖိုးထားကြသူတို့ ရှားပါးလာပါပြီ။ ကိုယ်ကျင့်သီလ မကောင်းပါဘဲလျက်နှင့် တရားအားထုတ်ဖို့ ကြိုးစားကြသူတို့အတွက် သနားမိ၏။ သီလအခြေခံအုတ်မြစ်မရှိလေသောကြောင့် မည်သည့် အဆောက်အဦကိုဆက်လက်တည်ဆောက်သည်ဖြစ်စေ ပြိုကျမည်မှာမလွဲ သောကြောင့်ပါ။အကျင့်ဖောက်ပြန်သောသူတို့အညောင်းခံအချိန်ကုန်ခံကာ ရိပ်သာတို့၌ တရားထိုင်ရှုမှတ်ရှုနေပါသော်လည်း ကုသိုလ်ရရုံမှလွဲ၍ ဘာတရားမှမြင်တွေ့ကြမည်မဟုတ်ပေ။ ဘာတရားမှလည်း မရရှိနိုင်ကြပါ။ ဒါန၊ သီလ၊ ဘာဝနာပြည့်စုံကြလေသောကြောင့် လူတစ်ရာမှာ

www.burmeseclassic.com



ကိုးဆယ့်ကိုး ဒဿမကိုးကိုး အပါယ်ဘုံသို့ လားကြမည်။ အဓိပ္ပာယ်မှာ တစ်သိန်းတွင်တစ်ယောက်နှုန်းမျှသာကောင်းရာသုဂတိသို့လားနိုင်ပေမည်။

အပါယ်ဘုံသို့ရောက်ရခြင်းအတူတူ မိမိရပ်ရွာအနီး၌ ပြိတ္တာတစ္ဆေ ဖြစ်ကြသူတို့ ကံကောင်းကြ၏။ ဆွေမျိုးသားချင်း မိတ်ဆွေရင်းတို့အား ဆက်သွယ်နိုင်ပါလျှင် ပို၍ကံကောင်းသည်။ ကျန်ရစ်သူမိသားစုတို့၊ ငယ်ပေါင်းကြီးဖော်တို့က ရည်စူးအလှူပြုပေးပြီး နာမည်တပ်၍ အမျှပေးဝေ ကြသော် ပို၍ပို၍ ကံကောင်းကြပါသည်။ သာဓုခေါ်ဆိုနိုင်သောဘဝ၊ ကျွတ်လွတ်ချမ်းသာသောဘဝသို့ အလျှင်အမြန်ကူးပြောင်းနိုင်ခဲ့ပါသော် ကံအကောင်းဆုံးဖြစ်ကြရလိမ့်မည်။ အကြောင်းမှာ တစ္ဆေ ပြိတ္တာတိုင်း ဆက်သွယ်၍မရကြပါ။ အဆက်အသွယ်ခံရသူ ကျန်ရစ်သော မိသားစု များကလည်း ရည်စူးအလှူကို ပြုပေးဖော်ရကြပါဦးမှ ဆောင်ရွက်ပေး ကြသည့်တိုင် အလှူခံပုဂ္ဂိုလ်၏ စင်ကြယ်မှု၊ ပစ္စည်းစင်ကြယ်မှုနှင့် ပြည့်စုံပါဦးမှ ထိုထို တစ္ဆေပြိတ္တာတို့မှာ ဝဋ်ကျွတ်ချိန်လည်းတန်ဦးမှ စသော အကြောင်း အချက်များ တိုက်ဆိုင်အဆင်ပြေဖို့ ခက်ခဲနေတတ်ပြန် ပါသည် မဟုတ်ပါလား။

အငဲ၏ အဖြစ်က အရိပ်အယောင်နှင့်အသံပေးသည်။ အုတ်ဂူပွဲသွား သည်ကိုပြင်ဆင်စေသည်။ကျွန်တော့်အားအပုပ်နံ့ပေးသည်။ အမေမြိုင်အား ငိုသံပေးသည်။ ရည်စူးအလှူပေးပါလျက် မကျွတ်မလွတ်နိုင်သေးပါ။ သူ့ဝဋ်ကပဲ ကြီးလေရော့သလား။ သူ့အတွယ်အတာစိတ်ကပဲ ခိုင်မြဲလွန်း နေရော့သလား။ မစွဲလမ်းနှင့်ဟု ဘယ်လိုတရားဟောဟော ပုထုဇဉ်သား

www.burmeseclassic.com



များအဖို့ တစ်ခုခုကိုတော့ စွဲလမ်းတတ်ကြပါသည်။ ဤစွဲလမ်းသော စိတ်သဘာဝကြောင့် အသေမဖြောင့် အယူလွဲမှား အစွဲအားကြောင့် ပြိတ္တာဖြစ်ကြရခြင်းပါ။ တွယ်တာသမျှ ဝဋ်ဒုက္ခပွားဖို့သာဖြစ်တော့၏။ အတွယ်အတာနည်းလေလေ ဆင်းရဲပါးလေလေ ချမ်းသာများ လေလေ ဖြစ်သည်သံယောဇဉ်ပြတ်ဖို့ဆိုသည်ကလည်းဝိပဿနာတရားအားထုတ်၍ အနည်းဆုံး ဖြစ်ပျက်မြင်၊ ဖြစ်ပျက်ကိုရှု့မှုန်းသည့် အဆင့်ထိရောက်ဖို့ လိုအပ်ပါသည်။ မိမိဘဝကို ရှု့မှုန်းမှတော့ မည်သည့်အရာကိုမျှ မတွယ်တာတော့ပြီ။ အေးငြိမ်းချမ်းသာဖို့ တရားအားထုတ်လိုက်ကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါသတည်း။ စာဖတ်သူတို့ တရားမြင်တွေ့ ချမ်းမြေ့ကြပါစေ။

**မေတ္တာဖြင့်**


**ဒေါက်တာအောင်ကျော်**

**(သွား/ဆရာဝန်)**

**မှတ်ချက် ။** ဘုန်းကြီးကျောင်းသို့ရောက်၍ ကျွန်တော်က ဆရာတော်အား ဒါယိကာမကြီး အမေမြိုင်ရန်ကုန်သို့ပြန်သွားပြီးသည့်နောက်ပိုင်း ကျောင်း၏ ဘုရားခန်း၌ ထူးခြားမှုများ ရှိမရှိ မေးမြန်းလျှောက်ထား ကြည့်ရာ ဘာမှမထူးပါကြောင်း မိန့်တော်မူပါသည်။ ထို့ကြောင့် ယခုအခါတွင် အငဲတစ်ယောက်ကောင်းရာသုဂတိသို့ ရောက်ရှိကာ ချမ်းသာရာ ရရှိသွားပြီဟု မျှော်လင့်ရပါကြောင်း။

◂ ◂ ◂ ◂ ◂ ◂ ◂

www.burmeseclassic.com



BURMESE CLASSIC .com